အရာရှိအရာခံအကြပ်စစ်သည် ၁၀ ဦး

# အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ



အမိနိုင်ငံအတွက်
ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့်
ကျောက်စာများ

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေကာလ**
မတ်လ၊ ၂၀၁၀ ခုနှစ်။

**စောင်ရေ**
၁၀၀၀ ၊ ပထမအကြိမ်။

**ထုတ်ဝေရေး**
မိုးကုတ်စက်ဝိုင်းစာပေတိုက်။

**ဖြန့်ချိရေး**
မြန်မာပြည်သူများ။

**မျက်နှာဖုံးဒီဇိုင်း**
သီဟမောင်မောင်

**အတွင်းစာမျက်နှာဖွဲ့စည်းမှု**
ကျော်မင်းထိုက်၊ နေမျိုး

**အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ**

# မာတိကာ


– ထုတ်ဝေသူတို့ရဲ့ စကား · · · · · · · · · · · · · · · · · · · · · · · · · · · ၇
– ကျေးဇူးတင်လွှာ · · · · · · · · · · · · · · · · · · · · · · · · · · · · · · · ၉
၁။ ရုရှားပြန် စီနီယာတစ်ဦးရဲ့ ကနဦး အတွေ့အကြုံ · · · · · · · · · · · · · · · ၁၁
၂။ ဒီမိုကရေစီနဲ့ တပ်မတော် · · · · · · · · · · · · · · · · · · · · · · · · · · ၁၆
၃။ ဒီမိုကရေစီကို ရန်လုပ် စစ်ခေါင်းဆောင်ရဲ့ အတွင်းသရုပ် · · · · · · · · · · · · · ၁၈
၄။ အာဏာရှင်ကို ကာကွယ်နေရတဲ့ တပ်မတော်ရဲ့ အဖြစ်ဆိုး · · · · · · · · · · · · ၂၀
၅။ ရပိုင်ခွင့်များ နစ်နာဆုံးရှုံးနေတဲ့ တပ်မတော်သားများ · · · · · · · · · · · · · · ၂၃
၆။ ဒီမိုကရေစီနိုင်ငံရှိ စစ်မှုထမ်းများရဲ့ဘဝ · · · · · · · · · · · · · · · · · · · ၂၆
၇။ နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို အမှန်သယ်ပိုးနိုင်သည့် ဒီမိုကရေစီကျင့်စဉ် · · · · · · ၂၈
၈။ နိုင်ငံရေးနှင့် ဒီမိုကရေစီ၏ အဓိပ္ပာယ် · · · · · · · · · · · · · · · · · · · · · ၃၀
၉။ ဒီမိုကရေစီ အစိုးရပုံစံများ · · · · · · · · · · · · · · · · · · · · · · · · · ၃၅
၁၀။ လောကပါလတရားနဲ့ ဒီမိုကရေစီ · · · · · · · · · · · · · · · · · · · · · · · ၃၈
၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်သူလူထု · · · · · · · · · · · · · · · · · · · ၄၀
၁၂။ ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့ · · · · · · · · · · · · · · · · · · · · · · · ၄၂
၁၃။ ဖယ်ဒရယ်နဲ့ တပ်မတော် · · · · · · · · · · · · · · · · · · · · · · · · · · ၄၄
၁၄။ တိုင်းရင်းသားလူမျိုးစုများနဲ့ တပ်မတော် · · · · · · · · · · · · · · · · · · · ၄၆
၁၅။ လူထုခေါင်းဆောင် မျိုးဆက်သစ်များနှင့် ဒီမိုကရေစီနိုင်ငံ · · · · · · · · · · · · ၄၈
၁၆။ စစ်အာဏာရှင်အိုတစ်စု လက်အောက်မှ လွတ်မြောက်ရေး တပ်မတော်၌ တာဝန်ရှိသည်– ၅၀
၁၇။ ပြည်သူလူထုကို ရေလို လလို ကျင့်ရမည့် တပ်မတော် · · · · · · · · · · · · · · ၅၃
၁၈။ တပ်မတော် ပြုပြင်ပြောင်းလဲရေး · · · · · · · · · · · · · · · · · · · · · · · ၅၆

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ


၉။ ရုရှားသို့ ပညာတော်သင် . . . . . . . . . . . . . . . . . . . . . . . . ၅၈

၂၀။ တိုင်းပြည်အပေါ် တကယ်ချစ်ကြပါ . . . . . . . . . . . . . . . . . . . . ၆၁

၂၁။ သား (၃) သားနဲ့ တိုင်းရင်းသားပြည်သူများ လက်တွဲကြ . . . . . . . . . . . . . ၆၄

၂၂။ ဟိုတစ်စဒီတစ်စ တပ်တွင်းအက်ကွဲစများ . . . . . . . . . . . . . . . . . . ၆၉

၂၃။ မြေတိုင်း အဆိပ်မရှိ . . . . . . . . . . . . . . . . . . . . . . . . . ၇၃

၂၄။ အားလုံးကောင်းပါသည် . . . . . . . . . . . . . . . . . . . . . . . . ၇၆

၂၅။ ခွက်ပျောက် စစ်ဗိုလ်များနှင့် မရေရာသော လေတပ် . . . . . . . . . . . . . . ၇၉

၂၆။ သင်တန်းများ၊ အမှုများနှင့် လုံးလည်ချာလည်လိုက်နေသော အရာရှိများ . . . . . . ၈၂

၂၇။ ခွက်ပျောက် စစ်ဗိုလ်များနဲ့ အနာဂါတ် တပ်မတော် . . . . . . . . . . . . . . . ၈၄

၂၈။ တစ်ခုတည်းသော တပ်မတော် . . . . . . . . . . . . . . . . . . . . . . . ၈၆

၂၉။ တစ်ဦးတည်းပိုင် တပ်မတော် . . . . . . . . . . . . . . . . . . . . . . . ၈၈

၃၀။ တပ်မတော် အကြီးအကဲများထံသို့ ပေးစာ . . . . . . . . . . . . . . . . . . . ၉၀

၃၁။ ရေတပ်ရဲ့ ဆုံမှတ် . . . . . . . . . . . . . . . . . . . . . . . . . . ၉၃

၃၂။ စနစ်ဆိုးအောက်က တပ်မတော်သားများကိုယ်စား ပေးစာ . . . . . . . . . . . . . ၉၆

၃၃။ ငါးကြင်းဆီဖြင့် ငါးကြင်းကြော် . . . . . . . . . . . . . . . . . . . . . . ၁၀၀

၃၄။ ဝင့်ကြွေးဂယက်ထဲက တပ်မတော်သားများ . . . . . . . . . . . . . . . . . . ၁၀၃

၃၅။ မသိချင်ယောင်ဆောင်မနေပါနဲ့ . . . . . . . . . . . . . . . . . . . . . . ၁၀၆

၃၆။ ခါးသီးတဲ့ ဘဝဖြတ်သန်းမှု တစိတ်တဒေသ . . . . . . . . . . . . . . . . . . ၁၀၉

၃၇။ နှလုံးသားအသိနဲ့ ကျေးဇူးဆပ်ကြည့်ပါ . . . . . . . . . . . . . . . . . . . ၁၁၁

၃၈။ ဖြစ်ရပ်မှန် ကိုယ်တွေ့ “ဖြတ် (၈) ဖြတ်” . . . . . . . . . . . . . . . . . . . ၁၁၄

၃၉။ မွန်းကြပ်မှုများနဲ့ မျှော်လင့်နေတဲ့ အပြောင်းအလဲ . . . . . . . . . . . . . . . ၁၁၆

၄၀။ စစ်မှုထမ်းဟောင်းတစ်ဦးနှင့် ဒီမိုကရေစီ . . . . . . . . . . . . . . . . . . ၁၁၈

# ထုတ်ဝေသူတို့ရဲ့ စကား

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမှာမဆို တပ်မတော်တရပ် လိုအပ်ပါတယ်။

ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ဖို့၊ ပြည်သူလူထုကို အလုပ်အကျွေးပြုဖို့ တပ်မတော်တရပ် အမှန်တကယ် လိုအပ်ပါတယ်။

ကျနော်တို့နိုင်ငံမှာရှိတဲ့ တပ်မတော်ဆိုတာ တချိန်တုန်းက ဒီလိုတပ်မတော်မျိုးဖြစ်ပါတယ်။

'ဗြိတိသျှနယ်ချဲ့သမားကို မြန်မာ့မြေပေါ်က တိုက်ထုတ်ခဲ့တဲ့၊ ဂျပန်ဖက်ဆစ်တွေကို မြန်မာ့မြေပေါ်က မောင်းထုတ်ခဲ့တဲ့၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ တို့ဗမာအစည်းအရုံး စတဲ့ အဲဒီကာလက မြန်မာပြည်နိုင်ငံရေးကို ဦးဆောင်နေကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းကြီးများနှင့် လက်တွဲတိုက်ပွဲဝင်ခဲ့တဲ့၊ ပြည်သူတွေနှင့် ဖွဲ့စည်း၊ ပြည်သူတွေနှင့် လက်တွဲ၊ ပြည်သူတွေကို မားမားမတ်မတ် ဦးဆောင်အကာအကွယ်ပေးခဲ့တဲ့၊ အင်မတန် ဂုဏ်ရောင်ပြောင်ခဲ့တဲ့ သမိုင်း' ဒီတပ်မတော်မှာ ရှိခဲ့ဖူးတယ်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၀၊ ၁၁၊ ၁၂ ရက်နေ့များမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ဗမာ့တပ်မတော် တိုင်းမှူးများ အစည်းအဝေးက အစည်းအဝေးအပြီးမှာ နှိုးဆော်စာတစောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီနှိုးဆော်စာမှာ ...

"ကျွန်ုပ်တို့ တပ်မတော်သားအားလုံးသည်လည်းကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည်လည်းကောင်း၊ ဤမျှ အပင်ပန်းခံ၊ အဆင်းရဲအနစ်နာ အသေအကြေခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တဆုပ်မျှရှိသော လူတစု၏ ကောင်းစားမှုကိုသာ လည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသာလည်းကောင်း၊ ရည်ရွယ်မှန်းဆလျက် ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည်မဟုတ်ဘဲ မြန်မာနိုင်ငံ လူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် လုပ်ကိုင်ခဲ့ကြသည့် အကြောင်းကို ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ/သားအပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုက်ပေ ကြောင်း" လို့ အတိအလင်း ဖော်ပြထားပါတယ်။

ဒါဟာ "နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး စစ်ပွဲတွေထဲမှာ တပ်မတော်သားတွေ၊ ပြည်သူတွေ အသက်၊ သွေး၊ ချွေးနှင့် ကိုယ်လက်အင်္ဂါတွေ စွန့်လွှတ်ပေးဆပ်ခဲ့ကြတာဟာ တနေ့ကျရင် ဒီလို စစ်အုပ်စုတစုက တိုင်းပြည်ကို ထင်တိုင်းကြဲပြီး စိန်စီမြချယ်လုပ်နိုင်စေဖို့ မဟုတ်ဘူး" ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဗမာ့တပ်မတော် တိုင်းမှူးကြီးများနှင့် တပ်မတော်သားတိုင်းက အလေးအနက် နှိုးဆော်ထောက်ပြခဲ့တာ ဖြစ်ပါတယ်။

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

ဒါပေမယ့် ...

ဒီနေ့ ဒီနှိုးဆော်စာအတိုင်း သစ္စာမတည်ကြတော့ပါ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် စစ်အုပ်စုထိပ်သီးတစုက ဒီသမိုင်းဝင် နှိုးဆော်စာကို သစ္စာဖောက်ခဲ့ကြပါပြီ။ သူနှင့် စစ်အုပ်စုထိပ်သီးတစု ကြွယ်ဝချမ်းသာ ထင်ရာစိုးနိုင်ရေးအတွက်၊ တိုင်းပြည်ရဲ့ ဘဏ္ဍာနှင့် ကြွယ်ဝမှုမှန်သမျှကို အတင်းလုယူ၊ အတင်းမောင်ပိုင်စီးနိုင်ဖို့အတွက် တပ်မတော်တခုလုံးကို ခုတုံးလုပ်၊ အသုံးချ၊ ထားရာနေ၊ စေရာလုပ် ဘဝ တွန်းပို့ခဲ့ပါပြီ။

ဒီလိုနှင့် ...

“ကျောင်းသားတွေကို ပစ်သတ်၊ သံဃာတော်တွေကို ပစ်သတ်၊ အပြစ်မဲ့ပြည်သူတွေကို ပစ်သတ်” စတဲ့ ကံကြီးထိုက်နိုင်လောက်တဲ့ ပြစ်မှုတွေကို လက်မရွံ့စွာ ကျူးလွန်နေကြတဲ့ တပ်မတော်အဖြစ်၊ လူထုအပေါ် ဗိုလ်ကျချင်တိုင်း ဗိုလ်ကျ၊ စော်ကားချင်တိုင်း စော်ကားနေတဲ့ တပ်မတော်ဘဝကို ကျဆင်းခဲ့ရပါပြီ။

ကျနော်တို့ အလွန်နှမြောတသ ဖြစ်ရပါတယ်။

ဂုဏ်ရောင်ပြောင်တဲ့ တပ်မတော်သမိုင်းကို လွမ်းတယ်။

ဘယ်လိုပြန်လည်ဆယ်တင်ကြမလဲ၊ ဒါကို အမြဲစဉ်းစားနေမိတယ်။

အားတက်စရာကောင်းတဲ့ အချက်တခုကတော့ ... တပ်မတော်ထဲမှာ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေ ရှိနေတယ်ဆိုတဲ့ အချက်ပါပဲ။

ဗိုလ်ချုပ်အောင်ဆန်း ဖြစ်စေချင်တဲ့ “လူထုတရပ်လုံးက ချစ်ခင်အားကိုး တန်ဖိုးထားနေတဲ့ တပ်”အဖြစ် သူတို့တပ်မတော်ကို သူတို့ ပြန်လည်ဆယ်တင်ချင်ကြတယ်။

တပ်မတော်သားတွေဟာလည်း လူထုနှင့်အတူ အခွင့်အရေးဟူသမျှ ဆုံးရှုံးနေကြတာကို သူတို့ ထောက်ပြကြတယ်။

သူတို့ဟာ လူထုနှင့်အတူ တသားတည်း ရပ်တည်ပြီး သူတို့ရော၊ လူထုကိုပါ ဖိနှိပ်စော်ကား၊ အသရေဖျက်နေတဲ့ စစ်အာဏာရှင်စနစ်ကို တခုမကျန် ဖယ်ရှားဖျက်သိမ်းပစ်ဖို့ သန္နိဋ္ဌာန်ပြုနေကြတယ်။

ဒီလို တပ်မှူးတပ်သားတွေအတွက် ကျနော်တို့ ဂုဏ်ယူတယ်။

သူတို့ရင်ထဲက စကားတွေကို ကျနော်တို့ လေးနက်တယ်။

သူတို့ ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ကြတဲ့ ကျောက်စာတွေကို ကျနော်တို့ အလေးအမြတ်ပြုတယ်။

တပ်မတော်သားတွေ အပါအဝင် မြန်မာပြည်သူတရပ်လုံး လွတ်မြောက်ဖို့အတွက်၊ ဂုဏ်ရောင်ပြောင်ခဲ့တဲ့ တပ်မတော် သမိုင်းကို ပြန်လည်ဆယ်တင်နိုင်ဖို့အတွက် ဒီစာစုဟာ တစုံတရာ သက်ရောက်မှုကောင်း ဖြစ်စေပါလိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်တယ်။

ဒီမျှော်လင့်ယုံကြည်မှုများနှင့် ဒီစာစုကို ထုတ်ဝေဖြစ်ပါတယ်။

စာရေးသူ၊ စာဖတ်သူတိုင်းကို လေးစားချစ်ခင်စွာဖြင့် ...

**ထုတ်ဝေသူများ**

၂၄ - ၂ - ၂၀၁၀

# ကျေးဇူးတင်လွှာ

"စည်းလုံးခြင်းရဲ့အင်အား" ဝက်ဘ်ဆိုက်မှ ဆောင်းပါးများကို ရွေးချယ်၊ စုစည်း၊ ထုတ်ဝေပေးသော ဒီမိုကရေစီ အင်အားစု ရဲဘော်ရဲဘက်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဤ "အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ" စာအုပ် ထွက်ရှိရေးအပြင် ဖြန့်ဝေရေးတွင်ပါ ပါဝင်ကူညီသူများ အားလုံးကိုလည်း ပြည်တွင်းပြည်ပမှ ဒီမိုကရေစီလိုလားသူ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများက ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

**စည်းလုံးခြင်းရဲ့အင်အား ဝက်ဆိုက်အဖွဲ့**
*www.photayokeking.org*
*admin@photayokeking.org, photayokeking@gmail.com*

အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

# ရုရှားပြန် စီနီယာတစ်ဦးရဲ့ကနဦး အတွေ့အကြုံ

**မောင်ကျောင်းသား**
(ရုရှားပြန် တပ်မတော်အရာရှိတစ်ဦး)

၂၀၀၁ ခုနှစ်၊ မေလ၏ မနက်တစ်ခုတွင် ရန်ကုန်မြို့ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ဝင်းမှ မှန်လုံကားငယ် (၄) စီး တန်းစီထွက်လာခဲ့သည်။ ကားပေါ်တွင် မျက်နှာညှိုးငယ်စွာဖြင့် လိုက်ပါလာကြသော သူများကား စစ်ဘက်၊ အရပ်ဘက်မှ အရာရှိများ၊ ကထိကများ ဖြစ်ကြပါသည်။ ၄င်းတို့အားလုံး အဘယ်ကြောင့် မျက်နှာများ မသာမယာ ဖြစ်နေရပါသနည်း။ သင်တို့ ယုံချင်မှ ယုံပါလိမ့်မည်။

ထိုသူတို့သည် ဒုဗိုလ်ချုပ်မှူးကြီး မောင်အေး၏ စကားဖြင့် ဆိုရလျှင် တပ်မတော်မှ ချီးမြှောက်ခြင်းခံရသော ရုရှားနိုင်ငံသို့ ပညာတော်သင် စေလွှတ်ခံရသည့် အညတရ အရာရှိများ ဖြစ်ကြပါသည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင် သွားရခြင်းသည် မကောင်းပါလား။ ကောင်းပါသည်။ အလွန်ကောင်းပါသည်။ ပညာတော်သင် ရွေးချယ်ပုံမှာ ထက်မြက်ထူးချွန်သည်ဟု ယူဆသော အရာရှိများကို ခေါင်းခေါက် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ အရွေးခံရသော အရာရှိများမှာ ကိုယ့်ကိုကိုယ် မယုံရဲရဲဖြင့် အပျော်ကြီး ပျော်ခဲ့ရသေးသည်။ တပ်မတော်အရာရှိ များကို တချိန်က ရေခံမြေခံကောင်းသည့် တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်တို့လို နိုင်ငံများသို့ ပြည်ပ ပညာတော်သင် စေလွှတ်လေ့ရှိရာ နိုင်ငံခြားလစာငွေ တနင့်ကြီး ရကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပါက တိုက်ခန်းလေး တစ်ခုလောက်တော့ ဝယ်ယူနိုင်ကြ ပါသည်။

ထို့ကြောင့် အရွေးခံရသော အရာရှိများမှာ မည်သည့်နိုင်ငံမှန်း မသိရသေးခင်ကတည်းက ဝမ်းအသာကြီး သာခဲ့ရသည်။ ယခု ပညာတော်သင် အရွေးခံရသော အရာရှိ ၂၀၀ နီးပါး ရှိပါသည်။ ထိုအရာရှိများကို တပ်မတော် အမှတ် (၂) စစ်ဆေးရုံကြီးတွင် ဆေးစစ်ပါသည်။ အသဲရောင် အသားဝါ ဘီတွေ စီတွေ လာမပြောနဲ့။ အားလုံးအောင်၊ အားလုံး ကောင်းပါသည်။ အဲ.. အဲ ဆေးကျသော အရာရှိ အချို့လည်း ရှိခဲ့ပါသည်။ မှတ်မှတ်ရရ ပြောပြရရင် ဗိုလ်မှူးကြီးနှင့် အထက်အဆင့်ရှိ အရာရှိများ၏ သားတချို့တော့ ဆေးကျပါသည်။

ထိုဆေးကျသော အရာရှိများမှာ ဆေးကျသည်ဆိုသော်လည်း မျက်နှာများမှာ ဝင်းပနေပါသည်။ ကျန်အရာရှိများမှာ ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်ကြရသည်။ ဆေးအောင်အရာရှိများကို ဒုဗိုလ်ချုပ်မှူးကြီး မောင်အေး အမှူးပြုသော တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်၊ စစ်ထောက်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် သိပ္ပံနဲ့ နည်းပညာ ဝန်ကြီးများက ဩဝါဒများ ပေးကြပါသည်။ ဒုဗိုလ်ချုပ်မှူးကြီး မောင်အေး စကားပြောနေစဉ် ရုရှားနိုင်ငံသို့ သွားရမည်ဖြစ်ကြောင်းနှင့် ထိုနိုင်ငံတွင် သုံးစွဲရန် တစ်လကို ဒေါ်လာ (၁၀၀) ပေးမည်ဟု မိန့်မိန့်ကြီး ပြောလိုက်ရာ အောက်တွင် အဟုတ်မှတ်၍ နားထောင် နေကြသော အရာရှိများထံက "ဟာ" ဆိုသည့် စိတ်ပျက်လက်ပျက် ဝုန်းကနဲ အသံကြီး ထွက်လာကြ ပါတော့သည်။ ဗိုလ်မောင်အေးလည်း အခြေအနေ မကောင်းမှန်းသိ၍ ချက်ချင်းပင် သူ့အနေနှင့်

ဒေါ်လာ (၅၀) နှင့် တပ်ချုပ်ကြီးတို့မှ ဒေါ်လာ (၅၀) ထပ်ပြီး မုန့်ဖိုးပေးပါမည်ဟု အမောတကာ ဆက်ပြောကာ ချွေးသိပ်လိုက်ရပါသည်။

ထိုအချိန်က အရာရှိများသာ ကြောက်၍ ငြိမ်နေခဲ့ပါလျှင် ဒေါ်လာ (၁၀၀) နှင့် ရုရှားတွင် ချွေးလုံးလုံး ဖြစ်ကြရမည်ပင်။ ထိုလစာကိစ္စ ပြီးသည်နှင့် ဗိုလ်မောင်အေးလည်း ချက်ချင်း လစ်သွားတော့သည်။

ကျန်ရှိနေသည့် ဗိုလ်ချုပ်များက အခြေအနေကို ဆက်ပြီး ထိန်းသိမ်းသွားသည်မှာ နိုင်ငံတော်အနေဖြင့် အခု အရာရှိများကို အများကြီး မြှောက်စားထားကြောင်း၊ တပ်ချုပ်ကြီးကလည်း စေတနာ ဘယ်လောက်ထားကြောင်းနှင့် ယခု ရုရှားနိုင်ငံတွင် နျူးကလီးယား လက်နက် ထုတ်လုပ်နိုင်ရေးအတွက် ပညာတော်သင် သွားရတော့မည်ဖြစ်ကြောင်း ပြောကြပါသည်။ ထိုသို့ ပြောကြရာတွင် သိပ္ပံနဲ့ နည်းပညာဝန်ကြီး ဦးသောင်းမှာ အဆိုးဆုံးဖြစ်ပြီး ဝန်ကြီးတစ်ဦးနှင့် မလျော်ညီစွာ စကားအဆင့်အတန်း သုံးနှုန်းပုံ အောက်တန်းကျလှသည်။

သူပြောသွားရာတွင် နျူကလီးယားလက်နက် ပိုင်ဆိုင်ရေးအတွက် ခိုးစရာရှိတာ ခိုးဖို့လိုကြောင်း၊ ကိုယ်တိုင် မထုတ်လုပ်နိုင်ပါက ရသည့်နည်းနှင့် ဝယ်မည်ဖြစ်ကြောင်း၊ ထို့အပြင် နျူးကလီးယားစက်ရုံ တည်ဆောက်ခြင်းသည် အလွန် ငွေကုန်ကြေးကျ များသောကြောင့် တိုင်းပြည်က ဤဒုက္ခကို ခါးစည်းခံရမည်ဖြစ်ကြောင်း၊ မိမိတို့အနေနှင့် အငတ်ခံ၍ ကြိုးစားမည်ဖြစ်ကြောင်း စိန်အောင်မင်းလေသံနှင့် ပြောဆိုသွားပါသည်။ တက်ရောက်သော အရာရှိများအားလုံး သိကြပါသည်။

ဤသို့ ကြိုးစားရခြင်းမှာလည်း တပ်ချုပ်ကြီးက စတုတ္ထ မြန်မာနိုင်ငံတော်ကို တည်ထောင်လို၍ ဖြစ်ကြောင်း၊ နျူကလီးယားလက်နက် ပိုင်ဆိုင်ခဲ့ပါက အရှေ့တောင်အာရှတွင် စစ်ရေးအရ အင်အားအကြီးဆုံးဖြစ်လာပြီး ယိုးဒယားကိုလည်း ခြေထောက်ဖြင့် ပါးရိုက်မည်ဖြစ်ကြောင်း စသည်ဖြင့် မိုက်မိုက်ရိုင်းရိုင်း ပြောဆိုသွားလေသည်။ ရုရှားနိုင်ငံမှ ပညာရှင်အမျိုးသမီးများကို ပန်းကုံးခြွေပြီး မြန်မာနိုင်ငံသို့ အရခေါ်လာရန် တပ်ချုပ်ကြီးနှင့် ဒုချုပ်ကြီးတို့က အမှာပါးလိုက်ပြီး ထိုကဲ့သို့ စွမ်းဆောင်နိုင်သည့် အရာရှိများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဦးမည်ဟုလည်း ထပ်ဆင့်ပြောလိုက်ပါသေးသည်။

နားထောင်နေသော အရာရှိများ၏ စိတ်ဓါတ်များသည် တဟုန်းဟုန်းတောက်နေသော မီးကို ရေဖြင့် လောင်းလိုက်သကဲ့သို့ ငြိမ်ကျသွားကြရသည်။ အဆင့်အတန်းရှိသော အရာရှိအများစု၏ စိတ်ထဲတွင်တော့ ငါတို့သွားရမည့် ခရီးသည် အဘယ်လောက် ကျက်သရေယုတ်ပြီး အမင်္ဂလာရည်ရွယ်ချက်များနှင့် ဖုံးလွှမ်းနေပါတကားဟု ခံယူနားလည်သွားကြပြီး တက်ကြွခြင်း ကင်းမဲ့စွာဖြင့် ယူကြုံးမရ ဖြစ်ခဲ့ကြရပါသည်။ ဗိုလ်ချုပ်ကြီးများ၏ ထိုဂုဏ်ယူဖွယ်ရာ ခရီးစဉ်တွင် ၎င်းတို့၏ ဆွေမျိုးသားချင်း ဆေးကျအရာရှိများ မပါကြသည်ကို ခပ်ရေးရေးတော့ သဘောပေါက်မိခဲ့ကြပါသည်။ ဤသို့ဖြင့် ဒုတိယဗိုလ်မှူးကြီးတစ်ဦးက ကျောင်းသားခေါင်းဆောင်အဖြစ် ဦးဆောင်လျက် ရုရှားနိုင်ငံ၊ မော်စကိုမြို့ရှိ တက္ကသိုလ်အသီးသီးသို့ ရောက်ရှိခဲ့ကြပါသည်။ အမိနိုင်ငံမှ 'တာ' ထွက်ကတည်းက နိုင်ငံတကာမှ ရိပ်မိမှာစိုး၍ ခိုးကြောင်ခိုးဝှက် ထွက်ရသည့်ဖြစ်စဉ်လည်း ကြုံတွေ့ရသေးသည်။

မော်စကို ရောက်ပြီး နောက်တစ်ရက်တွင် ကျောင်းမှအပြန် ရုရှား ဆိုးသွမ်းလူငယ်တစ်စုက မြန်မာပြည်တွင် ဘယ်သူမှ မော်မကြည့်ရဲသော စစ်ဗိုလ် ၁၀၀ လောက်ကို အသားလွတ် လမ်းမပေါ်တွင် ဆော်ပလော်တီးခဲ့ပါသည်။ ကွဲသူကွဲ၊ လဲသူလဲနှင့် တကယ့်ကို အမင်္ဂလာ ကျောင်းဖွင့်ရက်ဖြစ်လေသည်။ မိမိတို့အကြောင်းကို ပြည်ပတွင် တစ်ခုတည်းသော အားကိုးရာဖြစ်သည့် မြန်မာသံရုံးမှ သံအမတ်ကြီးဟောင်း ဦးတင်စိုး (ယခင် လပခ ဒုတိုင်းမှူး) အား တိုင်ကြားကြပါသည်။ သံအမတ်ကြီး ဦးတင်စိုးသည် သတင်းကြားကြားချင်း ကျောင်းသားအိပ်ဆောင်သို့ အပြေးရောက်လာကာ မြန်မာကျောင်းသားများကို မိုက်မိုက်ရိုင်းရိုင်း ဆဲပါတော့သည်။

အဖြေက မြန်မာကျောင်းသားများ မနေတတ် မထိုင်တတ်၍ ယခုလိုဖြစ်သည်ဟု ကောက်ချက်ချခြင်း ဖြစ်ပါသည်။ ကျောင်းသားခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးခများ ကြီးကောင်ကြီးမား အရွယ်ကျမှ ကလေးတွေရှေ့တွင် အခုလို အဆဲခံရ၍ မျက်နှာမှာ နီရဲနေပါတော့သည်။ သူ့ကို ကြည့်၍ ကျန်ကျောင်းသားများမှာ အားတုံ့အားနာ ဖြစ်ခဲ့ကြရသည်။ အဆိုပါ ဒုတိယ ဗိုလ်မှူးကြီးသည် **Ph.D** ဘွဲ့ယူရန် လိုက်ပါလာခြင်းဖြစ်ပြီး ပညာဥာဏ်ကြီးမားခြင်း၊ အောက်လက်ငယ်သားများအပေါ်တွင် ငဲ့ညှာခြင်းတို့ကြောင့် ရုရှားရောက်မြန်မာကျောင်းသားတို့က လေးစားချစ်ခင်ကြပါသည်။ (ထိုဒုဗိုလ်မှူးကြီးသည် ယခုအခါ တပ်မတော်မှ ထွက်သွားရပြီ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စစ်ဗိုလ်တန်မဲ့ ပညာတော်လွန်းသောကြောင့် ဖြစ်သည်။)

ရုရှားတွင် နေစဉ်ကာလတစ်လျှောက်လုံးတွင် မြန်မာသံအမတ်ကြီး၏ တာဝန်မဲ့မှုကြောင့် ရုရှားဆိုးသွမ်းလူငယ်များ ရိုက်နှက်မှုကို မြန်မာကျောင်းသားများ အလူးအလဲ ခံကြရပါသည်။ အချို့ဆိုလျှင် နားရွက်ကို ဓါးဖြင့် အလှီးခံရခြင်း၊ ပယ်ပယ်နယ်နယ် အရိုက်ခံရသောကြောင့် သွားအုံတစ်ခုလုံး ကျွတ်ထွက်သွားခြင်း၊ မြေအောက်လမ်းကူးများတွင် ဝိုင်းရိုက်ခံရခြင်း စသည်တို့မှာ နောင်ဆိုရင် အရိုးစင်းဆုံး သတင်းများသာ ဖြစ်သွားခဲ့ရသည်။ ထိုကဲ့သို့ ဒုက္ခများအပြင် ရာသီဥတု ဆိုးရွားမှုဒဏ်ကြောင့် ဖျားနာပြီး ဆေးရုံတင်ခံရလျှင် တင်ပြကြသော်လည်း လက်မခံပေ။ စစ်သားဆိုတာ ခိုင်းတာလုပ်၊ ကျွေးတာစား၊ ခံမပြောနဲ့ ဆိုသည့် ဦးနှောက်မဲ့စကားဖြင့် တုံ့ပြန်သည်။ မကျေနပ်သည့် ကျောင်းသားအများက ထိုကဲ့သို့ မနာခံလျှင် ရုရှားဆရာဝန်များက တီဘီလိုလို၊ ကင်ဆာလိုလို ရောဂါများဟုဆိုကာ ထိုကျောင်းသားကို မြန်မာပြည်သို့ ပြန်ပို့တတ်ပါသည်။

ထိုသို့ ပြန်ပို့ခံရသော ကျောင်းသားပေါင်း မည်မျှရှိပြီး တပ်မတော်မှ ထုတ်ပယ်ခံရခြင်းလည်း မနည်းလှတော့ကြောင်း သိရပါသည်။ ဤသည်မှာ အန္တရာယ်များလှသော ရေဒီယို ဓါတ်ခွဲစမ်းသပ်ခြင်းမှ ရရှိသော ရောဂါများသာ ဖြစ်ပါသည်။ အမှန်ဖြစ်သင့်သည်မှာ ကျောင်းအနေဖြင့် ရောဂါရသော ကျောင်းသားများကို မြန်မာသံရုံးနှင့် ညှိနှိုင်းပြီး ဆေးကုသပေးသင့်ပါသည်။ မြန်မာသံအမတ်ကြီးကလည်း မသိကျိုးကျွံပြုပြီး အားလုံးကောင်းပါသည်ဟု လစဉ် **Report** ရေးခြင်းမျိုး မလုပ်သင့်ပါ။ ကျောင်းသားများ အလွန် နစ်နာလှပါသည်။

သို့သော် သံအမတ်ကြီး ဦးတင်စိုးသည် ကျောင်းသားအရေးထက် ရုရှားတက္ကသိုလ်နှင့် လက်ဝါးရိုက်ကာ ငွေရပေါက် ဖန်တီးခြင်းကိုသာ အလေးထားပါသည်။ ရုရှားတက္ကသိုလ်များသည် ပုဂ္ဂလိကကျောင်းများဖြစ်ပြီး တစ်ချို့ စာသင်ခန်းများတွင် လူပင်မရှိပါ။ လူမရှိရခြင်းမှာ တစ်ချို့ **Department** များသည် လူကြိုက်နည်းသောကြောင့် ဖြစ်သည်။ ဤအချက်ကို အခွင့်အရေးယူပြီး သံအမတ်ကြီး ဦးတင်စိုးက တက္ကသိုလ် အာဏာပိုင်များနှင့် ပူးပေါင်းကာ လူမရှိသည့် **Department** များတွင် မြန်မာကျောင်းသားများကို ထိုးထည့်ပြီး ပွဲခေါ်လာ ရယူပါသည်။ (ဦးတင်စိုးသည် ဒေါ်လာစုရာတွင် ကျောင်းသားများကြား၌ အလွန်နာမည်ကြီးသည်။ သံအမတ်ကြီးဖြစ်ပါလျက်နှင့် ထမင်းချက်ခြင်းကို တစ်ကြိမ်သာ သူ့အမျိုးသမီးကို လုပ်ခိုင်းသည်။ နံနက်က ချက်ထားသည့် ထမင်းကြမ်းနှင့်သာ ညစာကို စားခိုင်းပါသည်။ စားသည့်အခါတွင်လည်း ဈေးအပေါဆုံး ကြက်သားကိုသာ တောချက် ချက်ပေးသည်။

ထို့ကြောင့် သူ့ကတော်နှင့် သူ့သမီးမှာ ဘယ်အချိန်ကြည့်ကြည့် မဲမဲခြောက်ခြောက်နှင့် လူမမာ ရုပ်ပေါက်နေသည်။ သမီးကို ရုရှားတွင် ကျောင်းတက်နေသော **DSTA 1 Intake** မှ တစ်ယောက်နှင့် မော်စကိုတွင် လက်ထပ်ပေးရာတွင် မင်္ဂလာပွဲလာ ကျောင်းသားများအား ဒေါ်လာသာ လက်ဖွဲ့ရမည်ဟု မညှာမတာ ပြောပါသည်။ (ပြန်ဧည့်ခံသည့် အစားအသောက်က ပေါင်မုန့်အည့်စား တစ်လုံးနှင့် အချိုရည် တစ်ခွက်သာ ဖြစ်ပါသည်။) ဦးတင်စိုးသည် ပညာ၏ သဘောတရားကိုလည်း လုံးဝနားမလည်ပေ။ ထို့ကြောင့် မြန်မာနိုင်ငံက ကွန်ပြူတာနှင့် ကျောင်းပြီးလာသူသည် ရုရှားတွင် ရူပဗေဒကို ဘွဲ့လွန်ယူရန် ဖြစ်လာသည်။ ဓာတုဗေဒနှင့် ပြီးလာသူက ကွန်ပြူတာကို ဘွဲ့လွန်ယူရန် ဖြစ်လာ

သည်။ ကားမောင်းသူကို လေယာဉ်မောင်းခိုင်းပြီး၊ လေယာဉ်မောင်းသူကို ဆိုက်ကားနင်းခိုင်း သကဲ့သို့ အကုန် အိုးနင်းခွက်နင်း ဖြစ်ကုန်ကြသည်။

ကျောင်းသားများက အကျိုးအကြောင်းကို တရားဝင်တမျိုး၊ တိုးတိုးတမျိုး တင်ပြကာ မြန်မာပြည် ပြန်မည်ဟု အထွန့်တက်သည်။ ထိုအခါ ဦးတင်စိုးက




*ဘယ်အစွန်ဆုံး မျက်မှန်နဲ့ ပုဂ္ဂိုလ်မှာ သံအမတ်ဟောင်း ဦးတင်စိုးဖြစ်သည်*

ပြန်ချင်လျှင်ပြန် သူတာဝန်မယူဟု တာဝန်မဲ့စကား ဆိုခဲ့လေသည်။ နောက်ဆုံးတွင် အမှန်တရားကို မြတ်နိုးပြီး မတရားတာကို ခေါင်းငုံ့မခံသည့် ကျောင်းသားတချို့ အမိနိုင်ငံ ပြန်ကြသည်။ ဤကဲ့သို့ တရားလက်လွတ် လုပ်ချင်တိုင်း လုပ်နေသော စစ်အာဏာရှင်များ ကြီးစိုးရာ တပ်မတော်တွင် လုံးဝမနေ၊ ထောင်ကျချင်လည်း ကျ၊ ရုရှားမှ ဝေးလျှင် ပြီးရောဟု ဆုံးဖြတ်ကာ ကျောင်းသားအချို့ ခံဝန်ချက်လက်မှတ် ထိုးပြီး ပြန်ကြသည်။ တကယ်ဆိုလျှင် ရုရှားတွင်ဆက်နေပြီး အိုးနင်းခွက်နင်း ဘာသာရပ်များကို ဘွဲ့ရသည်အထိ သင်နိုင်ပါသည်။

ကျောင်းအာဏာပိုင်များက ပြန်မည့် ကျောင်းသားများကို ဘွဲ့ပေးပါမည်။ မပြန်ပါနှင့်။ စာမေးပွဲလည်း ဖြေစရာမလိုပါ။ နှစ်ကုန်သည်အထိ နေပါဟု တားရှာကြပါသည်။ သူတို့စိတ်ထဲတွင် မြန်မာကျောင်းသား အချဉ်လေးများထံမှ ကျောင်းလခ မရလျှင် အလွန် နစ်နာသွားမည်ကို စိုးရိမ်ဟန် တူပါသည်။ ပညာတော်သင် ကျောင်းသားများအတွက် မြန်မာအစိုးရထံက မြက်မြက်ကလေး ရနေသလို ရုရှားကို ဖားနေရတဲ့ အာဏာရှင်တွေကလည်း လက်သိပ်ထိုးကာ ရုရှားအား လူမိုက်ငှားခသဘော ပေးရတာမျိုး ဖြစ်ပါသည်။ အိုးနင်းခွက်နင်း ဘာသာရပ်ကို ဘွဲ့လွန်မပြောနှင့်။ ပါရဂူဘွဲ့ လိုချင်လျှင်လည်း ရပါသည်။ စာသင်နှစ်ကုန်သည်အထိသာ နေရန်လိုပါသည်။

သို့သော် မြန်မာကျောင်းသားအချို့ အမှန်တရားကို ဆုပ်ကိုင်၍ မြန်မာပြည်သို့ ပြန်ကြပါသည်။ မြန်မာပြည် ပြန်ရောက်သောအခါ ထုံးစံအတိုင်း စစ်ခုံရုံးဖွဲ့၍ ပြန်လာရသော အကြောင်းရင်းကို စစ်ဆေးပါသည်။ အဖြစ်မှန်ကို တင်ပြသော်လည်း သံအမတ်ကြီး ဦးတင်စိုးက ကြိုတင်၍ ဖက်စ်နှင့် သတင်းပို့ချက်မှာ ပြန်သွားသော ကျောင်းသားများသည် တပ်မတော်ကို အာခံပြီး အမိန့်ကို မနာခံကြောင်း၊ ထိုသူများကို ထောင်ချ

ထုတ်ပယ်သင့်ကြောင်း စသဖြင့် သခင်အားရ ကျွန်ပါးဝလေသံဖြင့် ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးထံ တင်ပြထားပြီး ဖြစ်ပါသည်။ သို့သော် ဗိုလ်မောင်အေးတပည့် စစ်စစ် ဦးတင်စိုးမှာ သူ့စေတနာသူ အကျိုးပေးကာ အနားပေး ခံရပြီးပါပြီ။

ထို့ကြောင့် ရုရှားမှ ပြန်လာကြသော ကျောင်းသားများ ကံမကောင်းကြပေ။ သို့သော်လည်း ထိုသူများကို ကျွန်တော် လေးစားချီးကျူးပါသည်။ မတွန်းလှန်နိုင် သူများမှာ ယခုအခါ ဆုပ်လဲစုံး စားလဲရှုံး ဘဝတွင် ရောက် နေကြသည်။ ရုရှားမှ တတ်ယောင်ကားဘွဲ့တစ်လုံးကို ပိုက်ကာ လုပ်ငန်းခွင်နှင့် ဝေးနိုင်သမျှ ဝေးအောင် အကြံအဖန်လုပ်ပြီး တပ်ရင်းတပ်ဖွဲ့များသို့ သွားရန် ကြိုးစားနေကြရသည်။ ရုရှားတွင် နေစဉ်က ဆရာ တစ်ယောက် ပြောပုံမှာ မင်းတို့ အရည်အချင်းနဲ့ ချူးကလီးယားစက်ရုံ တည်မယ်ဆိုတော့ အနာဂတ်က တော်တော်ရင်လေးစရာပါပဲတဲ့။ ဟုတ်ကဲ့။ ဖြစ်နိုင်လောက်ပါသည်။

စာသင်ချိန်တွင် ရုရှားကျောင်းသားများလို ကျားကုတ်ကျားခဲ မကြိုးစားဘဲ ဗိုလ်လောင်းဘဝကလို လစ်လျှင် လစ်သလို အိပ်ကြသည်မှာ မြန်မာကျောင်းသားများသာ ရှိပါသည်။ တကယ်ကြိုးစားသည့် ကျောင်းသားများလည်း ရှိပါသည်။ တချို့ ကျောင်းသားများလည်း ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် တပ်မတော်ကို ကျောခိုင်းသွားကြပြီ ဖြစ်ပါသည်။ ယခုအခါတွင် ချူးကလီးယားလက်နက်ကို ထိုထိုသော ပညာရှင်များနှင့် ထုတ်လုပ်ရန် စဉ်းစားနေကြသော အာဏာရူးတစ်စု၏ အနာဂတ်ကို စောင့်ကြည့်ရုံသာ ရှိပါတော့သည်။ ❑

# ဒီမိုကရေစီနဲ့ တပ်မတော်

**ဗိုလ်မှူးကျော်ကျော်ခိုင်**

ကျွန်တော်တို့ မြန်မာ့တပ်မတော်ကြီးထဲတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေး စသော အသံများကို ကြားရမှာ အလွန်ကြောက်ကြသည်၊ မုန်းသည်။ ထိုသို့သော စကားလုံးများကို မကြားချင်။ သို့သော် ထို **Democracy** နဲ့ **Human Rights** အဓိပ္ပာယ်ကို သေချာမသိသလို ခံလည်း မခံစားဖူးရပေ။ "ဟင်း၏ အရသာကို ဇွန်းမသိ"သကဲ့သို့ပင်။ ဒီမိုကရေစီ ဆိုတာနဲ့ ပတ်သက်ပြီး အနောက်နိုင်ငံများက မြန်မာနိုင်ငံကို "၁၈ ရာစု" ကဲ့သို့ နယ်ချဲ့ချင်၍ နယ်ချဲ့လက်သစ်ဝါဒီများ ပစ်လွှတ်လိုက်သော စကားလုံးဟူ၍သာ တလွဲနားလည်နေသည်။ ဒီကနေ့ တပ်မတော်ထဲက မျိုးဆက်သစ် အရာရှိ/စစ်သည်များ မပြောနှင့်၊ ယနေ့ တပ်မမှူး **Level**၊ မဆလခေတ်မွေး အရာရှိများပင်လျှင် သေချာစွာ နားမလည်ကြ။ သေချာစွာ နားလည်ရန်လည်း မစူးစမ်းကြချေ။

ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့ကို စူးစမ်းလေ့လာ နားလည်ဖို့ ကြိုးစားလေ့လာသူများရဲ့ အခွင့်အလမ်းကိုလည်း ပိတ်ဆို့ထားသည်။ တပ်မတော်အတွင်း၌ **BBC/ VOA/ RFA/ DVB** စသော အသံလွှင့်ဌာနများမှ ထုတ်လွှင့်သည့် ရေဒီယို နားထောင်သူများနှင့် ဝက်ဘ်ဆိုက်ကြည့်သူများကိုလည်း ရှုတ်ချပိတ်ပင်တားမြစ်ထားသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၏ အရသာကို ခံစားဖူးကြသူများ မဟုတ်ကြသော်လည်း ဒီမိုကရေစီတော့ လာမပြောနဲ့၊ ရန်သူဖြစ်သွားမည်။ ဘာကြောင့် ဒီလိုဖြစ်နေရသလဲဟု ဆင်ခြင် သုံးသပ်မိသည်။ ယနေ့ ကိုယ့်ကိုကိုယ် နိုင်ငံတော်အကြီးအကဲဟု ဆိုသူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လုပ်သူ ဗိုလ်သန်းရွှေ၏ လက်ချက်ပင်ဖြစ်ပါသည်။ ၄င်းသည် ယခင် စိတ်ဓာတ်စစ်ဆင်ရေး အရာရှိ (**Psychological Warfare Officer**) လုပ်ခဲ့ဖူးသည်။ ဒါပေမဲ့ ထက်ထက်မြက်မြက်တော့ မရှိ။ အတွေ့အကြုံ တော့ ရှိသည်။ ၄င်း အာဏာရှင်ဖြစ်ခါစ အစွယ်မထွက်သေး၍ ဘီလူးမှန်း မသိကြသေး။ တပ်မတော်အတွင်း၌ပင် ပြည်သူသို့ အာဏာပြန်လွှဲပေးမည်ဟု ယုံကြည်ဆဲ ရှိကြသည်။

အာဏာသိမ်းပြီးနောက် စိတ်ဓာတ်စစ်ဆင်ရေးပညာ (**Psy-War**) ၌ အလွန်တော်သူ ပြန်ကြားရေးဒုဝန်ကြီး လုပ်ခဲ့သော ဗိုလ်မှူးကြီး(ဟောင်း) သိန်းစိန်နှင့် သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကျော်ဆန်း တို့ကို တာဝန်ပေး၍ စိတ်ဓာတ်စစ်ဆင်ရေး အကြီးအကျယ် လုပ်ခဲ့ကြသည်။ တပ်မတော်အတွင်း၌ **Psy-War** နည်းပြအဆင့် သင်တန်းနှင့် တိုင်းအဆင့် တိုက်ပွဲဝင် စည်းရုံးရေး မွမ်းမံသင်တန်းများ ဖွင့်၍ စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်ခဲ့ကြသလို ကာကွယ်ရေးဦးစီးဌာန ဖွဲ့စည်းပုံကို စိတ်ဓာတ်စစ်ဆင်ရေး စကားလုံး ဖြည့်စွက်တိုးချဲ့ပြီး ရုပ်မြင်သံကြား ဇာတ်လမ်းများ၌ ဒီမိုကရေစီ ဆန့်ကျင်ရေး ဇာတ်လမ်းများ ရိုက်ကူးကာ ဝါဒဖြန့်သည်။ သတင်းစာစောင်များ၌ နာမည်ဝှက်များဖြင့် ရေးသားကာ လူထုကို ဒီမိုကရေစီ ဆန့်ကျင်ရေးဝါဒ ဖြန့်ကြသည်။

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အတိုက်အခံ အဖွဲ့အစည်းများကို ကာတွန်း၊ ရုပ်ပြောင်

များဖြင့် သရော်လှောင်ပြောင် ထည့်ကြသည်။ အမေရိကန်သံရုံးရှေ့တွင် "ပြည်ပအားကိုး ပုဆိန်ရိုး၊ ပြည်တွင်းရေးကို စွက်ဖက်တဲ့ ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ" ဆိုသော ခြိမ်းခြောက်သယောင် စာသားများ ပါဝင်သည့် ဆိုင်းဘုတ် များအား "ပေါ်တင်" ထောင်ကြသည်။ စစ်အာဏာရှင်တို့သည် ဒီမိုကရေစီ ဆိုသည်ကို ရုပ်ဆိုးအောင် ကြောက်လန့်ဖွယ်ဖြစ်အောင် အမျိုးမျိုး တင်ပြ ဝါဒဖြန့်ခဲ့ကြရာ အတော်ထိရောက်မှု ရှိခဲ့သည်။ ဗရုတ်သုကံ့ ဒီမိုကရေစီ၊ ဇောက်ထိုးမိုးမျှော် ဒီမိုကရေစီဟု အပုတ်ချကာ နာမည်တပ်ပစ်လိုက်ကြ သေးသည်။ ဒီမိုကရေစီရရင်ပဲ ပြည်ထောင်စု ပြိုကွဲ မယောင်၊ ဖယ်ဒရယ်ကိုင်ရင်ပဲ ခွဲထွက် တိုင်းရင်းသားများ ရှိသလိုလို ဖန်တီးပေးကြသည်။ နဂိုကမှ မဆလခေတ်၌ မွေး၍ မဆလဝါဒဖြန့်မှု အောက်၌သာ ကြီးပြင်းခဲ့ကြပြီး နိုင်ငံရေးအမြင် လုံးဝ ရှင်သန်ခွင့်မရှိသူများကို ဒီမိုကရေစီ အဓိပ္ပာယ်၊ အနှစ်သာရများအား စူးစမ်းလေ့လာခွင့် မရှိစေဘဲ အဆိုးမြင် ဆန့်ကျင်ဘက်ရှုထောင့်မှ သွတ်သွင်း ခဲ့ကြသည်။ "သရဲဆိုတာ ဘာမှန်း မသိမမြင်ဖူးသော လူကြီးတစ်ဦးက ကလေးငယ်ကို သရဲကြီးဆိုပြီး ခြောက် လှန့်ထားခြင်း" နှင့် တူပေတော့သည်။

ထိုအခါ တပ်မတော်သားများသည် စစ်အာဏာရှင်ကြီးများ အပင်းသွင်း ဆေးထိုးထားသော အပင်ကို စားကောင်းသောက်ဖွယ် ထင်၍ မစူးစမ်းတော့ဘဲ သဒ္ဓါစိတ်သက်သက်ဖြင့် စားမိကြသည်။ ဒီမိုကရေစီကို ငါတို့အတွင်းကျကျ သိရန်မလို (သိဖို့လဲ မကြိုးစား)၊ ဒီမိုကရေစီဆိုတာ မကောင်းဆိုးပါး၊ တို့နိုင်ငံအတွက် လုံးဝ မသင့်တော်၊ နယ်ချဲ့လက်သစ်များ၏ နယ်ချဲ့ရန် စကားလုံး၊ ဒီမိုကရေစီအော်သူ ဒို့ရန်သူဟု မှားယွင်းစွာ ထင်မြင်လာကြတော့ရာ ဒီမိုကရေစီတောင်းဆိုသူ ပြည်သူလူထုနှင့် တပ်မတော်တို့ အမြင်မတူရာမှ ဆန့်ကျင်ဘက် ဖြစ်လာကြသည်။ ထို့အပြင် တပ်မတော် သားများ၏ တပ်ဖွဲ့စိတ်နှင့် ပေါင်းမိသောအခါ တပ်မတော် သည် ဒီမိုကရေစီ ဆန့်ကျင်ရေးအင်အားစုများ ဖြစ်သွားတော့သည်။ ❑

# ဒီမိုကရေစီကိုရန်လုပ်စစ်ခေါင်းဆောင်ရဲ့အတွင်းသရုပ်

**ဗိုလ်မှူးကျော်ကျော်နိုင်**

တစ်ချိန်က ဖယ်ဒရယ်မှုကို တပ်မတော်က မလိုလားသလို ယခု ဒီမိုကရေစီကို မလိုလားမှု ဖြစ်လာသည်။ သေသေချာချာ မေးလျှင်တော့ ခြေခြေမြစ်မြစ် မသိ။ ကြားပင် မကြားဖူးသော သူများပင် တွေ့ရဖူးသည်။ ထိုသို့ တပ်မတော်အတွင်း၌ မှားယွင်းသည့် စိတ်ဓာတ် အသွင်းခံရခြင်းသည် နိုင်ငံရေး၌ တပ်မတော်နှင့် ပြည်သူလူထု ထိပ်တိုက်ဖြစ်နေရခြင်း အကြောင်းတစ်ရပ် ဖြစ်ပါသည်။ တပ်မတော်သားများကို မေးခွန်းထုတ်လိုသည်မှာ ကိုယ်ကိုယ်တိုင် ကောင်းစွာမသိ၊ မခံစားဖူးသော အရာကိစ္စတစ်ခုကို စစ်အာဏာရှင်များပြောတိုင်း မျက်စိစုံမှိတ်ကာ မစူးမစမ်း၊ မဆင်မခြင် မကောင်းမြင်ခြင်း၊ ဖင်ပိတ် ငြင်းဆိုနေခြင်းများသည် သင့်တော်မှု ရှိပါရဲ့လား။ ပိန္နဲသီး (သို့) ဒူးရင်းသီး ဆိုတာ ဆူးတွေနဲ့ကွ၊ အထဲမှာလဲ အဆိပ်ရှိမှာ သေချာတယ်။ မစားနဲ့ ဆိုလျှင် ကိုယ်တိုင် မစူးစမ်းမလေ့လာဘဲ၊ မသိဘဲ၊ ဟုတ်မှာပဲ၊ ဒါ မကောင်းတဲ့ အသီးကြီးကွ၊ မစားကြနဲ့လို့ ပြောနေကြမှာလား။ သေသေချာချာ စဉ်းစားကြည့် ကြစေချင်ပါသည်။ စစ်မှုရေးရာ ကိစ္စရပ် များတွင်တော့ စစ်သားဆိုသည်မှာ အမိန့်ကို မြေဝယ်မကျ နာခံရ ပေမည်။

သို့သော် ယခု ဒီမိုကရေစီတောင်းဆိုသည့် ကိစ္စသည် နိုင်ငံတော်ကို အန္တရာယ်ကျရောက်မည့် စစ်ရေးစစ်ရာကိစ္စ လုံးဝမဟုတ်။ ပြည်သူလူထုနှင့် သက်ဆိုင်သော ကျယ်ပြန့်အရေးကြီးသည့် နိုင်ငံရေးကိစ္စ၊ ပြည်သူ့အာဏာနှင့် သက်ဆိုင်သော ကိစ္စဖြစ်သည်။ နိုင်ငံတော်၏ အာဏာပိုင်ရှင် အစစ်သည် ပြည်သူလူထုသာ ဖြစ်သည်။ သူ့အာဏာသူ ပြန်တောင်းခြင်းသာ ဖြစ်သည်။ တပ်မတော်သားများနှင့်လည်း သက်ဆိုင်သည်။ တပ်မတော်သားများ၏ တပ်ပြင်ပ မိဘ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းများနှင့်လည်း ဆိုင်သည့် နိုင်ငံရေးကိစ္စ ဖြစ်၍ ဒီနေရာမှာတော့ ကိုယ်ပိုင်ဉာဏ်နှင့် စူးစမ်းလေ့လာကာ သတိထားဆင်ခြင်သင့်သည်။ နိုင်ငံရေးသည် ကြီးမားကျယ်ပြန့်ပြီး တိုင်းပြည်အတွက် အရေးကြီးလှသည်။ စစ်ရေးသည် နိုင်ငံရေးထဲမှ တစိတ်တဒေသသာ ဖြစ်သည်။ နိုင်ငံရေးသည် စစ်ရေးထဲမှ တစိတ်တဒေသ မဟုတ်ပေ။ ဒါကို ရှင်းရှင်းလင်းလင်း နားလည်ထားရပေမည်။

မိမိတို့၏ ကျေးဇူးရှင်အစစ်ဖြစ်သော မိဘပြည်သူများနှင့် သက်ဆိုင်နေ၍ မတရားသော အမိန့်၊ စစ်ရေးစစ်ရာ မဟုတ်သည့် အမိန့်မျိုးကိုမူ မိမိတို့ ကိုယ်ပိုင်အသိဉာဏ်၊ သတိဖြင့် ဆင်ခြင်သုံးသပ်သင့်သည်။ ရွှေဝါရောင် တော်လှန်ရေးကဲ့သို့ အဖြစ်အပျက်မျိုးတွင် တပ်မတော်သားများ အနေနှင့် ဝိနည်းလွတ် လုပ်သင့်လျှင် လုပ်ရမည်။ လက်နက်ငယ် နည်းပညာလို ပြောင်းရင်း အပြစ်၊ ကျည်အိမ် အံမကျ၊ ကျည်ကန့်လန့်ခံ၊ ကျည် "အ" စသဖြင့် ဆင်ခြေပေးကာ ရှောင်နိုင်သည်။ ပြည်သူလူထုကိုသာ ကာကွယ်စောင့်ရှောက်ရမည်။

လက်နက်ကိုင် ရန်သူများ မဟုတ်ပါဘဲ ပြည်သူ လူထုထဲ ပစ်ခတ်ခိုင်းသည့်အမိန့်။ ရဟန်းသံဃာများကို ရိုက်နှက်ဆဲဆို ပစ်ခတ်ခိုင်းသည့် အမိန့်မျိုးကို ပြတ်ပြတ်သားသား ဆန့်ကျင်ရန် လိုသည်။ တစ်ဘဝ

သာမက ဘဝသံသရာ အဆက်ဆက်နှင့် ဆိုင်သော ကိစ္စ ဖြစ်သည်။ “တပ်မတော်သမိုင်း၊ တပ်မတော်ဂုဏ်သိက္ခာ၊ အစဉ်အလာ”နှင့်ဆိုင်သော ကိစ္စလည်း ဖြစ်သည်။ ယခင် ဆိုဗီယက်တပ်မတော်၊ ထိုင်းတပ်မတော်တို့ကို နမူနာ ယူသင့်သည်။ သူတို့သည် အာဏာရှင်အတွက်၊ မတရား မှုအတွက် ပြည်သူလူထုဘက်သို့ သေနတ်ပြောင်းကို မလှည့်ခဲ့ကြပေ။ ဆိုဗီယက်တွင် စစ်တပ်က မနိမ်နင်း၍ ဆိုဗီယက် ပြိုကွဲခြင်းမဟုတ်။ သူ့သမိုင်းနှင့်သူ ရှိသည်။ အာဏာရှင်စနစ် ကျဆုံးခြင်း၊ ကွန်မြူနစ်စနစ် ကျဆုံး ခြင်းသာ ဖြစ်သည်။




*ပြည်သူဘက် ရပ်တည်တဲ့ ထိုင်းစစ်တပ်ကို ပြည်သူက ကြိုဆိုနေပုံ*

ယခု အာဏာရှင်များအတွက် ပြည်သူလူထု ကို ပစ်ခတ်သတ်ဖြတ်သော စစ်တပ်မှာ ကမ္ဘာပေါ်တွင် ထင်ထင်ရှားရှား တရုတ်နှင့် မြန်မာ နှစ်နိုင်ငံသာ ရှိသည်။ ရှက်စရာကောင်းလှသည်။ မှန်ကန်သော အသိဉာဏ် ရှိလျှင် ထိုယုတ်မာရိုင်းစိုင်းသော လူသတ်မှု၊ ရာဇဝတ်မှု မျိုးကို ကျူးလွန်ရဲမည်မဟုတ်။ အကယ်စင်စစ် လူသတ်မှု ကို ပေါ်ပေါ်ထင်ထင် ပြုလုပ်ခြင်းဖြစ်၍၊ စစ်ရာဇဝတ် ကောင်များအဖြစ် ရောက်ရှိစေ၏။

စစ်တပ်ကို အသုံးချပြီး တိုင်းပြည်အာဏာ (ပြည်သူ့အာဏာ)ကို လုယူချုပ်ကိုင်ထားသော စစ်အာဏာရှင် (ယူနီဖောင်းဝတ်များ) တစ်စုသည် မည်သည့်ကိစ္စမဆို အကျိုးကိုသာ ပြောတတ်သည်။ အကြောင်းတရားကို ဘယ်တော့မှမပြော။ အကြောင်း တရားကိုလည်း အသေအချာ စဉ်းစားဆင်ခြင်ခြင်းလည်း မရှိ။ မတတ်သာ၍ အကြောင်းတရားကို ပြောရလျှင် လည်း အာဏာရှင်တို့ကို မထိခိုက်အောင် မမှန်မကန်နှင့် အပေါ်ယံသာ လိမ်ညာပြောကြသည်။ ထိုစစ်အာဏာရှင် များကြောင့် မြန်မာ့နိုင်ငံရေး “တိုင်ပတ်”နေရခြင်း ဖြစ်၏။ အကြောင်းတရားကို မှန်ကန်စွာ လေ့လာဖြေရှင်းလိုက် လျှင် နိုင်ငံရေးမှာ လွယ်ကူစွာ ရှင်းလင်းသွားနိုင်သည်။ အရာရာ ဖြောင့်ဖြူးသွားနိုင်သည်။ နိုင်ငံတကာနှင့် ယှဉ်ကာ တိုးတက်ဖွံ့ဖြိုးသွားနိုင်မည်။

စစ်အာဏာရှင်များက စည်းစိမ်အာဏာ ယစ်မူးပြီး မိမိတို့သာ မြန်မာနိုင်ငံတွင် အတော်ဆုံး၊ အတတ်ဆုံးဟု ဘဝင်မြင့်ကာ ဘယ်တော့မှ နိုင်ငံရေးကို ပြေလည်အောင် ဆောင်ရွက်ချင်ကြသည်မဟုတ်။ ဗိုလ်သန်းရွှေ ကြည့်ပါ။ သေသည်အထိ အာဏာရှင် လုပ်ချင်သည်။ “ငါသေမှ ငါ့နေရာရမည်” ဟုပင် မဆို။ “ငါသေရင်တောင် ငါ့နေရာ ငါယူသွားမည်” ဆိုသော လူစားပင်။ နိုင်ငံရေးပြေလည်၍ ၄င်းတို့အာဏာ လက်လွှတ်ရမှာ စိုးရိမ်သည်။ ပြည်သူ့အာဏာ သက်ရောက်သော ဒီမိုကရေစီ လုပ်ထုံးလုပ်နည်း (ကျင့်စဉ်) ကို အကြောက်ကြီး ကြောက်ကြသည်မှာ စစ်အာဏာရှင်တို့၏ အတွင်းသရုပ်ပင် ဖြစ်သည်။

“အာဏာရှင်ရှိလျှင် ပြည်သူလူထု၌ အာဏာ မရှိ၊ ဒီမိုကရေစီ မရှိ”၊ “ပြည်သူလူထု၌ အာဏာရှိလျှင် ဒီမိုကရေစီရှိလျှင် အာဏာရှင် မရှိနိုင်”။ ထို့ကြောင့် ယူနီဖောင်းဝတ် အာဏာရှင် ဗိုလ်သန်းရွှေတို့ ဒီမိုကရေစီ ကို ရန်လုပ်နေခြင်း ဖြစ်သည်။ ဒီမိုကရေစီကို ကြောက်နေ ကြခြင်းဖြစ်သည်။ စစ်တပ်ကို အသုံးချ အကာအကွယ် ယူပြီး အာဏာရှင် အသက်ဆက်ဖို့ အကွက်ဆင်ကာ နအဖ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတင်းအဓမ္မ အတည်ပြုနေခြင်းဖြစ်သည်။ ❑

# အာဏာရှင်ကိုကာကွယ်နေရတဲ့တပ်မတော်ရဲ့အဖြစ်ဆိုး

ဗိုလ်မှူးကျော်ကျော်နိုင်

စစ်အာဏာရှင်များ ပြောသလို နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ အုပ်ချုပ်ရေးဆိုသည့် အမြင် (၄) ရပ် ပြည့်စုံပါသည်ဆိုလျှင် တပ်မတော်မှထွက်၍ ဒီမိုကရေစီ ကျင့်စဉ်အရ ရွေးကောက်ပွဲတွင် ဝင်ရောက် အရွေးခံနိုင်ကြသည်။ ၄င်းတို့ အရည်အချင်းရှိလျှင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်မှာ သေချာသည်။ ထိုသို့လည်း ၄င်းတို့ သတ္တိမရှိကြ။ လွှတ်တော်မှာ တပ်မတော်အရာရှိများအနေနဲ့ ၂၅% ယူထားသော်လည်း စိတ်မချသေးဘဲ ကြံ့ဖွံ့တွေကို အမာခံထားကာ ပါတီ (၃) ပါတီ ဖွဲ့စည်း ချုပ်ကိုင်ကာ အရွေးခံရန် ပြင်ဆင်နေကြပါသည်။ လွှတ်တော်မှာ စစ်တပ်ကို အမာခံပြုကာ အာဏာကို အလွယ်တကူ ချုပ်ကိုင်ပြီး လူမိုက်ဆန်ဆန် လုပ်နေခြင်းသာ ဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထု အခွန်အခများဖြင့် နေထိုင် စားသောက်ရေး၊ ကျန်းမာရေး စသည့် အခွင့်အရေးများ စံစားနေရသည့် ပြည်သူ့ဝန်ထမ်းမျှသာ ဖြစ်သည်။ ပြည်သူလူထုအပေါ် ပို၍ သစ္စာရှိရမည်။ ပြည်သူလူထု၏ အစေအပါးသာ ဖြစ်ရမည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော် ဦးဆောင်မှုအခန်း၌ အချိန်အတိုင်းအတာ တစ်ခုသာ ပါသင့်ပါသည်။ နိုင်ငံရေးမှာ ပါလိုလျှင် ယူနီဖောင်းချွတ်ပြီး ဝန်ထမ်းဘဝ စွန့်ကာ ဝင်ရောက်ယှဉ်ပြိုင်ရုံသာရှိသည်။

လူလူချင်း အနိုမ်ခံ၊ အဖိနှိပ်ခံ ဘဝမှ ပြည်သူလူထုကြီး ကိုယ်တိုင် အာဏာရှိစေသော၊ ပြည်သူ့အာဏာ




ဘာသာတရားကိုင်းရှိုင်းတဲ့ ထိုင်းစစ်တပ်

တကယ်တော့ ဒီမိုကရေစီဆိုသည်မှာ လုပ်ထုံးလုပ်နည်းတစ်ခုသာ ဖြစ်သည်။ ပြည်သူလူထု၏ အာဏာ သက်ရောက်သော ကျင့်စဉ်ဖြစ်သည်။ လူတို့သည် မြေရှင်ပဒေသရာဇ်ခေတ်၊ သက်ဦးဆံပိုင်ခေတ်၊ ကျွန်ပိုင်ကျေးပိုင်ခေတ် စသည့် ခေတ်များကို ဖြတ်သန်းပြီး သက်ရောက်စေသော ကျင့်စဉ်ကို ကြိုးစားဖန်တီး တည်ဆောက်ခဲ့ကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့အာဏာ သက်ရောက်စေသော စနစ်တစ်ခုမှာ ဘယ်နိုင်ငံက လာသည်ဖြစ်စေ ကျင့်သုံးအပ်သည်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီကျင့်စဉ် မကျင့်သုံးနိုင်၍သာ

သေဆိုသေရ၊ ရှင်ဆိုရှင်နေရသော အာဏာရှင်စနစ်ဆိုး ရှိနေရခြင်း ဖြစ်ပေသည်။ ရက်စက်ကြမ်းကြုတ်သော လက်နက်ကိုင် အာဏာရှင်တစ်စု ရှိနေ၍ ဒီမိုကရေစီမရှိ ဆိတ်သုဉ်းရခြင်း ဖြစ်သည်။ "ဒီမိုကရေစီသည် မြန်မာနိုင်ငံ၊ မြန်မာပြည်သူလူထု၊ မြန်မာ့တပ်မတော် အားလုံးအတွက် အလွန် လိုအပ်နေသည်"။ သက်ဦးဆံပိုင် အာဏာရှင်စနစ်ဆိုး ရှိနေသရွေ့ မြန်မာပြည်သူလူထုနှင့် မြန်မာ့တပ်မတော် ပို၍ ပို၍ နိမ့်ကျဆင်းရဲ စုတ်ပြတ်သတ်နေမှာ ဖြစ်သည်။

ပြည်သူသို့ ပြန်လည်အပ်နှင်းရန် ကြိုးပမ်းရာတွင် တပ်မတော်သည် ပြည်သူလူထုနှင့် ပူးပေါင်းပါဝင်လက်တွဲသင့်သည်။ အာဏာရှင်စနစ်ကို ကာကွယ်နေသော၊ အာဏာရှင်ကို ဦးထိပ်ပန် တပ်မတော် မဖြစ်သင့်တော့ပေ။ ဒီမိုကရေစီဆိုသော စကားလုံးမှာ ပြည်သူလူထု၏ သြဇာအာဏာသည် အုပ်ချုပ်ရေး၌ အပြည့်အဝ ရှိစေသည့် လုပ်ထုံးလုပ်နည်း (သို့မဟုတ်) လုပ်ကိုင်ဆောင်ရွက်မှု ပုံစံကို နာမည်ပေး ကင်ပွန်းတပ်ထားခြင်းသာ ဖြစ်သည်။




*ဘုန်းကြီးတွေက ပြန်ကန်တော့ရတဲ့ မြန်မာ စစ်တပ်နှင့် ရဲ*

ဒီမိုကရေစီ တောင်းဆိုဆန္ဒပြမှုများ၊ လူထုတော်လှန်အုံကြွမှုများ၊ လက်နက်ကိုင် တော်လှန်ရေးများလည်း ဆက်လက်ရှိနေမှာ ဖြစ်သည်။ အာဏာရှင်များက ၎င်းတို့ အာဏာတည်မြဲဖို့ စစ်တပ်ကို အသုံးချ ပစ်ခတ်သတ်ဖြတ်ခိုင်းနေမှာလည်းဖြစ်၍ တပ်မတော်နှင့် ပြည်သူစိတ်ဝမ်းကွဲကြရပေဦးမည်။ ကိုယ့်တိုင်းရင်းသား ညီအကိုများအချင်းချင်း တိုက်ခိုက်နေကြရဦးမှာ ဖြစ်သည်။ ဤပြဿနာအားလုံး ပြေလည်စေရေးသည် စစ်အာဏာရှင်ကို ဖယ်ရှားပစ်မှသာ ပြီးဆုံးနိုင်ပေမည်။ ထို့ကြောင့် ဒီမိုကရေစီ ရရှိရေးသမိုင်း (သို့) ပြည်သူ့အာဏာ

လူများတွင် ဟိုလူ၊ ဒီလူဟု မပြောဘဲ မောင်သန်းရွှေ၊ မကြိုင်ကြိုင်ဟု နာမည်တပ် ပညတ်ပေးကာ ခေါ်ဝေါ်ရသကဲ့သို့ ဖြစ်သည်။ ကြောက်လန့်စရာ စကားလုံး၊ အဓိပ္ပာယ်မဲ့သည့်၊ အနှစ်သာရ မရှိသည့် စကားလုံး မဟုတ်ချေ။ အဓိပ္ပာယ် အနှစ်သာရ ပြည့်ဝသည်။ ပြည်သူလူထုသည်သာ အရှင်သခင် ဖြစ်သည်။ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းကြောင့် သက်ဦးဆံပိုင်မရှိ။ ကျွန်စနစ်မရှိ။ အာဏာရှင် မရှိ။ လက်နက်ကိုင်၍ အကြောက်တရားဖြင့် အမွေ ခိုင်းစေမည့် အဖွဲ့မရှိ။ ရဲ၊ စစ်သား မြင်လျှင် ကြောက်နေရတာ မရှိ။ ကြံ့ဖွတ်၊ စွမ်း

အားရှင်၊ အရုံ မီးသတ်ပင် ကြောက်နေရတာမျိုး၊ ဥပဒေမဲ့ ညှော်စာရင်းစစ်၊ ခြင်ထောင်လှန်ခံရတာမျိုး မရှိ။ ခရီးဝေးသွားပြီးလို့ မိဘအိမ်၊ ကိုယ့်အိမ်ကိုယ့်ယာ ပြန်လာရင်လည်း ရပ်ကွက်ကောင်စီကို သတင်းပို့ရန် မလို၊ တရား ဥပဒေစိုးမိုးမှု အပြည့်အဝ ရှိသည်။ လူတိုင်း တရားဥပဒေကို လေးစားလိုက်နာရသည်။

ဒီမိုကရေစီတွင် သမ္မတသည်ပင် တရားစွဲဆို ခံရနိုင်သည်။ ပေးအပ်ခံထားရသော လုပ်ကိုင်ဆောင်ရွက် နိုင်မှု အတိုင်းအတာကို ကျော်လွန်လုပ်ကိုင်ပါက ပြည်သူ လူထုမှ လွတ်လပ်စွာ ဝေဖန်ပြောဆိုခြင်း၊ ဖယ်ရှားခြင်း ပြုနိုင်သည်။ "ပြည်သူလူထုသည် ဥပဒေ ဘောင်အတွင်း မှ လွတ်လပ်စွာ ရေးသားခြင်း၊ ပြောဆိုခြင်း၊ တွေးခေါ်ခြင်း၊ ဆန္ဒပြခြင်း စသဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု အပြည့်အဝ ရှိသည်။" မတရား ဖမ်းဆီး၊ ပစ်ခတ်၊ သတ်ဖြတ်ခြင်း၊ မတရား ကန့်သတ်ချုပ်ချယ် တားမြစ်ခြင်းများ ပြုလုပ်၍ မရ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း ပြည်သူလူထုကြီးကပင် ရေးဆွဲပြီး ပြည်သူလူထုကြီးကပင် အတည်ပြု ပေးထားရသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပါ အတိုင်း ပြည်သူလူထုကြီးက လေးစားစွာ လိုက်နာကြရသည်။

ပြည်သူလူထုကြီးက လွတ်လပ်စွာ ရွေးချယ် တင်မြှောက်နိုင်ခွင့် ရှိသည်။ အကျဉ်းချုံး၍ တင်ပြရလျှင် ယနေ့ မြန်မာနိုင်ငံ စစ်အာဏာရှင် အုပ်ချုပ်ပုံနှင့် ရာနှုန်း ပြည့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။ နာမည် ပညတ်သည် အဓိကမဟုတ်ဘဲ လုပ်ထုံးလုပ်နည်း အနှစ်သာရသာ အဓိက ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့ကမ္ဘာတွင် ဒီမိုကရေစီဝါဒ ထွန်းကားရခြင်း ဖြစ်သည်။ ဤကျင့်စဉ်ကို ဒီမိုကရေစီဟု နာမည်မပေးဘဲ အခြားနာမည် ပေးထား လျှင်လည်း အဓိပ္ပာယ်အနှစ်သာရ ပြည့်ဝသော လုပ်နည်းလုပ်ဟန် ဖြစ်သဖြင့် လိုက်နာကျင့်သုံးသင့် သည်သာ ဖြစ်သည်။ မည်သည့်နိုင်ငံမှ ပေါ်ထွန်းလာ သည် ဆိုသည်မှာ အဓိက မဟုတ်ပါ။ ဥပမာတစ်ခုဖြင့် ဆိုပါမည်။ မြန်မာပြည်သည် ယဉ်ကျေးသော၊ ဗုဒ္ဓဘာသာ ထွန်းကားသော တိုင်းပြည်ဟု ဆိုရာတွင် ဗုဒ္ဓ ဘာသာသည် အိန္ဒိယ၌ စတင် ထွန်းကားခဲ့သည်။ သီဟိုဠ် (ခေါ်) သီရိလင်္ကာ၌ ထွန်းကားခဲ့သည်။

ထိုမှ မြန်မာပြည်သို့ ဗုဒ္ဓသာသနာ ရောက်ရှိ ထွန်းကားခဲ့သည်။ အိန္ဒိယမှ စတင်စေကာမူ သစ္စာထိုက် သဖြင့် (အမှန်တရားကို ဖြစ်စေသဖြင့်) မြန်မာတို့ လက်ခံ ကျင့်သုံးကြရသည်။ မြန်မာ့နည်း မြန်မာ့ဟန် လုပ်၍ မရ စကောင်း။ အာဏာရှင်များက စည်းကမ်းရှိသော ဒီမိုကရေစီလို့ ကင်ပွန်းတပ်လိုက်ကြသေးသည်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် သင့်တော်ပြီး၊ အကျိုးရှိလျှင် လက်ခံ ကျင့်သုံးကြရမည် ဖြစ်ပေသည်။ နအဖသည် အမှန်တကယ် စိတ်ထားမှန်ပြီး စေတနာ အပြည့်အဝရှိခဲ့လျှင် ဒီမိုကရေစီ လုပ်နည်းလုပ်ဟန်ကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးနိုင်သည်မှာ အနှစ် (၂၀) ခန့်ရှိပြီး ဖြစ်လိမ့်မည်။ ၁၉၈၈ ခုနှစ်မွေး လူငယ်မျိုးဆက် တစ်ဆက်ပင် ဒီမိုကရေစီကို ကောင်းစွာ သိရှိနားလည် ကျင့်သုံးမည့် မျိုးဆက်များ ဖြစ်လောက်ပေပြီ။

"ဤ အနှစ် (၂၀) ခန့်သည် တိုင်းပြည်အ တွက် လွန်စွာ ဆုံးရှုံးနစ်နာခဲ့ရပေပြီ။" ယခုမူ ပြည်သူ့ အာဏာ သက်ရောက်မှု မရှိ၊ စစ်အာဏာရှင်၏ ရက်စက် ယုတ်မာသော အာဏာကသာ ပြည်သူလူထုပေါ် သက်ရောက်နေ၍ ပြည်သူလူထုမှာ ကိုယ့်အာဏာ အလုခံထားရသည့်အပြင် သက်ဦးဆံပိုင်ခေတ်၊ ပဒေ သရာဇ်ခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ ဖက်ဆစ်ခေတ်များ သို့ ပြန်လည် ရောက်ရှိ ဒုက္ခခံနေကြရသည်။ ❑

# ရပိုင်ခွင့်များ နစ်နာဆုံးရှုံးနေရတဲ့တပ်မတော်သားများ

ဗိုလ်မှူးကျော်ကျော်ခိုင်




ထိုအာဏာရှင် စနစ်ကြောင့် မြန်မာ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အကျင့်စရိုက်၊ တရားစီရင်ရေး အဘက်ဘက်မှ ဆုတ်ယုတ် ပျက်စီးပြီးရင်း ပျက်စီးနေသည်။ ဖွံ့ဖြိုးတိုးတက်ရန် မည်သည့်အခါမျှ လမ်းစမမြင်နိုင်။ ထို ဆုတ်ယုတ်ပျက်စီး နိမ့်ကျမှုများသည် တပ်မတော်၌လည်း ကြုံတွေ့ခံစားနေကြရပါသည်။ စစ်အာဏာရှင်တစ်စုသာ လုပ်ပိုင်ခွင့်၊ ခံစားခွင့် ပေါင်းစုံ ရရှိခံစား၊ စံစားနေကြပြီး အရာရှိ၊ အရာခံ၊ အကြပ်တပ်သားအားလုံးမှာ တန်ဖိုးမဲ့ ငွေစက္ကူများစွာ သုံးစွဲ၍ လစာများကို တိုးမြှင့်ပေးထားသော်လည်း တောက်ပြောင်မှုမရှိ၊ ကြပ်တည်းသထက် ကြပ်တည်း လာနေကြရသည်။

တန်ဖိုးမဲ့ တိုးမြှင့်လစာများမှာ အာဏာရှင်များ၏ ကျေးဇူးရှင်အဖြစ် အထင်ခံလိုမှုနှင့် စည်းရုံးလိုမှုကြောင့်သာ ဖြစ်၏။

အမှန်စင်စစ် ထိုသို့ တိုးမြှင့်ပေးခြင်းမှာ သဲထဲရေသွန်ကိစ္စသာ ဖြစ်ကြောင်း အာဏာရှင်များ သိပြီးဖြစ်၏။ တကယ်တော့ ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းသာယာဝပြောပါမှ၊ တိုးတက်ဖွံ့ဖြိုးပါမှ ပြည်သူ့ဝန်ထမ်းများ ဘဝလည်း တိုးတက်ဖွံ့ဖြိုးနိုင်မှာဖြစ်၏။ ရေမြင့်မှ ကြာတင့် နိုင်ပါမည်။ တပ်မတော်လည်း ခေတ်မီအင်အားတောင့်တင်းလာပါမည်။ လူအင်အား၊ လက်နက်အင်အား ဘယ်လောက် ဖြည့်တင်းဖြည့်တင်း ခေတ်မီအင်အားရှိသော တပ်မတော် ဖြစ်မလာ။ ယခင်က တရုတ်၊ အိန္ဒိယ မှလွဲ၍ ပတ်ဝန်းကျင် နိုင်ငံများကို ဂရုမစိုက်သော်လည်း ယခု ဘင်္ဂလားဒေ့ရှ်မှ ရေကြောင်းစိန်ခေါ်မှုကို ထိပ်တိုက်မရင်ဆိုင်ရဲတဲ့ ဖြစ်စဉ်က သက်သေပြနေသည်။ ၂၀၀၂ ခုနှစ် တာချီလိတ်မြို့ပေါ် ထိုင်း **F-16** တိုက်လေယာဉ် ဖြတ်ပျံပြခြင်းက လေယာဉ်ပစ်ဖို့ မြေပြင်မှ ဝေဟင်ပစ် ဒုံးပျံမဆိုထားနှင့် **F-7** တရုတ်တိုက်လေယာဉ် မယှဉ်နိုင်လို့ Power ကွာနေမှုမှာ သိသာလှပါသည်။

လူတစ်ဦးချင်း ဝင်ငွေကြည့်လျှင် လူဦးရေ (၆၅) သန်းရှိသော ထိုင်းသည် GDP per capita (PPP) $ ၄၀၀၀၊ လူဦးရေ (၁၅၃) သန်းရှိသော ဘင်္ဂလားဒေ့ရှ်သည်ပင် $ 500 ခန့်နှင့် လူဦးရေ သန်း (၅၀) ခန့်ရှိ မြန်မာသည် $ 239 ခန့်သာ ရှိပေသည်။ Government Type သည် စစ်အစိုးရ (Military Junta) ပုံစံ ဖြစ်သည့်အပြင်

စစ်အာဏာရှင်ကြီးများ၏ နိုင်ငံရေး၊ စီးပွားရေး စွမ်းရည် ညံ့ဖျင်းမှုကြောင့် ဖြစ်သည်။ စစ်အာဏာရှင်များကို ဖယ်ရှားပြီး နိုင်ငံရေးစနစ် ပြောင်းလဲနိုင်မှ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ ဖြစ်ပါမည်။ နိုင်ငံနှင့် ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်မှ တပ်မတော်လည်း တိုးတက်ပါမည်။ ရေမြင့်လျှင် ကြာတင့်သည့် သဘောဖြစ်သည်။

ဌင်းအပြင် အရာရှိ၊ စစ်သည်များအနေနှင့် တပ်တွင်းအခြေအနေများကိုလည်း ပြန်သုံးသပ်ကြည့်စေလိုပါသည်။ ဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)တွင် လွတ်လွတ်လပ်လပ် တင်ပြနိုင်ကြရဲ့လား။ ဒါပါပဲကွာဟု ပြောကြရသည်မဟုတ်ပါလား။ တိုင်စာရေးသား တင်ပြနိုင်ခွင့် မရှိ။ ဒုက္ခရောက်နိုင်သဖြင့် ပစ်စာကိစ္စ ပေါ်ပေါက်လာသည်။ အမှုတစ်ခုဖြစ်လာလျှင် အမြင်ကတ်ပုဒ်မ၊ ပုဒ်မ (၆၅) စစ်စည်းကမ်း ဖောက်ဖျက်မှုသည် မည်သို့မျှ အပြစ်ရှာမရပါက အချိန်မရွေး အရေးယူနိုင်သည့် ပုဒ်မဖြစ်သောကြောင့် အနည်းနှင့်အများ ပြစ်ဒဏ်စီရင်ခံနေရပါသည်။ ပုဒ်မ (၆၅) ဖြစ်စေကာမူ ဥပဒေကြောင်းအရ တရားခံဘက်မှ အရာရှိထားပေးသော်လည်း အကျိုးခံစားခွင့်မရ။

စစ်တရားရုံးဖြင့် အရေးယူခံရသော အမှု ၉၅% မှာ ကွင်းလုံးကျွတ်လွတ်မြောက်ဖို့ အလားအလာမမြင်ပါ။ ပြစ်မှုစွပ်စွဲချက်ကိုလည်း အမှုကြီးသည်ထက်ကြီးအောင် လုပ်နိုင်သမျှ ဆွဲထည့်ပုဒ်မများ တပ်ကာ ဂွင်ဆင်လေ့ရှိ၏။ ချမှတ်မည့် ပြစ်ဒဏ်မှာလည်း အာဏာရှိသူ၏ ကြိုတင်သတ်မှတ်ပေးသည့်အတိုင်း စစ်တရားရုံးများက ဖတ်ပြရုံသာ ဖြစ်သည်။ ဤအကျင့်ဆိုးများမှာ စစ်အာဏာရှင်များ ပြည်သူ့အာဏာကို လုယူသိမ်းပိုက်၍ စစ်အုပ်ချုပ်ရေး စတင်ရာမှ နယ်ဘက်တရားရုံးများ၌ပါ ကူးစက်သွားတော့၏။ ဤ အကျင့်ပျက် အကျင့်ဆိုးများကြောင့် တရားစီရင်ရေးစနစ်တစ်ခုလုံး ပျက်ဆီးနေပြီဖြစ်သည်။ ပြည်သူလူထုမှ အာဏာပြန်လည် လွှမ်းမိုးနိုင်မှသာ (ဒီမိုကရေစီ ရရှိမှသာ) တရားမျှတသော တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကို ပြန်လည်တည်ဆောက်နိုင်မည် ဖြစ်သည်။

ဗိုလ်ချုပ်တစ်ဦးဆိုလျှင် တပ်မမှူးဘဝက အရာရှိတစ်ဦးသည် ဌင်းဝင်လာချိန်တွင် ကျောပေးလျှက် အနေအထားကြောင့် မမြင်၍ အလေးမပြုမိသည်ကိုပင် အလွန် မခံမရပ်နိုင်ဖြစ်ကာ အရေးယူခဲ့သည်။ ထိုဗိုလ်ချုပ် တိုင်းမှူးဖြစ်လာသည့် အခါမှာလည်း စစ်ရာထူးခန့်တိုးမြှင့်ချိန်များတွင် အငြိုးကြီးစွာ နှိပ်ကွပ်တတ်သည်ကို တွေ့ရ၏။ ထို့အတူ လုပ်ပိုင်ခွင့်အာဏာ ပိုမိုလာသည်နှင့် အမျှ အာဏာရှင်ဖြစ်လာကာ စစ်ခေါင်းဆောင်ဘဝ ပျောက်ကွယ်လာကြသည့် အရာရှိကြီးများ များစွာ ရှိပါသည်။ သို့သော်လည်းပဲ ဉာဏ်ပညာထက်မြက်၍ အမြင်ကျယ်သော လေးစားဖွယ်ကောင်းသည့် ဆရာသမားများနှင့် စီနီယာကြီးများ ရှိသည်ကိုလည်း အသိအမှတ်ပြုပါသည်။

ဥပဒေအရ နှိုင်းဆချင့်ချိန်မှု မပြုတော့ဘဲ အငြိုးအတေး၊ မာန်မာနအရ အာဏာဖြင့် အပြစ်ပေးခဲ့ကြသည်လည်း ရှိသည်။ သတ်မှတ်ပြီးသား ပြစ်ဒဏ်များကို တရားရုံးဥက္ကဋ္ဌက ဖတ်ပြ လက်မှတ်ထိုးခြင်းသာ ရှိသည်။ စာချုပ်ချုပ်ဆို၍ စစ်မှုထမ်းဆောင်ကြသော်လည်း စာချုပ်သက်တမ်း ပြည့်သော်လည်း အလွယ်တကူ တပ်မှ ထွက်ခွင့်မပေး။ ခြိမ်းခြောက်ခံထားရသည်။ အချို့ကျတော့ တပ်သားသစ် ဘယ်နှစ်ဦး စုဆောင်းပေးမှ ရမည်ဟု အညစ်ခံရသည်။ စည်းမျဉ်းစည်းကမ်း၊ ဥပဒေအရ ဆောင်ရွက်နိုင်ခွင့်၊ အကျိုးခံစားခွင့်လည်း လုံးဝ မရရှိကြ။ တပ်ထဲဝင်ချိန်တွင်လည်း စစ်မှုထမ်းဥပဒေကို လက်မှတ်သာ ထိုးကြရ၏။ မည်သူမျှ အရေးတယူ မရှင်းပြသည့်အပြင် လက်မှတ်ရေးထိုးသူကလည်း အမှန်တကယ် မသိနားမလည်ချေ။

ဌင်းအပြင် ယောကျ်ားလုပ်သူတစ်ဦး စစ်မှုထမ်းလုပ်သည်နှင့် ဇနီး၊ မိသားစုတစ်ခုလုံး ယခု မျက်မှောက်ခေတ် တပ်မတော်၌ ကျွန်ဖြစ်ရတော့သည်။ အပြောကတော့ တပ်မိသားစု၊ ရဲမေ။ တကယ့်တကယ်က လယ်စိုက်၊ ကောက်စိုက်၊ လုပ်အားပေး ပေါင်းစုံ လုပ်ခိုင်းတာဟာ လက်တွေ့ အမှန်တကယ် ဖြစ်နေတာတွေမို့ လက်လွတ်စပယ် လျစ်လျူရှုဖို့ မသင့်ပါ။ ယနေ့တပ်မတော် အောက်ခြေတွင် စစ်ကားများ ရှိပါလျှက် အကျိုးခံစားခွင့် ကောင်းစွာမရ။ ခေတ်ဆီသာ ထုတ်ရောင်းနေကြပြီး လူမမာများကို ဆေးပေးခန်းမှ

စစ်ဆေးရုံ၊ ဆေးတပ်သို့ လမ်းလျှောက်သွားခိုင်းသည်။ ဘယ်သူမှ တိုင်၍ မရ။

တပ်မတော်သားများသည် စစ်ရေးစစ်ရာ စစ်လေ့ကျင့်မှုနဲ့ မသက်ဆိုင်သော ထင်းခုတ်၊ မီးသွေးဖုတ်၊ အုတ်ဖုတ်၊ စစ်အာဏာရှင် ယတြာအတွက် ကြက်ဆူပင်၊ ရော်ဘာပင် စိုက်၊ သစ်ဆိမ့်ပင်စိုက် စသည့် လုပ်ငန်းများဖြင့် အချိန်ကုန်ကြရသည်။ ဘာမှပြောခွင့်မရှိ။ လစာကို သဘောတူညီမှုမရှိဘဲ အတင်း စုဆောင်းခိုင်းသည်။ ဘာမှမပြောနိုင်။ "ခွင့်"နှင့်ဆိုင်သော လုပ်ထုံးလုပ်နည်း အခွင့်အလမ်း ရှိသော်လည်း "ခွင့်"မပေးကြ – စသည်ဖြင့် အခွင့်အရေးများ ပိတ်ပင်ခံထားကြရ၏။ ပြောရလျှင်တော့ တပ်မတော်မှာ မဖြစ်သင့်တာတွေ ဖြစ်နေရတာ များစွာ ရှိသည်။ အမြီးအမောက် မတည့်တာ များစွာ ရှိသည်။ ဤသို့ဖြစ်ရသော တပ်တွင်းအခြေအနေများမှာ အာဏာရှင်စနစ်နှင့် လုံးဝ သက်ဆိုင်သည်။ မင်းစိတ်ပေါက် ရူးသွပ်နေကြခြင်းနှင့် သက်ဆိုင်သည်။ အကယ်၍ ပြည်သူလူထု အာဏာရှိသော စနစ် (ဒီမိုကရေစီစနစ်) ကို ပြောင်းလဲနိုင်ပါက ဒီမိုကရေစီကျင့်စဉ်တွင် စည်းကမ်းရှိမှု၊ တရားမျှတမှု၊ ဥပဒေလွှမ်းမိုးမှု၊ စနစ်တကျရှိမှု၊ လူ့ အခွင့်အရေး ပြည့်ဝမှုများရှိသဖြင့် ပြည်သူလူထုကြီးသာမက တပ်မတော်အတွင်းရှိ အရာရှိ၊ စစ်သည်၊ စစ်မှုထမ်းများ အားလုံးလည်း ထိုအကျိုးကျေးဇူးကို ရရှိခံစားနိုင်ကြပေလိမ့်မည်။ ❑

# ဒီမိုကရေစီနိုင်ငံရှိစစ်မှုထမ်းများရဲ့ဘဝ

ဗိုလ်မှူးကျော်ကျော်ခိုင်

ဒီမိုကရေစီ ကျင့်သုံးသော နိုင်ငံများတွင် စစ်တပ်အပါအဝင် ပြည်သူလူထုအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေ၊ စည်းကမ်းများကို တိကျစွာ လိုက်နာကျင့်သုံးကြရသလို မိမိ အကျိုးခံစားခွင့် ရှိလျှင်လည်း ကြောက်စရာမလို တောင်းနိုင်၊ စံစားနိုင်သည်။ လွတ်လပ်စွာ တင်ပြပြောဆိုနိုင်သည်။ ဥပဒေအကျိုးခံစားခွင့် အပြည့်အဝ ရှိသည်။ ကုလသမဂ္ဂမှာ ဒီမိုကရေစီနိုင်ငံများမှ စေလွှတ်သော တပ်မတော်သားများမှာ အကျိုးခံစားခွင့်၊ နစ်နာခွင့်များ ပြည်တွင်းမှာ ထမ်းဆောင်သည်ထက် ပိုမို အခွင့်အရေး ပေးကြသည်။ သူရဲကောင်းများသဖွယ် ကြိုဆိုကြသည်။ ပြည်တွင်းမှာ ထမ်းဆောင်ရာတွင်လည်း တာဝန်ကျေနိုင်စေရန် မပူမပင်၊ မကြောင့်မကျ သက်သာချောင်ချိရေး ပြည့်စုံကောင်းမွန်အောင် စီစဉ်ပေးသည်။ သတ်မှတ် စစ်မှုထမ်းချိန် အရွယ်ရောက်သူများ ငြင်းဆိုခဲ့ပါကလည်း မိုဟာမက်အလီကဲ့သို့ တိကျစွာ အပြစ်ပေး ထောင်ချခဲ့သည်။

ဒီမိုကရေစီနိုင်ငံတွင် စစ်မှုထမ်းများသည် (စစ်ရေးစစ်ရာ ကိစ္စမှ လွဲ၍) မိမိ၏ အခွင့်အရေးအတွက် မိမိပွင့်လင်းစွာ တင်ပြအရေးဆိုနိုင်သည်။ မတရားမှုများ မခံစားရ။ စစ်ရေးစစ်ရာမဟုတ်သော ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် ချယ်လှယ်ခြင်း မခံကြရ။ ဒီမိုကရေစီနိုင်ငံတွင် စစ်မှုထမ်း များဘဝမှာ စိတ်ချမ်းမြေ့စရာကောင်းလှကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။ မိမိယူနီဖောင်းချွတ်၍ ပြင်ပရောက်လျှင်လည်း ထိုဒီမိုကရေစီအရသာကို ပြည်သူ လူထုတစ်ဦးအနေနှင့် ရရှိခံစားနိုင်သည်။ နယ်ဘက် အာဏာရှင်များ၊ စစ်ဘက်အာဏာရှင်များ မရှိ၍ မျက်နှာငယ်စရာ မလို။ (ဒီမိုကရေစီ မရှိလျှင်တော့ အရင်ဆုံး ရင်ဆိုင်ရမည်မှာ ရယက အာဏာရှင်အငယ်စားလေးများဖြစ်သည် မဟုတ်လား) အရာရှိကြီးများ ဖြစ်ခဲ့လျှင်တော့ ဟန့်စား၊ ဟောက်စား နိုင်သေးသည်။ စစ်တပ်ပြင်ပတွင် ရှိသော မိဘဆွေမျိုးများလည်း ဒီမိုကရေစီ အရသာ ခံစားနိုင်သည်။ ပြည်သူ့အာဏာ ရှိသော ကျင့်စဉ်ဖြစ်၍ ၎င်းတို့လည်း အာဏာရှိသည်။

ယခု တပ်ပြင်ပတွင် ရှိသော တပ်မတော်သားတို့၏ မိဘ၊ ဆွေမျိုးသားချင်း၊ အပေါင်းအသင်း မိတ်ဆွေများကို မေးကြည့်ပါ။ ရုံးပြင်ကန္နားဆိုလျှင် မသွားရဲကြ။ မည်သူမှလည်း မသွားချင်။ ဟိုလူကဟောက်၊ ဒီလူကဟောက် အားလုံးကို ကြောက်နေရ၏။ ယုတ်စွအဆုံး အပေါက်စောင့်ကိုပင် ကြောက်ရ၏။ ဤကိစ္စမှာ ရင်နာစရာ ကောင်းလှ၏။ ဝန်ထမ်းဟူသမျှ ပြည်သူလူထု၏ အခွန်အခများ ရရှိခံစားကြရခြင်း ဖြစ်သည်။ နိုင်ငံတော်အတွက် လုပ်ငန်းဆောင်တာများကို ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ကိုင်ဆောင်ရွက်နိုင်ရန် တာဝန်ပေးခံကြရသူများသာ ဖြစ်သည်။ ဝန်ထမ်းများကိုယ်တိုင် ပြည်သူလူထုထဲမှ ပြည်သူပင် ဖြစ်သည်။ မဆလခေတ်၌ပင် ပြည်သူ့ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့ ဆိုသည် ရှိခဲ့ပြီး ပြည်သူလူထုအတွက် အကျိုးပြုသော ဝန်ထမ်းကောင်းများ ရရှိရန် ရည်ရွယ်ခဲ့သည်။ “အာဏာရှင်ပေါက်စလေးများ မွေးထုတ်ခြင်းမဟုတ်။” ဝန်ထမ်းဟူသည် ပြည်သူ၏ အစေအပါး၊ ကျွန်သဖွယ်ဖြစ်သည်။

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

ပြည်သူလူထု၏ သြဇာအာဏာ သက်ရောက်သော လူအခွင့်အရေး ပြည့်ဝပြီး လွတ်လပ်မှုရှိသည့် ဒီမိုကရေစီ နိုင်ငံများ၏ ဝန်ထမ်းများကို တွေ့ကြုံခံစားလျှင် မိမိနိုင်ငံ ဝန်ထမ်းများနှင့် အီးနှင့်နံ့သာ၊ ရေနှင့်ဆီကဲ့သို့ ကွာခြားလှသည်ကို သိမြင်နိုင်သည်။ အစိုးရဝန်ထမ်း ဆိုသည်များကို တွေ့ပင် မတွေ့ချင်တော့။ "ရဲ" မြင်လျှင် အလိုလို ကြောက်နေရသည်။ ရယက ကိုသာမက အရန်မီးသတ်၊ ကြံ့ဖွံ့ အကုန်လုံးကို ကြောက်နေရသည်။ နေရာတကာ လာဘ်ပေးနေရသည်။ ညှော်စာရင်း တိုင်ရင်တောင် ငွေပေးရပြီး ညှော်စာရင်းစစ်ဆိုပြီး ခြင်ထောင်လှန်တာကိုလည်း ခံနေရ၏။ သူခိုးက လူဟာစ်တယ် ဆိုသလို ဖြစ်နေသည်။ ယုတ်စွအဆုံး ပြည်သူလူထုမှာ အရုံရဲဆိုသော ဆိုက်ကားသမားကိုပင် ကြောက်နေရသည့် အခြေအနေ၊ ဘဝဆိုးမျိုးကို ဒီကနေ့ နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့နေကြရရှာပြီ။ အကြောင်းကိစ္စရှိလျှင် ဘယ်သူ့တိုင်၍ ဘယ်သူ့ အားကိုးရမလဲ မသိ။ မိမိသာလျှင် စစ်တပ်အားကိုးဖြင့် တပ်ထဲ၌ ရှိ၍ ပြင်ပအခြေအနေကို မသိခြင်းဖြစ်ပေသည်။ မိမိတပ်ကထွက်လျှင်လည်း ကြုံရပေဦးမည်။ ဤသည်မှာ ပြည်သူအာဏာရှိသော ဒီမိုကရေစီကျင့်စဉ် မရှိ၍ ဖြစ်ပေသည်။

ဒီမိုကရေစီအကြောင်း မည်သူမျှ မပြောပြလည်း သိနိုင်သော နည်းလမ်းရှိပါသည်။ ပြည်တွင်း၌ထုတ်နေကြသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်ရှင်များကို သေချာစွာ ကြည့်ပြီး သုံးသပ်ကြည့်ရင် နိုင်ငံရပ်ခြားနှင့် မိမိနိုင်ငံ ပညာရေး၊ လူ့အခွင့်အရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ၊ လူကြီးလူကောင်းဆန်သော လုပ်ရပ်များ စတာတွေကို နှိုင်းယှဉ်ကြည့်ပါ။ မိမိတို့နိုင်ငံ၏ အစစ အရာရာ ညံ့ဖျင်းနိမ့်ကျပုံများကို တရေးရေး သိလာရပေလိမ့်မည်။ ❑

# နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို အမှန်သယ်ပိုးနိုင်သည့် ဒီမိုကရေစီကျင့်စဉ်

ဗိုလ်မှူးကျော်ကျော်ခိုင်

တပ်မတော်သားများ အပါအဝင် ပြည်သူပြည်သားတို့ ထိုသို့နိုင်ငံရေး အမြင်ကျယ်ကျယ်နှင့် ကြည့်ရှုသုံးသပ်တတ်ကြောင်း နအဖ စစ်အာဏာရှင်ကြီးများ သိသွားလျှင်ပင် စာနယ်ဇင်း မှန်သမျှ ပိတ်ပင်ခံရမည်မှာ မလွဲပေ။ ထုတ်ပင် ထုတ်ဝေရဲတော့မည် မဟုတ်ပါ။

သို့သော် တစ်ခုတော့ သတိပြုရပေမည်။ စစ်အာဏာရှင်တို့၏ Psy-War ပညာဖြင့် ဝါဒဖြန့်ဆောင်းပါးများအား ဝါဒဖြန့်ချင် မှိုင်းတိုက်ချင်လွန်း၍ ဓမ္မစာစောင်၊ အားကစား ဂျာနယ်များ၌ပင် ထည့်သွင်းနေခြင်းကိုက မူမမှန်၍ဖြစ်ကြောင်း သိအပ်သည်။ ဒီမိုကရေစီနိုင်ငံများ၏ သတင်းဆိုလျှင် စစ်အာဏာရှင်စနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ပေါ်ပြုရမှာ သေမတတ်ကြောက်သည်။ အမေရိကန်ဆိုလျှင် အနိဋ္ဌာရုံများကိုသာ ရွေးထုတ်ဖော်ပြကြသည်။ ကောင်းကြောင်းများကို မပြောရဲ။ အမေရိကန်တွင် တစ်နေ့ ဘာပြစ်မှု ဘယ်နှစ်မှု ရှိသည်။ တစ်နှစ် ဘယ်မျှရှိသည်ကိုတော့ သူတို့ ပြောမည်။ သို့သော် ထိုအမေရိကန်ပြည်၏ အကျယ်အဝန်း၊ ပြည်နယ်များ၊ လူဦးရေတို့ကို အချိုးအဆ ထည့်မပြော၊ မသိချင်ယောင်ဆောင်ခြင်းမျိုးလည်း ဖြစ်မည်။ ဥပမာ တင်ပြပါမည်။ အမေရိကန်၏ Government Type မှာ Constitution သည် BASED FEDERAL REPUBLIC; STRONG DEMOCRATIC TRADITION ဖြစ်သည်။

အကျယ်အဝန်းမှာ ပြည်နယ် (၅၀) နှင့် ဒေသကြီးတစ်ခု အပါအဝင် 9,826,630 sq.km (includes only the 50 States and District Columbia) ရှိ၏။ လူဦးရေ – ၃၀၃, ၈၂၄, ၆၄၀ (၂၀၀၇ နှုအ) ရှိ၏။ အချို့ပြည်နယ်သည် မြန်မာပြည်တစ်ခုလုံးထက် ကြီးပြီး၊ ထိုဒေသမှ ထွက်သော ဆန်စပါးသည် မြန်မာလူထုအားလုံးကို ကောင်းစွာ ကျွေးမွေးထားနိုင်သည် ဆိုသည်ကိုမူ တင်ပြကြသည်မဟုတ်။ နိုင်ငံနှင့် လူဦးရေ အချိုးအဆအရ ရှိနိုင်သည့် ပြစ်မှုအခြေအနေကို သိစေအပ်သည်။ ပြည်နယ် (၅၀) ကျော် ဖြင့် ဖွဲ့စည်းထားသည့် အမေရိကန်အနေဖြင့် ထိုပြည်နယ်၊ လူထု အချိုးအဆနှင့် ထိုပြစ်မှု(တနိုင်ငံလုံး)လောက်တော့ ရှိပေလိမ့်မည်။ ၎င်းနိုင်ငံကြီးများ၏ မဖွယ်မရာ မဂ္ဂဇင်း၊ စာစောင်၊ ရုပ်ရှင်များကိုတော့ ဒီမိုကရေစီရလျှင် ဒီလိုဖြစ်သွားမည်ဟု ခြိမ်းခြောက်ပြကြသည်။ ဤကိစ္စသည် ဒီမိုကရေစီကျင့်စဉ်နှင့် မဆိုင်။ ၎င်းတို့၏ မူလဗီဇ ယဉ်ကျေးမှုပုံစံနှင့်သာ ဆိုင်သည်။ လူအများ၏ လက်ခံကျင့်သုံးမှုနှင့်သာ ဆိုင်သည်။

၎င်းအပြင် ဒီမိုကရေစီသည် အာရှ လူနေမှုစရိုက်၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများနှင့် အံဝင်ဂွင်ကျမရှိဟုဆိုကာ သိမ်းသွင်းပြန်သည်။ ဒီမိုကရေစီသည် အနောက်နိုင်ငံထုတ် အာရှနှင့် မသင့်သည့် တင်သွင်းကုန်တစ်ခုမဟုတ်၊ ပြည်သူလူထု အုပ်ချုပ်ရေး နည်းစနစ်စစ်စစ် ဖြစ်သည်။ ပြည်သူလူထုနှင့် ပတ်သက်သော ကိစ္စအဝဝကို ပြည်သူလူထုက စီမံအုပ်ချုပ် လုပ်ကိုင်သောစနစ်ဖြစ်၍ စစ်အာဏာရှင်တို့ လိုချင်သလို ပြုပြင်

ပြောင်းလဲ ကျင့်သုံးနိုင်သည်။ အာဏာရှင်မရှိ၍ ကန့်သတ်ချုပ်ချယ်မှုများ မရှိ။ နအဖအော်နေသလို "စည်းကမ်းရှိ၍ စနစ်ကျသော" ဒီမိုကရေစီဟု အော်နေစရာ မလိုချေ။ ထိုသို့ အော်ခြင်းမှာ ဒီမိုကရေစီ အသံကောင်းဟစ်ကာ တရားဝင် အာဏာရှင် လုပ်နိုင်ရေးသာ ဖြစ်သည်။ ဤသို့ စစ်အာဏာရှင်တို့၏ စည်းကမ်းရှိသော ဒီမိုကရေစီ ခေါင်းစဉ်တပ်လိုက်ခြင်းဖြင့် နိုင်ငံတကာတွင် ပြည်သူလူထု သိက္ခာကျအောင် လုပ်လိုက်သလို ဖြစ်သွားသည်။ ဒီမိုကရေစီ ကျင့်စဉ်သည် စည်းကမ်းရှိပြီး ဖြစ်သည်။ Etiquette ခေါ် လောကဝတ်ရှိပြီး ဖြစ်သည်။ ပြည်သူလူထုကိုယ်တိုင် သဘောတူလက်ခံပြီးမှ စီမံခန့်ခွဲထား၍ စနစ်ကျနပြီး ဖြစ်၏။ ဥပဒေကို လူအများ နားလည် သဘောပေါက်ကာ လေးလေးစားစား လိုက်နာ ဆောင်ရွက်ကြပြီးသား ဖြစ်သည်။ ဥပဒေစိုးမိုးမှုရှိသလို လူအများ လူပီသစွာ လွတ်လွှပ်လပ်လပ် အကြောက်တရားမရှိ လုပ်ရှား၊ လုပ်ကိုင်နေထိုင် သွားလာနိုင်ကြသည်။ နအဖလို အထူး အော်နေရန် မလို။

ကမ္ဘာတွင် အယဉ်ကျေးဆုံး တိုင်းပြည်ဟု ကြွေးကြော်နေသော ရဟန်းသံဃာသတ် နအဖကဲ့သို့ ပါးစပ်က ဘုရားဘုရား၊ လက်က ကားယားကားယား မဟုတ်။ ဒီမိုကရေစီနိုင်ငံများတွင် ကလေးများပင် စည်းကမ်းရှိ၏။ လူကျင့်ဝတ် (Etiquette) ကို နားလည်၏။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ၎င်းတို့ကိုယ် ၎င်းတို့ နိုင်ငံကြီးသားဟု မော်ကြွားနိုင်ကြ၏။

ပရိတ်ရွတ်လျှင် ရေဆူသော ချင်းတောင်တန်း သာသနာပြု ဆရာတော် "ဦးဥတ္တမသာရ" ၏ ကံနှင့် ကံ၏အကျိုး (သို့) ရေဆူပရိတ်တော် တရားခွေ/စာအုပ်တို့ကို ဖတ်ရှုနားထောင်လိုက်ပါ။ ဆွစ်ဇာလန်နိုင်ငံ၏ စည်းကမ်းရှိမှု၊ ကလေးကအစ လူ့ကျင့်ဝတ် သိမှုများကို အနည်းအကျဉ်း မြည်းစမ်း ကြည့်နိုင်သည်။ ပန်းခြံအတွင်း ကလေးများပင် ပန်းမခူးကြ။ တနင်္ဂနွေ လူအများ၏ အားလပ်ရက်တွင် အိမ်အပြင် အဝတ်လှမ်းခြင်း၊ အဝတ်ခါသံ ဆူညံသံများ မပြုကြခြင်း စသည်ဖြင့် အတုယူစရာ များစွာရှိသည်။ အာဏာရှင်ကြီး၊ အာဏာရှင်လေးများ ချယ်လှယ်ခံနေရသော ကျွန်တော်တို့ မြန်မာပြည်ကြီးတွင်မူ ဘာသာတရား၏ ကောင်းမွန်သော အဆုံးအမများအောက်တွင် ရှိပါလျက် လောကနီတိများ၊ ဘိုးသူတော် ဦးနု ဆုံးမစာများ၊ ယဉ်ကျေးမှုများ ရှိပါလျက် ခေတ်စနစ်ဆိုး၏ ဒါဏ်ချက်ကြောင့် ပါးစပ်မှသာ ကမ္ဘာမှာ အယဉ်ကျေးဆုံးဟု ဆိုနိုင်ကြတော့၏။ လက်တွေ့နှင့် နှိုင်းယှဉ် ကြည့်ကြပါကုန်။

ကမ္ဘာ့ ဒီမိုကရေစီနိုင်ငံများသို့ ထွက်ခွာလာသည်နှင့် ကျွန်တော်တို့လူမျိုးများ အရင် တွေ့ကြုံရသည်မှာ ဒီမိုကရေစီနှင့် မထိတွေ့ဖူး၍ ပြုပြင်ယူရသော အကျင့်ဆိုးများ ဖြစ်၏။ Etiquette နည်းပါးခြင်း၊ ဥပဒေ မသိခြင်း၊ စည်းကမ်းကို လစ်သလို ဖောက်တတ်ခြင်း၊ ကတိမတည်ခြင်း၊ အချိန် မလေးစားခြင်း၊ Free ရိုက် အီးလေးဆွဲခြင်းများကို မနည်းဖျောက်ကြရသည်။ တလွဲဆံပင် ကောင်းခြင်း၊ လေကြီးလေကျယ် ပြောခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားသလို ဗမာ, ဗမာချင်းဆို ချချင်ကြတယ်ဆိုတဲ့ အတိုင်း ဇာမဏီကျင့် ကျင့်ကြခြင်း၊ (လူသတ်မှုများပင် ဖြစ်ကြခြင်း)၊ ကိုယ်သိ ကိုယ်တတ် ကိုယ်ဆရာကြီးများပင် လုပ်လိုခြင်း၊ ဘဝင်မြင့်ခြင်းနှင့် ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်တတ်မှု နည်းပါးခြင်း၊ တစ်ဦးကျော တစ်ဦး ဓားနှင့်ထိုး အကျင့်ဆိုးများ ရှိခြင်း၊ ငွေကိုသာမြင်ပြီး တစ်ဦးနှင့်တစ်ဦး စောင်းမြောင်းမြင်ခြင်း၊ လေးစားမှု မပေးနိုင်ခြင်းနှင့် အတင်းအဖျင်း တုတ်ခြင်း စသော သူများနိုင်ငံတွင် မတွေ့ရသည့် စရိုက်အကျင့်များကို ပြင်ကြရသေးသည်။

ထိုအကျင့်ဆိုးများမှာ တပ်မတော်ထဲက စစ်အာဏာရှင်ကြီးလည်း ပိုင်ဆိုင်ပါသည်။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ ဝေဖန်ပိုင်ခွင့်၊ ဖွဲ့စည်းနိုင်ခွင့် စသော လူနေမှုဘဝ ဝန်းကျင်များကို ဒီမိုကရေစီစနစ်ဖြင့် ပြန်လည်ရယူပြီးမှသာ ဒီမိုကရေစီ အလေ့အကျင့်ကို ငယ်စဉ်ကလေးဘဝမှ စတင်ပြုပြင် ပြောင်းလဲယူပြီးမှသာ လျှင် စရိုက်အကျင့်များ ပျောက်ပြီး နိုင်ငံကြီးသား ပီသသော လူမျိုးအဖြစ် ပြန်လည် ရောက်ရှိနိုင်ပေတော့မည်။ နောင်မျိုးဆက်များတွင် မူလတန်းမှစ၍ ဒီမိုကရေစီ အလေ့အကျင့်၊ လူ့အခွင့်အရေး၊ ဥပဒေ၊ လောကဝတ်များကို အဆင့်ဆင့် အထက်တန်းကျောင်းထိတိုင် ပို့ချဆွေးနွေးသင့်ပေသည်။

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

နိုင်ငံသားတိုင်း လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်၍ စက်မှုလက်မှုနှင့် စိုက်ပျိုးရေး ပညာရပ်များကို လည်း သင်ကြားလေ့ကျင့် ပေးထားသင့်၏။ အထက် တန်းနှင့် ကျောင်းထွက်သည့်တိုင် စက်မှု အထက်တန်း ကျောင်းအဆင့်၊ စိုက်ပျိုးရေး အထက်တန်းကျောင်း အဆင့်၊ စက်မှုလက်မှု/စိုက်ပျိုးရေး အတတ်ပညာ၊ Etiquette လူ့အခွင့်အရေးနှင့် ဥပဒေအသိများ ရှိနေ လျှင် အဆင့်အတန်း အသိပညာ မြင့်မားသည့် နိုင်ငံ အဖြစ် ရောက်ရှိစေနိုင်ပြီး ကမ္ဘာတခွင် ဘယ်သွားသွား နိုင်ငံကြီးသားအဖြစ် တင့်တယ် ဂုဏ်ယူနိုင်မည်ဖြစ်ပေ သည်။

ဤသို့ ဖြစ်လာရန်မှာ အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီ နိုင်ငံရောက်လာမှ ဖြစ်နိုင်လိမ့် မည်။ အချုပ်အားဖြင့် ဆိုရသော် ဒီမိုကရေစီဟု ခေါ်ဆို သော ပြည်သူလူထု အကျိုးအတွက် ပြည်သူလူထု ကိုယ်တိုင်က ပြည်သူ့အာဏာကို အပြည့်အဝ အသုံးပြု ၍ ဆောင်ရွက်သော ကျင့်စဉ်၊ ပြည်သူ့အာဏာ ပြည်သူ၌ တည်သော ကျင့်စဉ်သည် ယနေ့ကမ္ဘာတွင် လက်ခံထွန်း ကားနေခြင်းသည် အသိဉာဏ် ကင်းမဲ့သောကြောင့် မဟုတ်။ ဒီမိုကရေစီ ကျင့်စဉ် စတင်လာသူများသည် စစ်အာဏာရှင် ဗိုလ်သန်းရွှေလို ဦးနှောက်မရှိသူများ မဟုတ်။ ပြည်သူလူထုအကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်ပြီး၊ ပြည်သူလူထုက အာဏာပိုင်သော ကြောင့်သာ ကမ္ဘာတွင် ခေတ်စားခြင်းဖြစ်သည်။ ယခု မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီကျင့်စဉ် အလွန် လိုအပ် နေသည်။ ပြည်သူလူထုအတွက်သာမက တပ်မတော် အတွက်လည်း လိုအပ်သည်။ ဒီမိုကရေစီ အကြောင်းကို လည်း လေ့လာအပ်သည်။ သိရှိမှ လိုချင်မည်။ လိုချင်မှ ရယူချင်စိတ် ရှိမည်။ ရယူချင်မှ ရအောင် လုပ်ယူကြပေ လိမ့်မည်။

ဒီမိုကရေစီရေး ကြိုးပမ်းနေသော မိဘပြည်သူ များကို တပ်မတော်သည် ကာကွယ်စောင့်ရှောက်ကြရ မည်။ မနှိမ်နင်းသင့်ပေ။ ထိုသူများကို နှိမ်နင်းခြင်းသည် မိမိကိုယ်ကို အာဏာရှင်စနစ်ဆိုးအောက်၌ ဆိုးကျိုး ဆက်လက်ခံစားနေရန် ပြုနေခြင်း ဖြစ်သည်ကို သတိပြု သင့်ပါသည်။ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ခြင်းနှင့် တူပါသည်။ မိမိကိုယ်တိုင်လည်း ဒီမိုကရေစီရေး ကြိုးပမ်း မှုကို အားပေးသင့်သလို အဟန့်အတား ဖြစ်နေသော စစ်အာဏာရှင်ဆိုး တစ်စုကိုလည်း ဖယ်ရှားပစ်နိုင်ရေး စည်းစည်းလုံးလုံးနှင့် ကြိုးပမ်းသင့်သည်။ ဒီမိုကရေစီ ရရှိခြင်းကြောင့် ဒို့တာဝန်အရေးသုံးပါး မထိခိုက်နိုင်။ ပြည်ထောင်စု မပြိုကွဲနိုင်၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲနိုင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ မှု မထိခိုက်နိုင်။ စစ်အာဏာရှင်များ ဝါဒဖြန့်ချက်သည် ခုတ်ရာတလွဲ၊ ရှရာတခြားသာ ဖြစ်ပါသည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်ကြီး စစ်အာဏာရှင်အောက်၌ မရှိဘဲ လွတ်လွတ်လပ်လပ်နှင့် ပေါ်ထွန်းလာရေးအတွက် တပ်မတော်သားများ တတပ်တအား ကြိုးပမ်းပါဝင်သင့်ကြောင်း တင်ပြလိုက်ရ ပါသည်။ ❑

# နိုင်ငံရေးနှင့်ဒီမိုကရေစီ၏အဓိပ္ပါယ်

ဗိုလ်မှူးကျော်ကျော်ခိုင်

*"နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေရသော ကိစ္စပင် ဖြစ်ပေသည်။ တနည်းအားဖြင့် ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့ စားမှုသောက်မှု၊ နေမှုထိုင်မှု၊ သွားလာမှု အစုစုသည် နိုင်ငံရေးပင် ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင်၊ မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်နေ၏"*

***ဗိုလ်ချုပ်အောင်ဆန်း***

ရိုးသားရှင်းလင်းလှသည့် ဗိုလ်ချုပ်၏ နိုင်ငံရေးဆိုသော အဓိပ္ပါယ်ကို လူတိုင်း နားလည်စေလိုပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသား အားလုံးသည် နေ့စဉ် နိုင်ငံရေး လုပ်ကိုင်နေကြရပါသည်ဟု ဆိုလျှင် မှားမည်မထင်။ သို့ပေမယ့် အများ သိနေကြသည်မှာ နိုင်ငံရေး စကားလုံးများ ပြောပြီး တိုင်းပြည်အုပ်ချုပ်ရေး၊ နိုင်ငံတကာရေးရာများကို ပတ်သက်လုပ်ကိုင်မှသာ နိုင်ငံရေးဟု သတ်မှတ်နေကြခြင်းပင်။

"နိုင်ငံရေးသည် လူမှုရေးမျှသာ ဖြစ်သည်။ နိုင်ငံရေးကို ကျွန်ုပ်တို့ နားမလည်နိုင်စရာ မရှိချေ။" တန်ဖိုးရှိလှသည့် ဗိုလ်ချုပ်အောင်ဆန်း စကားပင်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံရေး" ဆိုသည့် စကားလုံးနှင့် "နိုင်ငံရေးသမား" ဟု ခေါ်ဝေါ်ခြင်းကို မကြောက်ရန် လိုပါသည်။ နိုင်ငံ့အရေးကို စိတ်ကောင်း စေတနာကောင်းနှင့် လုပ်ခြင်းသည် မွန်မြတ်သော လူမှုရေးလုပ်ငန်း ဖြစ်၏။ "နိုင်ငံရေးကို ညစ်ပတ်အောင် လုပ်နေသူများသာ ညစ်ပတ်သည်" ဟူသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ထပ် စကားတစ်ခွန်းမှာလည်း မှန်ကန်လွန်း၏။ ယနေ့ ကျွန်တော်တို့ လက်တွေ့ကျကျ အဖြူ အမဲ ယှဉ်တွဲ သုံးသပ်နိုင်ကြပါသည်။

လူသားအားလုံး၏ အရေးကိစ္စ၊ နိုင်ငံတစ်ခုလုံးကိစ္စ၊ နိုင်ငံတကာနှင့် သက်ဆိုင်သော ကိစ္စလည်း ဖြစ်၍ နိုင်ငံရေးမှာ ကျယ်ပြောလွန်းလှပါသည်။ လူသားတို့၏ အရေးကိစ္စများကို ဆောင်ရွက်နေကြရသဖြင့် ပြည့်စုံပြီဟူ၍ မရှိပါ။ သက်ဦးဆံပိုင်ခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်များကို ကျော်ဖြတ်ပြီး လူတို့အရေးအတွက် ကြံစည်တွေးတောရင်း ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ အရင်းရှင် စသည့် စနစ်အမျိုးမျိုးလည်း ပေါ်ထွက်လာခဲ့ပါသည်။ သို့သော် လူသားတို့အတွက် ဘဝင်မကျနိုင်သေးပါ။

လောဘ၊ ဒေါသ၊ မောဟနှင့် "ငါ" ဟူသော ဒိဋ္ဌိတို့ လွှမ်းမိုးထားသော လူသားတို့၏ အတွေးအခေါ်သာ ဖြစ်၍ ဘုရားဟောလို ထာဝရ မှန်ကန်ခြင်း မရှိနိုင်။ သူ့ခေတ် သူ့အချိန်အခါ သူ့အခြေအနေတစ်ရပ်၌သာ လက်ခံနိုင်၏။ ထိုအထဲမှ နှစ်ပေါင်း (၂၀၀၀) ကျော် အဆင့်ဆင့် တိုးတက်မွမ်းမံပြီး လူအများ လက်ခံလာသော ဝါဒမှာ "ဒီမိုကရေစီဝါဒ"ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူအများ ကောင်းကျိုးကို ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲများ မပါဘဲ ဆောင်ရွက်ပေးနိုင်သောကြောင့် ဖြစ်၏။ ကျွန်တော် ဆောင်းပါးများ ရေးလာတော့ ဘဝဟောင်းက မိတ်ဆွေများ၊ အချို့နောင်တော်ကြီးများက စေတနာနှင့်

အသိပေး၏။ စစ်သား/စစ်သားဟောင်းတွေ နိုင်ငံရေးလုပ်လျှင် သာမန်လူများထက် ပို၍ အပြစ်ကြီးနိုင်သည်ဟူ၏။ နိုင်ငံရေးအဓိပ္ပာယ်ကို သဘောပေါက်အောင် လေ့လာကြစေချင်ပါ၏။

ကျွန်တော် နိုင်ငံရေး တက်ကြွလှုပ်ရှားသူတော့မဟုတ်ပါ။ မတရားမှုများ၊ ရက်စက်ယုတ်မာလွန်းမှုများ၊ နအဖ၏ အာဏာရှင်စနစ် သွတ်သွင်းမှုနှင့် ပြည်သူလူထုဘက်မှ မခံချင်မှုများကြောင့် ကျွန်တော့်မှာလည်း တာဝန်ရှိနေသည်ဟူသော အလိုလို အသိကြောင့် တတ်နိုင်သမျှ ဆောင်ရွက်ရန် ကြံရွယ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ဒီမိုကရေစီရလျှင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်နိုင်သည်၊ ပြည်ထောင်စု ပြိုကွဲနိုင်သည် ဟူသော သူတို့၏ စိုးရိမ်မှုကို လေးစားသလို ဒီမိုကရေစီနှင့် ထိုကိစ္စ ကြောင်းကျိုးဆက်စပ်မှုကိုလည်း ရှင်းလင်း တင်ပြချင်သောကြောင့် ဤသို့ ဆောင်းပါးများကို ရေးသားတင်ပြရခြင်း ဖြစ်၏။ ဆောင်းပါးမျှသာဖြစ်၍ ပြီးပြည့်စုံခြင်းတော့ မရှိနိုင်ချေ။

ထို့ပြင် နိုင်ငံရေးသမားဟု ကိုလိုနီနယ်ချဲ့ခေတ်မှ ယနေ့တိုင် အဆိုးမြင်ဘက်မှ အပြောခံလာရသဖြင့် နိုင်ငံရေးစကားလုံးနှင့် ပြည်သူလူထုက ဝေးကွာခဲ့ရသလို စစ်အာဏာရှင်တို့၏ အကြမ်းဖက် နှိပ်ကွပ်မှုများကြောင့် နိုင်ငံရေးသမား ဆိုသူတို့ကိုလည်း အပေါင်းအသင်း မလုပ်ရဲသည်အထိ ဖြစ်လာခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားချက်များကို ကြည့်ပါ။ လူတိုင်း နိုင်ငံရေးဟူသည့် နိုင်ငံနှင့်ပတ်သက်သော အရေးအရာ၊ ကိစ္စများကို တစ်နည်းတစ်ဖုံ လုပ်ကိုင်နေကြ၍ လူတိုင်းသည် နိုင်ငံရေးသမား ဖြစ်ပါသည်။ နိုင်ငံရေး တက်ကြွလှုပ်ရှားသူဟု မည်သည့်အချိန်က စခေါ်ကြသည်ကို မသိသော်လည်း ၂၀၀၄ ခုနှစ်ခန့်က Voice of Burma စာစောင်တွင် နိုင်ငံရေးသမားဟု မခေါ်ဘဲ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ (သို့) အခြား သင့်တော်သလို ခေါ်ဝေါ်ပေးကြပါရန် အကြံပြုတင်ပြခဲ့ဖူးပါသည်။ လူအများကိုယ်စား ကိုယ်ကျိုးစွန့် လှုပ်ရှားနေကြသူများကို တက်ကြွလှုပ်ရှားသူများဟု ခေါ်ဝေါ်သည်မှာ အလွန်ပင် သင့်မြတ်လှပါသည်။

*"ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီ ဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ မြန်မာပြည်က လူတွေလည်း နစ်နာမယ်။ ကျွန်တော်တို့တိုင်းပြည်ကိုလည်း ကမ္ဘာက ကြည့်နေလို့ မရတဲ့တနေ့ ဂျပန်နဲ့ ဂျာမဏီ ဝိုင်းပြီး အနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာကို သတိရှိကြပါ။ ဒီမိုကရေစီဝါဒကသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်"* အဲဒီ ဗိုလ်ချုပ်စကားအတိုင်း ကျွန်တော်တို့လူမျိုး ကျွန်တော်တို့တိုင်းပြည် အခုတော့ ဗိုလ်ချုပ်ပြောသလို အနှိမ်ခံဘဝ ရောက်ခဲ့ပါပြီ။

ဒီမိုကရေစီ၏ သဘောအဓိပ္ပာယ်ကို အမျိုးမျိုး ဖွင့်ဆိုထားသော်လည်း အခြေခံ သဘောတရားမှာ အတူတူပင် ဖြစ်၏။ ဒီမိုကရေစီသည် – လူအများအတွက် လူအများက အုပ်ချုပ်ခြင်း၊ ပြည်သူလူထု (Demo)၊ အုပ်ချုပ်ခြင်း (Croatia) နိုင်ငံအာဏာကို ပြည်သူလူထုက ထိန်းချုပ်လျက် လွတ်လပ်သော ရွေးကောက်ပွဲစနစ်ဖြင့် အစိုးရဖွဲ့စည်းခြင်း (Democracy) စသည်ဖြင့် နိုင်ငံရေးရေးရာ ကိစ္စအဝဝ၌ ပြည်သူလူထုကြီး အာဏာသက်ရောက်မှု ရှိစေခြင်း သဘောသဘာဝကို ဖော်ပြကြ၏။ ပြည်သူတစ်ဦးချင်းက အာဏာရှိသလို၊ ပြည်သူလူထုကြီးတစ်ရပ်လုံးက အာဏာရှိသည်။ ထို့ကြောင့် အာဏာရှင်မရှိ၊ အာဏာရှင်စနစ် မရှိ၊ မတရားအမိန့် မရှိ၊ အာဏာလက်နက်နှင့် အနိုင်ကျင့် အုပ်ချုပ်သူ မရှိ။

ပြည်သူလူထုအတွက် ပြည်သူလူထုက အုပ်ချုပ်ခြင်း (သို့) လူအများအတွက် လူအများက အုပ်ချုပ်ခြင်းဆိုရာ၌ ထိုသို့ ပြည်သူလူလူထု အများ/အားလုံးက အုပ်ချုပ်သည့်သဘော ပါဝင်စေပြီး ပြည်သူလူထုတစ်ရပ်လုံးက ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုယ်စားတာဝန်ယူမည့် အဖွဲ့ကို သဘောတူ ရွေးချယ်ပေးကြသည်။ ထိုအဖွဲ့က ပြည်သူလူထုတစ်ရပ်လုံး ကိုယ်စား ပြည်သူ့ဆန္ဒအရ ပြည်သူလူထု (သို့) နိုင်ငံတော်ကို အုပ်ချုပ်ပေးရ၏။ ထိုအဖွဲ့မှာ နိုင်ငံတော်တွင် ပြည်သူလူထုက တာဝန်ပေး အပ်ခံထားရသော အမြင့်ဆုံး ပြည်သူ့

ဝန်ထမ်းအဖွဲ့ ဖြစ်၏။ ထိုအဖွဲ့ကြီးကို အစိုးရ (Government) ဟု ခေါ်ဆိုပေသည်။

နိုင်ငံတော်မှာ ကျယ်ပြန့်သည့်အတွက် ထပ်မံ၍ ဒေသများ၊ အစိတ်အပိုင်းများကို အုပ်ချုပ်မှု လွယ်ကူစေရန် ခွဲခြမ်းကာ အဆင့်ဆင့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ကြသည်။ ပြည်နယ်များ၊ တိုင်းများ၊ မြို့နယ်များ၊ ရပ်ကွက်များ၊ ကျေးရွာများဟူ၍ အဆင့်ဆင့် ရှိသည်။ အစိုးရအဖွဲ့များသည် ဝန်ထမ်းများသာ ဖြစ်၍ ပြည်သူလူထုအကျိုးကို အစွမ်းကုန် ဆောင်ရွက်ပေးကြရ၏။ ဆောင်ရွက်ရာတွင် ပြည်သူလူထု ဆန္ဒအရသာ ဆောင်ရွက်ရ၏။ ပြည်သူလူထု၏ သဘောဆန္ဒကို ကျော်လွန်၍ မရ။ သို့သော် ပြည်သူလူထုအတွင်းတွင် ဆန္ဒသဘောထားများ အမျိုးမျိုး ရှိနိုင်ကြသည်။ ထို့အတွက် အများစုဆန္ဒကို ဦးစားပေးရသော ပုံစံ ဖြစ်လာရ၏။ ကျွန်တော်ပွင့်ပွင့်လင်းလင်း ရေးရလျှင် "လူများလျှင် ချေးများသည်" ဟူသော မြန်မာအချို့ လက်သုံးစကားမှာ အမြင်ကျဉ်းပြီး အသုံးမကျသော အပြောဖြစ်သည်။ အာဏာရှင် စိတ်ဓာတ်ကိုလည်း ဖော်ပြချင်တာ ဖြစ်သည်။ ပြည်သူလူထု အများစု ဆန္ဒကို အကောင်အထည် ဖော်ခြင်းသည်သာ မှန်ကန်သည်။

ဤသည်ပင် "ဒီမိုကရေစီ" ဖြစ်သည်။ သို့သော် ပြည်သူ့ဆန္ဒကို အလေးထားရမည်ဖြစ်ရာ ပြည်သူလူထုဘက်မှလည်း လိုအပ်ချက်များ ရှိလာပါသည်။ နိုင်ငံရေး၌ အမြင်ကျယ်ခြင်း၊ တက်ကြွခြင်း၊ ကမ္ဘာ့ရေးရာများ၌ စိတ်ဝင်စား၍ ဗဟုသုတ များပြားခြင်း၊ ပညာအရည်အချင်း မြင့်မားခြင်းနှင့် အတွေးအခေါ် အကျင့်စာရိတ္တ၊ လောကဝတ် (Etiquette) ခေါ် လောကနီတိများ နားလည် လိုက်နာကျင့်သုံးခြင်း၊ သဘောထားကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ စေတနာ ကောင်းသလို စိတ်ကောင်းလည်း ရှိဖို့လိုခြင်း စသည့် အရည်အချင်းများ ပြည့်ဝဖို့ လိုသည်။ ဖြည့်ဆည်းဖို့ လိုသည်။

ကျွန်တော့်အမြင်အားဖြင့် လာမည့် မျိုးဆက်သစ်များကို ကောင်းကောင်း လေ့ကျင့်ပညာပေးခြင်း (Education) ကို ငယ်စဉ်ကပင် လုပ်ရမည် ဖြစ်သလို ယနေ့ စတင် အကောင်အထည်ဖော်မည့် အကြီးတန်းမျိုးဆက်များကလည်း စံနမူနာပြ ဖြစ်သင့်၏။ ဗိုလ်ချုပ်ကြီးဟောင်း သူရတင်ဦးသည် ပြည်သူလူထုရော တပ်မတော်ကပါ ချစ်ခင်လေးစားမှုကို ခံခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်သည့်အပြင် ဥပဒေ၊ နိုင်ငံရေး၊ စစ်ရေးတို့တွင် အတွေ့အကြုံ များပြားသူ ဖြစ်သည်။ စိတ်စေတနာ ကောင်းမွန်ပြီး တပ်မတော်၌ ရဲဘော်ရဲဘက်များကို သားသမီးသဖွယ် စောင့်ရှောက်နိုင်မှုကြောင့် တစ်ချိန်က တပ်မတော်သားအားလုံး၏ ဖခင်သဖွယ် ဖြစ်ခဲ့သည်ကို ယနေ့ တပ်မတော် မျိုးဆက်သစ်များ မသိနိုင်ခဲ့ကြ။ စစ်အာဏာရှင်ကြီးများ၏ မလိုတမာ ဖုံးဖိထားမှုများကို တပ်မတော်သားများအား အမှန်အတိုင်း သိမြင်ကြစေချင်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည်လည်း လူထုကြီးတစ်ရပ်လုံးက လက်ခံသည့် အရည်အချင်းရှိသော ခေါင်းဆောင်ကောင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးများသည် မြန်မာ့ဒီမိုကရေစီရေး၌ ကောင်းစွာ အသွင်ကူးပြောင်းပေးနိုင်သည်ကို ယနေ့ မျိုးဆက်သစ် တပ်မတော်သားများ သဘောပေါက်သင့်နေပြီ ဖြစ်သည်။ စစ်အာဏာရှင်များ၏ မဟုတ်မတရား သိမ်ဖျင်းစွာ နှိမ့်ချပြောဆို ဝါဒဖြန့်မှုများကို ဖောက်ထွင်း ကြည့်ရှုတတ်ဖို့ လိုနေပေသည်။ တဖက်သတ် ရှုမြင်နေခြင်းကို ဆင်ခြင်ဖို့ လိုပါသည်။ စစ်အာဏာရှင်များသည် ဒီမိုကရေစီကို ကြောက်ရွံ့သည်။ ယနေ့ ၎င်းတို့၏ ရက်စက်ယုတ်မာလွန်းမှုများကြောင့် ပိုကြောက်နေရသည်။

"ဒီမိုကရေစီရှိလျှင် အာဏာရှင် မရှိနိုင်၊ အာဏာရှင်ရှိလျှင် ဒီမိုကရေစီ မရှိနိုင်"။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ကို တရားဝင် သတ်မှတ်နိုင်ရန် ပြင်ဆင်နေခြင်း ဖြစ်သည်။ ဒီမိုကရေစီ လိုလားသူများကို အပုတ်ချနည်း၊ သေးသိမ်စေနည်း စသည့် ဟစ်တလာစိတ်ဓာတ် စစ်ဆင်ရေး နည်းများဖြင့် ဝါဒဖြန့် ရှုတ်ချနေခြင်းသာ ဖြစ်သည်။ ဒီမိုကရေစီ ဖော်ဆောင်ပေးနိုင်သည့် ထိုပုဂ္ဂိုလ်ကြီးများသည် အာဏာရှင်များကဲ့သို့ ထာဝရအာဏာရယူ ထားမည့်သူများ မဟုတ်၍ စစ်အာဏာရှင်များ ဝါဒဖြန့်သလို ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားသား တစ်ဦးကို လက်ထပ်ခဲ့မိခြင်းဖြင့် နိုင်ငံတော်အရေး၌ ပါဝင်ပတ်သက်ရန် ခွင့်မပြုနိုင်ဆိုသည်မှာ

အဓိပ္ပာယ်မဲ့သော ဆင်ခြေဆင်လက်မျှသာ ဖြစ်သည်။ ယခု သူမ၏ အမျိုးသား ကွယ်လွန်ပြီးသွားချိန်တွင် ပို၍တောင် 'ထောက်'ပြစရာ ဖြစ်နေသည်။

အကြောင်းပြခြင်းနှင့် အာရုံလွှဲနေခြင်းသာ ဖြစ်သည်။ စစ်အာဏာရှင်တို့ နှိပ်ကွပ်ထားသော ထိုပုဂ္ဂိုလ်များသည် ဒီမိုကရေစီ သဘော၊ ဒီမိုကရေစီ တန်ဖိုးကို ကောင်းစွာ သိနားလည်ထားကြသူများ ဖြစ်၏။ ပြည်သူ့ဆန္ဒ၏ အရေးပါပုံကို သိထားကြသူများ ဖြစ်၏။ တိုင်းပြည်အတွက် စေတနာကောင်းနှင့် ဆောင်ရွက်မည့်သူများသာ ဖြစ်သည်။ ဒီမိုကရေစီ လုပ်နည်းကျင့်စဉ်အရ ထိုပုဂ္ဂိုလ်များသည် ပြည်သူလူထု ဆန္ဒသဘောထားကို ကျော်လွှန်၍ မရနိုင်ချေ။ ထိုပုဂ္ဂိုလ်များ ရှိစဉ်အချိန်တွင် ဒီမိုကရေစီနိုင်ငံအဖြစ် အဆင်ပြေပြေ ကူးပြောင်းနိုင်ရန် ယနေ့ တပ်မတော်သားများသည် ပြည်သူလူထုနှင့် ပူးပေါင်းပါဝင်၍ အာဏာရှင်တစ်စုကို တိုက်ဖျက်ပေးရန် တာဝန်ရှိနေသည်ကို သဘောပေါက် နားလည်သင့်ပါသည်။ အာဏာရှင်ဆိုး ဗိုလ်သန်းရွှေ လွန်သွားလျှင် ကောင်းလာမည်ဟုတော့ ပြောမရပါ။ အာဏာရှင်အသစ်များ ပေါ်ပေါက်လာပေလိမ့်ဦးမည်။

ပြည်သူလူထုမှာလည်း ဆင်းရဲတွင်း နက်သထက် နက်ပြီး၊ အရုံရဲဆိုသော ဆိုက္ကားသမား၊ စွမ်းအားရှင် လူမိုက်များ၊ အလုပ်လက်မဲ့ ကလေကချေ အရုံမီးသတ်များမှအစ အာဏာရှင် အသိုင်းအဝိုင်းများကိုပါ ကြောက်ရွံ့ရမှု သံသရာတွင် နစ်မွန်းနေပါဦးမည်။ နောင်တက်လာမည့်သူဟု ခန့်မှန်းသော ဗိုလ်ရွှေမန်းသည် သူ၏ညီ "ဗိုက်ကြီး" ဆိုသည့် ရဲမှတ်တမ်းဝင်သည့် သူအား လုပ်ချင်ရာလုပ် ကာကွယ်ပေးထားသည်။ ထိုဗိုက်ကြီးသည် သူ့ဇာတိ၌ သစ်မှောင်ခိုကားများကို လူမိုက်ဂိုဏ်းဖွဲ့ကာ ငွေတောင်း ဖျံကျခဲ့သူဖြစ်ပြီး ယခုအခါ တိုက်များ၊ ကားများ၊ မယားငယ်များနှင့် ကြီးပွားနေရုံမျှမက နယ်မြေအာဏာပိုင် ဆိုသူများက စီရင်ဆုံးဖြတ်ရမည့် ကိစ္စများကိုပင် သူ့အား အစီရင်ခံ တင်ပြပြီးမှ ဆောင်ရွက်ရသည်အထိ ဖြစ်နေလေပြီ။

အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ပါမှ ဤ မသမာမှု၊ ခြစားမှု၊ ရမ်းကားမှုများ၊ ဥပဒေအထက် အနိုင်အထက် ကျင့်မှုများ ပပျောက်နိုင်ပေတော့မည်။ "ဒီမိုကရေစီ" ဆိုသည်မှာ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်တို့ကဲ့သို့သော စနစ်ဆိုသည့် (-ism)တစ်ရပ် မဟုတ်ပါ။ စနစ်(-ism) ဆိုသည်မှာ မူဝါဒ ရေးရာများ၊ သဘောတရားများ၊ ၎င်းမူဝါဒများအရ အကောင်အထည် ဖော်ရမည့် စီးပွားရေးစနစ်များ၊ အုပ်ချုပ်ရေးစနစ်များ ပါဝင်သည်။

အထူးသဖြင့် ကွန်မြူနစ်စနစ်သည် ဒီမိုကရေစီ (သို့) ပြည်သူလူထု အုပ်ချုပ်မှုပုံစံကို လက်ခံနိုင်သည့် စနစ်မဟုတ်။ ပါးစပ်က ပြည်သူ့အာဏာဆိုသော်လည်း အပြင်းစား အာဏာရှင်စနစ် ပုံစံတစ်မျိုးသာ ဖြစ်သည်။ တချိန်က ဗကပ (ခေါ်) ဗမာပြည် ကွန်မြူနစ်ပါတီ (နစ်ဖြူ) နှင့် ကွန်မြူနစ်ပါတီ (ဗမာပြည်) (နစ်နီ) တို့မှာ ဆိုဗီယက်၊ တရုတ်၊ အိန္ဒိယကွန်မြူနစ် သြဇာခံပြီး ပုံတူကူးချဖူးသည်။ လိုက်နာ အကောင်အထည် ဖော်ခဲ့ဖူးသည်။ ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်၊ အဖေက သားသတ်၊ သားက အဖေသတ် "ဘာသာရေးသည် ဘိန်း" ဟူသော မော်စီတုံးဝါဒကို လိုက်နာပြီး သင်္ကန်းများ ထမိန်ချုပ် ဝတ်ဖူးသည်။ ဗုဒ္ဓဆင်းတု ရုပ်ပွားတော်များ ရိုက်ချိုး ဖျက်ဆီးကာ လမ်းခင်းဖူးသည်။

ထို့ကြောင့် ပြည်သူလူထုသည် အနီရောင် မပြေ နှင့် ပန်းရောင်ပင် လက်မခံခဲ့ကြချေ။ ဆိုဗီယက် အာဏာရှင် "စတာလင်" က တရုတ်ကွန်မြူနစ် မော်စီတုန်းကို ချန်ကေရှိတ်များအား နန်စီမြစ် တဘက်ကမ်းထိသာ တိုက်ရန် ညွှန်ကြားသလို၊ မော်စီတုန်းကလည်း ဗကပများကို ညွှန်ကြားချက်များပေးသည်။ ၎င်းတို့ အကျိုးစီးပွားအတွက်သာ ဖြစ်ပြီး၊ ကွန်မြူနစ်စနစ် အတွက် မဟုတ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် စနစ်များသည် ပုံတူကူးချ၍ မရသလို ထာဝရ ကိုးကွယ်ယုံကြည်ရန် မလိုပေ။ ❑

# ဒီမိုကရေစီ အစိုးရပုံစံများ

**ဗိုလ်မှူးကျော်ကျော်ခိုင်**

ဒီမိုကရေစီ ဝါဒမှာမူ စနစ် (-ism) တစ်ရပ် မဟုတ်ချေ။ လုပ်ထုံးလုပ်နည်း တစ်ခု ဖြစ်သည်။ ကျင့်စဉ် တစ်ခု ဖြစ်သည်။ ပြည်သူလူထုအတွက် အကောင်းဆုံး ဖြစ်ရန် ဖန်တီးနေသည့် လူမှုရေးကျင့်စဉ်တစ်ခု ဖြစ်သည်။ အာဏာရှင်ကို အလိုမရှိ။ ပြည်သူလူထုသည်သာ ပဓာန။ ပြည်သူ့အကျိုးသာ အဓိကဖြစ်သည်။ ပြည်သူလူထုက စုပေါင်း၍ ကောင်းစွာ ပါဝင်ဆောင်ရွက်နိုင်ကြသည်။ ထို့ကြောင့် ဒီမိုကရေစီ ကျင့်စဉ်မှာ နှစ်ပေါင်း (၂၀၀၀) ကျော်သည့်တိုင် ရှင်သန်ကြီးထွားလာခြင်း ဖြစ်သည်။

ဒီမိုကရေစီသည် လူတို့ လိုအင်များနှင့်အညီ အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရန် အဆင့်ဆင့် ပြုပြင်ပြောင်းလဲ တိုးတက်မွမ်းမံရင်း ရှင်သန်လာခဲ့ရ၏။ လူတို့၏ တိုးတက်မှု၊ လိုအင်ဆန္ဒ များပြားမှုနှင့်အတူ ဒီမိုကရေစီသည် ပြီးပြည့်စုံနိုင်ခြင်း မရှိနိုင်သေးချေ။ "ဗမာပြည် လွတ်လပ်ရေးရတဲ့အခါ တိုင်းသူပြည်သားတွေသာလျှင် အဓိက လိုလားပြီး တိုင်းပြည် တည်ထောင်ချင်တယ်ဆိုရင် ဒီမိုကရေစီစနစ်အရမှ ဖြစ်နိုင်မယ်။ ဒီမိုကရေစီ အရင်းခံပဲ။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ ဆိုတာတွေဟာ စင်စစ်တော့ ဒီကနေ ဖြာထွက်သွားတာပဲ။ ဘယ်ဟာမှ ဒီမိုကရေစီ မစစ်သေးဘူး။ နိုင်ငံရေးတင်မက၊ စီးပွားရေးပါ ပါမှ ဒီမိုကရေစီ စစ်နိုင်မယ်လို့ ဒီမိုကရေစီ သဘောတရားတွေကို လိုက်ရှာပြီး လုပ်နေကြခြင်းသာ ဖြစ်တယ်" ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီ သဘောတရားများမှာ မှတ်သားစရာများနှင့်သာ ပြည့်နှက်နေပေသည်။

ဆက်လက်ပြီး ဒီမိုကရေစီရာဇဝင်အကျဉ်းကို အနည်းငယ် ဖော်ပြလိုပါသည်။ ဂရိမြို့ကြီးများ၌ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၅၀၀ (BC 400 to BC 500) ခန့်ကစပြီး "အေသင် ဒီမိုကရေစီ" (Athenion Democracy) ကို စတင်နိုင်ခဲ့ကြသည်။ ဂရိတို့သည် ယဉ်ကျေးမှု၊ အတွေးအခေါ်များ၌ အလွန်မြင့်မားနေပြီဖြစ်ပြီး ဒီမိုကရေစီသည် နိုင်ငံရေးစနစ်ကို ရည်ညွှန်းကြသည်။ လူ့အဖွဲ့အစည်းအတွင်း ပြည်သူလူထု၏ အကျိုးကို အစွမ်းကုန် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြသော်လည်း လူ့အခွင့်အရေး အဓိပ္ပာယ်ကို၊ ဖွဲ့စည်းစုဝေးခြင်းများကို ကောင်းစွာ မဖော်နိုင်သေးသလို ဖွဲ့စည်း စုဝေးခြင်းများကို အလွန် ထိန်းချုပ်ခဲ့၏။ မဲပေးနိုင်ခွင့် မရှိသောသူများပြား၏။

ထို့ကြောင့် လူထုတစ်ရပ်လုံးတွင် အာဏာ အမှန်မရှိကြသေးချေ။ လူတစ်ဦးချင်းစီအတွက် လွတ်လပ်ခွင့် (Civil liberties) ကို အစိုးရက ကာကွယ်ပေးနိုင်ခြင်း မရှိ။ "နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" တော့ ရှိပါသည်။ သို့အတွက် လစ်ဘရယ် မကျသော ဒီမိုကရေစီ (Liberal Democracy) မလွတ်လပ်သော ဒီမိုကရေစီဟု ခေါ်ပြီး မူရင်းဒီမိုကရေစီ ဖြစ်သည်။ တိုက်ရိုက်ဒီမိုကရေစီဟုလည်း ခေါ်ဝေါ်ကြပါသည်။ ထိုမှ တဖြည်းဖြည်း ခေတ်စနစ် အခြေအနေများအပေါ် လိုက်ပြီး တိုးတက် ပြုပြင်ပြောင်းလဲကာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများ ခေတ်စားလာခဲ့ခြင်း ဖြစ်၏။ အချို့ ဒီမိုကရေစီစနစ်ဟု ခေါ်ဝေါ် တင်စားလာခဲ့ကြသည်။ ယနေ့ ဒီမိုကရေစီနိုင်ငံကြီးများသည် နေ့ချင်းညချင်း

ဒီမိုကရေစီနည်းစနစ်များကို ကျင့်သုံးခဲ့ကြခြင်းမဟုတ်ဘဲ နှစ်ပေါင်းများစွာ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲရင်း၊ တိုးတက်ရင်းနှင့် စတင်ခဲ့ကြရ၏။

ဗြိတိန်နိုင်ငံဆိုလျှင် နှစ်ပေါင်း ရာစုနှစ်ကျော်ခဲ့ပြီးဖြစ်သည်။ ပြည်သူနှင့် အစိုးရ သဘောထားရင့်ကျက်ပြီး ဒီမိုကရေစီကို ကောင်းမွန်စွာ ကျင့်သုံးနိုင်ခြင်းကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိဘဲ Magna Charter ခေါ် ပြည်သူနှင့် အုပ်စိုးသူ ဘုရင်၊ မှူးမတ်များက သဘောတူစာချုပ် ချုပ်ဆိုကာ အုပ်ချုပ်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

ပါလီမန်စနစ်ဖြင့် အုပ်ချုပ်သဖြင့် ပါလီမန် ဒီမိုကရေစီဟု ခေါ်သည်။

## ဒီမိုကရေစီ အစိုးရ ပုံစံများ

ဆိုရှယ် ဒီမိုကရေစီ (Social Democracy)၊ လစ်ဘရယ် ဒီမိုကကရစီ (Liberal Democracy)၊ ပြည်သူ့ဒီမိုကရေစီ (People's Democracy) စသည်ဖြင့် မိမိနိုင်ငံအသီးသီးနှင့် ကိုက်ညီသော နိုင်ငံရေး အတွေးအခေါ်များနှင့် အထူးပြုထားသော ဒီမိုကရေစီများ၊ များပြားလှသော ပုံစံအမျိုးမျိုး ပါဝင်သည့် လူထုကြီးနှင့် ကိုက်ညီအောင် မွမ်းမံထားသော ကွန်ဆိုစီရေးရှင်း ဒီမိုကရေစီ စသည်ဖြင့် ရှိကြသော်လည်း အောက်ပါ အခြေခံမှု (၂) ရပ်ကတော့ ပါဝင်မြဲဖြစ်သည် –

**အခြေခံမှု (၂) ရပ်**။ ။ ပထမမှုမှာ ပြည်သူလူထုကြီး အတွင်းရှိ လူတိုင်းကိုယ်စီ၌ (နိုင်ငံ)အာဏာကို တူညီမျှတစွာ ဆက်စပ်ထားရမည် (သို့) ပါဝင်ကျင့်သုံးနိုင်ခွင့် ရှိရမည်။ ဒုတိယမှုမှာ ပြည်သူပြည်သားတိုင်း ကမ္ဘာက လက်ခံထားသော (သို့) ကမ္ဘာ့ကုလ သမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့် အရေးနှင့် လွတ်လပ်မှုကို ခံစားနိုင်စေရမည်။

ထိုသို့ အခြေခံမှု (၂) ရပ် ပြည့်စုံစေပြီး ကမ္ဘာက လက်ခံကျင့်သုံးနေသော ဒီမိုကရေစီ အစိုးရ ပုံစံမှာ (၈) မျိုးခန့် ခွဲခြားနိုင်သည် –

၁။ တိုက်ရိုက် ဒီမိုကရေစီ (Direct Democracy)

၂။ မဲဆန္ဒနယ်မြေအတွင်း နေထိုင်သူ မှန်သမျှ ပါဝင်/ဆုံးဖြတ်နိုင်အောင် အထူး ဦးစားပေးထားသည့် ဒီမိုကရေစီ (Participatory Democracy)

၃။ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သော မူဝါဒများ ချပြီး ကျင့်သုံးနိုင်ဖို့ တိုက်ရိုက် ဒီမိုကရေစီနှင့် ကိုယ်စားပြု ဒီမိုကရေစီ စနစ်နှစ်ခုမျှတစွာ ရောနှော ကျင့်သုံးသည့် ဒီမိုကရေစီ (Deliberative Democracy)

၄။ ဆိုရှယ် ဒီမိုကရေစီနှင့် တူ/မတူ အငြင်းပွားမှု ရှိနေသည့် ဆိုရှယ်လစ်ပုံစံပါ ဒီမိုကရေစီ (Democratic Socialism)

၅။ ကိုယ်စားပြု ဒီမိုကရေစီ (Representative Democracy)

(က) ဝန်ကြီးချုပ်ဦးဆောင် ပါလီမန် ဒီမိုကရေစီ (Parliamentary System)

(ခ) သမ္မတဦးဆောင်သော စနစ် (Presidential System)

(ဂ) သမ္မတနှင့် ဝန်ကြီးချုပ်တို့ အာဏာခွဲဝေ ကျင့်သုံးသော ဒီမိုကရေစီ (Semi-Presidential System)

(ဃ) ဗြိတိန်ကဲ့သို့ ဝန်ကြီးချုပ် ဦးဆောင် ပါလီမန် ဒီမိုကရေစီ (Westminster System)

(င) ကနေဒါ ကဲ့သို့ ဘက်မလိုက် ပါလီမန် ဒီမိုကရေစီ (Consensus Government)

၆။ လူထုက ရွေးချယ် တင်မြှောက်သော နိုင်ငံတော်အကြီးအကဲ(Head of State) ရှိ၊ ဆုံးဖြတ်ချက်များကို တရားစီရင်ရေးမှ အမြင့်ဆုံး ဖြစ်သော ပြည်သူ့ပါလီမန်စနစ် (Republican- ism Democracy)

၇။ လူထုက လူထုကိုယ်စားလှယ်များကို မဲပေးရွေးချယ် တင်မြှောက်ခွင့် ရှိသော်လည်း၊ နိုင်ငံ ရေးရာများ၌ ပါဝင်ဆုံးဖြတ်ခွင့် မပြုသော ဒီမိုကရေစီ (Totalitarian Democracy)

၈။ အခွန်ကောက်ခြင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ တရားစီရင်ရေး အာဏာမျှနှင့် ပြည်သူလူထုအပေါ် စော်ကားမှု မပြုနိုင်စေခြင်းမျှသာ အာဏာ ကန့်သတ်ပေးထားသော ပုံစံ (Monarchism) တို့

ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အခြေခံမူနှစ်ရပ်နှင့် ပြည့်စုံစေပြီး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာသုံးရပ်ကိုမူ မျှတအောင် ထိန်းသိမ်းဆောင်ရွက်မှု (Check and Balance;;;)ကိုတော့ တိတိကျကျ ပြဋ္ဌာန်း ဆောင်ရွက်ကြရသည်။ အစိုးရသည် ပြည်သူလူထုကို တာဝန်ခံပေးရသည်။

အမှတ်စဉ် (၁) မှလွဲ၍ ကိုယ်စားပြု ဒီမိုကရေစီပုံစံ ဖြစ်၏။ ရွေးကောက်ပွဲများ အရေးကြီးပြီး အပြိုင်အဆိုင်ဖြစ်ခြင်း၊ တရားမျှတ မှန်ကန်ခြင်း၊ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ခြင်းနှင့် လွတ်လပ်စွာ ရေးသား၊ ပြောဆို၊ စည်းရုံး၊ ဖော်ထုတ်ခွင့်များသည် ဤ ကိုယ်စားပြု ဒီမိုကရေစီအတွက် အလွန်လိုအပ်သည်။ ပြည်သူလူထုက နိုင်ငံရေးအသိ မြင့်မားပြီး ကောင်းစွာ ဆင်ခြင်သုံးသပ် မဲဆန္ဒပေးနိုင်ရန် ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးရာ၌ အေးချမ်းတည်ငြိမ်စွာဖြင့် ညီတူညီမျှ ပေါင်းဖက်နေထိုင်ခြင်း၊ ဥပဒေရှေ့မှောက် အခွင့်အရေး ညီမျှခြင်း၊ နစ်နာဆုံးရှုံးမှုများကို တင်ပြတောင်းဆိုပိုင်ခွင့် ရှိခြင်းနှင့် တရားဥပဒေအရ ခံစားပိုင်ခွင့်/ရပိုင်ခွင့်များကို အစိုးရက လေးစားလိုက်နာ ကျင့်သုံးခြင်း၊ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်များ၊ လူ့အခွင့်အရေးများ၊ ပုဂ္ဂလိက လူမှုရေးအဖွဲ့အစည်း ကဏ္ဍများနှင့် ဖွဲ့စည်းခွင့်များ လုပ်ထုံးလုပ်နည်းများ၊ အုပ်ချုပ်ရေး၊ ကျင့်ဝတ်များ စသည်တို့ဖြင့် တည်ဆောက်ထားကြသည်။ အထူးသဖြင့် တရားဥပဒေစိုးမိုးမှုမှာ အစိုးရနှင့် ပြည်သူလူထု အပေါ် သက်ရောက်ရ၏။

ပြဋ္ဌာန်းထားသည့် ဥပဒေများကို အစိုးရရော၊ ပြည်သူလူထုကပါ လေးလေးစားစား လိုက်နာကျင့်သုံးကြရ၏။ ဤသို့ဆိုလျှင် ဒီမိုကရေစီသည် လူတိုင်း၊ တပ်မတော်သားတိုင်းအတွက် အလွန်ပင် လိုအပ်လှပေကြောင်း ရှင်းရှင်းလင်းလင်း သိနိုင်လောက်ပေသည်။ ❑

# လောကပါလတရားနဲ့ဒီမိုကရေစီ

ဗိုလ်မှူးကျော်ကျော်ခိုင်

ဤနေရာတွင် ဗဟုသုတအနေနှင့် ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ဒီမိုကရေစီသဘောတရား (၇) ချက်ကို ရှေးဦးစွာ တင်ပြလိုက်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် လူတစ်စုပိုင် ပစ္စည်း မဟုတ်၊ နိုင်ငံသူ နိုင်ငံသားအားလုံး ပိုင်ဆိုင်သည်။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသား အများစုက ကြည်ကြည်ဖြူဖြူ ရွေးကောက်တင်မြှောက်ခံရသည့် ပုဂ္ဂိုလ် (သို့) အဖွဲ့ကသာလျှင် နိုင်ငံကို အုပ်ချုပ်နိုင်သည်။ အုပ်ချုပ်သည့်အခါ ထင်သလို အရမ်းအုပ်ချုပ်လို့ မရဘဲ ပြည်သူလူထုက ကြည်ကြည်ဖြူဖြူ ရွေးချယ် ပေးထားသည့် အမတ်များက ရေးဆွဲအတည်ပြုထားသော ဥပဒေအရသာ အုပ်ချုပ်ရမည်။ အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့် ရှိရမည်။ ပြည်သူလူထုအများစု၏ ထောက်ခံမှု မရသော အစိုးရအဖွဲ့သည် အလိုအလျောက် ရာထူးမှ နုတ်ထွက်ပေးရမည်။

ပြည်သူလူထုသည် ဂုဏ်သိက္ခာရှိသည့် လူများလို နေထိုင်နိုင်အောင် လွတ်လပ်စွာ ဟောပြောခွင့်၊ ကိုးကွယ်ခွင့်၊ စီးပွားရှာခွင့်၊ ဖိနှိပ်ချုပ်ချယ်မှုများကို ဥပဒေအရ တိုက်ဖျက်ပိုင်ခွင့်၊ ခုခံပိုင်ခွင့် အစရှိသော ပြည်သူလူထု၏ မွေးရာပါ အခွင့်အရေးများကို ခိုင်ခိုင်လုံလုံ အာမခံထားသော ဥပဒေ ရှိရမည်။ ဤ အဓိကအချက်များကို လက်ခံနိုင်သော သဘောတရားသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်း ဟူသော လောကပါလ တရားများကို အခြေခံထားခြင်းဖြစ်ပြီး ဤသဘောတရားမှာ ဒီမိုကရေစီဖြစ်သည်။ ဒီမိုကရေစီမရှိသော နိုင်ငံမှာ လူဖြစ်ရခြင်းသည် ငွေးသင်းခံထားရသော နွားနှင့် အတူတူဖြစ်သဖြင့် ဒီမိုကရေစီကို ဖျက်ဆီးသူမှန်သမျှအား မုချ ခံချရမည် ဟူ၍ ဖြစ်သည်။ ၎င်းအပြင် ဒီမိုကရေစီ နိုင်ငံများကို အကဲဖြတ်နိုင်အောင် တိုင်းတာသော နည်းကိုလည်း ပြသထားခဲ့ပါသည်။ အစိုးရက ပြည်သူလူထုကို ဘယ်လို အုပ်ချုပ်သလဲ။ တိုင်းသူပြည်သားများ လူ၏ မူလအခွင့် အရေး ဘယ်လောက်ရှိလဲ။ ထိုအခွင့်အရေးများ ထိပါး လာပါက ပြည်သူလူထုက ဘာလုပ်နိုင်သလဲ။ စားဝတ် နေရေး ဘယ်လောက် မြင့်လဲ၊ နိမ့်လဲ။ ပြည်သူလူထု၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု ဘယ်လိုရှိလဲတို့ ဖြစ်သည်။

*"တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေး သဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရ ဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီ အစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်း စီးပွားရေး အဆင့်အတန်းကို အခွင့်အရေး တန်းတူရနိုင်တဲ့ အခြေအနေထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်"*

***ဗိုလ်ချုပ်အောင်ဆန်း***

ဗိုလ်ချုပ်၏မိန့်ခွန်းကို ဖတ်ရှုလေ့လာကြည့်ပါ။

ယနေ့ မြန်မာနိုင်ငံတွင် စီးပွားရေး အဆင့်အတန်းကို တန်းတူမရနိုင်။ ထိပ်ပိုင်း စစ်အာဏာရှင်များ

ကသာ ချုပ်ကိုင်ပြီး နိုင့်ထက်စီးနင်း တရားလွတ် ပြုမူကာ ကိုယ်ကျိုးမှလွဲရင် ပြည်သူလူထုမျက်နှာကို လုံးဝ မကြည့်သောကြောင့် တပ်မတော်တွင်းမှာပင် အောက်ခြေ၌ ဆင်းရဲတွင်းနက်လှပေသည်။ ဒီမိုကရေစီသည် ပြည်သူလူထု၏ အာဏာ သက်ဝင်လှုပ်ရှားအောင် ကျင့်သုံးသောနည်းလမ်း ဖြစ်၏။ နိုင်ငံတော်အဆင့် အုပ်ချုပ်ခွင့်ရှိသူများ (သို့) အစိုးရ၊ ပြည်နယ်အစိုးရ စသည့် အုပ်ချုပ်ရေးအာဏာ ကျင့်သုံးနိုင်သူများသည် ပြည်သူလူထုမှ တာဝန်ပေးအပ်ခံထားရသော ဝန်ထမ်းများသာ ဖြစ်ကြသည်။ ဒီမိုကရေစီ ကျင့်စဉ်အရ နိုင်ငံတော်အား အမှန်တကယ် ဦးဆောင်သူများမှာ ပြည်သူလူထုသာ ဖြစ်ရ၏။ ပြည်သူလူထု၏ ဆန္ဒအရသာ ထို ပြည်သူ့ဝန်ထမ်း အဆင့်ဆင့်က အကောင်အထည်ဖော်ပေးရခြင်း ဖြစ်၏။ ထို့ကြောင့် အာဏာပိုင်အစစ်အမှန်မှာ ပြည်သူလူထုသာ ဖြစ်ပေသည်။

*"အစိုးရဆိုတာ ပြည်သူလူထုဆန္ဒနဲ့ ကိုက်ညီမယ့် တိုင်းပြည်အကျိုးကို ဆောင်ရွက်ဖို့ အချိန်ကန့်သတ် စေခိုင်းထားတဲ့ သစ္စာအရှိဆုံး ပြည်သူ့ ဝန်ထမ်းပဲ"* ဒေါ်အောင်ဆန်းစုကြည်၏ ထိုမိန့်ကြားချက်သည် အလွန် မှန်ကန်လှပေသည်။ သို့မှသာ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်ပေတော့မည်။ နိုင်ငံတော် ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်ပါဝင်ရေးဆိုသည်မှာ ဒီမိုကရေစီသဘောအရ အဓိပ္ပာယ် လုံးဝမရှိချေ။ ဦးဆောင်မှုအခန်းကဏ္ဍမှာ ပြည်သူလူထု၏ ကဏ္ဍဖြစ်သည်။ နိုင်ငံတော်အဆင့် အစိုးရတာဝန် ထမ်းဆောင်မည့်သူများ၊ အဆင့်မြင့်ဆုံး ဝန်ထမ်းပင် ဦးဆောင်မှုကဏ္ဍ မဟုတ်ချေ။

ပြည်သူလူထု တရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ပြည်သူလူထု အကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် အာဏာသုံးရပ်ကို စနစ်တကျ စီမံခန့်ခွဲ သုံးပိုင်ခွင့်ပြုထားသည့် အဆင့်မြင့်ဆုံး ပြည်သူ့ဝန်ထမ်းကဏ္ဍ ဆိုလျှင်တော့ အသုံးအနှုန်းသင့်လျော်ပေလိမ့်မည်။ ဒီမိုကရေစီကျင့်စဉ်အရ အာဏာဟူသမျှ ပြည်သူလူထုထံမှ ဆင်းသက်ရအောင် ပြုလုပ်ရလေသည်။

ပြည်သူ့ဆန္ဒ သဘောထားသာလျှင် ပဓာနကျသည်။ ဒီမိုကရေစီတိုင်းပြည်များ၌ ဆန္ဒပြခြင်းဆိုသည်မှာ ထို အုပ်ချုပ်ရေးဝန်ထမ်းများ (သို့) အစိုးရက အခြေခံဥပဒေကို ချိုးဖောက်သည် (သို့) လုပ်ပိုင်ခွင့်ကို ကျော်လွန်လုပ်သည် (သို့) ပြည်သူ့ဆန္ဒကို လစ်လျူရှုသည်ဟု ထင်မြင်ယူဆလျှင် ပြည်သူလူထု၏ မူလ အခွင့်အရေးအရ ဥပဒေဘောင်အတွင်းမှ ဆန္ဒသဘောထား ထုတ်ပြန်ကြခြင်းသာ ဖြစ်သည်။ "ဥပဒေဘောင် ကျော်လွန် ဆန္ဒပြအဓိကရုဏ်းဖြစ်စေမှသာ ဥပဒေနှင့်အညီ အဓိကရုဏ်းနှိမ်နင်းခွင့်ရှိ၏" ထိုအဓိကရုန်း နှိမ်နင်းရေးဥပဒေမှာလည်း ပြည်သူလူထုက အခြေခံဥပဒေ၌ ပေးအပ်ထားခြင်းအရသာ ဖြစ်သည်။ ဒီမိုကရေစီ ရင့်ကျက်သော နိုင်ငံကြီးများ၏ ပါလီမန်လွှတ်တော်များ၌ အမတ်များ ရန်ဖြစ်လေ့မရှိသော်လည်း အချို့ပါလီမန်များ၌ အမတ်များ ရန်ဖြစ်လေ့ရှိကြသဖြင့် စစ်အာဏာရှင်များက ပါလီမန်စနစ်ဆိုးကွက်များအဖြစ် ထောက်ပြချင်ကြ၏။

လွတ်လပ်စွာ ဝေဖန်ခွင့်၊ လွတ်လပ်စွာ ဆန္ဒပြုခွင့်များမှာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းဖြစ်၏။ အမတ်များ ရန်ဖြစ်ခြင်းမှာ လူမျိုးစရိုက်နှင့်လည်းကောင်း၊ ပါလီမန်တွင်း ဥပဒေနှင့်လည်းကောင်း၊ ဒီမိုကရေစီ ဆိုပြီး တလွဲဆံပင်ကောင်းမှုများသာ သက်ဆိုင်၏။ လူကြီးလူကောင်းဆန်ခြင်း၊ ရင့်ကျက်ခြင်းများ ရှိဖို့လိုပြီး ကိုယ်ထိလက်ရောက် ပြုမူခြင်းများကိုမူ တားမြစ်ဖို့လို၏။ အထူးသဖြင့် မိမိတို့ မြန်မာလူမျိုးစိတ်ဓာတ်ကြောင့် ပို၍ လိုသည်။ ဤ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ပြသ ဝေဖန်ကြခြင်းသည် ယနေ့ နအဖ စစ်အာဏာရှင်များအား ပြည်သူလူထုက မကောင်းဆိုးဝါးနှင်သလို နှင်ထုတ်ပုံ၊ ဆန္ဒပြပုံနှင့်တော့ လုံးဝ ကွဲပြားသည်။ ❑

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြည်သူလူထု

ဗိုလ်မှူးကျော်ကျော်ခိုင်

ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းအရ လွတ်လပ်စွာ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်၊ ပြောဆို ဝေဖန်ဆွေးနွေးခွင့်၊ ရေးသားထုတ်ဝေခွင့်၊ ဖွဲ့စည်းတည်ထောင်ခွင့်၊ သတင်းစာ မီဒီယာများ လွတ်လပ်ခွင့် စသည်တို့ကိုလည်း အထက်ပါ နည်းမှီ၍ သိသင့်သည်။ ထို လွတ်လပ်စွာ ဆိုသည့် စကားမှာ ဒီမိုကရေစီ၌ စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့ခြင်းမျိုးကိုလည်း မဆိုလို။ အခြေခံဥပဒေအရ ဥပဒေဘောင်အတွင်းမှ ပြည်သူလူထု၏ လုပ်ပိုင်ခွင့်အရသာ ဖြစ်၏။ ထိုသို့ ဆိုလျှင် ပြည်သူ့အာဏာ ဘယ်လိုသက်ရောက်စေမည်နည်း။ လူတို့သည် တစ်ဦးတစ်ယောက်တည်း၊ တစ်မိသားစုတည်း နေ၍မရပါ။ ထို့ကြောင့် ရပ်ကွက်ကျေးရွာ မြို့ပြနိုင်ငံများ တည်ဆောက်ပြီး စုစည်း နေထိုင်ကြရ သည်။

ညီညွတ်ခြင်းသည်အင်အား၊ စည်းလုံးခြင်းသည်အင်အား ဆိုသကဲ့သို့ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြရသည်။ ထို့ကြောင့် အများဆန္ဒ သဘောထားများ၊ အများ၏ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ ဆန္ဒ သဘောထား၊ ဓလေ့ထုံးစံ ယဉ်ကျေးမှုများကိုလည်း အသိအမှတ်ပြုရသည်။ ကြီးမားကျယ်ဝန်းသော နယ်မြေဒေသကို စောင့်ရှောက်၍ လုံခြုံမှုပေးရန်၊ တိုးတက်၍ သာယာဝပြောသော နိုင်ငံတစ်ခုဖြစ်ရန်၊ လူအများ စားဝတ်နေရေး ဖူလုံမှုကို ဖြေရှင်းနိုင်ရန်၊ ဥပဒေ စိုးမိုးမှုပေးရန် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် ဤတာဝန်များကို လူထုကိုယ်စား ထမ်းဆောင်ပေးမည့်သူများ (သို့) ဝန်ထမ်းများ (သို့) အစိုးရကို ရွေးချယ်ခန့်အပ် တာဝန်ပေးကြရသည်။

ထိုအခါ မိမိတို့၏ ကိုယ်ပိုင်အာဏာနှင့် အခွင့်အရေးအချို့ကို ထိုအစိုးရသို့ ပေးအပ်လိုက်ရသည်။ ထို့ကြောင့် လက်တန်း ထိုးပေး၍မရ။ ထိုသူများသည် အာဏာရှင်၊ သက်ဦးဆံပိုင်များ ဖြစ်သွားနိုင်သည်။ စည်းမဲ့ကမ်းမဲ့ လုပ်နိုင်သည်။ ထို့ကြောင့် ဥပဒေကန့်သတ်၊ သတ်မှတ်ချက်များဖြင့် ပြဋ္ဌာန်းအတည်ပြုပေးလိုက်သည်။ ဤသည်မှာ "ဖွဲ့စည်းပုံ အခြေခံဥပဒေ" ဖြစ်သည်။ ဤအချက်ကို ကြည့်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်သူလူထုအားလုံးနှင့် သက်ဆိုင်ပြီး၊ ပြည်သူလူထု (သို့) ပြည်သူလူထုက ပေးအပ်သော ကိုယ်စားလှယ်က တာဝန်ယူ ရေးဆွဲကြရမည်။

ပြည်သူလူထုက ကျေကျေနပ်နပ် လက်ခံအတည်ပြုပေးရမည်မှာ သေချာလှသည်။ ပြည်သူ့ဆန္ဒ ပါဝင်ကြရမည်။ ယခု နအဖက ကိုယ့်ဘာသာ ကိုယ်ရေး၊ ကိုယ့်အခြေခံဥပဒေ ကိုယ်လုပ်၊ ကိုယ့်ဘာသာကိုယ် အတင်းအဓမ္မ အတည်ပြုခြင်းမှာ ဒီမိုကရေစီ လုပ်နည်းလုပ်ဟန်မဟုတ်ကြောင်း တပ်မတော်သားတို့ သဘောပေါက်နိုင်ပြီ ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အသည်းနှလုံးပမာ ပဓာနကျလှကြောင်း တွေ့ရပေမည်။

ပြည်သူလူထုသည် ဥပဒေ သဘောတရားများ နားလည်ခြင်း၊ ပညာရည် မြင့်မားခြင်း၊ နိုင်ငံရေးအသိပညာ ဗဟုသုတ များပြားခြင်း၊ စိတ်ထား ရင့်ကျက်၍ သဘောထား မှန်ကန်ခြင်း၊ ပူးပေါင်းလုပ်ကိုင် နေထိုင်ပေါင်းသင်းတတ်ခြင်း စသည်ဖြင့် ပြည့်ဝနေဖို့ လိုပေသည်။

ထို့ကြောင့် ပြီးခဲ့သော ဆောင်းပါးများ၌ အနှစ် (၂၀) ခန့် ဒီမိုကရေစီ သဘောတရားများ ပြည်သူလူထုသို့ နအဖမှ ပညာပေးမှု မပြုခဲ့ခြင်းကိစ္စနှင့် နောင်မျိုးဆက်များတွင် မူလတန်းမှစ၍ လေ့ကျင့်ပညာပေးသင်ကြားမွေးမြူကြဖို့ အကြောင်းကို ရေးသားတိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေဆိုပါက မြန်မာလူထုသည် လူဆိုးလူမိုက်များအတွက်ဟုသာ အလိုလို သွားမြင်ကြသည်။ ကြောက်ရွံ့ကြသည်။

ဟစ်တလာ၊ မော်စီတုံး၊ စတာလင်၊ ခမာနီ ပို့ပေါ့အစိုးရ၊ နအဖ စစ်အာဏာရှင် စသည်ဖြင့် နိုင်ငံသာ ကွဲပြားမည်။ ပြည်သူလူထု စိတ်ဆင်းရဲမှုမှာတော့ အတူတူပင် ဖြစ်သည်။ အာဏာရှင်တိုင်းက အာဏာတည်မြဲရေးနှင့် သူတို့အကျိုးစီးပွားအတွက် ဥပဒေဆိုသည်ကို လွဲမှားစွာ အသုံးပြုခဲ့ကြသောကြောင့် ဖြစ်သည်။ ပြည်သူလူထုက ဥပဒေဗဟုသုတ၊ အသိပညာမရှိသောကြောင့်လည်း ဖြစ်သည်။ နအဖ ဥပဒေဆိုပြီး လိုသလို အနိုင်ကျင့်၊ အမိန့်များ ထုတ်နေခြင်းကို လက်တွေ့ မြင်နိုင်သည်။ အမှန်တော့ "အခြေခံဥပဒေဆိုသည်မှာ ပြည်သူလူထု၏ ရပိုင်ခွင့်၊ ခံစားပိုင်ခွင့် စသည့် အခွင့်အရေးအမျိုးမျိုး ပါဝင်ရပြီး၊ အုပ်ချုပ်ရေး ဝန်ထမ်းများအတွက် လုပ်ပိုင်ခွင့်ကို ကန့်သတ် ပြဋ္ဌာန်းပေးထားခြင်း" ဖြစ်သည်။

တနည်းအားဖြင့် အုပ်ချုပ်မည့်သူနှင့် အုပ်ချုပ်ခံသူများအကြား "မူ" တစ်ခု ညှိနှိုင်းသတ်မှတ်သဘောတူကြရခြင်းသာ ဖြစ်သည်။ ဤနေရာတွင် "အာဏာပိုင်" ဟု မသုံးလိုပါ။ အာဏာပိုင်အစစ်မှာ ပြည်သူလူထုသာ ဖြစ်သည်။ နာမည်ပညတ်အပေါ် သာယာယစ်မူး မာန်တက်တတ်သော စရိုက်ရှိသူများ အတွက် နောင်တွင် စကားလုံး ရွေးချယ်သုံးသင့်သည်။ ဥပမာ– ဆိပ်ကမ်းအာဏာပိုင် ဆိုသော စကားလုံးမျိုး၊ မင်းကြီး၊ ရဲမင်းကြီး စသော မိုးမမြင် လေမမြင် မာန်ဝင့်စေမည့် စကားလုံးများ မသုံးသင့်ပေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုသည်မှာ နိုင်ငံတော် ဖွဲ့စည်းမှုနှင့် အခြေခံရမည့် ဥပဒေများကို သတ်မှတ် အတည်ပြု ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

အခြေခံဥပဒေကို လေ့လာလျှင် နိုင်ငံတော်လိုအပ်ချက်အရ ပါလီမန် (Parliament) ခေါ် လွှတ်တော် ဖွဲ့စည်းမှု၊ နိုင်ငံတော်အစိုးရ အမျိုးအစား၊ နိုင်ငံတော် ဖွဲ့စည်းပုံ၊ ပြည်သူလူထုအတွက် လူ့အခွင့်အရေးနှင့် အခြေခံ အခွင့်အရေးများကို အဓိက အခြေခံရေးဆွဲကြပါသည်။ ပါလီမန် (သို့) လွှတ်တော်ကို အမေရိကန်၌ ကွန်ကရက် (Congress)၊ ဂျပန်၌ ဒိုင်းယက် (Diet) ဟု ခေါ်သည်။ လွှတ်တော်၌လည်း တခုတည်းထားသော တစ်ရပ် လွှတ်တော် (Uni-Cameral Parliament) နှင့် လွှတ်တော်နှစ်ခုထားသော နှစ်ရပ်လွှတ်တော် (Bi-cameral parliament) ဟူ၍ ကိုယ့်နိုင်ငံနှင့်ကိုယ် ညီအောင် ထားကြသည်။ လွှတ်တော်မှာ နိုင်ငံတော် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်သည်။

နိုင်ငံတော်တစ်ရပ်၌ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး အာဏာသုံးရပ် ရှိသည့်အတွက် ဖြစ်သည်။ အထက်လွှတ်တော်တွင် ပြည်နယ်အစိုးရ (သို့) ပြည်နယ်ပါလီမန်များက အရေအတွက်တူ ရွေးချယ် စေလွှတ်သော ကိုယ်စားလှယ်များ ပါဝင်သည်။ အောက်လွှတ်တော်၌ ဒေသအသီးသီးမှ လူဦးရေနှင့် မဲဆန္ဒနယ်အသီးသီးမှ လူဦးရေပေါ် မူတည်ပြီး မဲဆန္ဒနယ်အသီးသီးမှ ပြည်သူလူထုက စိတ်ကြိုက်ရွေးချယ်ပေးသော ကိုယ်စားလှယ်များ ပါဝင်သည်။ ထိုကိုယ်စားလှယ်များအား ရွေးချယ်မဲပေးသော ရွေးကောက်ပွဲကို အထွေထွေရွေးကောက်ပွဲ ဟူ၍ ခေါ်ဆိုလေသည်။ ❑

# ဆင်ပြူမျက်နှာ ဆင်မမကြည့်ဝံ့

**ဗိုလ်မှူးကျော်ကျော်နိုင်**

နိုင်ငံတော်အစိုးရ ဖွဲ့စည်းရာတွင် သမ္မတဦးဆောင်သော အစိုးရ(သမ္မတဦးဆောင် ဒီမိုကရေစီ) နှင့် ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရ (ဝန်ကြီးချုပ်ဦးဆောင် ဒီမိုကရေစီ) ဟူ၍ ကမ္ဘာ၌ နှစ်မျိုး ကျင့်သုံးလျက်ရှိသည်။ စနစ်အလိုက် အားသာချက်၊ အားနည်းချက် အမျိုးမျိုး ရှိကြဆဲ ဖြစ်ပြီး၊ အချို့နိုင်ငံများက ကိုယ့်နိုင်ငံနှင့် လျော်ညီအောင် ပုံစံပြောင်းလဲ တီထွင်ပေါင်းစပ် ကျင့်သုံးမှုများ လုပ်ကြသည်။ အများအားဖြင့် သမ္မတစနစ်၌ သမ္မတကို ပြည်သူလူထုက တိုက်ရိုက် ရွေးချယ် တင်မြှောက်ပြီး၊ အမေရိကန်၌ သမ္မတ ရွေးချယ်ရေးအဖွဲ့ ကြားခံထားကာ၊ အာဏာသုံးရပ် သီးခြားစီပြုပြီး အုပ်ချုပ်ရေးအာဏာကိုသာ သမ္မတကို ပေးအပ်ထားလေသည်။ အာဏာရှင်မဖြစ်စေရေးအတွက် ထိန်းညှိမှု (Check and Balance) စနစ် လုပ်ထားခြင်း ဖြစ်၏။ ဝန်ကြီးချုပ်စနစ်၌ ပါလီမန်(လွှတ်တော်)က ဝန်ကြီးချုပ်ကို ရွေးချယ်ပြီး ဝန်ကြီးချုပ်က ပါလီမန်ထဲက အစိုးရအဖွဲ့တွင် ပါမည့် ဝန်ကြီးများကို ရွေးသည်။ ပါလီမန်သည် အစိုးရအဖွဲ့ကို ရွေးချယ်နိုင်ပြီး အယုံအကြည်မရှိအဆို တင်သွင်း ဖြုတ်ချနိုင်သည်။

ထို့ကြောင့် ပြည်သူလူထုသည် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် မှန်ကန်စွာ ရွေးချယ်နိုင်ဖို့ အရေးကြီးသည်။ မှန်ကန်စွာ ရွေးချယ်နိုင်ရန်မှာ ပြည်သူလူထုဘက်ကလည်း နိုင်ငံရေးအသိအမြင် ကျယ်ပြန့်၍ ဗဟုသုတ များပြားမှု၊ နိုင်ငံရေး အသိစိတ်ဓာတ် နိုးကြားမှုများ ရှိနေကြရမည်ဖြစ်သည်။

စစ်အာဏာရှင်များက နိုင်ငံရေးအမြင်များကို ပိတ်ပင်ထားခြင်း၊ မီဒီယာ၊ စာပေ နယ်များ၌ ချုပ်ချယ်ထားခြင်းများ၊ နိုင်ငံရေး လှုပ်ရှားတက်ကြွသူများကို ကြောက်လန့်၍ မတရား ပြစ်ဒဏ်များ ချမှတ်နေခြင်းတို့မှာ မိမိနိုင်ငံကို ကမ္ဘာ့အလယ်၌ ဝင်မဆန့်စေဘဲ ချောက်ထဲတွန်းချနေခြင်းသာ ဖြစ်ပေတော့သည်။ လွှတ်တော် ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေး အာဏာများကို ပြည်သူလူထုကိုယ်စား ကျင့်သုံး၍ ဥပဒေပြုခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ရာ နိုင်ငံအတွက်၊ ပြည်သူလူထုအတွက် ကိုယ်စားလှယ် ရွေးချယ်ခြင်းသည် အလွန်အရေးကြီးသည် မဟုတ်ပါလော။ အခြေခံဥပဒေ ရေးဆွဲရာတွင် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ လက်နက် အားကိုး အကြောက်တရားဖြင့် ရေးဆွဲမှုများသည် တရားမဝင်ချေ။ ပြည်သူလူထု၏ လိုလားချက်ဆန္ဒများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ အပြည့်အဝ ပါဝင်ရမည်သာ ဖြစ်သည်။

သို့မှသာ ပြည်သူလူထုမှ အာဏာ အမှန်တကယ် ဆင်းသက်လာမည် ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရသာ ပြည်သူလူထုက ရွေးချယ်ပေးလိုက်သော အုပ်ချုပ်ရေးအာဏာ ကျင့်သုံးနိုင်သူများ (အစိုးရ)က လိုက်နာ ကျင့်သုံးပေးရပေမည်။ အစိုးရဟူသည် အာဏာပိုင်မဟုတ်ချေ။ အာဏာပိုင်သည် ပြည်သူလူထုသာ ဖြစ်ရမည်။ ဤသည်မှာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်း ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရေးဆွဲပြီးပါက လည်း ပြည်သူလူထုတစ်ရပ်လုံး သိရှိစေရန် ရှင်းလင်းတင်ပြခြင်း၊ ကြေညာခြင်း၊ မီဒီယာများမှ ထုတ်လွှင့်တင်ပြခြင်း၊ ဘာသာစကား အသီးသီးဖြင့် ရေးသားပြန်ဆို ဖြန့်ချိခြင်း စသည်တို့ကို မပျက်မကွက် ပြုလုပ်ပေးကြမှ ဒီမိုကရေစီ လုပ်နည်းလုပ်ဟန် မှန်ကန်ပေမည်။ သို့မှသာ ပြည်သူလူထုက အကြံပြုတင်ပြ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ဖြည့်စွက်ခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်နိုင်ကြပေမည်။

ဤမျှဆိုလျှင် နအဖစစ်အာဏာရှင်များ ဘာကြောင့် ဒီမိုကရေစီကို ကြောက်ရွံ့ မျက်မုန်းကျိုးနေရသလဲ၊ ပြည်သူလူထုအတွက် ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းမှာ ဘယ်လောက် အရေးကြီးသလဲ၊ ပြည်သူလူထုအတွက် နိုင်ငံရေးအသိဉာဏ် မြင့်မားရင့်ကျက်မှု အဘယ်မျှ အရေးပါသလဲ၊ လွတ်လပ်စွာ ရေးသား ပြောဆို ဖော်ထုတ်ခွင့်၊ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်၊ ရေးသားထုတ်ဝေခွင့် စသည့် အခွင့်အရေးများ၊ ပြည်သူလူထု၌ ရှိသင့်၊ မရှိသင့် ဆိုတာကို တပ်မတော်သားတို့အနေနှင့် အကြောင်းအကျိုး ဆက်စပ် မြင်နိုင်ကြပေပြီ။ တပ်မတော်သားတို့အနေဖြင့် အမှန်တကယ် တိုင်းချစ်ပြည်ချစ်စိတ်ဓါတ်ရှိပါလျှင် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သင့်ပါပြီ။ မြန်မာ့ဒီမိုကရေစီအရေးကို အားပေးကူညီသင့်ပေပြီ။

ယနေ့ စစ်အာဏာရှင်တို့၏ ဒီမိုကရေစီကို လှည့်ဖျားနေမှုအား နားလည်ကြရပေမည်။ နိုင်ငံတော်ဖွဲ့စည်းမှု ပုံစံ **(State Formation)** မှာ နိုင်ငံတော် စတင်ပုံစံချရန် အခြေခံအုတ်မြစ်အဆင့် ဖြစ်၏။ ပုံစံ နှစ်မျိုးသာရှိသည်။ တပြည်ထောင်စနစ် **(Unitary)** နှင့် ပြည်ထောင်စုစနစ် **(Federal)** ဆိုပြီး ဖွဲ့စည်းကြသည်။ တပြည်ထောင်စနစ်ကို အဓိကအားဖြင့် လူမျိုးတစ်မျိုးတည်းသာ ရှိသည့် နိုင်ငံများက သုံးစွဲ၏။ ဗဟိုအစိုးရ၌သာ အချုပ်အခြာအာဏာ အပြည့်အဝ ရှိသည်။ အဆင့်ဆင့်သော ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များက လိုက်လံအကောင်အထည်ဖော် ဆောင်ရွက်ကြရပြီး အာဏာသုံးစွဲမှု လွန်ကဲပါက အာဏာရှင်များ ပေါ်ပေါက်လာနိုင်သည်။

သို့သော် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ (သို့) ဒေသဆိုင်ရာ အစိုးရများသို့ ကောင်းမွန်မျှတသော အာဏာများ ခွဲဝေပေးထားပါက တပြည်ထောင်စနစ်ဟု ဆိုသော်လည်း ပြည်ထောင်စုသဘော သက်ဝင်ပါသည်။ လူမျိုးစုများ များပြားစွာရှိသော နိုင်ငံများ၌မူ ပြည်ထောင်စုစနစ်ကို သုံးစွဲကြသည်။ ဥပမာ ဩစတြေးလျနိုင်ငံ၏ အစိုးရပုံစံ **(Government Type)** မှာ **Federal Parliamentary Democracy** ဖြစ်၍ အမေရိကန် **(Government Type)** မှာ **Constitution-based federal republic, strong democratic tradition** ဖြစ်ပြီး၊ ရုရှား **(Government Type)** မှာ **Russian Federation** ဖြစ်သည်။

ပြည်ထောင်စုစနစ်ကို Union (သို့) United States (သို့) Federal (သို့) Federation စသည်ဖြင့် စုပေါင်းဖွဲ့စည်းထားသော / ပြည်ထောင်စုအဓိပ္ပာယ် ရယူကာ အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲကြသည်။ အဓိပ္ပာယ်မှာ ပြည်ထောင်စုပင်ဖြစ်၍ **(Union)** ယူနီယံခေါ်ခေါ် **(Federal)** ဖက်ဒရယ်ခေါ်ခေါ် အခေါ်အဝေါ်သည် အဓိကမဟုတ်၊ သာမညသာဖြစ်သည်။ ဤစကားလုံးများကို ရဲရဲတွေး ရဲရဲပြောနိုင်ရမည်။

ဖက်ဒရယ်ကို မကြားရဲ၊ မသုံးရဲ ဖြစ်နေသည်မှာ စစ်အာဏာရှင်များပင် ဖြစ်သည်။ အကြောင်းရင်းရှာဖွေသည့်အခါ ဖက်ဒရယ်ကို ပြည်ထောင်စု ပြိုကွဲရေးမူအဖြစ် အကြောင်းပြပြီး၊ ပါလီမန်အစိုးရခေတ် ဝန်ကြီးချုပ် ဦးနုဆီမှ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော စစ်ကောင်စီက အာဏာသိမ်းခဲ့ဖူးသောကြောင့် ဖြစ်သည်။ ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့ ဆိုသလို နအဖစစ်အာဏာရှင်များကလည်း မျက်နှာပြောင်ပြောင်၊ အရှက်မဲ့စွာ ပြည်သူလူထု၏ အာဏာကို ဆက်လက် သိမ်းပိုက်ထား၍ ယနေ့ထက်တိုင် ဖက်ဒရယ်ဆိုသော စကားကို မသုံးစွဲရဲချေ။ ဒီမိုကရေစီကျင့်စဉ်နှင့် ပြည်ထောင်စုမှာလည်း မြန်မာနိုင်ငံအဖို့ အကြောင်းအကျိုး ဆက်နွယ်နေသည်။ အာဏာရှင်တို့က တပ်မတော်အတွင်း၌ ဖက်ဒရယ်ဟူသည် ပြည်ထောင်စုပြိုကွဲရေး ဟူသော အမြင်ကို ရိုက်သွင်းထားသည်မှာ အလွန်မှားယွင်းသည်။ ❑

# ဖယ်ဒရယ်နဲ့တပ်မတော်

**ဗိုလ်မှူးကျော်ကျော်ခိုင်**

မျိုးဆက်သစ်များ အသိကြွယ် အမြင်ကျယ်စေဖို့ ဖယ်ဒရယ်နဲ့ပတ်သက်တဲ့ တင်ပြချက်ကို ဒီစာအုပ်မှာ ဆက်လက် တင်ဆက်လိုက်ပါတယ်။ အဟောင်းကို အသစ် မဖြစ်စေချင်သော်လည်း သမိုင်းစာမျက်နှာအရ အမှန်တရားကိုတော့ ပြောဆို လက်ခံကြရပေမည်။ ၁၉၆၂ ခုနှစ်၌ ဝန်ကြီးချုပ် ဦးနုက ပြည်ထောင်စု မြန်မာနိုင်ငံကို ပိုပြီး စည်းလုံးသထက် စည်းလုံးစေချင်သော စေတနာကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ရန် သင့်တော်သော အဆိုများ တင်သွင်းဖို့ ပြည်နယ်ခေါင်းဆောင်များကို ကမကထပြုစတင် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်နယ်ခေါင်းဆောင်များ အနေနှင့် တစ်ဦးချင်း (သို့) အဖွဲ့လိုက် တကြိမ်တခါမျှ ဤကိစ္စ တောင်းဆိုခြင်း၊ အကြံပြုခြင်းပင် မရှိခဲ့ချေ။ ပြည်နယ်ရတော့မည့် မွန်၊ ရခိုင် ခေါင်းဆောင်များ၊ ချင်း အထူးဝိသေသတိုင်း ခေါင်းဆောင်များ၊ ရှမ်း၊ ကချင် စသော ပြည်နယ်ခေါင်းဆောင်များက တောင်ကြီး၌ ကြိုတင် ဆွေးနွေးပြီး၊ အကြံပြုဆွေးနွေး တင်ပြကြခြင်းဖြစ်သည်။ ထိုတင်ပြချက်ကို ဖက်ဒရယ်မူ ဟုခေါ်သည်။

အကြမ်းဖျင်း ပါဝင်သော အချက် (၃) ချက်မှာ ဗမာပြည်မကို ပြည်နယ်တစ်ခု သတ်မှတ်ပေးရန်၊ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကို အာဏာတူ သတ်မှတ်ပေးရန်။ လူမျိုးစုလွှတ်တော်၌ ပြည်နယ်၊ တိုင်းအမတ်ဦးရေ ညီတူညီမျှ ဖြစ်ရန်တို့ ဖြစ်သည်။ ခွဲထွက်မည်ဆိုသော စကားလုံး တစ်လုံးမျှ မပါဝင်ချေ။ ဒီမိုကရေစီနည်းကျ ဆွေးနွေးကြခြင်းသာ ဖြစ်သည်။ ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်သော "တာတေစနေသား" စာအုပ်၌ ပါဝင်သော အချက်များကို ကြည့်လျှင် ခွဲထွက်ရေး ရည်ရွယ်ချက် မပါဝင်ကြောင်း၊ ပြည်နယ်ခေါင်းဆောင်များနှင့် ဦးနု မည်မျှ ရင်းနှီးကျွမ်းဝင်ပြီး မည်မျှ ပွင့်လင်းကြောင်းနှင့် ဦးနု၏ စေတနာကို တွေ့မြင်နိုင်ပါသည်။

"အစည်းအဝေး ပြီးတဲ့အခါ ရှမ်းပြည်နယ်ဥက္ကဋ္ဌ စပ်ခွန်မျိုးနဲ့ ကယားပြည်နယ်ဥက္ကဋ္ဌ စပ်ဝဏ္ဏတို့ဟာ ဝန်ကြီးချုပ်နဲ့အတူ ဝင်ဒါမီယာဝင်းအတွင်း ဝန်ကြီးချုပ် နေအိမ်သို့ လိုက်လာကြတယ်။ စပ်ခွန်ချိုက စပြီး ဝန်ကြီးချုပ်ကို ဒီလို မေးတယ်"

"ဝန်ကြီးချုပ်၊ ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ ကောလဟာလ သတင်းတွေကို ကြားပြီးပြီလား"

"ကြားပြီးပြီ"

"ဒီကောလဟာလ သတင်းတွေကို မယုံပါနဲ့ ဝန်ကြီးချုပ်"

"စိတ်ချနေပါ ချို၊ ကျွန်တော် ဒါတွေကို မယုံပါဘူး"

"ကျွန်တော်တို့ ဝန်ကြီးချုပ်ကို အကြပ်ကိုင်ချင်ရင် ၁၉၄၈ ခုနဲ့ ၁၉၅၈ ခုနှစ်တွေတုန်းက အကြပ်ကိုင်

နိုင်ပါတယ်။ အဲဒီတုန်းကလည်း အကြပ်မကိုင်ခဲ့ဖူးဘူး။ နောင်ကျတော့လည်း တခါမှ မကိုင်ခဲ့ဖူးဘူး"

"ချိုတို့ကို ကျွန်တော် ယုံပါတယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျား"

"ကျွန်တော် ထင်တာကတော့ ချိုတို့ ဒီကို လာတာဟာ ကျွန်တော့်ရဲ့ ဖိတ်ကြားချက်အရ လာတယ်ဆိုတာကိုတော့ကောလဟာလ လွှင့်တဲ့သူတွေ မသိဘူးနဲ့တူတယ်"

"အဲဒါတော့ သေချာပါတယ်"

"ကျွန်တော်တို့ဘက်က အဆိုပြုချက်တစ်ရပ် တင်သွင်းရမှာ ဖြစ်ပေမယ့် အဲဒီလို တင်သွင်းရုံနဲ့ ဝန်ကြီးချုပ်က ကျွန်တော်တို့အလိုကို လိုက်လျောတယ်လို့ မပြောဆိုနိုင်ပါဘူး။ အခုအဆိုပြုချက်က နောက်ထပ်ဆွေးနွေးရဦးမယ့် ကိစ္စတစ်ရပ် ဖြစ်ပါတယ်"

"အဲဒါနဲ့ပတ်သက်လို့ တခုခု လုပ်နိုင်ရင်တော့ ကောင်းပါတယ်။ မလုပ်နိုင်ရင်လည်း ကိစ္စတော့ မရှိပါဘူး။ ဘေးဖယ်ထားလိုက် ရုံပေါ့ဗျာ" "ကျွန်တော့်အနေနဲ့တော့ ဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်အတိုင်း လိုက်နာပါ့မယ်"

ဦးနုက "တခုတော့ရှိတယ် ချိုရဲ့။ ဒီကောလဟာလတွေကို ဘယ်သူတွေ ဖြန့်နေတာလဲဆိုတာ ကျွန်တော် တွေးကြည့်တယ်။ နောက်ပြီးတော့ ဘာအတွက် ဒီလို မမှန်သတင်း ဖြန့်နေတယ်ဆိုတာ ကျွန်တော် စဉ်းစားလို့ မရဘူး" ဤသည်ကို ကြည့်လျှင် ထိုအချိန်က အဆိုပြုဆွေးနွေးခဲ့သော ဖက်ဒရယ်မူသည် တိုင်းရင်းသားချင်း ပိုမို ချစ်ကြည်ရေးနှင့် ယုံကြည်မှု ပွားများစေရေး ဖြစ်သော်လည်း ခွဲထွက်ရေးမူအဖြစ် ကောလဟာလ ထုတ်သူတို့ကလည်း ထုတ်နေကြသည်မှာ ဘာကြောင့်ဆိုသည်ကို သမိုင်းက ပြဆိုခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း တဘက်က အကြောင်းပြစရာ ဖြစ်လောက်အောင် ပြည်သူလူထု တွေ့ဝေစရာ ဖြစ်လောက်အောင် အခြေအနေများကလည်း ရှိနေသည်ကို တွေ့ရ၏။ ပဒေသရာဇ် ဆန့်ကျင်ရေး တိုက်ပွဲဝင်နေသူများ ရှိနေသော်လည်း ပဒေသရာဇ် စော်ဘွားအချို့ အာဏာရယူလိုမှု၊ ကွန်မြူနစ်စနစ် ကြီးထွားမလာစေရေးအတွက် ဆီတိုးစစ်အုပ်စုက မြန်မာနိုင်ငံ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ကယား၊ ကရင်၊ တနင်္သာရီ တလျှောက် တပ်ဖြန့်ထားပြီး တရုတ် မော်စီတုန်းကွန်မြူနစ်များကို တိုက်နေသည့် ချန်ကေရှိတ် တရုတ်အစိုးရတပ်များအား ဝင်ရောက်ကူညီနေမှု၊ ဆီတိုးစစ်အုပ်စုကို မှီပြီး နိုင်ငံရေး အမြတ်ထုတ်လိုသူများ ရှိမှုနှင့် ဖဆပလ ကွဲပြဲကာ အချင်းချင်း ဆော်နေကြမှု၊ စစ်တပ်အတွင်း ဆိုရှယ်လစ် စစ်ဗိုလ်များ ထိပ်ပိုင်း၌ ကြီးစိုးနေမှု စသော အကြောင်းတရားများကိုလည်း စီစစ်တွေ့ရှိနိုင်ပေသည်။ မျိုးဆက်သစ် နောင်လာနောက်သားတို့ သိရှိမှတ်သားကာ အမိမြန်မာနိုင်ငံ အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။ ❑

# တိုင်းရင်းသားလူမျိုးစုများနဲ့တပ်မတော်

**ဗိုလ်မှူးကျော်ကျော်ခိုင်**

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တော်လှန်ရေးကောင်စီမှ ၁၉၆၂ ခု၊ မတ်လ (၂) ရက်နေ့ အာဏာသိမ်းပွဲသည်သာ ပထမ အမှားနှင့် အကယ်၍ အကြောင်းပြသလို့ မှန်ကန်ခဲ့ပါကလည်း နိုင်ငံတော်တည်ငြိမ်အောင် ပြုလုပ်၍ အာဏာကို ပြန်လွှဲခြင်းမပြုဘဲ ထာဝရ သိမ်းပိုက်ကာ စစ်အာဏာရှင်စနစ် ထူထောင်လိုက်ခြင်းသည် ဒုတိယ အမှားသာ ဖြစ်ချေသည်။ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ် ဆိုသည်မှာလည်း မူဝါဒအနေနှင့် ရုပ်ပြကောင်းအောင် ကွန်မြူနစ်ပျက်များ ဖြစ်သော စာရေးဆရာ ကိုကိုမောင် (ခေါ်) ဦးချစ်လှိုင်၊ ဦးစောဦး တို့၏ နိုင်ငံရေးပညာများ ရယူပြီး ပါတီပိုင်းအနေနှင့် ဗိုလ်ရဲထွဋ်၊ သခင်တင်မြတို့က သုံးစွဲကာ ရေးဆွဲခဲ့ကြခြင်း ဖြစ်သည်။

ထူးခြားသည်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ကောင်းမွန်သော သဘောတရားကျမ်းဟု ချီးကျူးကြရသည့် "လူနှင့် လူ့ပတ်ဝန်းကျင် အညမည သဘောတရား" ကျမ်းသည် ဘာသာမဲ့ ကွန်မြူနစ်ကြီးများက ဗုဒ္ဓတရားတော်များမှ မဇ္ဈိမပဋိပဒါ ကျင့်စဉ်၊ ပဋ္ဌာန်းဒေသနာတော်မှ ကြောင်းကျိုးဆက်နွယ်မှု သဘောတရားများကို ထုတ်ယူသုံးစွဲထားခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ အနေနှင့် ကိုလိုနီနယ်ချဲ့များ လက်အောက် မကျရောက် ခဲ့လျှင် တိုင်းရင်းသားလူမျိုးစုများ အားလုံး စည်းစည်းလုံးလုံး တက်ညီလက်ညီ ရှိခဲ့လျှင် အချင်းချင်း သံသယမပွားဘဲ ယုံကြည်ချစ်ခင်မှု ရှိနေခဲ့ကြမည် ဆိုလျှင် အင်အားရှိသော တပြည်ထောင်စနစ်ကို ထူထောင်နိုင်ခဲ့စရာ အကြောင်းရှိသည်။

သို့သော် ဗြိတိသျှကိုလိုနီ လက်အောက်နှစ်ပေါင်းတစ်ရာနီးပါး နေခဲ့ကြရချိန်တွင် တောင်ပေါ်မြေပြန့် သွားလာဆက်ဆံရေးကို ဥပဒေဖြင့် တင်းတင်းကျပ်ကျပ် ကန့်သတ်ချုပ်ချယ် ခံခဲ့ရမှု၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအရ သွေးခွဲအုပ်ချုပ်ခံရမှု၊ လွတ်လပ်ရေးရယူပြီးနောက် လူမျိုးစုများ အထင်အမြင် လွဲမှား၍ အချင်းချင်း ပြဿနာများ ပေါ်ပေါက်ခဲ့ပြီး သံသယ ကြီးထွားလာခဲ့မှုများ၊ အထူးသဖြင့် နအဖစစ်အာဏာရှင်တို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို စိတ်ရင်းစေတနာကောင်းဖြင့် မှန်ကန်စွာ အင်တိုက်အားတိုက် ဆောင်ရွက်ရမည့်အစား စိတ်ဝမ်းကွဲပြားရေးကိုသာ သိသာစွာ လုပ်ဆောင်နေမှုများကြောင့် တပြည်ထောင်စနစ်သည် ဖြစ်နိုင်စရာ မရှိသေးချေ။

စစ်အာဏာရှင်များ ပြုမူပုံများမှာ စဉ်းစားတတ်လျှင် သံသယရှိစရာ အချက်ဖြစ်၏။ ၎င်းပြင် မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုများ များပြားပြီး လူမျိုးစုကြီးများ၌လည်း လူမျိုးစုငယ်လေးများ ရှိသေးပြန်ရာ လူနည်းစုများ အခွင့်အရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စု ဖွဲ့စည်းခြင်းသည်သာ အဓိပ္ပာယ် ရှိပေမည်။ သို့သော် ယနေ့အထိ စစ်မှန်သည့် ပြည်ထောင်စု ဖွဲ့စည်းမှုမျိုး မရှိသေးသလို ဒီမိုကရေစီကို မျက်ကွယ်ပြုထား၍ တိုင်းရင်းသားလူမျိုးစုတို့အကြား သံသယသာ ကြီးထွားနေပေသည်။

၁၉၄၇ ခု၊ မေလ ဖဆပလညီလာခံ၌ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက

"တပြည်ထောင်စနစ် တည်ဆောက်မလား၊ ဒါမှမဟုတ် ပြည်ထောင်စု စနစ် တည်ဆောက်မလား" ဟု စတင် မေးမြန်းခဲ့ပြီး၊ "ကျွန်တော်တို့ဟာ တိုင်းရင်းသား လူနည်းစုတွေရဲ့ အခွင့်အရေးကို ကာကွယ်ဖို့ သင့်တော်စွာ ထိန်းချုပ် ကြပ်မတ်ထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ပြည်ထောင်စုတစ်စု ထူထောင်ရမယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ပူးပေါင်းပြီး လဲကျသွားတာမျိုး မဖြစ်စေရဘဲ စုစည်းညီညွတ်မှုနဲ့ ကြံ့ကြံ့ခိုင် ထရပ်တာမျိုးဖြစ်အောင် သတိပြုကြရမယ်" ဟုလည်း စေတနာမှန်စွာ အဆိုပြုခဲ့ပါသည်။

ဤမျှဆိုလျှင် ဖက်ဒရယ်ဆိုသည် ပြည်ထောင်စု ပြိုကွဲရေးမဟုတ်၊ ဒို့တာဝန် အရေးသုံးပါးကို လည်း ထိခိုက်စရာ မရှိကြောင်း ယနေ့ တပ်မတော်သား အပေါင်း စိတ်ချယုံကြည်နိုင်လောက်ပါပြီ။ အမှန်တော့ တပြည်ထောင်ဖြစ်စေ၊ ပြည်ထောင်စုဖြစ်စေ တန်းတူ ညီမျှမှုကို ဖြစ်စေပြီး အာဏာကို ကောင်းစွာ ဖြန့်ဝေနိုင်ခြင်း ဆိုသည့် အနှစ်သာရသည်သာ အဓိက ဖြစ်ပေသည်။ ပြည်ထောင်ဆိုသော်လည်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့(ပြည်နယ်အစိုးရ)များသို့ အာဏာများ ကောင်းစွာ ဖြန့်ဝေခွဲပေးထားနိုင်လျှင် ပြည်ထောင်စု သဘောသာ ဖြစ်၏။

ပြည်ထောင်ဆိုသော်လည်း ပြည်နယ်အစိုးရများသို့ ကောင်းစွာ အာဏာဖြန့်ဝေ ခွဲပေးထားမှု မရှိလျှင်လည်း တပြည်ထောင်သဘောသာ သက်ဝင်သည်။ ၎င်းအပြင် သတိပြုရန်မှာ အာဏာခွဲဝေမှု များလွန်းလျှင် ဗဟိုအစိုးရ အားနည်းပြီး မလိုလားအပ်သော ပြဿနာများ ရှိနိုင်သလို၊ ဗဟိုအစိုးရ ချုပ်ကိုင်မှု များလွန်းကလည်း အာဏာရှင်စရိုက် ဝင်နိုင်ခြင်း အကြောင်းတရပ် ဖြစ်ပေသည်။ ပြည်ထောင်စုစနစ်ကို "တိုင်းရင်းသား ပြည်သူလူထု အားလုံး ပါဝင်ပြီး ညှိနှိုင်းဆွေးနွေး သဘောတူ ချမှတ်ရမည်" ဖြစ်သည်။ ဒီမိုကရေစီ သဘောအရ ပြည်သူလူထုဆန္ဒသည်သာ ပဓာန ဖြစ်သည်။ ပြည်ထောင်စုစနစ်ကို အကောင်အထည် ဖော်ရာ၌ (**Federal**) ဖက်ဒရယ် ဆိုသည်ကိုလည်း တွေ့ရပေမည်။ "ဖက်ဒရယ်"မှာ ကြောက်စရာ မဟုတ်ပါ။

တန်းတူညီမျှမှု ရှိရေးသည်သာ အဓိကကျပါသည်။ ဤသည်ကို အထူး သတိထားရမည်ဖြစ်ပြီး၊ ကြောက်စရာ ကောင်းသည်မှာ ထို "မှု" ကို တင်ပြရေးသားသော သူများသာ ဖြစ်သည်။ "မှု" ၏ နောက်ကွယ်၌ အကြံဆိုး ဉာဏ်ဆိုးများ ရှိမှု၊ ခုတုံးလုပ်၍ ခွဲထွက်ရန် ကြံစည်မှုတို့သာ ဖြစ်သည်။ ရှေးပဝေသဏီကာလကပင် တိုင်းပြည်နေရာအနှံ့ လူမျိုးစုပေါင်းစုံ ဖြန့်ကျက်နေထိုင်လျှက်ရှိသော မြန်မာနိုင်ငံကဲ့သို့သော တိုင်းပြည်၌ မည်သူမျှ အမွေခွဲဆင်း၍ မဖြစ်သလို အခွင့်အရေး မညီမျှခြင်း၊ တန်းတူညီမျှမှု မရှိခြင်းတို့လည်း ရှိနေလျှင် မဖြစ်နိုင်ပေ။

မယုံသင်္ကာ ဖြစ်ခြင်း၊ မုန်းတီးခြင်းများ ဖျောက်၍ ရိုးသားမှန်ကန်သော စိတ်စေတနာနှင့် "တိုင်းပြည်အတွက်" ဟူသော ဦးတည်ချက် တစ်ခုတည်းကိုသာ စွဲကိုင်ကာ ညီညီညွတ်ညွတ် တည်ဆောက်သွားကြရမည် ဖြစ်သည်။ ယနေ့ တိုင်းရင်းသား အဖွဲ့အစည်းများရှိ ခေါင်းဆောင်ပိုင်းသည်လည်း ကမ္ဘာနှင့်ယှဉ်၍ အမြင်ကျယ်လာပြီး ဖြစ်သည်။ ခေါင်းဆောင်မျိုးဆက်သစ်များမှာ ခေတ်ပညာတတ်များ ဖြစ်ကြပြီး ကမ္ဘာ့ရွာ (**Globalization**) ကို နားလည်ကြပြီး ဖြစ်၏။ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီနှင့် တိုင်းပြည်တစ်ခုလုံးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆိုသော အတွေးအခေါ်များ ရှိကြသည်ကို သူတို့စကားများက ဖေါ်ပြပြီးကြလေပြီ။ ❑

# လူထုခေါင်းဆောင်မျိုးဆက်သစ်များနှင့်ဒီမိုကရေစီနိုင်ငံ

ဗိုလ်မှူးကျော်ကျော်ခိုင်

ဒီမိုကရေစီစနစ်တွင် လက်ရှိအဖွဲ့များထက် ပြည်သူလူထု၏ ဆန္ဒသည် အဓိကဖြစ်သည်ကိုလည်း လက်ခံရပေမည်။ နိုင်ငံတော်အား ကောင်းစွာ ဦးဆောင်မှု ပေးနိုင်စွမ်းရှိပါက မည်သည့်လူမျိုးစုမဆို နိုင်ငံတော် သမ္မတ/ဝန်ကြီးချုပ် နေရာ၌ ခန့်အပ်ခြင်း ခံရပေမည်။ ဗမာတိုင်းရင်းသားမဟုတ်၍ မဖြစ်ရဟု မရှိနိုင်ချေ။ တချိန် က နိုင်ငံတော်သမ္မတ စပ်ရွှေသိုက်၊ မန်းဝင်းမောင်၊ ဆမား ဒူးဝါး ဆင်ဝါးနောင် (ရည်ရွယ်ပြီး) တို့ ရှိခဲ့ဖူးပါသည်။

ထို့အတူ ပြည်နယ်အစိုးရများလည်း ပြည်နယ်အတွက် သင့်တော်၍ ပြည်သူလူထုက ရွေးချယ်ပါက ရှမ်းပြည်နယ်အစိုးရမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း လူမျိုးစုများ ဖြစ်နိုင်သလို ရခိုင်ပြည်နယ်အစိုးရမှာလည်း မွန်၊ ဗမာ၊ ရှမ်း၊ ကချင်၊ ကရင် ဖြစ်နိုင်သည်။ ရခိုင်ပြည်နယ်မို့ ရခိုင်လူမျိုး၊ ရှမ်းပြည်နယ်မို့ ရှမ်းလူမျိုးဟု သတ်မှတ်၍ မရပေ။ ဤသည်မှာ ဒီမိုကရေစီ ဖြစ်သည်။ ပြည်သူလူထု၏ ဆန္ဒသဘောထား ပဓာန ဖြစ်သည်။ အရည်အချင်းကို အဓိကထားသော လူမှုရေးစနစ်လည်း ဖြစ်သည်။ အမေရိကန်နိုင်ငံ၌ ယနေ့ ဖခင် ကင်ညာလူမျိုးနှင့် မိခင် အမေရိကန်မှ မွေးသော မစ္စတာ အိုဘားမားက သမ္မတဖြစ်လာသည်ကို အတုယူ မြင်တွေ့နိုင်သည်။ ကမ္ဘာတဝှမ်းလုံးက ဂုဏ်ယူချီးကျူး ထောပနာ ပြုကြရသည်။ ဒီမိုကရေစီ ကျင့်စဉ်ကို ကောင်းစွာ ရင့်ကျက်သော သဘောထားများနှင့် ပြုစုပျိုးထောင်နိုင်ခဲ့ကြ၍သာ ဤအခြေအနေ ဖြစ်ပေါ်လာရခြင်းဖြစ်၏။

ကျွန်တော်တို့အနေနှင့် မျက်ကန်းမျိုးချစ်များ လုပ်နေ၍ မရတော့ပါ။ အမေရိကန်ပြည်ထောင်စုကဲ့သို့ စံပြ ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံကြီးပင်လျှင် စတင်ဖွဲ့စည်းကာစက ဖက်ဒရယ်ဖြစ်သော်လည်း ပြည်သူလူထုအားလုံး တစိတ်တဝမ်းတည်း ဖြစ်လာပြီး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးများ တည်ငြိမ်၍ ကောင်းမွန်တိုးတက်လာသော အချိန်၌ ပြည်ထောင်စုဆိုသော်လည်း ပြည်နယ်များ အာဏာရှိမှုကို မပျက်စေဘဲ ဗဟိုအစိုးရ အာဏာကိုလည်း တပြည်ထောင်ဟု ကမ္ဘာက ထင်မှတ်ရလောက်အောင် ထားရှိစေခဲ့သည်ကို တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင်များ အပါအဝင် ပြည်သူလူထုကြီးက တွေ့မြင်ကြရမှာဖြစ်ပါသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်း၍ ထားရှိသော သဘောထားကို ဗဟုသုတအဖြစ် တင်ပြချင်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် အာရှအလယ်ပိုင်းကုန်းမြေမှ ဆင်းသက်ပေါက်ဖွားလာကြသည့် တိုင်းရင်းသား လူမျိုး၊ မိသားစုဝင်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသား လူမျိုးများ၊ လူမျိုးစုများ၏ အမိမြေသည် မြန်မာနိုင်ငံသာလျှင် ဖြစ်ပေသည်။

သို့ဖြစ်ရာ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ လူမျိုးစုတစ်စုနှင့်တစ်စုတို့သည် အပြန်အလှန် ယုံကြည်မှု ရှိကြ

ရန် တန်းတူရည်တူ ဆက်ဆံကြရန် အရေးကြီးပေသည်။ လူမျိုးကြီး လူမျိုးငယ် ဟူသော ပြဿနာများ၊ တောင်ပေါ် မြေပြန့်ဟူသော အစွဲအလမ်းများကို အပြီးအပိုင် ဖျောက်ဖျက်ပြီး ပြည်ထောင်စုတစ်ခုအတွင်းမှ ပေါက်ဖွား လာသော ညီအကို တိုင်းရင်းသားများအဖြစ် စွဲမြဲစွာ ခံယူ အပ်ပေသည်။ ဤသဘောတရားကို လက်တွေ့ အကောင် အထည် ဖော်ပေးမည့် ဒီမိုကရေစီကို တည်ဆောက်မည် ဖြစ်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို တိုင်းရင်း သား ပြည်သူလူထုတရပ်လုံးက ယုံကြည်စွာ တခဲနက် ထောက်ခံမဲ ပေးခဲ့ကြပါသည်။

သို့သော်လည်း စစ်အာဏာရှင်တို့က အာဏာကို လက်နက်အားကိုးပြီး သိမ်းပိုက်ထားသည် မှာ ယနေ့တိုင်ပင် ဖြစ်သည်။ နအဖက မြန်မာပြည်သူတို့ သည် ဒီမိုကရေစီနှင့် မထိုက်တန်သေးဟူသော စကားနှင့် အမြင်မှာ အာဏာရှင်များ၏ အာဏာ ဆက်လက် ပိုင်ဆိုင် သိမ်းပိုက်ထားနိုင်ရေးအတွက် အကြောင်းပြချက် မျှသာ ဖြစ်သည်ကို ယနေ့မျိုးဆက်သစ် တပ်မတော် သားအပေါင်း သိစေချင်ပါသည်။ ယနေ့ မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များအနေနှင့် မှန်ကန်သော လမ်းကို ရွေးချယ်ကြရပေတော့မည်။

မလွဲမသွေ စစ်အာဏာရှင်တစ်စုကို ဖယ်ရှား ကာ တိုင်းပြည်သို့ အာဏာ ပြန်လည် အပ်နှင်းရပေလိမ့် မည်။ အသွင်ကူးပြောင်းကာလတလျှောက် ထိုမျိုးဆက် သစ် တပ်မတော်ခေါင်းဆောင်များက နိုင်ငံတော် တည်ငြိမ် ရေးအတွက် အခန်းကဏ္ဍတစ်ခုမျှ အချိန်အတိုင်းအတာ တရပ်အထိ ပူးပေါင်းပါဝင် တာဝန်ယူပေးပြီး တပ်မတော် မူလတာဝန်ကို ပြန်လည် ထမ်းဆောင်ရပေလိမ့်မည်။ နိုင်ငံတစ်နိုင်ငံတွင် တပ်မတော်တစ်ရပ်သာ ရှိရမည်မှာ အမှန်ပင် ဖြစ်သည်ကို လက်ခံကြပါသည်။ အချိန်များစွာ မရှိတော့ပြီဖြစ်၍ ဤတာဝန်ကို ပြတ်ပြတ်သားသား ရယူရန် လိုအပ်နေပေပြီ။

ထို့ကြောင့် စစ်အာဏာရှင်တစ်စု ဖယ်ရှား ရေး၊ တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ကောင်းစွာ အသွင်ကူးပြောင်းပေးနိုင်ရန်အတွက် ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း သူရတင်ဦး)နှင့် ဒေါ်အောင်ဆန်း စုကြည်တို့ ဦးဆောင်သော နိုင်ငံရေးပါတီနှင့် ဆက်စပ် ပူးပေါင်းဆောင်ရွက်ရေး၊ ထိုခေါင်းဆောင်ကြီးများ၏ ဘေး အန္တရာယ် လုံခြုံရေး၊ ပြည်သူလူထု၏ အားပေးထောက် ခံမှု ရရှိရေးနှင့် ရပ်ရွာလုံခြုံရေး စသည်တို့ကို မဟာဗျူ ဟာတစ်ရပ် ရေးဆွဲ၍ အမြန်ဆုံး အကောင်အထည်ဖော် ရန် တိုက်တွန်းလိုပေသည်။ ပြည်သူလူထုအနေနှင့် လည်း ရဟန်းသံဃာတော်များ ကံဆောင်ခဲ့ကြသည့် နည်းတူ စစ်အစိုးရကို စုပေါင်းကံဆောင်ကြဖို့ အချိန်တန် ပြီ ဖြစ်၏။

စစ်တပ်ကို ပြည်သူနှင့် သွေးခွဲထားသော စစ် အာဏာရှင်တစ်စုရဲ့ အတွင်းသရုပ်အား ကွက်ကွက် ကွင်းကွင်း သိမြင်ကြပြီး တပ်မတော်(ကြည်း/ရေ/လေ) အရာရှိ/အရာခံ၊ အကြပ်/တပ်သားများအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းဖို့ အချိန်ကျရောက်နေပြီ ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ထို့ထက်ပို၍ စစ်အာဏာရှင်အိုတစ်စု လက်အောက်မှ လွတ်မြောက် ရေး တပ်မတော်၌ တာဝန်ရှိသည်။ ❑

# စစ်အာဏာရှင်အုပ်စု လက်အောက်မှ လွတ်မြောက်ရေး တပ်မတော်၌ တာဝန်ရှိသည်

ဗိုလ်မှူးကျော်ကျော်ခိုင်

*"တော်လှန်ရေးဆိုတာ အကြမ်းပတမ်း တိုက်ခိုက်တဲ့ ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုလိုတာမဟုတ်ဘူး၊ လက်ရှိ စံနစ်ဟောင်းကို တော်လှန်ပြီး စံနစ်သစ် ဘွားကနဲ ပေါ်ပေါက်လာတာကို ဆိုတာပဲ"*

***ဗိုလ်ချုပ်အောင်ဆန်း***

၁၉၈၈ ခုမတိုင်မီ ကာလအထိ တပ်မတော်သည် ပြည်သူလူထုရဲ့မေတ္တာကို အတော်အတန် ခံယူနိုင်ခဲ့ကြပါသေးသည်။ ဒါတောင် နိုင်ငံရေးအရ ပြည်သူလူထု အနေနှင့် ခံစားချက်တွေ အများကြီးရှိနေသည့် အချိန်ဖြစ်ပါသည်။ ရှေ့တန်းက ပြန်လာလျှင် ရပ်မိရပ်ဖ၊ မြို့သူမြို့သားများက ကိုယ့်ရဲ့ သားသမီး၊ အကိုမောင်တွေ အိမ်ပြန်လာသလို ဝမ်းပန်းတသာဖြင့် ပန်းကုံးများစွပ်ကြိုဆိုခဲ့ကြသော မြင်ကွင်းဟာ တမျှော်တခေါ် သတိရစရာ ဖြစ်ခဲ့ရပါသည်။ ကျွန်တော်တို့ မျက်စိထဲတွင် ထိုမြင်ကွင်းကို ယနေ့ထိ လွမ်းမော မြင်ယောင်နေဆဲပင် ဖြစ်ပါသည်။

ဒီနေ့ အခြေအနေအရပ်ရပ်ကို ဖန်တီးနိုင်ခွင့် လက်ထဲမှာရှိနေသော စီနီယာ အရာရှိကြီးများ၊ သူငယ်ချင်းများနှင့် ကျောင်းဆင်းဘက်များ ကောင်းကောင်းသိကြပါသည်။ ၁၉၈၈ ခု နောက်ပိုင်း အရာရှိစစ်သည်တော်တော်များများကတော့ သိဟန်မတူပါ။ သူတို့ကတော့ အဲဒီအချိန်မှာ ကလေးဘဝ (သို့) ဒို့အရေးမှာ ပါဝင်ဖူးသူတွေသာ ဖြစ်ပါလိမ့်မည်။ အခုတော့ စစ်တပ်ထဲမှာ ဦးနှောက် အဆေးခံရပြီး အချို့ဆို ပြည်သူလူထုကို ရန်သူလို့ ပြန်မြင်နေသူ တွေတောင် ဖြစ်နေရပါပြီ။

ကျွန်တော် တင်ပြခဲ့တဲ့ ပြည်သူ့မေတ္တာကို ခံယူနိုင်တဲ့ "ပြည်သူ့တပ်မတော်" ဘဝဆိုတာကို ဗိုလ်သန်းရွှေနဲ့ အပေါင်းအပါ စစ်အာဏာရှင်တစ်စု လက်အောက်မှာ တပ်မတော်ရှိနေသရွေ့တော့ ဘယ်သောအခါမှ ပြန်ရကြမှာ မဟုတ်ပါ။ မြေကြီး လက်ခတ်ရင်သာ လွဲသွားပါမည်။ ဒီစကားက လုံးဝ မလွဲပါ။ တပ်မတော်ကို ပြည်သူလူထုနှင့် ရန်သူအဖြစ် ထိပ်တိုက်ဖြစ်သွားအောင် ဖန်တီးခဲ့သူသည် ယုတ်မာရိုင်းစိုင်း ကောက်ကျစ်လှန်းသော "ဗိုလ်သန်းရွှေ" သည်သာ အဓိကတရားခံ ဖြစ်ပါသည်။ ပြည်သူလူထုကို ရန်သူအဖြစ် အမြင်ပြောင်းသွားအောင် စစ်တပ်ကိုသာမက စသုံးလုံး၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးကစလို့ ဝန်ထမ်းများကိုပါ မကျန် စိတ်ဓါတ်စစ်ဆင်ရေး နည်းများကို သုံးစွဲခဲ့၊ သွေးခွဲခဲ့ပါသည်။

တကယ်တော့ ဗိုလ်သန်းရွှေ၏ စိတ်ဓါတ်စစ်ဆင်ရေး နည်းလမ်းများသည် အလွန်အောက်တန်းကျသော နည်းလမ်းများသာ ဖြစ်ပါသည်။ လူသားများ၏ ဖြူစင်သော၊ လွတ်လပ်မှန်ကန်စွာ စဉ်းစားဆင်ခြင် မျှော်မြင်တတ်သော စိတ်ကို ပြောင်းလဲသွားစေပါသည်။ ကိုယ့်နိုင်ငံကို ကာကွယ်ဖို့ နိုင်ငံချင်း စစ်ဖြစ်ရင်သာ သုံးသင့်သော နည်းလို့သာ အကျဉ်းချုပ် ပြောရမှာဖြစ်ပါသည်။ ပြည်သူလူထု၏ စိတ်၊ အသိအမြင်၊ တပ်မတော်သားများနှင့် ဝန်ထမ်းအသီးသီး၏စိတ် အသိအမြင်များကို Psy-

War နည်းများနှင့် သုံးစွဲပြီး အတွေးအခေါ် ပြောင်းလဲစေခြင်းသည် အလွန် ယုတ်မာလွန်းလှပါသည်။

အပြောင်းလဲခံရသူက ကိုယ့်ကိုကိုယ် ပြောင်းလဲနေတယ် ဆိုတာကိုလည်း မသိလိုက်ဘဲ ခံလိုက်ရတာမျိုး ဖြစ်ပါသည်။ "တပ်မတော်နဲ့ ဝန်ထမ်းတွေဟာ အစိုးရတစ်ရပ်နဲ့ ပြည်သူလူထု ထိပ်တိုက်ဖြစ်လာရင် ဘယ်သူ့အပေါ် သစ္စာရှိရမလဲ" ဆိုပြီး မေးခွန်းထုတ်ကာ "ပြည်သူလူထုအပေါ် သစ္စာရှိဖို့လိုကြောင်း" သင်တန်းတစ်ခုမှာ ပို့ချခဲ့တဲ့ နည်းပြတစ်ဦးသည် အခုတော့ ရဲတပ်ဖွဲ့မှာ အရာရှိကြီး ဖြစ်လာပြီးနောက် ပြည်သူလူထုကို နှိပ်ကွပ်နေတဲ့သူ ဖြစ်နေခဲ့ပါပြီ။

စစ်အာဏာရှင်များ ချမှတ်သော ပေါ်လစီတိုင်းသည် သူတို့၏ ကိုယ်ကျိုးစီးပွားနှင့် အာဏာကို ချုပ်ကိုင်ထားနိုင်ရေးမှာ အဓိက ဖြစ်ပါသည်။ ယခု ဗိုလ်သန်းရွှေ၏ ပြောဆို လုပ်ကိုင်နေသမျှ အားလုံးသည် လယ်ပြင် ဆင်သွားနေသလို ရှင်းနေပါသည်။ စစ်တပ်ကို လုံးဝ ချုပ်ကိုင်ထားခြင်းမှာ စစ်တပ်ကို ချစ်လွန်းလို့၊ တိုင်းပြည်ကို ချစ်လွန်းလို့ မဟုတ်တာ သေချာလွန်းလှပါသည်။

နာဂစ်မုန်တိုင်းဝင်ချိန် သေကြေပျက်စီး ဒုက္ခအတိ ရောက်နေသော ပြည်သူလူထုအပေါ် ပြုမူခဲ့သည့် လူယုတ်မာ၏စိတ်ကို ကမ္ဘာကတောင် သိမြင်ခဲ့ပါပြီ။ လူကြီးလူကောင်း မဟုတ်တာကိုလည်း သိခဲ့ပြီးကြပါပြီ။ သူတို့က မရှက်တတ်ကြပေမယ့် တပ်မတော်သားတွေ အဖို့ ရှက်စရာ ကောင်းလှပါသည်။ စေတီတွေ တည်ပြီးပြီး ဘာသာရေး လုပ်ပါတယ်ဆိုတာထက် ဘုရားစကားကို နားထောင်တာက ပိုကောင်းပါသည်။ ဘုရားကလည်း ဒါကိုပဲ ချီးကျူးမှာ ဖြစ်ပါသည်။

အလကားရထားသော စိန်တွေထဲက နာဂစ်ဒုက္ခသည်တွေကို စိန်တစ်လုံးဖိုး လှူဖူးပါသလား။ တိုင်းပြည်အကြီးအကဲလုပ်ရင် ပြည်သူလူထုနှင့် နိုင်ငံအကျိုးကို စေတနာပါပါ ဆောင်ရွက်တာကမှ ကုသိုလ်လည်းရ ဝမ်းလည်းဝမှာ ဖြစ်ပါသည်။ ပြည်သူလူထုနှင့် တိုင်းပြည်ကလည်း ရင်ထဲမှာ ထာဝရ ကဗျည်းထိုး မှတ်တမ်းတင်ကြမှာပါ။

အလျဉ်းသင့်လို့ တင်ပြရရင် အချို့သော ကျွန်တော်တို့ မြန်မာလူမျိုးများ သည်းခံတတ်ပုံကအံ့သြလောက်ပါသည်။ သမီးတော်ကို စိန်တွေခရစ်စမတ် သစ်ပင်လို ဆင်ထားတယ် ပြောတော့ ဒါက မြန်မာအစဉ်အလာ သားသမီးကို ဆင်ကြတာပဲတဲ့။ ဗိုလ်သန်းရွှေရဲ့ ကောက်ကျစ်ရက်စက်မှုတွေ ပြောတော့ ငါတို့လည်း သူ့ နေရာရောက်ရင် သူ့လိုပဲ လုပ်မှာပဲတဲ့။ ခံယူချက်တွေ အတွေးအခေါ်တွေ အလွန် နေရာလွဲမှားနေကြပါပြီ။ ဒါကိုသုံးသပ်ကြည့်လျှင် ကျွန်တော်တို့တတွေ တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရာမှာ အခြေခံဖြစ်တဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရေး၊ ဘာသာရေး အထိန်းအကွပ်တွေကိုလည်း များများလေ့ကျင့် ပညာပေးသင့်တယ်ဆိုတာ မမေ့ကြစေချင်ပါ။

စစ်ခေါင်းဆောင်တွေအနေနှင့် တပ်မတော်အပေါ်မှာတောင် စေတနာ မှန်ကန်ပါရဲ့လား။ တပ်မတော် (ကြည်း/ ရေ/လေ) တပ်မတော်သားများ၏ ဆင်းရဲကြပ်တည်း ဒုက္ခရောက်နေသော အခြေအနေတွေသည် တပ်ချုပ်ကြီး၏ လုပ်ပုံကိုင်ပုံ၊ စေတနာ မမှန်ကန်ပုံကို ပြသနေတာဖြစ်ပါသည်။ ဒီရာထူးကို ဒီအသက်အရွယ်ထိ မစွန့်ဘဲ အာဏာရှင် လုပ်နေတာကိုက သူ့ရဲ့ မမှန်ကန်သော စိတ်ထားဖြစ်ပါသည်။ ရေတပ်နှင့် လေတပ်တို့သည်လည်း ဒီအာဏာရှင်စနစ် ရှိနေသရွေ့ ကြီးထွားတိုးတက်မလာနိုင်ကြောင်း သဘောပေါက်ကြမှာဖြစ်ပါသည်။

ဗိုလ်သန်းရွှေနှင့် အာဏာရှင်တစ်စုသည် သူတို့၏အာဏာ တည်မြဲရေးအတွက် နည်းလမ်းပေါင်းစုံ သုံးစွဲကာ ကျားကန်ထားကြပါသည်။ ပုံမှန်နည်းများက တော့ "ရန်သူပြနည်း" ဖြစ်ပါသည်။ ဒီနည်းကို အာရုံလွှဲဖို့နှင့် တပ်ကို စုစည်းဖို့ အသုံးပြုခြင်း ဖြစ်ပါသည်။ ပြည်တွင်းသောင်းကျန်းမှု၊ သောင်းကျန်းသူ၊ သူပုန်ဆိုတာတွေနှင့် တိုင်းရင်းသား လက်နက်ကိုင်များကို ညွှန်ပြပါသည်။ တကယ်တော့ အကြောင်းရင်းကို ရှာဖွေရှင်းလိုက်ရရင် အစောကြီးထဲက ပြီးပြတ်နိုင်သော ကိစ္စ

ဖြစ်ပါသည်။ ဒီလို မရှင်းခြင်းသည်လည်း မရှင်းချင်လို့ မရှင်းတာ၊ အာဏာကို ဆုပ်ကိုင်ထားချင်လို့ မရှင်းတာသာ ဖြစ်ပါသည်။

စစ်အာဏာရှင်များက တိုင်းရင်းသားလက်နက်ကိုင်များ၏ သူပုန်ထခြင်း ဆိုသော လတ်တလောအမြင် "အကျိုး" ပေါ်မှာသာ လက်ညှိုးထိုးပြခဲ့ပါသည်။ နောက်တော့ ပြည်ပစစ် မျှော်မှန်းပါသည်တဲ့။ ပြည်ပစစ်အတွက် ပြည်ပက ကျူးကျော်မည့် ရန် ဘာမှ မရှိပါ။ ကျူးကျော်လာရင်လည်း ရင်ဆိုင်နိုင်စွမ်း အမှန်တကယ် မရှိပါ။ စစ်တပ်ကို စွမ်းရည်တိုးတက်အောင် လုပ်နေကြရတာတော့ နိုင်ငံတိုင်းရဲ့ ပုံမှန် သမားရိုးကျ အလုပ် ဖြစ်ပါသည်။

တကယ်တော့ အာဏာရှင်များသည် သူတို့၏ အကြံအစည်၊ သူတို့၏ အမှား၊ အားနည်းချက်များ၊ ကိုယ်ကျိုးစီးပွား ကာကွယ်နေသည်များကို အများ မမြင်အောင် ဖုံးကွယ်လိုက်ခြင်းသာ ဖြစ်ပါသည်။ တပ်မတော်အောက်ခြေမှ အရာရှိ၊ စစ်သည်များ ဤပရိယာယ်ကို မမြင်နိုင်ခဲ့ကြပါ။ ဥပမာဆိုရလျှင် မျှားပစ်သော မုဆိုးကို ရန်သူဟု မမြင်ဘဲ မျှားတံကိုသာ ရန်သူထင်ပြီး လိုက်နေကြသလို ဖြစ်နေပါသည်။ နောက်ဆုံးမှာတော့ အာဏာရှင်ကြီးများ ထိုးပြထားသော ရန်သူသည် ပြည်သူလူထုသာ ဖြစ်နေပါတော့သည်။ စစ်တပ်ကိုလည်း ခါးပိုက်ဆောင် ချုပ်ကိုင်နိုင်ဖို့ ပြည်သူလူထုဘက် ပါမသွားဖို့ "လှေကြီးပေါ် လှေငယ်ဆင့်" အခွင့်ထူးခံ စစ်တပ် လူတန်းစားတစ်ရပ်ကို မွေးထုတ်လိုက်ကြပါသည်။ ❑

# ပြည်သူလူထုကို ရေလို လလို ကျင့်ရမည့် တပ်မတော်

ဗိုလ်မှူးကျော်ကျော်ခိုင်

"စစ်တပ်သည် ပြည်သူလူထုနဲ့ မသက်ဆိုင်၊ ပြည်သူလူထုရဲ့ အထက်က၊ ပြည်သူလူထု ဆိုတာ စစ်တပ်လောက် အသိအမြင်နဲ့ နိုင်ငံချစ်စိတ် မရှိ၊ နိုင်ငံတော်ကို ကာကွယ်နေတာ စစ်တပ်ပဲ ရှိတယ်၊ အာဏာ ပြည်သူလူထုလက်ထဲ ရောက်သွားရင် နိုင်ငံ ပြိုကွဲသွားမယ်၊ စစ်တပ်ကသာ ထိန်းချုပ်ထားမှ ရမယ်။ စစ်အာဏာရှင်တွေဟာ ဒါကြောင့် အသက်ကြီးတာတောင် ကောင်းကောင်း အနားမယူနိုင်ဘဲ တိုင်းပြည်ကြီးအတွက် စေတနာဗလာဗွနဲ့ နေ့မအား ညမနား သနားစဖွယ်ကောင်းအောင် လုပ်ဆောင်နေကြရတယ်။ စစ်တပ်က ဘယ်တော့မှ ပြည်သူလူထုကို အာဏာပြန်အပ်လို့ မရဘူး။ ပြည်သူလူထုလက်ထဲ အာဏာလွှဲတာနဲ့ ပြည်တွင်းစစ်ဖြစ်မယ်။ တိုင်းရင်းသား လက်နက်ကိုင်တွေ တိုက်ကြမယ်။ ပြည်နယ်တွေ ခွဲထွက်မယ်" ဆိုသော မှားယွင်းသည့် အတွေးအခေါ်များအား စစ်တပ်ထဲတွင် ရိုက်သွင်းထားခဲ့ကြပါသည်။ ယခု ဝန်ထမ်းတွေပါ မကျန်စေရအောင် ရိုက်သွင်းထားပြန်ပါသည်။

တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းနှင့် အခြား တပ်တွင်းသင်တန်းများ ဆိုတာတွေသည်လည်း ဤကဲ့သို့ အမိုက်မှောင်တွေ သွတ်သွင်းပေးနေသော နေရာများ ဖြစ်နေပါသည်။ တပ်မတော်တွင် ဤကျောင်းများသည် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုပမာ ဖြစ်နေရပါသည်။ ခေတ်စကားနှင့် ပြောရလျှင် "စစ်တပ်ရဲ့ ချီးထုပ်" ပါ။

ယနေ့ တပ်မတော်အား ပြန်ပြီး ခွဲခြမ်းစိတ်ဖြာလိုက်လျှင် ကိုယ်ကျိုးစီးပွားနှင့် အာဏာအတွက် မူဝါဒတွေကို ချမှတ်နေသော အာဏာရှင်အိုကြီးတစ်သိုက်နှင့် အောက်ခြေက ကိုယ့်ကိုကိုယ် ငါတို့ နိုင်ငံတော်ကို ကာကွယ်နေပါတယ်ဟု ရိုးရိုးသားသားထင်ပြီး မျက်စေ့လည်ကာ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားထုကြီးကို (၂) ပိုင်း ကွဲပြားစွာ တွေ့နေရပါသည်။

အာဏာရှင်နှင့် စစ်အာဏာရှင်များ ရှိနေသရွေ့ တိုင်းပြည်နှင့် တပ်မတော်တွင် ဤကဲ့သို့ အဖြစ်ဆိုးများ ရှိနေဦးမှာပင် ဖြစ်ပါသည်။ တပ်မတော်နှင့်ပြည်သူ ရန်သူသဖွယ် ထင်ပြီး ဝေးကွာနေကြရဦးမည်။ ပြည်သူ့မေတ္တာကို ခံယူနိုင်မည့် ပြည်သူ့တပ်မတော် ပြန်ဖြစ်လာမှာမဟုတ်ပေ။ ဤအခြေအနေများကိုလည်းကောင်း၊ ဒီနေ့ နိုင်ငံနှင့် ပြည်သူလူထု၏ ဆင်းရဲမွဲတေ ဒုက္ခရောက်ပြီး နိမ့်ကျနေသော အသိအမြင်၊ အတွေးအခေါ်၊ အကျင့်စာရိတ္တများကိုလည်းကောင်း ပြန်လည်ပြီး ကောင်းမွန်တိုးတက်အောင် ထူထောင်ကြမည်ဆိုလျှင် ဤ မကောင်းဆိုးဝါး စစ်အာဏာရှင်အိုကြီးတစ်စုကို ရသည့်နည်းနှင့် ဖယ်ရှားရပါတော့မည်။ မကောင်းသော အနာ ပိုင်း ပြည်ပုတ်တွေကို ဖောက်ထုတ်သလို သုတ်သင်ပစ်ရပါတော့မည်။

စစ်အာဏာရှင်များအား ဖယ်ရှားတိုက်ထုတ်ရန် နည်းလမ်းများစွာ ရှိပါသည်။ အကောင်းဆုံးကတော့ "မတိုက်ရဘဲ အောင်ပွဲရတာ" ဖြစ်ပါသည်။ ဤအခြေအနေကို ဖန်တီးနိုင်ခွင့်သည် စစ်တပ်၏ လက်ထဲမှာပင်

ရှိပါသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ခေတ်ကလို ပြည်ပထွက်၊ စစ်ပညာသင်၊ လူသူလက်နက် စုဆောင်းဖို့ မလိုတော့ပါ။ လူအင်အား၊ လက်နက်အင်အား၊ ခဲယမ်းအင်အား အစစ တပ်ဆင်ပြီး အသင့်အနေအထား ရှိနေပါပြီ။

ကမ္ဘာနှင့် မြန်မာ့နိုင်ငံရေး အခြေအနေကလည်း ကယ်တင်ရှင်မျိုးကို လက်ခံ မျှော်လင့်နေသော အချိန် ဖြစ်ပါသည်။ ဤအချိန်အခါမျိုး အမြဲ မရနိုင်ပါ။ ငါ ကယ်ချင်လိုက်တာဆိုပြီး ကယ်ချင်တိုင်း ကယ်လို့မရပါ။ ယခု ကယ်ချင်လျှင် ကယ်နိုင်သော အခြေအနေ အခွင့်အရေး အပြည့်အဝ ရှိနေပါပြီ။ ကယ်တင်ရှင်များအတွက် ပတ်ဝန်းကျင် ရာသီဥတုက သာယာနေပါပြီ။

ခေတ်အဆက်ဆက် ဗိုလ်ကြီး ဝင်းဗိုလ်၊ ဗိုလ်မှူး ဝင်းနိုင်ကျော်၊ ဗိုလ်ကြီး အုံးကျော်မြင့် စသည်ဖြင့် လူသိတာရော မသိတာရော ပြည်သူဘက် ရပ်တည်ချင်သော စစ်သားကောင်းများ ပေါ်ထွက်ခဲ့ဖူးပါသည်။ အတွေ့အကြုံ များစွာကို သင်ခန်းစာယူပြီး တိကျလျှင်မြန် သေချာစွာ ဆောင်ရွက်ဖို့ လုံခြုံမှုရှိရှိနှင့် ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ဖို့သာ လိုပါတော့သည်။

တပ်မတော်သားများသည် တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အသက်စွန့်ဆောင်ရွက်ရန် အဓိဌာန် ပြုထားသူတွေ ဖြစ်ပါသည်။ ရှေ့တန်းတွင် ရန်သူနှင့် တိုက်ပြီး တိုက်ပွဲကျတာကို မကြောက်ကြပါ၊ ရှေ့တန်းစစ်မြေပြင် မဟုတ်သော်လည်း နောက်တန်းမှာရော တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ရင်း ကျဆုံးမှာကို ကြောက်နေဖို့ လိုပါသလား။

အခြေအနေ ဖန်တီးနိုင်ခွင့် လက်ဝယ်ရောက်ရှိနေသော တပ်မတော်မှ စီနီယာအရာရှိကြီးများ၊ ကျောင်းဆင်းဘက်များ၊ သူငယ်ချင်းများကို အထူး တိုက်တွန်းလိုပါသည်။ ပြည်သူ့သားကောင်းများ ပေါ်ထွန်းလာဖို့ လိုအပ်နေပါပြီ။ အချိန်အခါ ကျရောက်နေပါပြီ။ တပ်မတော်သား အားလုံးကို ကြည်း/ရေ/လေပါမကျန် တိုက်တွန်းလိုပါသည်။ ပြည်သူလူထုနှင့် နိုင်ငံတော်ကြီးကို စစ်အာဏာရှင်တစ်စု လက်အောက်မှ လွတ်မြောက်ရေးအတွက် ကယ်တင်စောင့်ရှောက်ဖို့ ဒီနေ့ တပ်မတော်ရဲ့ တာဝန်သာ ဖြစ်နေပပြီ။ တာဝန်ကျေဖို့ လိုနေပါပြီ။

ဤကဲ့သို့ အချိန်အခါ၊ အခွင့်အလမ်း ပြည့်ဝနေသော အခါသမယမှာ တပ်မတော်အနေနှင့် ကယ်တင်မှု မပြုခဲ့ရင် နောင် ဘယ်တော့မှ ပြည်သူလူထု၏ ရင်ခွင်ထဲ ပြန်ရောက်ဖို့ မရှိတော့ပါ။ ပြည်သူ့မေတ္တာ ခံရဖို့ မရှိတော့သလို ပြည်သူလူထုအကြား မျက်နှာငယ်နေကြရမှာ ဖြစ်ပါသည်။ တပ်မတော်၏ တရားသော စစ်ဆိုသည်မှာလည်း ရှိတော့မှာ မဟုတ်ပါ။ တပ်မတော်အနေနှင့် ကိုယ့်ရဲ့ ရည်ရွယ်ချက်က ဘာဆိုတာတောင် သိနိုင်ကြတော့မှာ မဟုတ်ပါ။ ပြည်သူလူထုမရှိဘဲ တပ်မတော် မရှိနိုင်လို့ ဖြစ်ပါသည်။ ပြည်သူလူထု၏ ထောက်ခံချက်၊ အားပေးမှုများ မရှိဘဲ အောင်ပွဲမဆင်နိုင်လို့ပဲ ဖြစ်ပါသည်။ တိုင်းပြည်တစ်ခုတွင် ပြည်သူလူထုသာ ပဓာနကျပါသည်။ ပြည်သူလူထုသည် တပ်မတော်သားများ၏ အမိအဖများလည်း ဖြစ်ပါသည်။ ပြည်သူလူထု၏ သားသမီးတွေကပဲ တပ်မတော်သားတွေ၊ ဝန်ထမ်းတွေ ဖြစ်လာကြသည် မဟုတ်ပါလား။

"စစ်အောင်ရာသော အကြောင်းကြီးများ" မှာ ပြည်သူလူထု၏ ပါဝင်ထောက်ခံအားပေးမှု ပါဝင်နေကြောင်း တပ်မတော်သားတိုင်း သိနားလည်ကြပါသည်။ "ပြည်သူလူထုကို ရေလို လလို" ဆက်ဆံရမယ် ဆိုတာပဲ ရှိပါသည်။ စစ်သည်တော်ကျင့်ဝတ် (၆၀) ထဲက ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်ကိုလည်း လက်တွေ့ကျင့်နိုင်ကြဖို့ လိုအပ်ပါသည်။ အကြီးအကဲအပေါ် တော်တည့်မှန်ကန်စွာ သစ္စာစောင့်ဖို့ပဲ ပါပါသည်။ တော်တည့်မှန်ကန်စွာဆိုပြီး ထည့်ရေးထားခြင်းသည် အလွန်အဓိပ္ပါယ်ရှိပါသည်။ အမြဲ သစ္စာရှိရမယ်ဟု မဆိုလိုပါ။ အကြီးအကဲသည် ဖောက်လွဲဖောက်ပြန် ပြုလာလျှင် ဒါကိုတော့ သစ္စာစောင့်နေရမယ်ဟု မဆိုလိုထားပါ။ အခု စစ်အာဏာရှင်အိုကြီးများ တိုင်းပြည်နှင့် ပြည်သူလူထု အပေါ် ဖောက်လွဲဖောက်ပြန် ပြုနေခဲ့ကြသော အခြေအနေမှာ တပ်မတော်သည် ပြည်သူလူထုနှင့် တိုင်းပြည်အပေါ်ကိုသာ သစ္စာထားရမည့် အချိန်ဖြစ်ကြောင်း တပ်မတော်သားတိုင်း သိရှိနားလည်ထားရပါမည်။

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

ပြည်သူလူထုနှင့် တိုင်းပြည်ကို သစ္စာထားပြီး ကယ်တင်စောင့်ရှောက်ရန်မှာ ကြည်း/ရေ/လေ တပ်မတော်သားအပေါင်း၏ တာဝန် ဖြစ်နေပါပြီ။ တပ်မတော်မှာ လုံးဝ တာဝန်ရှိနေကြောင်း ထပ်မံအသိပေး တိုက်တွန်းလိုက်ပါသည်။ ကြည်း/ရေ/လေ တပ်မတော်သားအားလုံး "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဆောင်ပုဒ်ကို ကိုင်ပြီး ပြည်သူ့မေတ္တာ ခံယူမည့် သားကောင်းများဘဝကို ပြန်လည် ခံယူနိုင်ကြပါစေ။ ❑

# တပ်မတော်ပြုပြင်ပြောင်းလဲရေး

**Lt.comet**
(ရှုရှားပြန် တပ်မတော်အရာရှိတစ်ဦး)

အောက်ခြေစစ်သားများဆိုသော အသုံးအနှုန်းက ဗိုလ်မှစ၍ ရဲဘော်အထိ ပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ကြီး ဖြစ်သွားပါက ဗိုလ်ကြီးများမှာ တပ်ရင်း၏ ဦး၊ ရေး၊ ထောက် (စစ်ဆင်ရေး၊ အုပ်ချုပ်မှုနဲ့ သက်ဆိုင်သော စစ်ရေးနဲ့ စစ်ထောက်ကိစ္စရပ်များ) စသည်များကို ကိုင်တွယ်ဖြေရှင်းရသော အရာရှိများဖြစ်သည့် အားလျော်စွာ အချို့အရာရှိများမှာ လာဘ်စားမှုများကိုပါ ပူးပေါင်းပါဝင်၍ ကြံစည်ကြရသော အရာရှိများအဖြစ်သို့ ရောက်ရှိသွားပြီး ၎င်းတို့သည်လည်း မိမိ၏ အိတ်ကဒ်ထဲသို့သာ ထည့်သောသူများ ဘဝသို့ ရောက်ရှိသွားပါတော့သည်။

ကျွန်တော်တို့နိုင်ငံရှိ စစ်သည် (စစ်သည်ဆိုသည်မှာ ဗိုလ်ချုပ်မှူးကြီးမှ ရဲဘော်အထိ သုံးနှုန်းသော စစ်သုံးစကား ဖြစ်ပါသည်) အင်အားမှာ ၄ သိန်း ရှိသည်ဟု အများပြည်သူတွေကို ကြေငြာထားသော်လည်း ကက(ကြည်း)တွင် အမှန်တကယ်ရှိသော စစ်သည်အင်အားမှာ ၂ သိန်းကျော်မျှသာ ရှိကြောင်း သိရပါသည်။ ထို့အပြင် အမှန်တကယ် မြေပြင်(တပ်ရင်း)တွင်ရှိသော အင်အားမှာ ၂ သိန်းပင် မပြည့်ပါ။

အဘယ်သို့သော အကြောင်းကြောင့် ကက(ကြည်း)စာရင်းတွင် ၂ သိန်း ရှိသည်ဟု ဖော်ပြထားသနည်းဆိုသော် အောက်ခြေ တပ်ရင်းများသည် မိမိတပ်ရင်းအတွင်း၌ ရဲဘော်များ ထွက်ပြေးမှုများကို ချက်ချင်း အကြောင်းမကြားဘဲ ရဲဘော်များ၏ လစာများကို တပ်ရင်းမှူးများထံသို့ ဆက်သကြရသောကြောင့် စစ်သည်အင်အား ထိုသို့ ကွာဟချက်များ ဖြစ်ပေါ်လာရပါသည်။ ထို့အပြင် တပ်ရင်းတစ်ရင်း၌ ရှိရမည့် ဖွဲ့စည်းပုံ **(W.E)** အရ အင်အားမှာ ၇၀၀ ဦးခန့် ရှိရမည်ဆိုသော်လည်း အခု လတ်တလောရှိသော အင်အားမှာ ၁၅၀ ဦး ရှိသော တပ်ရင်း ၅၀ ရင်းခန့် ရှိမည်ဆိုလျှင်ပင် အတော်ကလေး ကံကောင်းသော တပ်ရင်းများဟု ပြောရမလို ဖြစ်နေပါ သည်။ တပ်ရင်းမှူးများသည်လည်း မိမိအိတ်ကဒ်ထဲသို့ ထည့်လိုက်ရသော ငွေများမှာ ကြာရှည်မခံပါ။ အဘယ်ကြောင့်ဆိုသော တပ်မတခု၏ လက်အောက်၌ တပ်ရင်း ၁၀ ရင်းရှိပါသည်။

တပ်ရင်းမှူးများသည် တပ်မမှူး၏ အိမ်သို့ တစ်လလျှင် ဆန် ၁ အိတ်နှင့် ဆီပုံး ၁ ပုံး ပုံမှန် ပေးကြရပါသည်။ ဤသည်ကား ပုံမှန် ဆက်သရသော ဆက်သမှုမျိုးဖြစ်ပြီး စစ်ဆင်ရေးကာလများ၌ တပ်မမှူးထံသို့ သွားရောက်ကာ ကြေးကြီး ဆက်သမှုမျိုးလည်း ပြုလုပ်ကြရပြန်ပါသည်။ ထိုသို့ပြုလုပ်ခြင်းများ မရှိပါက ယင်းတပ်ရင်းသည် ဆိုးသွမ်းလှသော စစ်ဆင်ရေးနယ်မြေသို့ ရောက်ရှိသွားရပါသည်။

တချို့သော တပ်ရင်းမှူးများမှာ မိမိရဲဘော်များအား သနားချင်သယောင် ရှိသော်လည်း တကယ့်လက်တွေ့တွင်မူ မိမိ၏အသက်နှင့် မိမိ၏ စည်းစိမ်များ ရာထူးအာဏာများ ဆက်လက် ရှင်သန်ရန်အတွက် တပ်ရင်း စာရင်းဇယားများထဲမှ ငွေများကို အသုံးပြု၍ တပ်မမှူးများကို ဆက်သနေကြရပါသည်။ တပ်ရင်းမှူးများသည် ဤကဲ့သို့သော ဆက်သမှုမျိုးကို ပြုလုပ်ကြ

သကဲ့သို့ တပ်မမှူးများသည်လည်း တိုင်းမှူးများနှင့် အထက်ဗိုလ်ချုပ်ကြီးများထံသို့ အလားတူ ဆက်သမှုမျိုး များကို ပြုလုပ်ကြရပါသည်။ ထို့အတူ အချို့တပ်ရင်းမှူး များသည် တပ်မမှူးများနှင့် သင်တန်းတစ်ပတ်စဉ်တည်း ဆင်းများ ဖြစ်နေပါက ၎င်းတပ်ရင်းသည် မည့်သည့်ကိစ္စ ကိုမှ ဂရုမစိုက်ဘဲ ယင်းတပ်ရင်းမှူး အိတ်ကဒ်ထဲသို့သာ ငွေများ ဝင်သွားသည့် ဘဝသို့ ရောက်ရပြန်ပါသည်။

ထိုတပ်ရင်းများတွင် ရှိသော ရဲဘော်များမှာ ကား သနားစရာအကောင်းဆုံးဘဝ ဖြစ်ကြရပါသည်။ ရဲဘော်များသည် သူတို့၏ စိတ်ထဲတွင် စွဲနေသော ခံယူ ချက်တစ်ခုမှာ ထမင်းစား သစ္စာဆိုရာတွင် ပါဝင်သော အချက်ပင်ဖြစ်ပါသည်။ ယင်းအချက်မှာ "နိုင်ငံတော်မှ ကျွေးသော ထမင်းကို စား၍ နိုင်ငံတော်၏သစ္စာကို စောင့် သိရှိသေပါမည်" ဆိုသော အချက်ပင်ဖြစ်ပါသည်။ ရဲဘော်များ၏ စိတ်ထဲတွင်ရှိသော အချက်မှာ တပ်မတော်မှ သူတို့ကို ထမင်းကျွေးထားသည် ဆိုသည့် စကားရပ်ပင် ဖြစ်ပါသည်။ တပ်မတော်မှ ထမင်းကျွေး ထားသောကြောင့် အထက်အကြီးအကဲများ ခိုင်းသော ကိစ္စဟူသမျှကို မငြင်းပယ်ဘဲ အရာအားလုံး လုပ်ပေး သော ရဲဘော်များ၏ ဘဝမှာ တကယ်ပင် သနားစရာ ကောင်းလှပါသည်။

တပ်မတော်အတွင်း၌ ပြည်သူများကို ပြောဆို ရာတွင် ကျင့်ဝတ် ၆၀ ကို အခြေခံပြီး ပြောဆိုကြသော ကြောင့် ပြည်သူအများမှာ အထင်ကြီးကြပေမယ့် ကျင့်ဝတ်ဆိုသော စာပုဒ်များသည် စာထဲ၌သာရှိပြီး အပြင်ဘဝတွင် ထိုမှုကို မှုအနေနဲ့သာထား၍ လူတွေက လုပ်ချင်ရာကိုသာ လုပ်နေကြသော စစ်တပ်၏ သဘောတရားများကို အများပြည်သူ သိရှိစေရန် ရေးသားလိုက်ရပါသည်။

ပြည်သူလူထုအပေါ်တွင် မဆိုထားနဲ့ ရဲဘော် ရဲဘက်များအပေါ်တောင် အမြီးကျက် အမြီးစား၊ ခေါင်း ကျက် ခေါင်းစား၊ နိုင်ထက်စီးနင်း အတောမသတ်နိုင်တဲ့ လောဘရှင် စစ်အာဏာရူးတွေ ခေါင်းဆောင်နေသော ဒီ မြန်မာနိုင်ငံကတော့ နလံမထူနိုင်တာ ဘာမှမဆန်းပါ။ ဒီ စစ်ခေါင်းဆောင်တွေ အကြောက်ဆုံးကလည်း တပ် အတွင်းက လူတွေ ဘက်ပြောင်းမှာကိုသာဖြစ်လို့ အင်န်အယ်ဒီ ဗိုလ်ကြီး ဝင်းထိန်ကိုတောင် ပြန်မလွှတ် ရဲဘဲ ပြန်ဆွဲလိုက် တာကိုက သက်သေပြလိုက်ပါသည်။

မြွေမြွေချင်း ခြေမြင် ဆိုသလို ဖောက်ပြန်နေ သော နအဖအကြောင်းကို တပ်မတော်သားများအားလုံး သိရှိနားလည်ပြီး ဖြစ်၍ ပြည်သူလူထုနဲ့ ပူးပေါင်းကာ စစ်အာဏာရှင်စနစ်ကို အမြစ်မကျန်အောင် ဖြိုခွင်းကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ တဆက်ထဲမှာပင် တပ်အတွင်းကို စည်းရုံးလှုပ်ရှားကြပါရန်နှင့် ဘက်ပြောင်း လာသော တပ်မတော်သားများကို လက်ကမ်း ကြိုဆိုကြ ပါရန် ဒီမိုကရေစီဘက်တော်သားများအား မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။ ❑

# ရုရှားသို့ပညာတော်သင်

**သိုးထိန်း**
(တပ်မတော် အရာရှိတစ်ဦး)

သာမာန် စစ်ဗိုလ်တစ်ယောက် အနေနဲ့ နိုင်ငံခြားသို့ ပညာတော်သင် သွားရောက်ဖို့ရာမှာ မဆလ စစ်အာဏာရှင်ခေတ် ကာလက ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံနဲ့ အဆင်ပြေခဲ့စဉ်က အမေရိကန်နိုင်ငံသို့ သင်တန်းသွားတက် ရဖို့ကို အရာရှိ တော်တော်များများက ကျားကုပ်ကျားခဲ ကြိုးစားသင်ယူ ဖြေဆိုခဲ့ကြရပြီး ရှားရှားပါးပါး ရွေးချယ် ခံရကာ ဗမာ့တပ်မတော်တစ်ခုလုံးအနေနဲ့ ဦးရေ အနည်းငယ်သာ စေလွှတ်ခဲ့ရပါတယ်။ မိမိ သိရသလောက် ဗိုလ်မှူးအဆင့်ရှိ အရာရှိ သုံးဦး (ဗိုလ်မှူး ကက်စိန်၊ ဗိုလ်မှူး သန်း အောင်နဲ့ ဗိုလ်မှူး မြငြိမ်း) တို့သာ ရွေးချယ်ခံရကာ ခက်ခက်ခဲခဲ သွားရောက်ခဲ့ရတယ်လို့ သိရှိရပါ တယ်။



*မြန်မာ့တပ်မတော်မှ အရာရှိများ သွားရောက်သင်ကြားနေတဲ့ ကျောင်းများအနက် တခုအပါအဝင်ဖြစ်တဲ့ MEPIH ကျောင်း*

၁၉၈၈ နောက်ပိုင်းမှာ တရုတ်နိုင်ငံသို့ ပညာတော်သင်သွားခဲ့သော တပ်မတော် အရာရှိများ ရှိခဲ့သော်လည်း ညွှန်ကြားရေးမှူး ရုံးများနှင့် ပညာသည် တပ်ဖွဲ့များသာ (ဥပမာ – တင့်ကား၊ သံချပ်ကာ၊ အမြောက်၊ ဆက်သွယ်ရေး၊ ရေတပ်၊ လေတပ် စတဲ့ တပ်များမှ အရာရှိများသာ) သွားရောက်ခဲ့ရပြီး သာမန် ခြေလျင်တပ်က အရာရှိများအဖို့ အခွင့်အလမ်း နည်းပါးသေးကြောင်း တွေ့ရပါတယ်။ သို့ရာတွင် ရုရှားနိုင်ငံသို့ သွားရောက်ပညာတော်သင်ရမည့် အစီအစဉ် စတင်ချိန်မှာတော့ စစ်တက္ကသိုလ် ကျောင်းဆင်းချိန်မှစပြီး သာမန် ခြေလျင်တပ်မှာ တာဝန် ထမ်းဆောင်ဖို့ မလိုတော့ဘဲ အရာရှိ ထောင်နဲ့ချီကာ နိုင်ငံခြားသို့ ဆက်လက် ပညာဆည်းပူးနိုင်ရန် သွားရောက်ခွင့် အခြေအနေ ရှိလာပါတယ်။

ပညာတော်သင် အရာရှိတစ်ဦးရဲ့ လစာကို ဒေါ်လာငွေ ဖြင့် ပေးသလို အဆင့်မြင့် နည်းပညာ အပါ

အဝင် နျူကလီးယား ပညာရပ်ထိ သင်ယူဖို့ရှိတာမို့ တပ်မတော် အရာရှိတိုင်း လှုပ်လှုပ်ရွရွနဲ့ စိတ်ကူးယဉ်ခဲ့ကြပေမယ့် လစာငွေတွေ ပြည်တွင်းမှာ ရတ်တရက် အဆပေါင်းများစွာ တိုးပေးလိုက်မှုကြောင့် လက်တွေ့နယ်ပယ်မှာ နိုင်ငံခြား ပညာ တော်သင်တွေဟာ မှန်းချက်နဲ့ နှမ်းထွက်မကိုက် ဖြစ်ခဲ့ရကြောင်း သိခဲ့ရပါတယ်။

ဒ့်ါအပြင် ဆောင်းပါးရှင် တပ်မတော်အရာရှိ သိုးထိန်းက ရုရှားသို့ သွားရောက် ပညာသင်ကြားသူများမှာ စောစီးစွာ ချောင်ထိုးခံရသူများ၊ အစတေးခံရသူများ ဖြစ်သွားရပုံတွေ၊ ရုရှားပညာတော်သင်အဖွဲ့တွင် လူကြီးသားသမီးများ ပါဝင်မလာရခြင်းအတွက် အံ့သြဖွယ်ရာ တွေ့ရှိရပုံတွေ၊ ရုရှား ပညာတော်သင် သွားသူများမှာ ကျီးလန့်စာစားနှင့် နေထိုင်ပြီး ပညာသင်ယူနေကြပုံတွေ၊ စစ်အာဏာရှင်တွေဟာ ရုရှားမှာ နျူကလီးယား ပညာရပ်ကို သွားသင်ခိုင်းပြီး ကမ္ဘာမှာ Super Power နိုင်ငံတစ်ခုဖြစ်ဖို့ ဖြတ်လမ်းကနေ ကြံစည်နေမှုအား သုံးသပ်ထားပုံတွေကို တင်ပြလိုက်ပါတယ်။ ရုရှားရောက် ညီတော် အရာရှိများအတွက် အမှတ်တရ တင်ဆက်လိုက်ကြောင်းနဲ့ တိုင်းပြည်ကို တကယ်ချစ်ကြစေလိုကြောင်း ဆောင်းပါးရှင်မှ ဆန္ဒပြုရင်း "စည်းလုံးခြင်းရဲ့အင်အား" တွင် ပေးပို့ရေးသားထားခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်တက္ကသိုလ်တက်နေစဉ် အတွင်းမှာပဲ "ရုရှားသို့ ပညာတော်သင်သွားခြင်း" ဆိုတဲ့ ဝေါဟာရတစ်ခုဟာ အတော်လေးကို ခေတ်စားလာခဲ့ပါတယ်။ ကိုယ့်ရဲ့ ဘယ် Guardian ကဖြင့် ရုရှားကို ရောက်သွားပြီ၊ ဘယ်သူကဖြင့် သွားရတော့မည် စသဖြင့် အားကျစဖွယ် ကြားသိခဲ့ရ ပြောပြကြရင်း အထင်ကြီးခဲ့ကြရပါသည်။

ထိုစဉ်တုန်းက ရုရှားသို့ ပညာတော်သင်သွားဖို့အရေးကို အတော်ပင် မျှော်လင့်ခဲ့မိကြပါသည်။ အတော်လည်း ရူးသွပ်မိသည်။ ၎င်းအတွက်ပင် စာကိုလည်း ပိုကြိုးစားမိသည်ဟု ထင်သည်။ ကျွန်တော်တို့ အတွေးများတွင်တော့ စစ်ဗိုလ်ဘဝနှင့် နိုင်ငံခြား ပညာတော်သင် သွားရပါက အဘယ်မျှ ဂုဏ်ယူစရာ ကောင်းလှမည်နည်းပေါ့။ (တကယ်တမ်း ထိုသူများမှာ စစ်တပ်တွင် စောစီးစွာ ချောင်ထိုးခံရမည့်သူများ အစတေးခံများ ဖြစ်ကြောင်း ထိုစဉ်က မည်သူမျှ မရိပ်မိကြသေးပါ)။

တကယ်လည်း ရုရှား ပညာတော်သင် သွားရမည့် အခွင့်အရေးအား ကျွန်တော်တို့ ရရှိခဲ့ပါသည်။ ထူးခြား သည်က ယခင်က ရုရှားသို့ ရောက်ရှိသွားသော အဖွဲ့များသည် ရုရှား အခြေခံ ဘာသာစကားကို သင်ကြားရခြင်းမရှိဘဲ ရုရှားနိုင်ငံသို့ တိုက်ရိုက် ထွက်ခွာရပါသည်။ ထို့အတွက် ရုရှားတွင် ဘာသာစကား အခက်အခဲကြောင့် သင်ခန်းစာများ သင်ယူရာတွင် အခက်အခဲများ ရှိလာသည့်အတွက် နောက်ပိုင်းတွင် ရုရှားသို့ ပညာတော်သင် သွားရန် ရွေးချယ်ထားသည့် သူများအား ရှေးဦးစွာ ပြင်ဦးလွင်တွင် ရုရှားဘာသာစကားကို (၇) လခန့် ကြိုတင် သင်ကြားကြရပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ရုရှား ပညာတော်သင် သွားရမည့် အသုတ်သည်လည်း ပြင်ဦးလွင် (စစ်တက္ကသိုလ် စာပေ – ၂) ၌ ရုရှားဘာသာစကားအား (၇) လ သင်ကြားခဲ့ရပါသည်။ ကျွန်တော် တက်ခဲ့ရသော သင်တန်းများတွင် အဆိုပါ ရုရှားဘာသာစကား သင်တန်းသည် အတော်ပင် ပျော်ရွှင်စရာကောင်းသော စိတ်ချမ်းမြေ့စရာကောင်းသော အလွန်တရာ သက်တောင့်သက်သာရှိသော သင်တန်းဟု ဆိုရပေမည်။

ရုရှဘာသာစကား သင်တန်း၏ တစ်နေ့တာ ဖြတ်သန်းမှုလေးကို တင်ပြပါအုံးမည်။ ကျွန်တော်တို့ အနေဖြင့် အိပ်ယာထချိန် သီးသန့် သတ်မှတ်ထားခြင်း မရှိခဲ့ပါ။ မနက် (၈) နာရီ စာသင်ခန်းသို့ ရောက်လျှင် ရပါပြီ။ (၈) နာရီမှ (၁၁) နာရီအထိ စာသင်ပြီးလျှင် ထမင်းစားဖို့ရာ စားရိပ်သာသို့ ပြန်ရပါသည်။ ထမင်းစား သောက်ရန်အတွက် (၁) နာရီ အချိန်ပေးပါသည်။ ထမင်း စားရာတွင် ထူးခြားသည်က စစ်တပ်၏ ဘယ်သင်တန်း ကျောင်းတွင်မှ မကြုံခဲ့ရသော "ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန်" နှင့် ကြက်သားဆိုလျှင် ပေါင်ဆို ပေါင်၊ ရင်အုပ်ဆို ရင်အုပ်၊ အတော့်ကို ကောင်းကောင်းမွန်မွန်ဖြင့် ကျွေးပါသည်။ ပန်းကန်ဆိုလျှင်လည်း ကြွေပန်းကန်နှင့်

ဖွန်း၊ ခက်ရင်းနှင့် စမတ်ကျကျကို စားသောက်ကြရပါသည်။

ထမင်းစားသောက်ပြီးသည်နှင့် စာသင်ဆောင်သို့ ပြန်၊ (၁၂) နာရီမှ (၂) နာရီ အချိန်ထိ စာဆက်သင်၊ ပြီးလျှင် တန်းဖြုတ်၊ ကျန်သည့်အချိန်က ကိုယ့်အချိန်ဖြစ်သည်။ ပြင်ဦးလွင်မြို့ထဲပဲ လျှောက်လည်မလား၊ မန္တလေးသို့ပဲ အရေးပေါ် သွားလည်မည်လား၊ လွတ်လပ်စွာပင် သွားလာနိုင်ပါသည်။ သောကြာနေ့မျိုး ဆိုလျှင် လားရှိုး၊ မူဆယ် တက်ပြီး ဆိုင်ကယ် "ကယ်ရီ" ချချင်ချ၊ တနင်္လာနေ့ မနက် (၈) နာရီ ပြန်ရောက်လျှင် ရပြီဖြစ်သည်။ ယခု ရုရှားဘာသာစကား သင်တန်းတွင် ဆိုင်ကယ်စီးခွင့် မရှိတော့ဟု ကြားသိရပါသည်။ ကျွန်တော် သင်တန်းတက်စဉ်က ဆိုင်ကယ်စီးခွင့် ရပါသည်။ ထို့ကြောင့် ရုရှားဘာသာ စကားသင်တန်း တစ်နေ့တာ ဖြတ်သန်းမှုများသည် လက်ရှိ အခြေအနေ အချိန်အခါနှင့် အနည်းငယ် ကွာခြားကောင်း ကွာခြားနိုင်ပါသည်။

ဒီကြားထဲ ကိုယ့်ဆရာမနှင့်ပိုင်လျှင် ခွင့်တိုင်ပြီး တနင်္လာ၊ အင်္ဂါ စာသင်ချိန်များကို ဖျက်ကာ ရန်ကုန်–တောင်ကြီး ခရီးကို အလည်အပတ်ပင် ထွက်နိုင်ချေပေသည်။ ၎င်းကဲ့သို့ ခွင့်တိုင်ရာတွင် နားလည်မှုနှင့်ဖြစ်သည်။ စာသင်ချိန် လူ ရှိ/မရှိအား ကျောင်းရုံးမှ တိုက်ရိုက်စစ်ဆေးခြင်း မရှိပါ။ ဆရာမများမှ ပျက်ကွက်စာရင်း တင်မှသာ အရေးယူခြင်းဖြစ်၍ ကိုယ့်ဆရာမနှင့်သာ ကိုယ်ပိုင်နိုင်ပါက လုပ်ချင်ရာလုပ် ဖြစ်သည်။ မိမိတို့အနေနှင့် ရုရှားသွားမည့်ရက်ကိုသာ သက်တောင့်သက်သာ လက်ချိုးပြီး စောင့်နေရုံ ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ရုရှားသို့ ပညာတော်သင် သွားရခြင်းသည် အခွင့်အရေးတစ်ရပ် ဟုတ်၏/ မဟုတ်၏ကို စတင် သံသယဝင်လာခဲ့ရသည်။

ရုရှားမှ ပြန်လာလျှင်ရော ငါတို့ရဲ့ အရာရှိဘဝကို ဘယ်လို ဖြတ်သန်းရမည်နည်း၊ မသေချာ/ မရေရာမှုများစွာနှင့် ကျွန်တော်တို့ အဲဒီကာလကို ဖြတ်သန်းခဲ့ကြရပါသည်။

၎င်းသံသယများကို ပိုပြီး ခိုင်လုံသွားစေသည့် အချက်မှာ ကျွန်တော်တို့ ရုရှားဘာသာစကား သင်ယူနေစဉ်အတွင်း ရုရှားမှ နောင်တော်ကြီးများ ပြန်ရောက်လာသည်နှင့် ကြုံခဲ့ရပါသည်။ ၎င်းနှင့်တပြိုင်နက် "သိပ္ပံနှင့် သုတေသနတပ်"အား ဖွဲ့စည်းလိုက်ကာ ရုရှားမှ ပြန်ရောက်လာသော အရာရှိများအား ၎င်းတပ်အတွင်းသို့ သွတ်သွင်းလိုက်ပါတော့သည်။ ရုရှားပြန် အရာရှိများကို ၎င်းတို့၏ မိခင်တပ်ရင်းများဖြစ်သော ခြေလျင်၊ ခြေမြန်နှင့် လက်ရုံးတပ်များသို့ ပို့ဆောင်ခြင်း မရှိတော့ပါ။

၎င်းတို့သည် တပ်မတော်မှ စောစီးစွာ အရပ်ဘက်သို့ အပို့ခံရသော အရာရှိငယ်များဘဝသို့ ရောက်ခြင်းမလှ ရောက်ခဲ့ရပါတော့သည်။ အသုံးချခံ၊ အစတေးခံ ဘဝများသို့ ရောက်ရှိခဲ့ကြရပါတော့သည်။ ထိုအချိန်ကျမှ သဘောပေါက်သည်။ ဆက်လက် ဖတ်ရှုကြပါကုန်။

သို့ရာတွင် ထူးခြားသည်ကား ၎င်း ရုရှားပညာတော်သင် အဖွဲ့များတွင် လူကြီးသားသမီးများ ပါဝင်မလာခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ငမ်းငမ်းတက် သွားချင်လှသော ရုရှားအား အဘယ်ကြောင့် လူကြီးသားသမီးများ မသွားချင်ရသနည်း၊ နောက်ကွယ်မှာ ဘာတွေ မြုပ်ကွက်ရှိနေသနည်း။ မေးခွန်းပေါင်းများစွာ မေးစရာ ဖြစ်လာပါသည်။ လူကြီးသားသမီး ဆိုသူများသည် ငါတို့ကို ခိုင်းဖို့၊ ဂုတ်ခွစီးဖို့ အာဏာပိုင်နေရာများဆီသို့ ချီတက်သွားကြပြီဆိုတာ အခုတော့ အတိအကျ သိရှိခဲ့ရပါပြီ။ ❑

# တိုင်းပြည်အပေါ် တကယ်ချစ်ကြပါ

**သိုးထိန်း**
(တပ်မတော် အရာရှိတစ်ဦး)

စစ်အာဏာရှင်များသည် "အရာရှိများ ရုရှား ရောက်သွားပြန်တော့လည်း ၎င်းတို့၏ လုံခြုံရေးကို ကာကွယ်ပေးမှု၊ တာဝန်ယူမှု တစ်ခုမှမရှိခဲ့ပါ။ ရုရှားတွင် ဂတုံးဂိုဏ်းဟု ခေါ်သော လူမိုက်ဂိုဏ်းများ အလွန် ခေတ်စားသည်။ ရုရှား ပညာတော်သင်သွားသူများမှာ ကျီးလန့်စာစားနှင့် နေထိုင်ပြီး ပညာသင်ယူနေကြရသည်။ အဘယ်မျှ ဆိုးသနည်းဆိုလျှင် ရုရှားသို့ PHD သွားတက်နေသည့် ဒုဗိုလ်မှူးကြီးတစ်ယောက်ကိုပင် ထိုဂတုံးဂိုဏ်းမှ ရိုက်လိုက်၍ ဆေးရုံပင် တက်လိုက်ရသေးသည်။ ထိုသို့ အဖိနှိပ်ခံ၊ အနှိပ်စက်ခံနေရသည်ကို ရုရှားအစိုးရမှ သော်လည်းကောင်း၊ မြန်မာအစိုးရမှသော်လည်းကောင်း ကာကွယ်ပေးမှု တစုံတရာ မရှိခဲ့ပါ။ ဒါကို ရုရှားရောက်နေသော အရာရှိများ အသိဆုံး ဖြစ်ပေလိမ့်မည်။

ရုရှားရောက် အရာရှိများအနေနှင့် "ဘာမှ မဖြစ်ပါဘူး၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်လုပ်တာပဲ၊ အနစ်နာခံနိုင်ရမှာပေါ့" လို့ ပြောမယ့်သူများ ရှိလာလျှင်လည်း ၎င်းအတွေးအခေါ်များကို မှန်မမှန် ပြန်လည် ဆင်ခြင်သုံးသပ်ကြစေချင်ပါသည်။

"ငါတို့ ဒီနျူကလီးယားပညာရပ်ကို သင်ကြားနေရတာ ဘာအကျိုးအမြတ်အတွက်လဲ?"

"လျှပ်စစ်မီး ဖောဖောသီသီ သုံးနိုင်အောင်လို့လား?"

"နျူကလီးယား လက်နက်တွေထုတ်ပြီး ကမ္ဘာ့ Super Power နိုင်ငံတစ်ခု ဖြစ်ချင်လို့လား"

လျှပ်စစ်မီး ထုတ်လုပ်ဖို့ဆိုရင်တော့ သူများနိုင်ငံသွားပြီး နျူကလီးယားပညာရပ်ကို သွားသင်နေစရာ မလိုပါ။ ကိုယ့်နိုင်ငံမှာထွက်တဲ့ သဘာဝဓါတ်ငွေ့တောင် နှစ်ပေါင်း ၂၀၀ လောက် လျှပ်စစ်မီးပေးလို့ ရပါသည်။ အဲဒီသယံဇာတတွေကိုတော့ တခြားနိုင်ငံတွေကို ရောင်းပြီး နျူကလီးယားပညာရပ်က လျှပ်စစ်မီးအတွက် စက်မှုထွန်းကားဖို့အတွက် သွားသင်နေရတာပါ ဆိုရင်တော့ ဒါ အကြောင်းပြချက်သက်သက်သာ ဖြစ်နေပါလိမ့်မည်။ လုံးဝ မခိုင်လုံပါ။ လက်မခံနိုင်ပါ။

ဒါဖြင့် ဘာကြောင့် ရုရှားကို နျူကလီးယားပညာရပ် သွားသင်နေရတာလဲ? ရိုးရိုးလေး စဉ်းစားကြည့်ပါ။ ကမ္ဘာမှာ Super Power နိုင်ငံတစ်ခုဖြစ်ဖို့ ဖြတ်လမ်းကနေ ကြံနေတာကို တွေ့ရပါလိမ့်မည်။ "ခင်ဗျားက ကိုယ့်နိုင်ငံ Super Power ဖြစ်တာ နျူကလီးယား ပိုင်ဆိုင်တာကို ဂုဏ်မယူဘူးလား? မရချင်ဘူးလား? " လို့ ကျွန်တော့်ကို မေးပါ၊ ကျွန်တော်ကလည်း ပြန်ဖြေပါမည်။ "သိပ်ကို ဖြစ်ချင်တာပေါ့၊ နျူကလီးယား လက်နက် သိပ်ကို ပိုင်ချင်တာပေါ့"လို့ ပြန်ဖြေရပေလိမ့်မည်။

ဒါပေမယ့် အခြေအနေ အချိန်အခါတွေက သိပ်ကို စောလွန်းနေပါသည်။ အဲ့ဒီလို နျူကလီးယား လက်နက်တွေ ထုတ်လုပ်ဖို့အတွက် မြန်မာပြည်မှာ

စီးပွားရေး အဆောက်အအုံတွေ ခိုင်မာနေပြီလား? နိုင်ငံခြား ဝင်ငွေတွေ ဒလဟော ရနေပြီလား? ပြည်တွင်းကုန်ထုတ်လုပ်မှု စွမ်းအားတွေ သိပ်ကို မြင့်မားနေပြီလား? မြန်မာပြည်သူတွေရဲ့ တစ်ဦးချင်း ဝင်ငွေတွေ မြင့်မားခိုင်မာနေပြီလား? ဒါတွေကို ပြန်လည် သုံးသပ်ရပါမည်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေကြည့်ကြစမ်းစေချင်ပါသည်။

အဲ့ဒါတွေ မပြီးပြည့်စုံဘဲနဲ့ နျူကလီးယား လက်နက်ကိုချည်း ထုတ်ဖို့ ကြိုးစားနေမယ်ဆိုရင် မြန်မာပြည်သူတွေ ဆင်းရဲတွင်း နက်သထက် နက်သွားလိမ့်မည်မှာ လူပြိန်းတောင် သိနေပါသည်။ ပြည်သူ့ဘဏ္ဍာတွေ အကုန်လုံး အဲဒီနျူကလီးယား စီမံကိန်းထဲမှာ နစ်မြုပ်သွားမှာ အသေအချာပင် ဖြစ်ပါသည်။

နောက်တစ်ခုက ပြင်ပကမ္ဘာနဲ့ အဆက်ပြတ်ပြီး မြန်မာပြည်ကြီး အထီးကျန်ဆန်သွားမှာ သမိုင်းဗီလိန် ဖြစ်သွားမှာကိုရော မစိုးရိမ်ကြဘူးလားဟု မေးစမ်းချင်ပါသည်။ တကယ့်ကို တိုင်းပြည်အပေါ် ချစ်ကြစမ်းစေချင်ပါသည်။ တခြားမကြည့်နဲ့၊ မြောက်ကိုရီးယားကိုပဲ ကြည့်ပါ။ နျူကလီယားလက်နက်တွေ ပိုင်ဆိုင်ပြီလို့ ကြွေးကြော်ပြီး ကမ္ဘာမှာ လူမိုက်ကြီးလုပ်ဖို့ ကြိုးစားနေသည်။ တကယ်လည်း မြောက်ကိုရီးယားကို အတိုင်းအတာတစ်ခုထိ ကမ္ဘာက စောင့်ကြည့် သတိထားလာရတဲ့ အဆင့်ကို ရောက်လာပါသည်။

သို့သော် မြောက်ကိုရီးယား ပြည်သူတွေကို ကြည့်လိုက်ကြပါ။ ဆင်းရဲငတ်ပြတ်ပြီး ငတ်သေတဲ့ လူတွေတောင် ရှိနေကြရပါသည်။ နိုင်ငံက နျူကလီးယား လက်နက် ပိုင်သော်လည်း ပြည်သူတွေက အဲ့ဒီ နျူကလီးယားတွေကိုမှ စားသောက်လို့ မရတာမို့ ငတ်နေကြရတာ ဖြစ်ပါသည်။ ဘယ်လောက်ထိ ဆိုးသလဲဆိုရင် ကိုရီးယား စစ်ပြီးလို့ တစ်နိုင်ငံစီ ကွဲသွားတဲ့ ညီအစ်ကိုချင်းတောင် တမအေထဲက မွေးပေမယ့် လူနေမှု အဆင့်အတန်းကျတော့ သိပ်ကို ကွာခြားသွားခဲ့ရပါပြီ။

အဲဒီတော့ ရှုရှားရောက် အရာရှိများအနေနဲ့ စဉ်းစားကြည့်စေချင်ပါသည်။ ကမ္ဘာမှာ လူမိုက်လုပ်ချင်သလား၊ မြန်မာပြည်သူတွေ ချမ်းချမ်းသာသာနဲ့ လူတန်းစေ့ နေနိုင်တာကို မြင်ချင်သလားဆိုတာ စဉ်းစားတတ်မည်ဟု ထင်ပါသည်။

ကျွန်တော့် သဘောထား ပြောပါမည်။ “ကျွန်တော်ကတော့ ပြည်သူတွေ ချမ်းချမ်းသာသာနဲ့ စိုပြေနေတာကို အရင်မြင်ချင်တယ်ဗျာ၊ အဲ့ဒီလို အဆင့်ကို ရောက်ပြီးမှ နျူကလီးယားကိစ္စကို ဆက်ဆွေးနွေးကြရင် မကောင်းဘူးလား”

အခုလောလောဆယ်မှာ မြန်မာပြည်က ထွက်နေတဲ့ သဘာဝဓါတ်ငွေ့၊ ရေနံတွေကို တစ်ခြားနိုင်ငံများအား အကုန်မရောင်းဘဲ မြန်မာတစ်နိုင်ငံလုံး ၂၄ နာရီ လျှပ်စစ်မီးရအောင် လုပ်မယ်၊ ၂၄ နာရီ လျှပ်စစ်မီး ရရင် စက်မှုကုန်ထုတ်လုပ်ငန်းတွေ တိုးချဲ့လုပ်နိုင်မယ်၊ မွန်ပြည်နယ် ရတနာသဘာဝဓါတ်ငွေ့မှ လျှပ်စစ်စွမ်းအင်ကို ရန်ကုန်မြို့တော် မီးလင်းဖို့ အသုံးချဖို့ မပြောနဲ့ ဓာတ်ငွေ့ထွက်ရှိတဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့က ကျောင်းသားတွေ စာမေးပွဲဖြေချိန်မှာတောင် မီးမမှန်တဲ့ ဖြစ်စဉ် တွေ့ရတော့ ရင်နာဖို့ ကောင်းပါတယ်။ ယခု ရရှိလာတဲ့ ရခိုင်ပြည်နယ် ရွှေဂက်စ်မှ သဘာဝဓာတ်ငွေ့တွေကိုလည်း ရခိုင်ပြည်နယ် မီးလင်းဖို့ထက် တရုတ်ကို ရောင်းစားဖို့ ကြံစည်နေကြပြန်ပါပြီ။ စိတ်ကူးယဉ် နျူကလီးယား နည်းစနစ်တွေအတွက် ငွေကြေးအကုန်ခံမဲ့ အစား အဆင့်မြင့် နည်းစနစ်တွေနဲ့ မော်တော်ကားထုတ်လုပ်တဲ့ နည်းပညာတွေ ဝယ်မယ်၊ စက်ရုံတွေ ထောင်မယ်၊ လေယာဉ်တွေကို ထုတ်လုပ်မယ်ဆိုရင် ပြည်သူတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်မလာဘူးလား။

အဲဒီစက်ရုံတွေကနေ ထုတ်လုပ်ရရှိတဲ့ ပစ္စည်းတွေကို တခြားနိုင်ငံတွေကို တင်သွင်းမယ်။ အနည်းဆုံးတော့ ကိုယ့်ပြည်သူတွေ ဈေးနှုန်း သက်သက်သာသာနဲ့ ကိုယ့်ပြည်တွင်းက ထုတ်တဲ့ အဆင့်မြင့် ကားတွေကို စီးနိုင်မယ်။ လူနေမှုလည်း မြင့်လာမယ်။ ပြည်သူတွေဆီက အခွန်တွေကို တိတိကျကျ ကောက်မယ်။ အဲဒီ ပြည်သူ့ဘဏ္ဍာတွေနဲ့ စက်မှုအဆောက်အအုံတွေကို တိုးချဲ့ တည်ဆောက်မယ်၊ ကဲ ... မရိုးရှင်းဘူးလား။ မြန်မာ

ပြည် တိုးတက်ဖို့ဆိုတာ အခု ကျွန်တော်က ကား ထုတ်လုပ်မှုတစ်ခုကိုပဲ ဥပမာ ပေးထားတာပါ၊ အခြား စက်မှုကုန်ထုတ်လုပ်ငန်းတွေက အများကြီးပါ။ ဆက်စပ်စဉ်းစားကြည့်နိုင်ပါတယ်။

အခုဟာက အဲဒီလိုမဟုတ်ဘဲ ချိုကလီးယား ထုတ်ဖို့ချည်း အတင်းစိုင်းပြင်းနေတော့ မြန်မာပြည်ကြီး ဆင်းရဲသထက် ဆင်းရဲသွားမှာ မြေကြီးလက်ခတ် မလွဲပါပဲ။ အဲဒီ ချိုကလီးယား ထုတ်လုပ်ဖို့ စီမံကိန်းအတွက် ကုန်ကျငွေဟာ လေယာဉ်စက်ရုံ အခုတစ်ရာမက တည်ဆောက်တဲ့ အားနဲ့ သွားညီနေပါတယ်။

ဒါလည်း ချိုကလီးယားကို ရ/မရ ဆိုတာ မသေချာပါ။ ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကိုယ်က ကိုယ့်နိုင်ငံရဲ့ သဘာဝဓာတ်ငွေ့တွေ၊ သယံဇာတ အတွင်းထွက်တွေကို အလကားနီးနီး ရောင်းပေးနေရပါသည်။ မိအေးက နာပြီးရင်း နာနေရတဲ့ အဖြစ်မျိုးကို သိကြစေချင်ပါသည်။ လူပြိန်းတောင် နားလည်နိုင်ပါသည်။

အဲဒီတော့ ရှရှားပညာတော်သင် ညီအစ်ကိုများအနေနှင့် ကိုယ်လုပ်နေရတဲ့ အလုပ်ဟာ ပြည်သူတွေ ကောင်းကျိုးအတွက်လား၊ စစ်တပ် ခေါင်းကြီးပိုင်းတစ်စုရဲ့ တန်ခိုးအာဏာ ကြီးထွားရေးအတွက်လား ဆိုတာ ပြန်စဉ်းစားကြပါလို့ ပြောကြားချင်ပါသည်။

ညီတော်များအနေနဲ့ အဖြေတစ်ခုတော့ ထွက်လာပါလိမ့်မည်။ "တပ်မတော်သည် ပြည်သူ့အတွက်" ဆိုတဲ့ ခံယူချက်လေး အခြေခံပြီး စဉ်းစားခဲ့ရင်ပေါ့။ ပြည်သူ့အတွက်လို့ မစဉ်းစားရင် တိုင်းပြည်အတွက် ဆိုတာလည်း စဉ်းစားတတ်မှာ မဟုတ်ပါ။ အဲဒီတိုင်းပြည်ထဲမှာ၊ ပြည်သူထဲမှာ ကိုယ့်ရဲ့ မိဘ၊ ဆွေမျိုးမောင်နှမ၊ သူငယ်ချင်း ရောင်းရင်း၊ ယုတ်စွအဆုံး ကိုယ့်ရဲ့ မျိုးဆက်သစ် ရင်သွေးလေးတွေလည်း ပါလာဦးမှာမို့ ကိုယ့်ကိုယ်ကိုတော့ လေးစားကြပြီး မှန်ကန်မြင့်မြတ်တဲ့ အတွေးအခေါ်၊ အယူအဆတွေ မွေးကြရအောင်လို့ တိုက်တွန်းလိုက်ရပါသည်။ ❑

# သား (၃) သားနဲ့ တိုင်းရင်းသားပြည်သူများ လက်တွဲကြ

**Lt.comet**
(ရုရှားပြန် တပ်မတော်အရာရှိတစ်ဦး)

ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ ဒီခေါင်းစဉ်နဲ့ ကျွန်တော် ရေးသားလိုက်ပါတယ်။ ကျွန်တော် အခု ပြောပြချင်တဲ့ သား (၃) သားဆိုတာကတော့ အများပြည်သူတွေ သိပြီးသားပါ။ ဘုရားသား သံဃာ၊ ကျောင်းသားနဲ့ စစ်သား ဆိုတဲ့ သား (၃) သားပါ။ တိုင်းရင်းသားဆိုတာကတော့ ပြည်သူတွေကနေ ဖြစ်လာတာမို့လို့ ပြည်သူလို့ပဲ သုံးလိုက်ရပါတယ်။ အဲဒီ သား (၃) သားတွေအနေနဲ့ ပြည်သူတွေအားလုံး စည်းလုံးညီညွတ်မှု ရှိဖို့အတွက် ဦးဆောင်မှုပေးရန် လိုအပ်နေပါတယ်။ အဲ့ဒီ သား (၃) သားကလည်း မိမိတို့ ပါဝင်ရမယ့် နေရာ၊ အခန်းကဏ္ဍတွေကနေ ပြည့်ပြည့်ဝဝ ပါဝင်ကြပြီးတော့ အာဏာရှင်တွေကို ဆန့်ကျင်ကြမယ်ဆိုရင် ကျွန်တော်တို့တတွေ မျှော်လင့်နေတဲ့ ဒီမိုကရေစီပန်းတိုင်ကို မရောက်မရှိဘူးဆိုတာ ယုံကြည်ကြစေချင်ပါတယ်။

ဘုရားသား ရဟန်းသံဃာ အရှင်ဘုရား တို့ဘုရား –

ရဟန်းသံယာတွေ အနေနဲ့လည်း ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ရွှေဝါရောင်တော်လှန်ရေး လှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်သလိုပဲ နောက်တစ် ခါ ထပ်မံဖြစ်ပွားမယ့် တော်လှန်ရေး အစီအစဉ် မှာလည်း ယခင်တုန်းကလိုမျိုး တက်ကြွစွာ ပါဝင် ဖို့ကို တပည့်တော်အနေနဲ့ တိုက်တွန်းလျှောက်ထားပါရစေဘုရား။

ကျောင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား –

ကျောင်းသားတွေအနေနဲ့ နိုင်ငံတကာနဲ့ယှဉ်ပြီး အသိဉာဏ် ကြွယ်ဝသူတွေပီပီ မိမိနိုင်ငံမှာ ပညာရေးအဆင့်အတန်း နိမ့်ကျပြီး အရွယ်မရောက်မီ ကျောင်းကထွက်ပြီးတော့ အပြင်မှာ စီးပွားရှာ ရုန်းကန်နေရရှာတဲ့ မိမိတို့နဲ့ အသက်အရွယ် တူညီသူတွေကို ကိုယ်ချင်းစာနာသောအားဖြင့် ဒီမိုကရေစီဆိုတဲ့ ပန်းတိုင်ကို လျှောက် လှမ်းတဲ့နေရာမှာ အားလုံး ပါဝင်ဆင်နွှဲကြဖို့ကို ကျွန်တော့်အနေနဲ့ ကမ်းလှမ်းဖိတ်ခေါ်ပါတယ်။

စစ်သား ရဲဘော်ရဲဘက်များ ခင်ဗျား –

စစ်သားတွေကလည်း အမှားနဲ့အမှန်ကို ဝေဖန်ပိုင်းခြားတတ်ဖို့ လိုအပ်လာပါပြီ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက စစ်အာဏာရှင်တွေရဲ့ ခိုင်းတာလုပ်၊ ခေါ်ရင်လာ၊ ခံမပြောနဲ့ ဆိုတဲ့ “ခ” သုံးလုံးကို တွင်တွင်သုံးပြီး တဖက်သတ်ဆန်တဲ့ အမိန့်တွေကို မိမိအသိဉာဏ်နဲ့ မိမိ စဉ်းစားဖို့လိုရာမှာ အခုလက်ရှိ မြန်မာနိုင်ငံမှာ ပြည်သူတွေ ဘယ်လောက် ခက်ခက်ခဲခဲ နေနေကြရတယ်၊ မိမိဝမ်းစာကို မိမိ ဘယ်လောက်တောင် ရုန်းကန်ပြီးတော့ ရှာဖွေနေကြရတယ် ဆိုတာတွေကို နည်းနည်းလေးဖြစ်ဖြစ် စဉ်းစားပြီးတော့ အဖြေရှာကြစေချင်ပါတယ်။ စစ်သားတွေရဲ့ အမိက ထမင်းရှင်က ပြည်သူတွေပါ။ ပြည်သူတွေဆီက အခွန်အကောက်တွေနဲ့ ကောက်ခံပြီးတော့ လခဆိုပြီး ဖြန့်ခွဲပေးလိုက်တာပါ။ အဲဒီတော့ မိမိတို့ တိုင်းသူပြည်သားတွေ အခက်အခဲတွေ ဖြစ်ပေါ်နေတာတွေကိုလည်း လစ်လျူရှုဖို့ မကောင်းပါဘူး။ စစ်တပ်အကြီးအကဲ လက်တစ်ဝါးစာ စစ်အာဏာရှင်တွေရဲ့ ထိုင်ခုံတွေ တည်မြဲဖို့ကို အောက်ခြေစစ်သားတွေက




အသက်နဲ့ရင်းပြီးတော့ အချင်းချင်း တိုက်ခိုက်ပေးနေရတာကိုက အရမ်း သနားပါတယ်။ ဒီလိုမျိုးတွေ မဖြစ်ဖို့အတွက် ကျွန်တော့်အနေနဲ့ ရဲဘော်ရဲဘက်တွေ အားလုံးကို စစ်သားစကားနဲ့ ပြောရရင် "တပ်မတော် သမိုင်းကြောင်း ကောင်းဖို့အတွက် သေနတ်ပြောင်းဝ ပြောင်းပြန်ပြန်လှည့်ဖို့" အချိန်တန်ပြီလို့ တိုက်တွန်းရင်း သား (၃) သား လှုပ်ရှားမှုမှာ ပါဝင်လှုပ်ရှားကြဖို့ တာဝန်ရှိကြောင်း ပြောကြားလိုပါတယ်။

တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား –

တိုင်းရင်းသားတွေဘက်ကလည်း ပြန်စဉ်းစားဖို့ အချိန်တန်ပါပြီ။ ဘာကိုလည်းဆိုတော့ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုပြီး မြန်မာနိုင်ငံကို ရုပ်လုံးဖော်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အခု နအဖစစ်အစိုးရလက်ထက်မှာ တိုင်းရင်းသား လူမျိုးတစ်စုထဲမှာတောင် ပြန်လည်သင့်မြတ်ဖို့ ခက်ခဲအောင် သွေးခွဲထားခဲ့ပါတယ်။ ဒီလို သွေးခွဲအုပ်ချုပ်နေတဲ့ နအဖ စစ်အာဏာရူးတွေကို မြန်မာနိုင်ငံမှာ နေထိုင်ကြသော တိုင်းရင်းသား လူမျိုးစုတွေ အားလုံးက ပါဝင်ပြီးတော့ ဆန့်ကျင် တိုက်ခိုက်ကြပါ။ လက်နက်ကိုင် တိုင်းရင်းသားတွေအနေနဲ့လည်း ပါဝင်တိုက်ခိုက်ကြပါ။ လက်နက်မဲ့ တိုင်းရင်းသားတွေအနေနဲ့လည်း မိမိတို့ တတ်နိုင်တဲ့ အင်အားနဲ့ ဘုရားသား၊ ကျောင်းသား၊ စစ်သား၊ တိုင်းရင်းသား၊ ပြည်သူပြည်သား ဆိုတဲ့ သား (၅) သား ပူးပေါင်းစစ်ဆင်ရေးမှာ ပါဝင်ကြဖို့ ကျွန်တော့်အနေနဲ့ လက်တွဲဖိတ်ခေါ်ပါရစေ။

ပြည်သူပြည်သားများ ခင်ဗျား –

မြန်မာနိုင်ငံတော်မှာ နေထိုင်ကြတဲ့ ပြည်သူပြည်သားတွေအနေနဲ့ မိမိတိုင်းပြည်က ထွက်တဲ့ သယံဇာတတွေဟာ နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့ အုပ်ချုပ်သူ လူတန်းစား တစ်ခုတည်းက ပိုင်ဆိုင်တဲ့ အရာ မဟုတ်ကြောင်း နားလည်ကြပါ။ ဒီမိုကရေစီဆိုတာ လူတိုင်းလူတိုင်းမှာ လွတ်လပ်မှုတွေ များစွာနဲ့ နေထိုင်လို့ရတာကို ဒီမိုကရေစီလို့ ခေါ်ပါတယ်။ မိမိနိုင်ငံဟာ များစွာ ချမ်းသာပါတယ်။ မိမိတို့နိုင်ငံမှာ တွင်းထွက် သယံဇာတတွေဟာ ဘယ်တော့မှ မကုန်နိုင်တာကို စစ်အာဏာရှင်တွေက သူတို့ရပိုင်ခွင့်လို့ ထင်နေတဲ့ "အရမ်းမှားတဲ့ အတွေးအခေါ်" ကို တော်လှန်ကြပါ။

ကျွန်တော်တို့ တိုင်းပြည်မှာဆိုရင် ကလေးတွေဟာ အသက် ၁၀ နှစ်ကျော်တာနဲ့ လမ်းဘေးမှာ

ပိုက်ဆံလိုက်တောင်းတဲ့ သူတွေ ရှိသလို ရေခဲရေရောင်းရတဲ့ ကလေး တွေလည်း ရှိပါတယ်။ ဘယ်နိုင်ငံမှာမှ မရှိဘူးလို့ မပြောပါ ဘူး။ အခြားအခြားသော တိုင်းပြည်တွေမှာတော့ မြန်မာ ပြည်မှာ ဖြစ်ပျက်နေတဲ့ ကလေးဦးရေရဲ့ ၁၀၀ ပုံ ပုံရင် ၁ ပုံလောက်ပဲ ရှိပါတယ်။ UNICEF ကုလသမဂ္ဂကလည်း မြန်မာနိုင်ငံကို အနည်းအကျဉ်း ထောက်ပံ့ခဲ့ပါတယ်။ အဲ့ဒီ ငွေတွေက ဘယ်မှာ သွားသုံးနေတာလဲဆိုတာကို စာရင်း မပြနိုင်ဘူး ဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ စစ်အင်အား တွေ တိုးချဲ့နေတယ်။ စစ်တပ်ကို ခမ်းနားထည်ဝါအောင် လုပ်ပြီးတော့ ဘယ်သူနဲ့ တိုက်မှာလဲ။ မြန်မာပြည်ကို ဘယ်နိုင်ငံက လာတိုက်မှာမို့လို့လဲ။ အခုလို တိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ မြန်မာနိုင်ငံမှာ စစ်တပ်အင်အား နည်းတယ်လို့ သဘောထား ကြည့်လိုက်ကြရအောင်။ ဘယ်နိုင်ငံက လာတိုက်မှာလဲ။ အခြားအခြားသော နိုင်ငံတွေက မြန်မာနိုင်ငံကို လိုချင်လွန်အားကြီးလို့ လာတိုက်ပြီ ဆိုရင်တောင် ဘယ်နိုင်ငံက လက်ခံမှာလဲ။ စဉ်းစားကြည့်ပေါ့။ စစ်တပ်ဆိုတာ မရှိရင် မဖြစ်ပေမဲ့ မလိုအပ်ဘဲ အင်အားတိုးချဲ့ပြီး အကန့်အသတ်မရှိ ငွေကြေး သုံးစွဲခွင့်တော့ မရှိသင့်ပါ။ ဒါကြောင့် နောက်ထပ် တက်လာမဲ့ စစ်အာဏာရှူးတွေ မရှိရအောင် အခုအချိန်ဟာ အားလုံး စည်းလုံးညီညွတ်မှုရှိဖို့ အရေးကြီးနေပါတယ်။

စစ်အာဏာရှင်တွေဟာ စစ်တပ်ကို အကြောင်းပြုပြီး နိုင်ငံတကာက လက်နက်ခဲယမ်းတွေကို မတန်တဆ ငွေကြေးများနဲ့ ပေးဝယ်ရာမှာ သူတို့ အကျိုးစီးပွားအတွက် အိတ်ထဲ ထည့်တာကိုတော့ ပြည်သူတွေ မပြောနဲ့ စစ်တပ် တပ်မတော်သားတွေတောင် မသိလိုက်ရပါဘူး။ ဥပမာ– သန်းရွှေရဲ့ မွေးစားသားလို့ ခေါ်တဲ့ ဦးတေဇအနေနဲ့ စီးပွားဘက် အကျိုးအမြတ် ပွဲခတွေကို Percentage အလိုက် တိုင်းပြည်ဘဏ္ဍာငွေဆီကလည်း ကောင်း၊ လက်နက်ရောင်းချနေတဲ့ နိုင်ငံတွေဆီမှလည်း ကောင်း နှစ်ဖက်စလုံးမှ ပွဲခရယူလိုက်တာမို့ တပ်မတော်နဲ့ တိုင်းပြည်ဟာ များစွာ နစ်နာခဲ့ရပါတယ်။ ဦးတေဇက ဦးသန်းရွှေ မိသားစုရဲ့ စီးပွားရေးကို လုပ်ကိုင်ပံ့ပိုးနေတဲ့သူ ဖြစ်ပါတယ်။ သူတို့ အိတ်ကပ်ထဲရောက်တဲ့ ပိုက်ဆံတွေကို ပြည်သူတွေရဲ့ အမှန်တကယ် လိုအပ်ချက်အား ဖြည့်ဆည်းပေးလိုက်ရင် ဘယ်လောက်ကောင်းမလဲ။

ကျွန်တော်တို့ရဲ့ ဖခင် ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်တပ်ကို ဘာကြောင့် ထူထောင်တာလဲ ဆိုတာကို အခု အုပ်ချုပ်နေတဲ့ စစ်အာဏာရှူးတွေက မသိချင်ယောင်ဆောင်နေကြတာပါ။ ဗိုလ်ချုပ်အောင်ဆန်းသာ အသက်ရှင်လျှက် ရှိမယ်ဆိုရင် ဦးသန်းရွှေတို့ဆရာ ဦးနေဝင်းတောင် ခါးကိုင်း အလေးပြုနေရမှာပါ။ အခုလက်ရှိ အုပ်ချုပ်နေတဲ့ စစ်အာဏာရှူးတွေကတော့ ဘယ်ကနေ ဘယ်လို အချောင်ရနိုင်မယ် ဆိုတာကိုပဲ တွက်ပြီးတော့ အုပ်ချုပ်နေကြတာပါ။ ဒီလို သဘောထားနေတာကို ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှ လက်ခံနိုင်စရာ အကြောင်းမရှိပါဘူး။ အခု စစ်တပ်မှာ ရွတ်ဆိုနေတဲ့ သစ္စာ (၄) ချက်ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စဉ်းစားပြီးတော့ ရေးထားတာတွေ ဖြစ်ပါတယ်။ အခု စစ်အာဏာရှင်တွေ လုပ်နေတာက ဒီသစ္စာ (၄) ချက်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ အာဏာရှင်တွေ ပြောနေတဲ့ ပြည်ပအားကိုး ပုဆိန်ရိုးဆိုတာ လက်တွေ့ကျတော့ အာဏာရှူးတွေကသာ ပေါက်ဖော်တွေကို အားကိုးပြီး 'ဖား' နေကြတာပါ။ တရုတ်ကို အားထားလို့ တရုတ်နိုင်ငံက ရေဒါစခန်းကိုတောင်မှ မြန်မာနိုင်ငံ မြေပေါ်မှာ ပေးဆောက်တာ ဘယ်လိုလုပ်ပြီး ကောင်းနိုင်မှာလဲ။

အခုလက်ရှိ အတိုက်အခံလို့ ပြောပြောနေတဲ့ အတိုက်အခံတွေကလည်း ဘယ်သူကမှ အတိုက်အခံ ဖြစ်ချင်နေတာ မဟုတ်ပါဘူး။ ပြည်သူတွေဘက်ကနေ ရပ်တည်ပြီး ပြည်သူ့အကျိုးကို ကြည့်ပြီးတော့ အတိုက်အခံ လုပ်နေကြတာပါ။ မိမိတို့ငယ်ငယ်လေးကတည်းက နေခဲ့တဲ့ တိုင်းပြည်ကို ဘယ်သူက ခွဲသွားချင်မှာလဲ။ ဒီလို ခံစားချက်မျိုးကို ခံစားတတ်တာက ရှရှားရောက် အရာရှိတွေ အားလုံး ခံစားတတ်ပါတယ်။ မိမိမွေးဖွားရာ နိုင်ငံမှာ မနေရဘဲ သူများနိုင်ငံတွေမှာ သွားနေပြီး အတိုက်အခံ လုပ်နေရတာက ဘယ်လိုမှ မကောင်းပါဘူး။

ကမ္ဘာမှာ မိမိတိုင်းပြည်ရဲ့ နိုင်ငံသား ခံယူထားသူတွေ အားလုံးဟာ မိမိနိုင်ငံသားပါ။ စစ်အာဏာရှူးတွေကတော့ တိုင်းပြည်မှာရှိတဲ့ အခြားအခြားသော လူမျိုးစုတွေ အားလုံးကိုတောင် သွေးခွဲအုပ်ချုပ်မှုဆိုတဲ့ စနစ်နဲ့ အုပ်ချုပ်ထားပါတယ်။ ပြီးတော့ ပိုက်ဆံနဲ့ အာဏာရှိမှ မြန်မာနိုင်ငံမှာ လူလုပ်လို့ ရမယ်ဆိုတဲ့ ပုံစံကို မြန်မာနိုင်ငံ

မှာ ရိုက်ထည့်ထားတာကလည်း ဒီလို အသုံးမကျတဲ့ စစ်အာဏာရူးတွေပါပဲ။

ဘာကြောင့်လဲဆိုတော့ ဥပမာ – ဘောလုံးကစား အရမ်းကောင်းတဲ့ ကောင်လေး တစ်ယောက်ရှိခဲ့တယ်။ ဒီကောင်လေးက မွန်လူမျိုး ဖြစ်ပြီး အရမ်း ဆင်းရဲပါတယ်။ အဲဒီတော့ တိုင်းရင်းသား လည်း ဖြစ်ပြီး အရမ်းဆင်းရဲတော့ သူ့ကို ဘောလုံးပွဲမှာ ဝင်ကစားဖို့ လုံးဝ သဘောမတူခဲ့ပါဘူး။ သူ့အစား ပိုက်ဆံချမ်းသာတဲ့ လူတစ်ယောက်က ဝင်ကစားသွား ပါတယ်။ အဲဒီလို အသေးအဖွဲ့မျိုး အောက်ခြေမှာ ဖြစ် ပျက်နေတာတွေကို စစ်အာဏာရူးတွေက မသိချင် ယောင် ဆောင်ပေးနေကြပါတယ်။ ပြီးတော့ စစ်တပ်ဆို တာကလည်း ဖာချ၊ ဝရမ်းပြေး၊ သူခိုး စတဲ့ မကောင်းတဲ့ လူတွေကို စုထားတဲ့ နေရာတစ်ခုလို ဖြစ်နေတာကို စစ်အာဏာရူးတွေက သိရက်နဲ့ လစ်လျူရှုထားပါတယ်။ သိတယ်ဆိုတာက လေးလပတ် အစည်းအဝေးတစ်ခုမှာ သန်းရွှေကိုယ်တိုင် ဆူပူပြောဆိုခဲ့တာပါ။ စစ်တပ်မှာ ဆိုရင် အောက်ခြေစစ်သားတွေ၊ ရဲဘော်တွေကို ကြည့် မယ်ဆိုရင် ဘယ်လောက်တောင် မြေဇာပင် ဖြစ်မှန်းမသိ ဖြစ်နေကြတာကို ကြည့်ပြီး အရမ်း သနားမိပါတယ်။ တပ်ရင်းတစ်ရင်းမှာ တပ်ရေးဗိုလ်ကြီးလုပ်သူက ရဲဘော် တွေရဲ့ ချွေးနဲ့စာတွေကို တပ်ရင်းမှူးနဲ့ ပေါင်းစားနေကြ တာ တွေ့ရပါတယ်။ တပ်ထောက်ဗိုလ်ကြီးကလည်း ရဲဘော်တွေရဲ့ အဝတ်အစားတွေကို ပြောမယ်ဆိုရင် ချုပ်ဝတ်တန်ဆာတွေကို တပ်ရင်းမှူးနဲ့ပေါင်းပြီး ခိုးစားနေ ကြပါတယ်။ ဒီလို စစ်တပ်ရဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေ အမှန်ကို စစ်အာဏာရူးတွေက မသိချင်ယောင် ဆောင်နေ ကြပါတယ်။

ဒီမိုကရေစီဆိုတာက လူတိုင်းလူတိုင်းမှာ လွတ်လပ်စွာ အသက်ရှင်ပိုင်ခွင့် ရှိတယ်၊ ရပိုင်ခွင့်ရှိတယ်။ အခု မြန်မာနိုင်ငံမှာ လူ ၅ ယောက်စုပြီး လမ်းလျှောက် ရင်တောင် ဖမ်းဆီးမှုတွေ ရှိတယ်ဆိုတော့ ဘယ်လိုလုပ်ပြီး ကောင်းနိုင်မှာလဲ။ ပြီးတော့ မြန်မာနိုင်ငံမှာ နိုင်ငံသားဖြစ် ပြီးတော့ မိမိအိမ်ကနေပြီး အဘွားအိမ်ကို သွားအိပ်မယ် ဆိုရင်တောင် အဘွားအိမ်ရောက်ရင် ရပ်ကွက်ရုံးကို သွားပြီးတော့ သန်းခေါင်စာရင်း တိုင်ရတယ်။ ကဲ ကောင်း သေးလား။ ရုရှားမှာ သင်တန်းတက်နေတဲ့ အရာရှိတွေ ဆိုရင် ပိုသိမှာပေါ့။ ဘာလို့လဲဆိုတော့ သူများနိုင်ငံမှာ နိုင်ငံကူးလက်မှတ်နဲ့ နေနေတဲ့ သူတွေတောင်မှ ဧည့် စာရင်းတိုင်တာတွေ မလုပ်ရဘဲ အေးအေးဆေးဆေး သွား လာလို့ ရပါတယ်။ ရုရှားရောက် အရာရှိတွေအနေနဲ့ မိမိတိုင်းပြည်နဲ့ ပြည်ပနိုင်ငံတွေ ဘယ်လောက်တောင် ကွာဟချက်တွေရှိတယ်၊ သူများနိုင်ငံတွေက ဘယ်လိုပုံစံ လဲ၊ မိမိနိုင်ငံက ဘယ်လိုပုံစံလဲဆိုတာကို ကိုယ်တွေ့မို့ ချင့်ချိန်စဉ်းစားကြည့်ကြပေါ့။

မိမိနိုင်ငံမှာ စစ်တပ်က အုပ်ချုပ်နေတဲ့ အချိန် မှာ သံဃာတွေ ငြိမ်းချမ်းစွာ ဆန္ဒပြတာကို စစ်တပ်နဲ့ ရဲ တွေက ပူးပေါင်းပြီးတော့ အတင်းတိုက်ဖျက်တာ ဘာ ကြောင့်လဲ။ ပြီးတော့ စစ်တပ်မှာ တာဝန်ထမ်းဆောင်နေ တဲ့ စစ်သားတွေက ဗုဒ္ဓဘာသာဝင်တွေ မဟုတ်လို့လား။ စစ်တပ်မှာ တာဝန်ထမ်းဆောင်နေသူတွေ အများစုဟာ ဗုဒ္ဓဘာသာဝင်တွေပါပဲ။ ဒီလို ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေ ပြီးတော့ သူတို့အနေနဲ့ သံဃာတွေကို ရိုက်နှက်တာတွေ ကိုတောင် လုပ်ရဲအောင် ဘယ်သူတွေက မြှောက်ပင့်ပေး နေတာလဲဆိုတော့ စစ်အာဏာရူးတွေပဲ ဖြစ်ပါတယ်။ သံဃာစက်ထက် အာဏာစက်က ပိုကြီးတယ် ဆိုပြီး တော့ လက်အောက်ငယ်သားတွေကို ပြောပြီး ရိုက်နှက်မှု တွေနဲ့ သံဃာသွေးတွေကို မြေကျအောင် လုပ်ခဲ့ကြပါ တယ်။ စစ်အာဏာရှင်တွေဟာ အရမ်းကို တကိုယ ကောင်း ဆန်တဲ့ အာဏာရူးတွေ ဖြစ်ပါတယ်။ စစ်တပ်မှာ အုပ်ချုပ်နေတဲ့ သူတို့တွေရဲ့ သားသမီးတွေကို ကြည့်လိုက်စမ်းပါ။ သူတို့တွေ ဘယ်လိုနေနေကြလဲ ဆိုတာကို ကြည့်ကြည့်ပါ။

မိမိနဲ့ နီးစပ်တဲ့ သူတွေရဲ့ အသိုင်းအဝန်းတွေ ကို ကြည့်ကြည့်ပေါ့။ စစ်အာဏာရူးတွေရဲ့ သားသမီးတွေ ဟာ ပြည်သူတွေရဲ့ ရပိုင်ခွင့်တွေ အားလုံးကို လက်ဝါးကြီး အုပ်ပြီး ကိုယ်ကျိုးအတွက် သုံးဖြုန်းနေတာ လုံးဝ သဘာဝမကျတဲ့ လုပ်ရပ်တွေပါ။ နိုင်ငံကို အုပ်ချုပ်တယ် ဆိုတာက ကိုယ်ကျိုးစီးပွားကို ရှာပြီးတော့ ကိုယ့်ဆွေမျိုး တွေ ကောင်းစားဖို့အတွက်လို့များ စစ်အာဏာရူးတွေ ထင်နေကြလား မသိပါဘူး။ အခုလိုမျိုး စစ်အာဏာရူး တွေရဲ့ လုပ်ရပ်တွေကို မနှစ်မြို့သော မျိုးချစ်မြန်မာ လူမျိုး

တွေအနေနဲ့ ၂၀၁၀ ခုနှစ်ကို ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးနှစ်အဖြစ်နဲ့ ကျန်ရစ်အောင် သား (၃) သားနဲ့ တိုင်းရင်းသား ပြည်သူတွေအားလုံး လက်တွဲကာ မိမိရှိရာနေရာ၊ မိမိတတ်နိုင်တဲ့ဘက်က အားလုံး ပါဝင်ကြပြီးတော့ စစ်အာဏာရှူးတွေ ပြုတ်ကျအောင် ကျွန်တော်တို့နဲ့ အတူလက်တွဲလို့ တိုက်ခိုက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ❑

# ဟိုတစ်စ ဒီတစ်စ တပ်မတော်အက်ကွဲစများ

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

တပ်မတော်ထဲက အဆင်မပြေမှုများစွာကို ဒီနေရာကနေ တပ်မတော်သားတွေနဲ့ ပြည်သူတွေဆီကို ပြောပြချင်ပါတယ်။ ဒါမှလည်း "မြွေတိုင်း အဆိပ်မရှိဘူး" လို့ လက်ခံအားပေးကြမှာပါ။ အရင်က ကျွန်တော်ဟာ စာစီစာကုံးကိုတောင် အမှတ်ရအောင် ဘယ်လို ရေးရမှန်း မသိခဲ့သူပါ။ သူငယ်ချင်းတချို့ စာစီစာကုံးပြိုင်ပွဲတွေ ဝင်ပြီး ဆုရတယ် ဆိုတဲ့အခါ ဘယ်လို ရေးရတာပါလိမ့်လို့ မေးမိလို့ အဟားခံခဲ့ရဖူးပါတယ်။ အခုတော့လည်း ရင်ထဲက ဆန္ဒနဲ့ အဖြစ်မှန်ကို ချရေးမိတဲ့အခါ ဆောင်းပါးတစ်ပုဒ်တော့ ဖြစ်လာခဲ့ပါပြီ။

စစ်တပ်ထဲက စစ်ဗိုလ်တိုင်း ရာထူး၊ အာဏာ၊ စည်းစိမ်တွေနဲ့ ပြည့်စုံနေတာ မဟုတ်သလို အခြားအဆင့် (အရာခံဗိုလ် မှ ရဲဘော်သစ်) တိုင်းလည်း ငတ်မနေကြပါဘူး။ ဘာကြောင့်ပါလဲ။ စစ်အာဏာရှင်စနစ်ကြောင့်ပါ။ ဒီစနစ်ဟာ တန်းတူရည်တူ အခွင့်အရေး မရရှိပါဘူး။ ဗိုလ်ချုပ်တွေ လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ နီးစပ်ရာ စစ်ဗိုလ်တွေ၊ အခြားအဆင့်တွေ အတွက်တော့ စစ်တပ်ဆိုတာ သုခဘုံကြီးပါ။ GE လို့ခေါ်တဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်က တပ်ကြပ်ကြီး တစ်ယောက်ရဲ့ ပိုင်ဆိုင်မှုဟာ သာမန် ဗိုလ်မှူးကြီးတစ်ယောက်ရဲ့ ပိုင်ဆိုင်မှုနဲ့ ညီတယ်ဆိုတာ တပ်ထဲက လူတိုင်း သိနေတဲ့ ကိစ္စပါ။ ဒါပေမယ့်လည်း အရိုးစွဲနေပြီဖြစ်တဲ့ ဗမာ့တပ်မတော်ရဲ့ ထုံးစံအတိုင်း ငါလည်း ဒီလို နေရာရောက်ရင် ခံစားရမှာပဲဆိုတဲ့ အတွေးနဲ့ပဲ မလုပ်၊ မရှုပ်၊ မပြုတ် နေကြရပါတယ်။ နေရာနဲ့ လုပ်ပိုင်ခွင့် ကိစ္စဟာ ဗိုလ်လောင်းဘဝမှာကတည်းက စခဲ့တာပါ။

လေ့ကျင့်ပေးခဲ့တာလား၊ လေ့ကျင့်ခံခဲ့ရတာလား၊ အကျင့်ဆိုးကို လက်ဆင့်ကမ်းပေးခဲ့တာလားတော့ မတွေးလိုတော့ပါဘူး။ ကျွန်တော်တို့ ဗိုလ်လောင်းဘဝမှာ လစာတွေ မတိုးသေးပါဘူး။ ဒါပေမယ့် လစာ ဘယ်လောက်ရသလဲ ဆိုတာတော့ မမှတ်မိတော့ပါဘူး။ ဘာလို့လဲ ဆိုတော့ လက်မှတ်ပဲထိုးပြီး လစာက လက်ထဲမရောက်တာ များလို့ပါ။ First year အတွက်က ပိုဆိုးပါတယ်။ တပ်ခွဲ အဆောင်စစ်၊ အလှူငွေ၊ တပ်ရင်းစာစောင်၊ တပ်ခွဲအားကစား၊ တပ်ရင်းဂျွမ်းဘား စတဲ့ ကိစ္စတွေအတွက် များစွာ ဖြတ်လိုက်တာမှာ တခါတရံ ကိုယ်က ပြန်တောင် အမ်းရပါသေးတယ်။ တကယ်ပါ၊ မယုံမရှိကြပါနဲ့။

Second year နဲ့ Senior One ခေါ်တတိယနှစ်မှာတော့ အကျိုးအကြောင်း ပြန်မေးရဲလာပြီဖြစ်လို့ Final Year Appointment (တပ်ခွဲမှူး/တပ်စုမှူးအဖြစ် တာဝန်ပေးပြီး ဗိုလ်လောင်းအချင်းချင်း အရာရှိအစား အုပ်ချုပ်သူ) တွေက ကျွန်တော်တို့လစာငွေကို မဖြတ်ရဲတော့ပါဘူး။ လက်ရှိ တပ်မတော်ရဲ့ မကောင်းတဲ့ အစဉ်အလာဖြစ်တဲ့ နေရာရရင် လုပ်ချင်တာလုပ်ပြီး မဟုတ်မခံတတ်သူများ၊ အမှန်တရားကို ချစ်မြတ်နိုးသူများအား ရာထူးကြီးသူများက ကြည့်မရခြင်းဟာ အဲဒီမှာကတည်းက စခဲ့တာပါပဲ။ အဲဒီဖြတ်ငွေတွေ ဘာလုပ်လဲလို့ မေးစရာရှိပါတယ်။ ကျွန်တော်လည်း Final year ရောက်မှပဲ သိပါတယ်။

အငယ်ဘဝမှာတုန်းက Final Year Appointment တွေဟာ အချင်းချင်း သိပ်ချစ်ကြတာပဲ။ Outpass ထွက်ရင်လည်း အတူတူ၊ စားတော့လည်း အတူတူပဲ။ ယူနီဖောင်းဆိုလည်း မတ်နေတာပဲ။ လစာလည်း ပိုတဲ့အပြင် အိမ်တောင် ပို့နိုင်သေးတယ်ဆိုတာ သိနေတာပဲ။ တကယ်ကတော့ အဲဒါတွေဟာ ဗိုလ်လောင်းအချင်းချင်း ဖြတ်ခုတ်ထားတဲ့ ငွေတွေပါ။ ရာခိုင်နှုန်းတချို့ကိုတော့ Appointment ဖြစ်ရေးအတွက် မစတဲ့ CI (နည်းပြချုပ်) နဲ့ အဲဒီအချိန်က DSA မှာ နာမည်အလွန်ကြီးတဲ့ SI (Senior Instructor) ဗိုလ်မှူး မြင့်လွင်ဆီကို ပသရပါတယ်။ ၈၇၀ (အိပ် ဆဲဗင်း ဇီးရိုး) လို့ တပ်ထဲမှာ ပြောပြောနေတဲ့ ဂါရဝတရား ထားတတ်မှုကိုလည်း အဲဒီအချိန်ကတည်းက လေ့ကျင့်ပေးတာ ခံခဲ့ရတာပါ။

စစ်တပ်ထဲ ဝင်လိုက်တာနဲ့ ဆရာကောင်းကို ဆည်းကပ်တတ်ခြင်းကိုလည်း တတ်မြောက်ခဲ့ရပါတယ်။ အခုတော့လည်း ဒါတွေဟာ DSA ရဲ့ အိပ်ယာဝင်ပုံပြင်တွေ ဖြစ်သွားပါပြီ။ ဗိုလ်လောင်းအချင်းချင်း အုပ်ချုပ်မှုရဲ့ ဆိုးရွားတဲ့ အိပ်မရသော ညများစွာကို အကြောင်းပြုလို့ ဗိုလ်လောင်းအချင်းချင်း အပြစ်ပေးမှုကို ကန့်သတ်ဖို့ အရာရှိများက အုပ်ချုပ်မှု ဝင်ယူရာမှ Final year Appointment များ နေရာကို အရာရှိများက အမှားမရှိရအောင် ကိုင်တွယ်ပေးနေပါပြီ။ လစာကလည်း တိုးနေပြီဖြစ်ရာ ကျွန်တော်တို့ခေတ်ကလို ယူနီဖောင်းစ ဖိုးလောက် မကတော့ဘဲ ဆိုင်ကယ်ဖိုး၊ GSM ဖိုးလောက် ဖြတ်နိုင်နေပါပြီ။

DSA နှင့် DSTA မှ နည်းပြအရာရှိများတွင် စာပေနှင့် လေ့ကျင့်ရေးဌာန (၂) ခုမှ အရာရှိ အချင်းချင်းကို နှိုင်းယှဉ်ကြည့်လိုက်ပါ။ ပြင်ဦးလွင်မြို့ထဲက သာမန် အရပ်သားပင် ခွဲပြနိုင်ပါလိမ့်မယ်။ တပြိုင်တည်းပဲ စစ်သည်တွေရဲ့ ဘဝတချို့ကိုလည်း သိခဲ့သလောက် ပြောပြပါမယ်။ ကျွန်တော်တို့ ပထမနှစ် စစ်ပညာသင်နေချိန်မှာ ဆရာကြီးတစ်ယောက်က မုန့်ရောင်းပါတယ်။ ပထမနှစ် ဗိုလ်လောင်းဘဝမှာ အချိန်တိုင်း မအားရသလို အချိန်တိုင်းလည်း ဆာနေတတ်တာကို မရှက်တမ်း ဝန်ခံပါရစေ။ အဲဒီတုန်းကတော့ ဘာမှ မစဉ်းစားနိုင်ပါဘူး။ ဝယ်စားခွင့်ရနေခြင်းသည်ပင် ကြီးမားသော ဆုလာဘ်ကြီးတစ်ခုကိုး။ ဘယ်သူ ရောင်းရောင်း ဝယ်စားလို့ ရနေတာက ရှယ်ပဲပေါ့။

Final year အရောက်မှာတော့ အဲဒီဆရာကြီးကို ကျွန်တော် မေးကြည့်မိပါတယ်။ သင်တန်းချိန်၊ သင်တန်းနေရာမှာ မုန့်ရောင်းခွင့်ကို ဘယ်လိုရပါသလဲ ဆိုတော့ လက်နက်ငယ်ဌာနမှူးဆီက ပါမစ်ရလို့ပေါ့တဲ့။ အဲဒီအတွက် ဘာပေးရသလဲဆိုတော့ ရာခိုင်နှုန်းနဲ့ ပေးရတာပေါ့တဲ့။ ကျွန်တော်က ကိုယ့်ဆရာကြီးတွေ အဆင်ပြေအောင် အလကား ပေးရောင်းတယ် မှတ်နေတာလို့ ပြောတော့၊ ဗိုလ်လောင်းရယ် စစ်တပ်မှာ Issue ထုတ်ပေးတဲ့ ယူနီဖောင်းတောင် တပ်ထောက်မှာ ဝန်ဆောင်စရိတ်ပေးပြီးမှ ထုတ်လို့ရတာတဲ့လေ။ မကြာခင် ကျောင်းဆင်းပြီးရင်တော့ စစ်တပ်အကြောင်း မောင်ရင် ဒီထက်ပို သိလာပါလိမ့်မယ်တဲ့။ အခုအချိန်မှာတော့ စစ်ကျောင်းကြီးများမှာ ဆရာကြီးများသာမဟုတ်ဘဲ အရာရှိတွေတောင် စားဝတ်နေရေးအတွက် ဗိုလ်လောင်းများကို မုန့်ရောင်းနေကြရပါပြီ။

ထောင်နှင့်ချီတဲ့ ဗိုလ်လောင်း ဈေးကွက်ကြီး၊ ထိုမှတဖန် အရာရှိသင်တန်းသား ဈေးကွက်ကြီးနဲ့ ပြင်ဦးလွင်မြို့ဟာ လက်ညှိုးထိုးမလွဲသော နည်းပြအရာရှိတချို့တို့ ကျက်စားရာ မြေယာဖြစ်နေပေပြီ။ အလျဉ်းသင့်လို့ ပြောပြပါအုံးမယ်။ ကျွန်တော်တို့ အပတ်စဉ်မှာ လေတပ်က တပ်ကြပ်ကြီးတစ်ယောက်ရဲ့သားပါလာပါတယ်။ ကျွန်တော်ကလည်း လေတပ်ကို စိတ်ဝင်စားသူမို့ မကြာခဏ လေတပ်အကြောင်းတွေ သူ့ကို မေးဖြစ်ပါတယ်။ သူကလည်း လေသူရဲတွေ မှောင်ခိုခေတ်မှာ ရဟတ်ယာဉ်နဲ့ ပစ္စည်းသယ်ပုံတွေ၊ လေယာဉ်ဆီကို ဘယ်လိုချန်ပြီး ဘယ်လို ထုတ်ရောင်းပုံတွေကအစ ကျွန်တော့်ကို ပြောပြပါတယ်။

လေယာဉ်ဆီ အပြင်ကို မထုတ်မီ လေယာဉ်ရုံနံဘေးက ရေမြောင်းထဲမှာ အိတ်တွေထားပြီး သွန်ချထားရကြောင်း၊ ပြီးမှ ဆာလာအိတ်လို အိတ်တွေနဲ့ စက်ဘီးပေါ် တင်ပြီး ဒိုင်ကို ပို့ရကြောင်း၊ ဒိုင်ဆိုတာကလည်း ထောက်လှမ်းရေးနဲ့ မကင်းရာမကင်းကြောင်းတွေပဲ ဖြစ်

ကြောင်း၊ ဒီလို သယ်ပို့ပေးတဲ့အခါ စစ်သည်တွေက အလှည့်ကျ လုပ်ရတာဖြစ်ပြီး ရဲဘော်တိုင်းဟာ Carry လုပ်ချင်သူ များနေလို့ ဖြစ်ကြောင်း၊ ဆီရောင်းရငွေကို အုပ်မှူးနှင့် အုပ်စက်မှုလက်မှု အရာရှိ (EO) က ခွဲယူကြောင်း၊ ပျံသန်းရေးက ၆၀% နဲ့ စစ်သည်များဘက်က ၄၀% ရကြောင်း၊ သက်ဆိုင်ရာ စခန်းမှူး၊ အုပ်ချုပ်ရေး၊ တပ်ရဲ၊ လေကြောင်းထိန်းမျှော်စင် စတာတွေကိုလည်း နာရီအပြည့် မပျံတာတွေ၊ ဆီခိုးထုတ်ရာ လမ်းကြောင်း လုံခြုံမှု စတာတွေအတွက် ခွဲဝေပေးရကြောင်း သူပြောပြခဲ့ရာမှာ ကျွန်တော်လည်း ထူးဆန်းအံ့ဖွယ် ဖြစ်နေခဲ့ပါတယ်။

သူ့အမေကလည်း သူ့ဆီ ဖုန်းဆက်တိုင်း အဖေက Duty အငှားစောင့်ပြီး မင်းကို ကျောင်းထားပေးခဲ့တာ ကြိုးစား၊ အရာရှိဖြစ်ရင် ကျေးဇူးပြန်ဆပ်လို့ ပြောတယ်ဆိုရာ ကျွန်တော်မှ Duty အငှားစောင့်တယ်ဆိုတာ ဘာလဲဟု မေးကြည့်ပါတယ်။ လေတပ်ထဲမှာ အပြင်ထွက် အလုပ်လုပ်သူများ ရှိကြောင်း၊ စပယ်ယာ၊ ဆောက်လုပ်ရေး စတဲ့ ပြင်ပအလုပ်များ လုပ်ပါက လစာထက် ပိုတဲ့ ဝင်ငွေရကြကြောင်း၊ အဲဒီလို အလုပ်တွေသွားလုပ်သူများရဲ့ကိုယ်စား Duty ကို လူစားထိုး အငှားစောင့်ကြရကြောင်း သိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်က လုံခြုံရေးအမြင်နဲ့ သေနတ်ကိုရော လူစားထိုးပြီး ထုတ်လို့ ရလို့လားလို့ မေးရာ သူက ရီပါတော့တယ်။

ငါ့အဖေရဲ့ လေတပ်မှာက ကင်းစောင့်ရင် သေနတ် မထုတ်ရပါဘူးတဲ့။ ကျွန်တော်လည်း ထူးဆန်းအံ့ဖွယ် နောက်တစ်ခုကို ကြားရပြန်ပါတယ်။ တန်ဖိုးများစွာသော လေယာဉ်များရှိရာ လေတပ်မှာ ကင်းတာဝန်စောင့်တာ သေနတ် မထုတ်ရဘူးတဲ့၊ အပြင်ထွက် အလုပ်လုပ်ပြီး ကင်းအငှား စောင့်ခိုင်းတယ်ဆိုပဲ၊ ဆီတွေ ရောင်းပြီး နိုင်ငံတော် ပစ္စည်းတွေကို ကိုယ်ကျိုးရှာ စားနေကြတယ်။

ငါလေတပ်ထဲ ရောက်ရင်တော့ တွေ့ကြသေးတာပေါ့လို့ တေးထားလိုက်မိပါတယ်။ မယုံတဝက် ယုံတဝက်နဲ့ လေတပ်ကို ကျွန်တော် တကယ် ရောက်လာချိန်မှာ တော့ “ဟုတ်ပ့ါမလား မောင်ကာလုရေ” လို့ တွေးထင် ထားခဲ့သမျှ ဟုတ်ရုံမက ပိုတောင်ပိုနေကြောင်း တွေ့ရပါ တော့တယ်။ မှောင်ရီပျိုးတာနဲ့ ရိပ်သာဘေးမှ လမ်းလေး ဟာ တမာရနံ့အစား ဆီနံ့လေးများ သင်းနေသလို စက်ဘီးကိုယ်စီဖြင့် လူးလားခေါက်ပြန် စည်ကားနေပါ တော့တယ်။ သူ့အရပ်နှင့် သူ့ဇာတ်မို့ မထူးဆန်းကြပေမယ့် အခုမှ ရောက်လာတဲ့ ကျွန်တော်တို့ကတော့ ထူးဆန်းနေတာပေါ့။ သခင်မျိုးဟေ့ ဒို့ဗမာပဲ ကြားဖူးခဲ့ပေမယ့် သူခိုးမျိုးဟေ့ ဒို့ဗမာလို့ ထပြီး ကြွေးကြော်ချင်စိတ်တောင် ပေါက်မိပါရဲ့။ မေးကြည့်မိတော့ ဒီလိုပဲ အသက်ဆက်ပြီး ရှာကျွေးနေကြရတာပဲ၊ မထူးဆန်းပါဘူးတဲ့။

လေတပ်မှာ ရစရာလမ်းဟာ ဒါပဲရှိတာကိုး။ ဂိတ်လည်းမရှိ၊ သစ်ကွက်လည်းမရှိ၊ လည်ပင်းညှစ်စရာနယ်မြေလည်းမရှိ၊ သူများမျက်ရည်နဲ့ ကိုယ့်အတွက် ရှာတာမဟုတ်ဘဲ လေသူရဲက အသက်နှင့်ရင်းပြီး ဆီအများကြီး ချန်လို့ မြေပြင်အရောက် ဆင်းလာပေးသလို စက်မှုအရာရှိ စစ်သည်တွေကလည်း အပြင်အရောက် ဆီထုတ်ပေး၊ ကျန်အုပ်ချုပ်ရေးအရာရှိ စစ်သည်တွေကလည်း ဘေးရန်မရှိရအောင် ကူညီပေးနဲ့ လေတပ်ရဲ့ သုံးနားညီ တြိဂံပုံအတိုင်း ပျံသန်းရေး/စက်မှုလက်မှု/အုပ်ချုပ်ရေး သုံးခုဟာ ဘက်ညီညီ လှုပ်ရှားပြီး သမာအာဇီဝနဲ့ ရှင်သန်နေကြရတာဆိုပဲ။

အင်း ဒီလိုဆိုတော့လည်း ဟုတ်သလိုလိုတော့ ရှိသား။ နောင်လာနောက်သားတွေလည်း အစဉ်အဆက် ဒီလိုပဲ လုပ်ကြရပေတော့မပေါ့။ အင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပါတဲ့ ဒို့တပ်မတော်ကွ။ ကဲ ဒါကတော့ ထားပါလေ။ ကင်းစောင့်တာ တချို့တပ်တွေက သေနတ်လည်း မပါဘူး။ တချို့တပ်ကျတော့ သေနတ်ပါပြီး ကျည်ဆံ ထုတ်မပေးထားဘူး။ တခုခုဖြစ်ရင် ဘာလုပ်မှာလဲ၊ ခဲနဲ့ထုမှာလား ဆိုတော့ ၂ ချက် ရှိတယ်တဲ့။ လက်နက်အစုံအလင် မထုတ်ပေးထားတော့ Duty အငှားစောင့်တဲ့ သူတွေအတွက် ပိုအဆင်ပြေတယ်တဲ့။ ငမူးတွေ သေနတ်နဲ့ ပြဿနာရှာတဲ့အမှု၊ လက်နက်နဲ့ စစ်ပြေးမှုလို အမှုတွေကို ရှင်းစရာ မလိုတော့ဘူးပေါ့တဲ့။ ဒါလည်း ဟုတ်ပြန်ရော။ ပြီးတော့ ပြောသေးတယ်၊ ဘယ်သူကမှလည်း လေတပ်ကို ဒုက္ခမပေးပါဘူးကွာ၊ “ဂဂ”

မှာကတည်းက အစောဆုံးထွက် ဆန္ဒပြလို့ ပြည်သူတွေက ချစ်ပြီးသားပါတဲ့။

ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ လေသံနဲ့ ပြောရရင်တော့ "ကျွန်တော် မောင်ဝေဟင် ဘာများ တတ်နိုင်ပါဦးမည်လဲ" ပေါ့။ ဒါနဲ့ Duty အငှားစောင့်တဲ့ ကိစ္စဘက်လှည့်ပြီး စပ်စုရပါတော့တယ်။ အရင်ကတော့ အငှားစောင့်ခ တစ်ရက်ကို ကျပ် ၂၀၀/၃၀၀ ပါ၊ လစာတွေတိုးတော့ ကျပ် ၁၀၀၀ ကနေ ၂၀၀၀ အထိ ဖြစ်သွားတယ်တဲ့။ တပ်ခွဲ ၃ ခွဲရှိရင် ၃ ရက်တစ်ကြိမ် Duty ကျတော့ အငှားလိုက်တဲ့သူတွေ ပိုပြီး တွက်ခြေကိုက်တယ်။ ဒါပေမယ့် တာဝန်ကျတဲ့ တာဝန်မှူး အရာရှိနဲ့လည်း Duty အငှားစောင့်ခက တိုက်ရိုက်အချိုး ကျသေးတယ်လို့ ဆိုပါတယ်။ ဘယ်လိုလဲဆိုတော့ ကင်းအမြဲစစ်တဲ့ တာဝန်မှူးအရာရှိ ကိုတိကျများရဲ့ တာဝန်ကျတဲ့ ရက်မှာဆိုရင်တော့ ပုံမှန်ဈေးထက် ပိုပေးရတယ်တဲ့။ မှတ်သားစရာ လေးပါနော်။ နောက်ဆောင်းပါးများမှာ ပျံသန်းရေးအုပ်တွေရဲ့ ၄၀/၆၀% ကိစ္စတွေကို ထပ်ပြောပြထားပါတယ်။ ဒီလောက်ဆိုရင်ဘဲ စစ်တပ်ထဲက တကယ့်ဘဝတွေကို စာဖတ်သူတွေ သိခွင့်ရပြီး ထူးဆန်းသောစကားတွေ ကြားရသလို ဖြစ်နေလောက်ပါပြီ။ သိပြီးသား ညီနောင်များကရော ကျွန်တော့်တင်ပြချက်မှာ လိုနေသေးရင် ထပ်ဖြည့်ပေးကြစေလိုပါတယ်။ ❑

# မြွေတိုင်း အဆိပ်မရှိ

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

တပ်မတော်ထဲက အဆင်မပြေမှု များစွာကို ဒီနေရာကနေ ဆက်လက် ပြောပြချင်ပါတယ်။ ဒါမှလည်း "မြွေတိုင်း အဆိပ်မရှိဘူး" လို့ လက်ခံပေးကြမှာပါလို့ အစချီပြီး ကျွန်တော့်ဝန်းကျင်က အပိုင်းအစ များစွာကို စုစည်းနိုင်သမျှ ဖော်ပြပေးနေခဲ့တာပါ။ ကိုယ့်ပေါင် ကိုယ် လှန်ထောင်းတယ်ပဲ ဆိုဆို ဒီလိုအဖြစ်မျိုးတွေကို သိသင့် သူတွေဟာ တပ်မတော်သား ညီနောင်များနဲ့ ပြည်သူ တွေသာ ဖြစ်ပါတယ်။

ဒါမှ အနာဂါတ် နိုင်ငံတော်မှာ တပ်မတော်ရဲ့ Image ကို ပြင်ဆင်နိုင်မှာပါ။ စစ်တပ်ထဲက ဆရာမွေး၊ တပည့်မွေး အခန်းဆက် ဇာတ်လမ်းတွေထဲမှာ လေတပ် လို "ဆရာ"လို့ တရားဝင်ခေါ်နေတဲ့ အဖွဲ့အစည်း အတွက်ကတော့ မထူးဆန်းပါဘူး။ ကာကွယ်ရေး ဦးစီး ချုပ်(လေ) အဆက်ဆက်ဟာ Fighter Pilot တွေဖြစ်ပြီး Role ခွဲရာမှာလည်း Fighter Pilot ဟာ ထိပ်ကပဲ ဖြစ် ပါတယ်။ လေတပ်မှာ အရာရှိချင်းတူရင် လေသူရဲက ဦးစားပေးဖြစ်ပြီး စက်မှုလက်မှုအရာရှိ **(EO)** က နောက်ကပါ။ စက်လက်အရာရှိမှာလည်း B.E ဘွဲ့ရ စက်လက် အရာရှိပြီးမှ လျှပ်စစ်/ချိန်ခွက်အရာရှိ၊ ရေဒီယို/ရေဒါ အရာရှိ၊ လက်နက်အရာရှိတွေက နောက်မှာပါ။ ဒီ အစဉ်အလာဟာ ဦးကျိုးနေပြီဖြစ်ပြီး ယခု DSTA ဆင်း B.E ဘွဲ့ရချင်းမှာတောင် Propulsion & Flight Vehicle ရလာတဲ့ Aeronautical Engineer များက ဦးစားပေးဖြစ်ပြီး Mechanical, EP, EC များက နောက်မှာပါ။

ဆက်ပြောရရင် လေသူရဲမှာလည်း ထိပ်ဆုံး မှာ ရှိတာချင်းအတူတူ Fighter ပြီးမှ သယ်ယူပို့ဆောင် ရေး လေယာဉ်မောင်းသူနဲ့ ရဟတ်ယာဉ်မောင်းသူများ လို့ အဆင့်ခွဲထားတာပါ။ ရာထူးနေရာပေးရင်လည်း ဒီ Role အတိုင်းပဲ စဉ်းစားပါတယ်။ ထူးထူးဆန်းဆန်း ဒုဗိုလ် ချုပ်ကြီး ကျော်သန်းနဲ့ ဗိုလ်ချုပ် မြင့်ဆွေတို့ဟာ Transport Pilot ကနေ ဦးစီးချုပ် တက်ဖြစ်ခဲ့ကြပြီး အဲဒီကာလတွေမှာ သာတူညီမျှ ဆက်ဆံခံခဲ့ရပေမယ့် အေးနေဝင်းတို့ကိစ္စနဲ့ ဆရာမြင့်ဆွေ ပြုတ်ကာ လက်ရှိ ဦးစီးချုပ် F-7 လေသူရဲ ဗိုလ်ချုပ်မြတ်ဟိန်း တက်လာချိန် မှာတော့ Fighter မှ Fighter ပြန်ဖြစ်လာပါတော့ တယ်။ ပိုဆိုးတာက ကိုမြတ်ဟိန်းဟာ ကိစ္စ တော်တော် များများကို သိအောင် လုပ်ထားသလို တင်ပြသမျှကို လည်း တော်ရုံနဲ့ လက်မခံသူပါ။ အနားမှာရှိတဲ့ ဦးစီး အရာရှိများဟာ အတော် သတိထားပြီး လုပ်ကိုင်ရသလို ရာထူးတိုးမြှင့်ရေး၊ နိုင်ငံခြားသင်တန်း စေလွှတ်ရေး၊ နေရာ ချထားရေး စတဲ့ ကိစ္စအတော်များများကို သူကိုယ်တိုင် စီစဉ်သူ ဖြစ်ပါတယ်။ သို့သော်လည်း ဗိုလ်ချုပ်မှူးကြီး ခိုင်းတိုင်း မလုပ်ဘဲ လေယာဉ်ထုတ်ရန် မလွယ်ကြောင်း ခေါင်းမာစွာ ငြင်းနေတဲ့ အချက်နှင့်ပင် လေသူရဲများက သူ့ကို ကြိုက်ပြီး ကျေးဇူးတင်နေကြပါတယ်။ ဆက်ပြီး ပျံသန်းရေးအုပ်တွေရဲ့ ၄၀/၆၀% ကိစ္စတွေ ပြောပြ ပါမယ်။ လေတပ်ဆိုတာ ဆီရောင်းပြီး အသက်ဆက်နေ တာလို့ အခြားတပ်ဖွဲ့များက ဆိုရင် လေတပ်က ပြန်ပြောမယ့် စကားတော့ ရှိပါတယ်။

"ဘယ်သူ့အိတ်ထဲကမှ နှိုက်ယူတာမဟုတ်ဘူး" လို့ ဖြစ်ပါတယ်။ ဒီလိုမှ မရပ်တည်ရင် လေတပ်ထဲက စစ်ဗိုလ်ရော စစ်သည်ရော မိသားစုဝင်တွေပါ ငတ်သေဖို့ပဲ ရှိပါတော့တယ်။ ဆီရောင်းငွေမှ ပေးသင့်တာပေးပြီး ကျန်သည်ကို အုပ်မှူးနှင့် အုပ် E.O ဝေစုခွဲရပါတယ်။ အုပ်မှူးယူတဲ့ ၆၀% ဟာ လေသူရဲများအတွက် ဖြစ်ပါတယ်။ ယခင် လေသူရဲ နည်းပါးစဉ်ကတော့ အုပ်မှူး၊ ဒုအုပ်မှူး၊ ဝါရင့်လေသူရဲ၊ လေသူရဲအငယ်များ အစဉ်လိုက် ဝေပုံကျရကြပါသေးတယ်။

အခုတော့ ဆီဈေးကျနေသလို "၆၃" လေယာဉ်မောင်း သင်တန်း (DSA ၄၁ ဆင်းများ) စသော လေသူရဲအင်အားကလည်း များလာ၊ အုပ်မှူးများကလည်း မရေရာသော သူတို့အနာဂတ်အတွက် အသားကုန်စုဆောင်းနေကြရာ ဗိုလ်မှူးအဆင့်များတောင် ပုံမှန်အာရကေ မရကြတော့ပါ။ ကျန် ၄၀% ကို ရရှိတဲ့ အုပ် E.O ကတော့ စက်မှုလက်မှုအရာရှိနဲ့ စစ်သည်များအတွက် ထပ်မံ ခွဲဝေပေးရပါတယ်။ နိုင်ငံတော်က ထုတ်မပေးနိုင်တဲ့ ကွန်ပျူတာ၊ မိတ္တူစက် စတဲ့ ရုံးသုံးပစ္စည်းတွေ၊ အပန်းဖြေဖို့ တီဗွီ၊ စလောင်း စတာတွေကို ဆီထုတ်နိုင်စွမ်း ရှိသလောက် ဝယ်ယူနိုင်ပေရာ ဆီစားများသော လေယာဉ်အုပ်ဟာ ပိုချမ်းသာတယ်လို့ လေတပ်မှာ ဆိုစမှတ် ပြုကြရပါတယ်။

ယခင်က ကိုမြတ်ဟိန်း အုပ်မှူးလုပ်ခဲ့တဲ့ ရှမ်းတဲမှ အမှတ် (၅) အုပ်ဟာ တချိန်က အချမ်းသာဆုံးဖြစ်ခဲ့ပြီး ယခုဆိုရင်တော့ အထူး လေယာဉ်အုပ်လို့ ခေါ်ဆိုသော အမှတ် (၁၈) အုပ် (MiG-29) အုပ်က အချမ်းသာဆုံး ဖြစ်လာပြီး လေသူရဲတိုင်းအတွက် Laptop တစ်လုံးစီ ထုတ်ပေးထားကာ လေတပ်မှာ တစ်ခုတည်းသော Internet ကို ဝယ်ယူ တပ်ဆင်အသုံးပြုနိုင်တဲ့ အုပ်လည်းဖြစ်ပါတယ်။ လေတပ်ထဲမှာရှိတဲ့ Hour ကုန်လုလု လေယာဉ်များရဲ့ ရှေ့ရေးကို ပြောပြပါအုံးမယ်။ A-5 များဟာ တရုတ်တပ်မတော် PLA-Air Force တွင် မသုံးတော့ဘဲ Nan Chang ရှိ စက်ရုံရှေ့ လေယာဉ်ကွင်းတလျှောက်မှာ ဒီအတိုင်းပစ်ထားတဲ့ Write out လေယာဉ်တွေကို မြန်မာလေသူရဲများက သတ္တိပြောင်မြောက်စွာ မောင်းနေကြခြင်း ဖြစ်ပါတယ်။ F-7 များကိုတော့ ကိုမြတ်ဟိန်းက သူ့ကျေးဇူးရှင်များဖြစ်လို့ တကြောင်း၊ ဒီလေယာဉ်နဲ့မှ အသက်မဆက်ရင် လေတပ်ပျက်ဖို့သာ ရှိတော့တာက တကြောင်းကြောင့် Upgrade လုပ်ရန် ပြင်နေပါတယ်။

သို့သော်လည်း F-7 Over Haul Plant အခြေတည်ရာ လေယာဉ်တွန်းထုတ်ရန်သာ တတ်နိုင်တဲ့ မင်္ဂလာဒုံရှိ ယခင် ပြုပြင်ထိန်းသိမ်းရေးလေတပ် ယခု လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေး ဌာနချုပ်ကို ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံးရဲ ့ လေယာဉ်စက်ရုံဘေးနေရာဖြစ်သော ရှမ်းတဲလေယာဉ်ကွင်းဘေးသို့ ရွှေ့ဖို့ ဗိုလ်ချုပ်မှူးကြီးက အမိန့်ပေးနေပါပြီ။ DI က လေယာဉ်ထုတ်မယ်ဆိုရင် လေတပ်က ဘာဆက်လုပ်မှာလဲ၊ ဒီလေယာဉ်ကိုရော ဘယ်သူက စမ်းမောင်းမှာလဲ၊ ယခင်ရှိပြီးသား F-7, MiG-29 လေယာဉ်တွေက ၂၀၀၉ အကုန်မှာ သက်တမ်းကုန် နေပြီဖြစ်ရာ ဘာဆက်လုပ်မှာလဲ၊ ရဟတ်ယာဉ်တွေကလည်း ပျံနိုင်တာက Mi-17 ပဲ ရှိပြီး သူ့ကိုလည်း နာဂစ်မှာ တအားသုံးခဲ့လို့ လည်ပင်းအစ်ပြီး ဆန့်တငင်ငင် ဖြစ်နေပါပြီ။ ဒီလို လေယာဉ်သက်တမ်းတွေ ကုန်နေသလို လေယာဉ် ခဲယမ်းတွေထဲက မသုံးရက်လို့ အလှကြည့်ထားတဲ့ Missile တွေ၊ ဒုံးကျည်တွေကရော လုံခြုံမှုရှိရဲ့လား၊ ဒီလက်နက်တွေကို သေသေချာချာ သိသူတွေရော လေတပ်ထဲမှာ ရှိပါသေးရဲ့လား၊ ဒါတွေက မေးသင့်တဲ့ မေးခွန်းများစွာထဲက တချို့လောက်ပဲ ရှိပါသေးတယ်။

ကဲ... ပစ္စည်းတွေ ပြီးတော့ လူတွေဘက်လှည့်ရအောင်။ လေသူရဲငယ်ဘဝမှာ အရူးထခဲ့တဲ့ ဆောင်ပုဒ်လေးရှိပါတယ်။ "BIRDS & FOOL ARE FLY. BECAUSE I FLYIENVYNO MEN ONE EARTH" တဲ့။ သူများထက် ထူးလို့ ပျံနေတာပါပေါ့။ ဒါပေမယ့် အခုခေတ်မှာ ဒီလိုပျံသန်းမှုမှာ ရူးသွပ်သူတွေ ရှိပါသေးရဲ့လား၊ စားဝတ်နေရေးအတွက် ပူပင်နေရတဲ့အတွက် လေယာဉ်အပေါ်မှာရော ယုံကြည်မှု ရှိပါသေးရဲ့လား၊ စားဝတ်နေရေးအတွက် ပူပင်နေရတဲ့အတွက် လေယာဉ်မောင်းရရင် ပြီးရောဆိုတဲ့ ဘဝမှာ ပျော်ပိုက်နေသူများကို လက်ချိုးရေလို့တောင် ရနေပါပြီ။

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

မိမိမောင်းရမဲ့ လေယာဉ် အပေါ်မှာရော ယုံကြည်မှု ရှိပါသေးရဲ့လား၊ Hour Extension နဲ့ တက်နေရတာလား၊ မပျံတာ ကြာပြီဖြစ်တဲ့ ပုံမှန်မဟုတ်တဲ့ စစ်ဆေးမတွေ့ရှိနိုင်သော ချို့ယွင်းချက်များ ရှိနေသော လေယာဉ်မျိုးကို မောင်းရင်း ပျက်ကျသွားတဲ့ F-7 က ပိုလ်မှူး သန့်ဇော်လင်းလို အဖြစ်မျိုး ကြုံနိုင်တဲ့ လေယာဉ်မျိုးလား၊ တခုခုဖြစ်ရင် ခုန်ထွက်လည်း ခေါင်းပြတ်/ လေထီးမပွင့်ဘဲ သေနိုင်တဲ့ လေယာဉ်မျိုးလား၊ ဒါတွေကို ဆန်းစစ်ဖို့ လိုနေပါပြီ။ မြေပြင်က အင်ဂျင်နီယာ အရာရှိတွေမှာလည်း လေယာဉ် ဘီးခေါက် မဝင်နိုင်အောင် တပ်ရမယ့် Pin တပ်/မတပ် မစစ်ထားသူတွေ၊ ပွဲစားလုပ်၊ ချဲဒိုင်ကိုင်၊ ဘောပွဲလောင်း၊ စင်တင်သွားဖို့လောက်ပဲ စိတ်ဝင်စားသူတွေ လေတပ်အလုပ်ကလွဲရင် ကျန်တာ အကုန်လုပ်တယ်ဆိုတဲ့ သူတွေ များလာသလို သက်ဆိုင်ရာ လှျပ်စစ်/ချိန်ခွက်၊ ရေဒီယို/ရေဒါ၊ လက်နက် စသော လုပ်ငန်းမှ အရာရှိများကလည်း ဖြစ်လာမှ ဖြစ်သလို ပြင်တာပေ့ါဟု ပေ့ါပေ့ါတွေးကာ နေသာသလို နေနေခဲ့ကြသည်မှာ ကြာခဲ့ပါပြီ။

သူတို့ကိုလည်း အပြစ်မဆိုသာပါ။ လေတပ်ထဲ စရောက်ကတည်းက တွေ့မြင်နေရတဲ့ စက်မှုလက်မှုကျောင်းမှာ ချောင်ထိုး ခံထားရတဲ့ နည်းပြများရဲ့ ပျောက်ဆုံးခဲ့သော အိပ်မက်များအကြောင်း၊ သင်ရိုးညွှန်းတမ်းသာ ရှိပြီး တကယ်မသင်ဖြစ်ဘဲ ကုန်ဆုံးသွားတဲ့ အချိန်များ၊ မိမိသွားလိုရာ တပ်ကို ဆိုင်ရာပိုင်ရာနဲ့ ကြိုးစားရင် နောက်ဆုံးမှ ဆင်းပေမယ့် နေရာကောင်း ရောက်နိုင်တာကို သိနေရတာတွေကြောင့် လေတပ်ရဲ့သဘောကို နောကျေနေပေပြီ။ စစ်သည်များကရော။ လေတပ်ထဲကို ရဲဘော်သစ်ဘဝမှ စဝင်ခဲ့ပြီး အဆင့်ဆင့် ကြိုးစားလာသူများအဖို့ ဟိုပုန်းစက်မှုကျောင်းဆင်း ဒီပလိုမာ တပ်ကြပ်ကြီးများက နေ့ချင်းညချင်း ပခုံးချင်း ယှဉ်လာခဲ့ပါပြီ။

အဆင့်တိုးမြှင့်ရေးမှာ ဒီပလိုမာ တပ်ကြပ်ကြီးများသည် အဆင့်တူလျှင် ဦးစားပေးဖြစ်သည်ဟု ဆိုလာပြန်ရာ အတွေ့အကြုံရှိသော ယခင်ရှိပြီး စစ်သည်များက ဘာလုပ်နိုင်ပါမလဲ။ စစ်တပ်ထုံးစံ အဆင့်ကြီးသူက တာဝန်ယူစတမ်းမို့ မသိ/မတတ်လည်း တာဝန်ယူပေရော့ပေါ့။ နပိုလီယန်ဟာ မြင်းခွာသံတစ်ချောင်း ကျွတ်လို့ စစ်ရှုံးသည်ဟု ကြားဖူးခဲ့ပါတယ်။ လေယာဉ်မှာ မူလီ တစ်ချောင်း ကျွတ်ခဲ့ပါမူ၊ မတော်တဆများ အဲဒီလေယာဉ်ဟာ တပ်ချုပ်ကြီးစီးတဲ့ Mi-17 ဆင်ဖြူတော်ကြီး ဖြစ်ခဲ့သော် ...၊ အတွေးဆိုတာ စိတ်ရဲ့စေရာ၊ ရောက်လိုရာ ရောက်နိုင်ပါသော်ကော။ ဒီလောက်ဆိုရင် စစ်တပ်ထဲက တကယ့်ဘဝတွေကို ပြည်သူတွေ သိခွင့်ရပြီး ထူးဆန်းတဲ့ စကားတွေ ကြားရသလို ဖြစ်နေလောက်ပါပြီ။ သိပြီးသား ညီနောင်များကရော ကျွန်တော့်တင်ပြချက်မှာ လိုနေသေးရင် ထပ်ဖြည့်ပေးကြပါကုန်။ ❑

# အားလုံးကောင်းပါသည်

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

လေတပ်ထဲက အဖြစ်အပျက် များစွာအား ပြည်သူထံ တင်ပြနေသော ဝေဟင်ကို လေတပ်ထဲက ဘယ်သူလဲလို့ သိချင်သူတွေ များလာသလို သိနေတဲ့ အရာရှိနဲ့ စစ်သည်အချို့အတွက် စည်းလုံးခြင်းအင်အား ဝက်ဘ်ဆိုဒ်မှာ ဘာတွေ အသစ်တင်ထားပြန်ပြီလဲ ဆိုတာ ဟာ နှုတ်ဆက်စကားတစ်ခွန်း ဖြစ်လာနေပါပြီ။ ကိုယ့်ပေါင်ကို လှန်ထောင်းပြီး လေတပ် သိက္ခာချနေတာ ဟု ဆိုသူရှိ သလို ဒို့ထက်ဆိုးတာတွေ ရှိသေးတာကို လျှော့လျှော့ပေါ့ပေါ့လေး ရေးနေတယ်၊ ရေးတဲ့သူကို လေးစားပါတယ်၊ ငါတို့လည်း ရေးချင်ပေမယ့် ကြောက်တယ်ဟု ဆိုသူများလည်း ရှိကြောင်း တွေ့လာရပါသည်။ Comments မှာ ဝင်ရေးချင်ကြသော်လည်း Gmail Account တစ်ခုလုပ်ရန်ပင် ခက်ခဲနေကြသော လေတပ်မှ ညီနောင်များအဖို့ မဝံ့မရဲ ဖြစ်နေကြပါသည်။ နောက်ကြောင်းမရှင်းဘဲ IP Address မှတဆင့် ထောက်လှမ်းရေးမှ ခြေရာခံနိုင်သည်ဟု ခြိမ်းခြောက်စကားဆိုသူများကြောင့်လည်း ကြောက်နေကြရပါသည်။



တကယ်တော့ ကာကွယ်ရေးဦးစီးချုပ်(လေ) အပါအဝင် လေတပ်မှ ညီနောင်များစွာသည် သူတို့ရင်ထဲမှ စကားများစွာ ဖြစ်ရပ်များစွာတို့ ပါဝင်သော ဝေဟင်၏ တင်ပြချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း စောင့်ကြည့်နေကြသည်သာ ဖြစ်ပါသည်။ လေတပ်မှ အရာရှိ ၉၀% ခန့်မှာ ကျွန်တော်၏ တင်ပြချက်များအပေါ် စိတ်ဝင်တစား စောင့်ကြည့်ဖတ်ရှုကြပြီး တိုးတိုးတိတ်တိတ် ဆွေးနွေးလာမှုများသည် ကောင်းသော လက္ခဏာအဖြစ် ကျွန်တော်ဝမ်းသာမိပါသည်။ သို့သော်လည်း ဒီအဆင့်မျှဖြင့် လေတပ်ကြီး ကောင်းမလာနိုင်သလို နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း ကောင်းကျိုး ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အမှန်တရားကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ရမည် ဖြစ်သလို အမှန်လမ်းကိုလည်း လျှောက်ရဲကြရပါမည်။ မေးစရာတော့ ရှိပါသည်။ အမှန်လမ်းလျှောက်နိုင်ရန် လက်တွဲခေါ်ယူမည့်သူ၊ ဦးဆောင်ခေါ်ယူမည့်သူများဘက်ကတော့ အဆင်သင့်ရှိဖို့ လိုပါသည်။

ညီနောင်တစ်ဦးပြောသလို တပ်ထဲမှ အရာရှိ/စစ်သည်များသည် နအဖလက်အောက်တွင် အဆင်ပြေသဖြင့် ငြိမ်နေခြင်းမဟုတ်ပါ။ ကန့်သတ်ချုပ်ခြယ်မှုများ၊ နည်းပညာ အခက်အခဲများ၊ အကြောက်တရားများအပြင် မည်သူ့ကို အားထားယုံကြည် လက်တွဲရမည် မသိခြင်းများကြောင့်သာ ပြည်သူနှင့် မပေါင်းစည်းမိခြင်း

ဖြစ်ပါသည်။ ကျွန်တော်၏ ရည်ရွယ်ချက်မှာ လေတပ်မှ အစပြုကာ တပ်မတော်သားများအားလုံး ပြည်သူနှင့် နီးကပ်လာစေရန် ဖြစ်ပါသည်။ ကျန်ညီနောင်များအနေနှင့်လည်း မိမိစွမ်းနိုင်သမျှ ပူးပေါင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ယခုဆောင်းပါးတွင် လေတပ်တွင်းမှ စားဝတ်နေရေး ပြဿနာတချို့ကို ရင်ဖွင့်ပါမည်။ မည်သည့်တပ်မတော်နှင့်မှ မတူသော မြန်မာ့တပ်မတော်တွင် လေတပ်စစ်သည်များ လိုင်းခန်း လျှောက်ရာ၌ပင် လာဘ်ပေးကြရပါသည်။ အခြားသော တပ်ဖွဲ့များတွင်တော့ မသိပါ။ ပြောင်းရွှေ့ရောက်ရှိသည်ဖြစ်စေ၊ လိုင်းခန်းလစ်လပ်၍ဖြစ်စေ မိမိရယူလိုသော လိုင်းခန်းနေရာအတွက် ဆောက်လုပ်ရေးတာဝန်ခံ အကြပ်ကြီးနှင့်ကြိုတင် လက်ဝါးရိုက် ပေးကမ်းစွန့်ကြဲ လိုင်းဝင်ထားရပါသည်။

ထို့နောက် လိုင်းခန်းနေရာချထားရေးဘုတ် (ခေါ်) အုပ်ချုပ်ရေးမှူးနှင့် တပ်ရေးများ၊ တပ်တာဝန်ခံ အရာခံဗိုလ်များဖြင့် အဆင့်အလိုက်၊ လိုင်းအလိုက် နေရာချပေးသော အခါတွင် ကြိုတင် ပေးကမ်းထားသူအတွက် အကောင်းဆုံး လိုင်းခန်းကို လှည့်ပတ် ရရှိစေပါသည်။ တပ်မှူး၊ တပ်ရေးများနှင့် အဆင်ပြေသူများက သင့်ရာသင့်ရာ ရကြပြီး သာမန်စစ်သည်များအဖို့မူ ရွေးဘို့ ကျန်အခန်းများသာ ရကြပါသည်။ ဒီလိုဖြစ်ရခြင်းမှာ တပ်တွင်း လိုင်းခန်းများ၏ တည်ဆောက်ပုံ စနစ်မကျခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းမှု မရှိခြင်းက စခြင်း ဖြစ်ပါသည်။ လိုင်းခန်းကကျဉ်း၊ အမိုးကမလုံ၊ ရေ မီး မိလ္လာစနစ် မကောင်းလျှင် ကိုယ်ထူကိုယ်ထပြင် စသော ထုံးစံများကြောင့် ကောင်းမွန်သော လိုင်းခန်းရရှိရေးအတွက် ယခုလို လာဘ်ပေးလာဘ်ယူမှုများ ဖြစ်လာရပါတော့သည်။ တိုးချဲ့ဖွဲ့စည်းသော ခြေလျင်တပ်များတွင် အရာရှိများပင် ဝါးခင်း၊ ဓနိမိုး တဲတန်းလျားဖြင့် နေနေကြရသော မြန်မာ့တပ်မတော်ကြီးအဖို့ နိမ့်ကျလှသော စစ်သည်များ၏ နေထိုင်မှု အခင်းအကျင်းသည် ပြောရမှာပင် ရှက်ဖို့ အလွန်ကောင်းလှပါသည်။




မြို့နှင့်ကပ်ပြီး နေနေရသော လေတပ်သားတို့အဖို့ မိမိအိမ်သို့ ဧည့်သည်လာမှာကိုပင် ရှက်မိပါသည်။ ၁၀ ပေ၊ ၂၀ ပေ အခန်းကျဉ်းလေး ဆောက်ထားရသလို အိမ်သာကိုလည်း ကိုယ်ထူကိုယ်ထ ဆောက်ကြရပါသည်။ တခါတရံ စည်း/ကော် (ခေါ်) တပ်တွင်း စည်းရုံးရေးကော်မတီမှ စစ်ဆေးရေးဝင်မည်ဆိုကာ မိမိအစီအစဉ်ဖြင့် ဆောက်ထားသည်များကို ဖျက်ပေးရပြန်ပါသည်။ အိုမင်း ဟောင်းနွမ်းနေသော လိုင်းခန်းများကို ဖျက်သိမ်းခွင့် ကျသည့်တိုင် မဖျက်သေးဘဲ အသစ်ဆောက်ခွင့်ကျသည့် ဘတ်ဂျက်ငွေများ၊ ပြင်ဆင်စရိတ်များသည်လည်း အုပ်ချုပ်ရေးတပ်မှူး၊ ဆောက်လုပ်ရေးဝန်ထောက်များနှင့် လေတပ်စခန်းမှူးတို့၏ အိတ်ထဲသို့သာ ရောက်ကုန်ကြပါသည်။ စစ်သည်များ၏ လိုင်းခန်းများသာ မဟုတ်ပါ။ အရာရှိလိုင်းများလည်း ထိုနည်းတူစွာ ဖြစ်ပါ

သည်။ မီးလိုင်း၊ ရေလိုင်း၊ သွယ်တန်းမှု အားလုံးသည် မိမိစရိတ်ဖြင့်သာ ဖြစ်ပါသည်။

အမိုးအကာရှိသော အိမ်အလွတ် တစ်လုံးကိုသာ ခံစားရရှိသလို ဖြစ်နေပါသည်။ အိမ်ထောင်သည်များသာမဟုတ်ဘဲ လူပျိုရိပ်သာသည်လည်း ထိုနည်းလည်းကောင်းပင်။ သောက်ရန် ထုတ်ပေးသည်ဆိုသော **Army Rum** မှာ တပ်သို့ပင် ရောက်မလာပါ။ ရိပ်သာအပိုဆောင်းကြေးဟုဆိုကာ တစ်လလျှင် အနည်းဆုံး ၃၀၀၀ ကျပ် ထပ်ဆောင်းစားရသည့်တိုင် အသားဟင်း တစ်နပ်ပင် အနိုင်နိုင်ပါ။ ရေမီးကိစ္စလည်း အဆင်ပြေစေရန် စုပေါင်းဖြေရှင်းကြရပါသည်။ ဒါ့ဘာ (ခေါ်) ဆန္ဒ ဖော်ထုတ်ပွဲများတွင် အခက်အခဲကို တင်ပြရန် ကြိုးစားမိသူသည် မကြာမီ တပ်ပြောင်းရွှေ့ခြင်း (သို့မဟုတ်) စိုက်ပျိုးရေး/ မွေးမြူရေး လုပ်ငန်းများ ရှိရာသို့ ချောင်ထိုးခံရခြင်း ဖြစ်ပါတော့သည်။

ရိက္ခာကဒ်ပေါင်ခြင်း၊ လစာကြိုတင်ရောင်းခြင်း၊ **Duty** အငှားစောင့်ခြင်း စသော နည်းလမ်းများဖြင့် စစ်သည်များ၏ စားဝတ်နေရေး ပြဿနာများကို ဖြေရှင်းနေရခြင်းကို နိုင်ငံတော်အကြီးအကဲဟု ကင်ပွန်းတပ်ထားသူများ သိရှိရန် မည်သူမျှ မတင်ပြရဲပါ။ တပ်ရင်းရုံပုံငွေ သိန်းမည်မျှရှိသည်၊ တပ်သက်သာ ချောင်ချိရေးအတွက် မည်မျှ ထောက်ပံ့နိုင်သည်၊ စည်း/ကော်ကိစ္စများ မည်မျှအောင်မြင်သည် စသော လေးလပတ်တိုင်းတွင် မျက်နှာရရန်သာ **On Paper Work** များဖြင့် ဂုဏ်ယူတင်ပြနေကြသော်လည်း တကယ်တမ်းတွင် တင်ပြကြသည့် ဤဖြစ်စဉ်များ အမှန်မဟုတ်ပါ။

အမှားတင်ပြသူ၊ အမှားကို လက်ခံသူနှင့် အမှန်တရားကို မြတ်နိုးသူတို့၏ လောကကြီးသည် အမှန်တကယ် သာယာနိုင်ပါမည်လော။ တပ်မိသားစုများအနေနဲ့ ရိက္ခာနှုန်းထား လျှော့ပေးလာမှုကြောင့် ယခင်လို ဈေးမရတော့သလို ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် လစာကလည်း မလောက်ငှနိုင်ကြတော့ပါ။ တပ်မတော် စည်းရုံးရေးကော်မတီတွေ စည်းကမ်းထိန်းသိမ်းရေးတွေရဲ့ မှုမှာ မိသားစုဝင်တွေ အလုပ်အကိုင် ရရှိရေး ဆောင်ရွက်ပေးရန်ဟု ပါရှိသော်လည်း လက်တွေ့မှာ အလုပ်ရှာပေးဖို့ထက် အဲဒီအစည်းအဝေးတွေ သင်တန်းတွေနဲ့တင် မိသားစုဝင်တွေမှာ ရှိပြီးသား အလုပ်တောင် ခွင့်ယူရလွန်းလို့ ပြုတ်လုလု ဖြစ်နေကြသူတွေ ရှိပါသည်။

မိသားစု စစ်ပညာသင်တန်းကစလို့ သင်တန်းပေါင်းစုံကို တင်ပြလို့ကောင်းအောင် ဖွင့်နေတာမှာ လူကုန်လို့ ၂ ခါ ၃ ခါမက တက်နေကြရလည်း ဖွင့်နေဆဲပင် ဖြစ်ပါသည်။ ဒီဖြစ်ရပ်တွေကို လေတပ်ရဲ့ ခေါင်းဆောင်ပိုင်းကတော့ တစွန်းတစ သိလောက်ပါသည်။ သို့သော်လည်း တပ်ချုပ်ကြီးရဲ့ သားမက်တော် ဗိုလ်မှူးချုပ် သိန်းနိုင်ကိုယ်တိုင် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှူးအနေနဲ့ ရှိနေလေတော့ နအဖမှာ အငယ်ဆုံးထဲပါတဲ့ ကိုမြတ်ဟိန်းလည်း နိုင်ငံတော်အကြီးအကဲ မျက်နှာညိုအောင် ဘယ်လုပ်ဝံ့ပါ့မလဲ။ ‘အားလုံးကောင်းပါသည်’ ပဲပေါ့။

ညီနောင်များခင်ဗျား ... ကျွန်တော့်အနေနဲ့ သိမြင်ကြားသမျှ ပြည်သူထံတင်ပြရင်း တပ်တွင်းက နိမ့်ကျသော ဘဝများစွာကို ဖော်ထုတ်ပေးခဲ့ပါပြီ။ အခြားသော သိမြင်သမျှ ဘဝများကိုလည်း ညီတော်၊ နောင်တော်တို့မှ ဆက်လက် ပြောပြပေးကြပါဦးဗျာ။ ❑

# ခွက်ပျောက်စစ်ပိုလ်များနှင့်မရေရာသောလေတပ်

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

ကျွန်တော့်ခေါင်းစဉ်လေးက ရိုင်းများနေမလားပဲ။ ဒါပေမယ့်လည်း တကယ်ခံစားနေရသူများကိုယ်တိုင်က ဒီလိုပဲ သူတို့ကိုယ်သူတို့ ခေါ်နေကြပါတယ်။ တရုတ်ကားတွေထဲကလို မေးရရင်တော့ ဒီလိုအဖြစ်မျိုးတွေ ရှိခဲ့တယ်လားလို့ပေါ့။ ဟုတ်ကဲ့ တကယ်ပါ။ ရှိပါတယ်။ လူသက်သေ၊ ပစ္စည်းသက်သေတွေနဲ့ပါ။ “ကျွန်တော်တို့ မတရား ခံနေရပါတယ်” လို့ အော်စရာနေရာမရှိသလို၊ တင်ပြပြန်ရင်လည်း အမြင်ကပ်ပုဒ်မပုဒ်မ (၆၅) တပ်ပြီး ရေရေလည်လည် နှိပ်ကွပ်ခံရမှာမို့ ဇနီးမယား၊ သမီးသား ငဲ့ညှာကာ “ငုံးဆူ လူမသိ” တိတ်တိတ်လေးပဲ ရင်ဖွင့်ရှာကြရပါတယ်။ တာဝန်အရှိဆုံးဆိုတဲ့ လေတပ်ဦးစီးချုပ်ကတောင်မှ စဉ်းစားမပေးတာ၊ ဘယ်သူက ငါတို့အဖြစ်ကို မျက်စိထဲထားမှာလဲလို့ ဆိုကြရှာပါတယ်။




ကဲ ... ခွက်ပျောက်တာ ဘာကို ဆိုပါသလဲ၊ လေတပ်ထဲမှာ အရာရှိအုပ်စုကြီး (၂) ခု ရှိပါတယ်။ လေသူရဲနဲ့ စက်မှုလက်မှုပါ။ လေသူရဲ အများစုက DSA ဆင်းတွေပါ။ အလုပ်သင်နဲ့ OTS ဆင်း အပတ်စဉ် (၂) ခု လောက်ကတော့ အနည်းစုပေါ့။ လေသူရဲမှာ Fighter, Transport, Helicopter ဆိုပြီး ကွဲပြားသလို စက်မှုလက်မှုမှာလည်း ၁၉၉၉ မှာ DSTA အပတ်စဉ် (၁) မဆင်းခင်အထိ OTS ဆင်း BE ဘွဲ့ရော၊ BSC ဘွဲ့ရပါ ခေါ်ပြီး အင်ဂျင်နီယာ၊ လျှပ်စစ်နှင့် ချိန်ခွက်၊ ရေဒီယို/ရေဒါ၊ လက်နက် ဆိုပြီး (၄) ဌာနခွဲပါတယ်။ OTS ဆင်း အတော်များများဟာ လေတပ်ကို မလာလိုပါဘူး။ စစ်လက်ရုံးရွေးချယ်ရာမှာ ဆန္ဒမပြုသော်လည်းဘဲ ခွဲတမ်းချခေါ်ယူခြင်းခံရသူများဟာ ၁၉၉၅ မှာဆင်းတဲ့ OTS – 91 အပတ်စဉ်မှာ အတော်များခဲ့ပါတယ်။ လေတပ်ကို လာ

သတင်းပို့ချိန်မှာ အဲဒီအရာရှိများဟာ လေတပ် ယူနီဖောင်းတောင် အဆင်သင့် မရှိသေးလို့ အစိမ်းဝတ်နဲ့ ဖြစ်နေခဲ့ပါတယ်။ သို့သော်လည်း ထားရာနေ၊ စေရာလုပ်ရမယ့် ဘဝရောက်ပြီမို့ ဘာမှ မတတ်နိုင်ရှာတော့ပါဘူး။

တောထဲ တောင်ထဲမှာ ကိုယ်လဲဒုက္ခရောက်သူများလဲ ဒုက္ခပေးရတဲ့ဘဝ မဟုတ်တာပဲဆိုပြီး ဖြေသိမ့်လိုက်ကြပါတယ်။ ၁၉၉၉ မှာ သူတို့တတွေ ဗိုလ်ကြီးဖြစ်ကြပါတယ်။ နောက် (၅) နှစ်နေရင် အပြစ် ကင်းကင်းနေတဲ့သူက ဗိုလ်မှူးဖြစ်ပြီပေါ့။ ကြည်း/ရေ/လေ မခွဲခြားပဲ တစ်ခုတည်းသော “ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော တပ်မတော်” တည်ဆောက်နေတယ် ဆိုတဲ့အ




တွက် အရင်လို ကြည်းတပ်နဲ့ ရာထူးရတာ မကွာခြားပဲ ငါတို့ဘဝ အောင်မြင်တော့မယ် ဆိုတဲ့ မျှော်လင့်ချက်တွေများစွာနဲ့ပါ။ ၁၉၉၉ ပြေမှာ DSTA အပတ်စဉ် (၁) ဆင်းလာပြီး လေတပ်ကို အင်ဂျင်နီယာအစစ်တွေအနေနဲ့ ရောက်လာပါတယ်။ စက်မှုလက်မှုရဲ့ ဌာနခွဲ (၄) ခုဆီကို DSTA ဆင်း BE များ ရောက်လာချိန်တွင်တော့ လက်တန်း မူဝါဒတစ်ခုက မျှော်လင့်ချက် ဘဝများစွာနဲ့ လေတပ်ရဲ့ အနာဂတ်ကို စတင် ဖျက်ဆီးလိုက်ပါတော့တယ်။

ဒါကတော့ “စက်မှုလက်မှုရဲ့ ဌာနခွဲ (၄) ခုဖြစ်သော အင်ဂျင်နီယာ၊ လျှပ်စစ်နှင့်ချိန်ခွက်၊ ရေဒီယို/ရေဒါ၊ လက်နက်မှ အရာရှိများကို B.E ဘွဲ့ရ မဟုတ်က အဆင့်တိုးမပေးတော့” ဟု ဖြစ်ပါတယ်။ လေတပ်ထဲတွင် အတွေ့အကြုံများစွာ ရှိနေပြီးသော စက်မှုလက်မှု ဌာနခွဲမှ သာမန်ဘွဲ့ရ အရာရှိများစွာ၏ ဘဝနှင့် ဆောင်ရွက်ချက်များအတွက် မျက်ကွယ်ပြုခြင်းသည် ၂၀၀၇ ခုနှစ်က အသက်ကန့်သတ်ချက်ဖြင့် တပ်မတော်မှ ထွက်ခွာရသူများတွင် စတင် သက်ဝင်လာရာ ဦးစီးချုပ်(လေ) မျက်ခုံးစလှုပ်ခဲ့ရပါတော့တယ်။ စက်မှုလက်မှုမှ ဦးစီး(ပ)များနှင့် လုပ်ငန်းများကို အမှန်တကယ် ဦးဆောင်နေသော အဆင့်တိုးမပေးပဲ ချန်ထားခံရသူ အတော် များများ ပါသွားသလို ကျန်နေသူများကလည်း စိတ်နာစွာဖြင့် အလုပ်တက်ရုံမျှသာ ဆောင်ရွက်လာကြပါတယ်။ လျှပ်စစ်/ချိန်ခွက်၊ ရေဒီယို/ရေဒါ၊ လက်နက်မှ OTS – 91 ဆင်း သာမန်ဘွဲ့ရ အရာရှိ အများစုဟာ ယခု ၂၀၀၉ မေကာလတိုင်အောင် ဗိုလ်ကြီး အဆင့်ဖြင့်ပင် အောင့်အီးနေကြရပါတယ်။

အချို့ တော်သော သူများသည် တော်ရာလမ်းကြောင်းဖြင့် လေတပ်မှ လွတ်ရာ လွတ်ကြောင်း ကြိုးစားပါသော်လည်း ဤလူများမရှိက လေတပ်ပွဲပျက်မည် ကြောက်သည့် ဦးစီးချုပ်(လေ)က လွတ်ရာကျွတ်ရာ ပေးမသွားရာ သူတို့ဟာ ခံပြင်းမှုများ ပိုလာပါတော့တယ်။ အထူးသဖြင့် လက်နက်အရာရှိများတွင် OTS – 91 ဆင်း သာမန်ဘွဲ့ရ အရာရှိများအား အဆင့်တိုးမပေးပါက ၄င်းတို့နောက်တွင် ၂၀၀၄ မှာ ဆင်းသည့် DSTA အပတ်စဉ် (၆) မှ အရာရှိများသာ ရှိရာ ဖုံးတန်များစွာကို မည်သို့ ထိန်း

သိမ်းမည် ဆိုသည့် အရေးမှာ ရင်လေးစရာ ဖြစ်လာဦးမှာ မလွဲပါ။

ယခုအခါ ထိုထိုသော ခွက်ပျောက်အရာရှိများ၊ ဘာမှမတတ်သော အရာရှိများ မိမိရဖို့ကိုသာ သိသောအရာရှိများသာ ရှိနေပြီး Hour ကုန်ခါနီး လေယာဉ်အိုများနှင့် လစာမလောက်သော စစ်သည်များဖြင့် တပ်မတော် (လေ) ၏ အနာဂတ်ကြီးသည် မီးဇာကုန်လုလု ဖြစ်နေသည်ကို မသိရှာသော ဗိုလ်ချုပ်မှူးကြီးသည် လေယာဉ်ထုတ်ရန် တွန်းအားပေး နေပြန်ပါတယ်။ သနားစဖွယ်ပင်။ ဘိုးတော်ကြီးဟာ စက်မှုဇုန်ဂျစ်ကဲ့သို့ လေယာဉ်ထုတ်ရန် လွယ်မည်ဟု ထင်နေရှာပုံ ရပါတယ်။ လေယာဉ် ထုတ်ရန် မလွယ်သလို UAV ကို လူအင်အားအလုံးအရင်းဖြင့် ရှမ်းတဲ လေတပ်စခန်းတွင်ပင် မောင်းနှင်စမ်းသပ်နေသော်လည်း Control Programme ရောင်းချသည့် တရုတ်ကုမ္ပဏီက နည်းပညာ မပေးသဖြင့် အခက်ကြုံနေရပါတယ်။

ပြင်ဦးလွင်ရှိ ဗိုလ်ချုပ်စိန်ဝင်း ဦးစီးတဲ့ နည်းပညာသုတေသနဌာနချုပ်တွင် မြောက်ကိုးရီးယားရေတပ်မှ လာရောက်ပို့ချသော Fire Control Computer သင်တန်းသို့လည်း ဒုဗိုလ်မှူးကြီးတစ်ဦး ခေါင်းဆောင်ကာ လေတပ်မှ အရာရှိများ စေလွှတ်ထားပြီး နည်းလမ်း ရှာနေပါတယ်။ ဒီလောက်ဆိုရင် ခွက်ပျောက် စစ်ဗိုလ်များနဲ့ မရေရာသော လေတပ်ဆိုတာကို သိလောက်ရောပေါ့။ ကဲ ကျွန်တော် တင်ပြခဲ့သော အကြောင်းအရာများကို ဖတ်ပြီး သင်ရော ဘယ်လို သဘော ရပါသလဲ? စစ်အစိုးရ လက်ထက်ဆိုပေမယ့် အရာရှိတိုင်းဟာ အဆင်မပြေပါဘူး၊ တပ်ထဲမှာလဲ ခွဲခြားမှုတွေ ဖိနှိပ်မှုတွေ တန်းတူမညီမျှမှုတွေ အများကြီးပါ၊ အဆင်မပြေမှုတွေ ဆိုတာက မြန်မာနိုင်ငံသားတိုင်းရဲ့ ကိုယ်ခန္ဓာမှာ မွေးကတဲက ကပ်လျှက်ပါလာတာပါ။ စစ်အာဏာရှင် အထက်ပိုင်းတွေက လွဲရင်ပေါ့။

ဒါဆို ဘာလို့ ငြိမ်ခံနေလဲလို့ မေးစရာရှိပါတယ်။ မြန်မာပြည် အထူးသဖြင့် စစ်တပ်ထဲမှာ လူတိုင်း အလွယ်တကူ Internet မသုံးနိုင်ပါဘူး၊ ပြင်ပဆီကို အခုလို ဆက်သွယ် ဖော်ပြခွင့် မလွယ်ပါဘူး။ တပ်ထဲက တကယ့် အဖြစ်တွေကို လူထုဆီပို့ဖို့ ခက်ပါတယ်။ သူတို့လည်း ဒီစနစ်ဆိုးကြီးကို ပျောက်ကွယ်စေလိုသူတွေထဲမှာ ရှိနေပါတယ်။ ဒါပေမယ့် ဘယ်လို ပူးပေါင်းကြမလဲ၊ ဘာလုပ်ပေးရမလဲ ဆိုတဲ့ မေးခွန်းများ ရှိလာပါတယ်။ သူတို့အပြင် မိသားစုတွေကလည်း မလောက်မငှလစာ၊ စည်း/ကော် ဆိုတဲ့ တပ်တွင်း စည်းရုံးရေး ကော်မတီ အလုပ်တွေနဲ့ ရှိရှိသမျှ အထက်လူကြီးကတော်တွေအတွက် သနပ်ခါးသွေး၊ ထမိန်လျှော်၊ ဟန်လုပ် မျက်နှာချိုသွေး၊ အမလေး ကျွန်ဝယ်ရာ အဆစ်ပါ ဘဝကို အမှန်တကယ် ရွံ့မုန်းနေကြပါပြီ။ ဒါကြောင့် လုပ်သင့်တာကိုလုပ်ကြပါတော့လို့ ပြောလိုက်ပါတယ်ခင်ဗျား။ ❑

# သင်တန်းများ၊ အမှုများနှင့် လုံးလည်ချာလည်လိုက်နေသော အရာရှိများ

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

ယနေ့ တပ်မတော်အရာရှိ အများစုမှာ ၎င်းတို့ဘဝ ရှင်သန်ရပ်တည်ရေးအတွက် လှုပ်ရှားရုန်းကန်နေရင်း ခိုင်းသမျှ လုပ်နေကြ ရသူများသာ ဖြစ်ပါသည်။ တပ်မတော်ကို ပြည်သူ့ဘက်က ရပ်တည်ပါဟု ဆိုနေသူများကို အသိပေးချင်ပါသည်။ အောက်ခြေအဆင့် အရာရှိများသည်လည်း နိုင်ငံတော်နှင့် တပ်မတော် လုံးပါးပါးနေသည်ကို မြေလှန် ပြောင်းလဲချင်သူများချည်း ဖြစ်ပါသည်။ သို့သော် ဆိုခဲ့ပြီးသလို မေးခွန်းများက တပုံတပင်။ ဘယ်လို ပူးပေါင်းမှာလဲ၊ ဘာလုပ်ပေးမှာလဲ။ ဗိုလ်ချုပ်ကြီးခင်ညွန့်တောင် ဘယ်ဘဝ ရောက်သွားသလဲ။ မျက်စိရော နားရော အပိတ်ခံနေရသူများအတွက် ပြောင်းလဲခြင်းကို အလိုရှိပါသော်လည်း လမ်းပျောက်နေသူများပမာ ဖြစ်နေရပါသည်။

DSA ရောက်ကာစ First Year ဗိုလ်လောင်းများအား နားချိန်မရှိအောင် လှည့်ပတ်ခိုင်းကာ အချိန်ကုန်မှန်းမသိ ကုန်စေခဲ့သော နည်းကိုပင် ယခုသုံးကာ အရာရှိများအား နိုင်ငံရေး ဖြစ်စဉ်နှင့် ကင်းကွာစေထားပါသည်။ ဗိုလ်လောင်း သင်တန်းဆင်းပြီး မကြာမီ Russia လွှတ်မည့် မဟာနှင့် ဘာသာစကား သင်တန်းများ၊ လေ/ရေ စသော လက်ရုံးတပ်ဖွဲ့များကလည်း လေယာဉ်မောင်း သင်တန်း၊ စစ်ရေယာဉ်မှူး သင်တန်း၊ အမြောက်တပ်စုမှူး သင်တန်း စသော တပ်ဖွဲ့အတွင်း သင်တန်းများ၊ စစ်ကျောင်းကြီးများ၏ ခြေလျင်တပ်ခွဲမှူး၊ တပ်စုမှူး သင်တန်းများ အုပ်ချုပ်ရေးကျောင်းများမှ တပ်ရေးဗိုလ်ကြီး၊ တပ်ထောက် ဗိုလ်ကြီး၊ စာရင်းကိုင် ဒီပလိုမာ၊ ဥပဒေ ဒီပလိုမာ၊ စစ်ဘက်ဥပဒေ စသော သင်တန်းများ၊ တိုက်/စည်း အခြေခံ၊ နည်းပြ သင်တန်းများ၊ အင်္ဂလိပ်စကားပြော သင်တန်းများ၊ အခြားသော သက်ဆိုင်ရာ တပ်ဖွဲ့ အလိုက် သင်တန်းများစွာတို့ကို တက်ရောက်စေကာ စစ်တိုက်ရန်မရှိက လေ့ကျင့်ရန်ဟု ဆောင်ပုဒ် ဖော်ထုတ်ခဲ့သည်။

တကယ်တမ်း ထိုသင်တန်းများသည် အကျိုးရှိ မရှိတော့ မသိသာသော်လည်း သင်တန်းတက်ရသော အရာရှိများအဖို့ သင်တန်းကြေးက ဝန်ထုပ်ဝန်ပိုး ဖြစ်လာခဲ့ရာ ငွေရလမ်းများ ရှာကြံကြရပါတော့သည်။ ဆိုင်ကယ်ကယ်ရီ၊ ကားကယ်ရီ၊ ဆေးပြား ကယ်ရီ၊ ကျောက်ကယ်ရီ အရာရှိများ၊ တစ်လုံး/နှစ်လုံး/သုံးလုံး ဒိုင်ကိုင်နှင့် ထိုးသား အရာရှိများ၊ အကွက်ကျကျ ငွေလိမ် အရာရှိများ ပေါ်ပေါက်လာသကဲ့သို့ အမှုဖြစ်နေသော အရာရှိ အရေအတွက်ကလည်း တစ်နှစ်တွင် အရာရှိဖြစ်လာသော ဗိုလ်လောင်း အရေအတွက်နှင့် ထပ်တူနီးပါးပင်။ တပ်သားသစ် မရတိုင်း ဗိုလ်လောင်း အရေအတွက်ကို နင်းကန်ခေါ်ခဲ့ရာ အချောက်များလည်း ပါခဲ့ပြီး၊ ဂျော်ရကီး စစ်ဗိုလ်များလည်း တွေ့နေရသလို၊ DSTA အပတ်စဉ် (၉) တွင် ဒုဗိုလ်ချုပ်ကြီး မြင့်လှိုင်၏ သား ဦးဆောင်သော နားကွင်းတပ် အရာရှိများလည်း ရှိနေပါသည်။

လေတပ်သို့ DSA ၄၁/ ၄၂ မှ စတင်ကာ တပတ်စဉ်လျှင် လေသူရဲ ၃၀၀ စီခေါ်ခဲ့ရာ ယခုအခါ ရှိသည့်လေယာဉ်နှင့် လေသူရဲ မမျှရုံသာမက ဘာခိုင်းရမှန်းမသိ ဖြစ်နေသော အခြေအနေတွင် ရှိပါသည်။

မောင်းစရာ လေယာဉ်မရှိသည့်အခါ လေသူရဲအဖို့ အလုပ်မရှိတော့ပါ။ အုပ်မှူးများကလည်း ရုံးတက်လျှင် ပြီးရော ထားရပေရာ ချဲထိုး၊ ဖဲရိုက်ရန်သာ ရှိကြပြီး တိုးတက်သော နည်းပညာလေ့လာရန် Internet ကြည့်ရန်မှာလည်း လေတပ်တခုလုံးတွင် Internet တပ်ဆင်ခွင့်ရထားခြင်းမရှိပဲ၊ MIG ၂၉ လေယာဉ်အုပ်တွင်သာ လေယာဉ်ဆီ ရောင်းရသော တရားမဝင်ငွေများဖြင့် ကိုယ်ပိုင်တပ်ဆင် သုံးစွဲမှု ရှိပါသည်။

အင်ဂျင်နီယာများဘက်တွင်လည်း DSTA မှ ဆင်းပြီး လေတပ်ထဲရောက်သည်နှင့် လေတပ် စက်မှုလက်မှုကျောင်းသို့ တက်ရပြီး လေတပ်ဆိုင်ရာများ သင်ရသော်လည်း ၄င်းကျောင်းတွင် နည်းပြအရာရှိ ၂ ဦးသာရှိပြီး ထိရောက်စွာ မသင်နိုင်ပါ။ သက်တမ်းကုန် လေယာဉ်များကို ပြင်ဆင်ထိန်းသိမ်းမည့်သူများ မောင်းနှင်ကြမည့် သူများ၏ တကယ့် အဖြစ်မှန်ပါ။ ပိုဆိုးသည်မှာ ယခင်က လေတပ်၏ စက်မှုလက်မှုဌာနတွင် ရှိနေနှင့်သော အရာရှိများအား B.E ဘွဲ့မရက ဆင့်တိုးမပေးဟု ဆိုကာ ဗိုလ်ကြီး အဆင့်တွင်ပင် ထားလျက်ရှိရာ သူတို့၏ခံစားချက်ကြောင့် လက်ဆင့်ကမ်း သင်ကြားပေးမှုကို မျိုးဆက်သစ်တို့ မရရှိခြင်းဖြစ်ပါသည်။

နည်းပညာတို့သည် အဆင့်မြင့်လျက်ရှိနေသော်လည်း လေတပ်တွင် ခေတ်ဟောင်းက ဗုံးများ၊ ဒုံးများ ရှိနေသေးရာ ၄င်းတို့ကို ကိုင်တွယ်သိရှိသူများသည် ဗိုလ်ကြီးအိုများ ဖြစ်နေခြင်းက လေတပ်ဗုံးစတိုများ အနီး နေထိုင်သူများအတွက် မျက်ခုံးလှုပ်ဖွယ်ပင်။ တပ်တွင်း ပြဿနာ နောက်တစ်ခုမှာ ဥပဒေကြောင်းနားမလည်သော သူများခြင်း ဖြစ်ပါသည်။ စစ်ဘက်ဥပဒေ သင်တန်း ရှိသော်လည်း သင်တန်းပြီးယုံမျှသာ လေ့လာကြသည်က များပါသည်။ သို့ဖြစ်ရာ တစုံတရာ ပြစ်မှုဖြစ်ပါက ဥပဒေကို နားလည်သော အရာရှိနှင့် တပ်မှူးများ၏ လှည့်ကွက်အောက်တွင် ၄င်းတို့လိုလားချက်အတိုင်း လည်စင်း ခံရတတ် ကြပါသည်။

တပ်မှူးများကလည်း ဥပဒေဒီပလိုမာ ရရှိထားသော အရာရှိများကိုခေါ်ကာ ၄င်းတို့ ဖြစ်ချင်သည့် လမ်းကြောင်းပေါ်သို့ ဆွဲတင်စေပြီး အိမ်ကြက်ချင်းအိုးမဲသုတ် ခွပ်စေပါသည်။ အရာရှိများ၏ ဒီလိုအဖြစ်တွေထဲမှာ ကတော်တွေကလည်း တမျိုး ထူးပါသေးသည်။ ကျွန်ဝယ်ရာ အဆစ်ပါ ဆိုသလို ထားရာနေ၊ စေရာသွား ခိုင်းတာလုပ်ရာမှာ မိန်းမတွေပါ အဆစ်ပါနေရာ ပဒေသရာဇ်ခေတ်ကလို တော်ကောက်မခံရတာပဲ တော်ပါသေး။ ဗိုလ်ချုပ်ကတော်တွေလာရင် သနပ်ခါးသွေး၊ ထမိန်လျှော် လုပ်ကြရပါသည်။ မလုပ်တဲ့သူ တပ်ထဲမှာ မနေနဲ့ ဆိုတာအပြင် ကိုယ့်ယောကျ်ားအလုပ်ကို ထိခိုက်မှာစိုးလို့ ကျိတ်မှိတ် လုပ်နေကြရရှာပါသည်။ စည်း/ကော်ဆိုတဲ့ အပေါ်ယံ လှုပ်ရှားမှုတွေကလည်း တပ်မိသားစုတွေအတွက် ဝန်ထုပ်ဝန်ပိုး တစ်ခုပင်။ ဒီမှာကြုံလို့ ဆန္ဒခံယူပွဲမှာ တပ်တွေက ဆန္ဒမဲပေးပုံလေးကို ပြောပြပါဦးမည်။

တပ်အတွက် မဲရုံက သီးခြားဖြစ်ပါသည်။ မဲလက်မှတ်တွေက ၂ မျိုးဖြစ်ပြီး အမှန်တကယ် လက်မှတ်တွေကို အမှန်ခြစ်ပြီး သိမ်းထားပါသည်။ မိတ္တူကူးထားတဲ့လက်မှတ်တွေကို စစ်သည်တွေနဲ့ မိသားစုတွေကို ပေးပြီး မှတ်တမ်း ဓါတ်ပုံရိုက်ရုံ မဲထည့် ခဲ့ကြရတာပါ။ ပြီးတော့ တပ်တွင်းမှာ ဘယ်သူမေးမေး အမှန်တကယ် မဲပေးရကြောင်းသာ ပြောရန်နှင့် ပေါက်ကြားပါက စစ်စည်းကမ်းအရ အရေးယူခံရမည်လို့ ညွှန်ကြားပါသည်။

မယုံမရှိပါနဲ့၊ ဆန္ဒမဲ လက်မှတ်တွေမှာ ဘာတွေပါလဲလို့ လက်တို့ပြီး မေးကြည့်ပါ။ အခြားသော တပ်ဖွဲ့များတွင်လည်း အလားတူ အခြေအနေမျိုးများ ရှိသည်ချည်း ဖြစ်ပါသည်။ ယခုတင်ပြရာတွင် အရာရှိများ၏ အခြေအနေကိုသာ ဇောင်းပေးဖေါ်ပြသွားရသော်လည်း စစ်သည်များ အထဲတွင်လည်း ယခုထက် ပိုမိုဆိုးရွားသော ပြဿနာများ ရှိပါသည်။ ❑

# ခွက်ပျောက်စစ်ပိုလ်များနဲ့ အနာဂတ်တပ်မတော်

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

တပ်မတော် (ကြည်း/ရေ/လေ) စစ်တပ်အတွင်းက မညီမျှမှု၊ ဒီမိုကရေစီ ဆိတ်သုန်းမှု၊ လေတပ်ထဲမှာပင် စစ်တက္ကသိုလ် ကျောင်းဆင်း အရာရှိများနှင့် တပ်မတော် နည်းပညာတက္ကသိုလ် ကျောင်းဆင်း အရာရှိများကို အရာရှိချင်း အတူတူ အဆင့်အတန်း ခွဲခြားထားလို့ အခွင့်အရေး တန်းတူမရရှိကြမှု၊ ခွက်ပျောက်စစ်ပိုလ်များကလည်း အသက်ကန့်သတ်ဖြင့် အရပ်ဘက်သို့ အပြောင်းခံရသည်ထက် တပ်မတော်သားပီသစွာ အဆင့်ဆင့်သော တပ်တွင်း ရာထူးကိုသာ လက်ခံထမ်းဆောင်ချင်ကြမှု စတဲ့ ယနေ့ တပ်မတော်တွင်းက ဖြစ်ရပ်မှန်တွေကို ဆက်လက် တင်ပြလိုက်ပါတယ်။

၂၉–၅–၂၀၀၉ ရက်နေ့က ထပ်မံထုတ်ပြန်လိုက်သော ကက (လေ)နှင့် ကက(ထူး)တို့ရဲ့ ရာထူးတိုးမြှင့်မှု အမိန့်ပြန်တမ်းတွင် လေတပ်သို့ အမြောက်အမြား ခေါ်ယူထားခဲ့သော ၂၀၀၀ ခုနှစ် စစ်တက္ကသိုလ်ကျောင်းဆင်း **DSA - 41** နှင့် **DSA – 42** မှ လေသူရဲအရာရှိ (၂၀၀) ခန့်ကို ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ပေးလိုက်ပြန်ရာ လေတပ်အတွင်းမှ ဗိုလ်ကြီးအဆင့်မှာပင် အဆင့်တိုးပေး မခံရပဲ ကျိတ်မှိတ်နေကြရသောသူများ၊ ဗိုလ်မှူးအဆင့်မှာပင် ရပ်တန့်နေသောသူများနှင့် အဆင့်တိုးပေးရန် ထည့်သွင်း စဉ်းစားခြင်း မခံရသောသူများ၏ မကျေနပ်သော အသံများ ဆူညံစွာ ထွက်ပေါ်လာခဲ့ပါသည်။

လေတပ်မှာ ပိုင်းလော့အုပ်စု၊ မြေပြင်အုပ်စု ဆိုပြီး ရှိရာ ပိုင်းလော့အုပ်စုကိုသာ နေရာပေးရာ မကျေနပ်ချက်များလည်း ရှိနေကြပါသည်။ ပိုင်းလော့အုပ်စုမှာပင် **MI - 2** နှင့် **MI – 17** ရုရှားရဟတ်ယာဉ်များအတွက် ရဟတ်ယာဉ်မောင်း ပိုင်းလော့အုပ်စု၊ **G – 4**၊ **PC 6-7** လေယာဉ်မောင်း ပိုင်းလော့အုပ်စု၊ **F – 7** တိုက်လေယာဉ်မောင်း ပိုင်းလော့အုပ်စုတို့ အချင်းချင်းပင် အခွင့်အရေး ရပုံချင်း မညီမမျှရှိနေရာမှ နောက်ဆုံး ရုရှားမှ **MIG- 29** ခေတ်မှီဂျက်တိုက်လေယာဉ်များ ပေါ်ပေါက်လာပြန်သောကြောင့် အဆိုပါ ဂျက်တိုက် လေယာဉ်များသို့ တက်ခွင့်ရတဲ့ ပိုင်းလော့များအတွက် အထူးအခွင့်အရေး ရရှိခဲ့ပြန်သဖြင့် မကျေနပ်မှုများ ပိုမိုကြီးထွားလျက်ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ဗိုလ်ချုပ်မြတ်ဟိန်းကတော့ တင်ပြချက် မှန်သမျှအား မျက်ကွယ်ပြုကာ သူလုပ်ချင်ရာ လုပ်နေဆဲသာ ဖြစ်ပါသည်။

အထူးသဖြင့် လေတပ်ထဲတွင် အရာရှိအဆင့်တိုးပေးမှုနှင့် ပတ်သက်၍ မမျှတမှု များရှိနေသည့် ဖြစ်ရပ်များစွာ ရှိနေသော်လည်း တိုင်ကြားရန် ခက်ခဲလှပါသည်။ တပ်မတော် ထုံးစံအရ အဆင့်ဆင့် တိုင်ကြားမှုလုပ်ရန် ညွှန်ကြားထားသော်လည်း ထိထိရောက်ရောက် ဖြေရှင်းပေးခြင်း မရှိဘဲ အမှန်းသာ အဖတ်တင်ကာ နှိပ်ကွပ်ခံရပါသည်။ ဒါမှမဟုတ် အဆင့်ကျော်ကာ ထိပ်ဆုံးက အကြီးအကဲထံ တိုက်ရိုက် တိုင်ကြားခဲ့ပါကလည်း အရေးယူခံရမည့်အပြင် လူကြီးငြိုငြင်ကာ အာဃာတ တရားနှင့် ထုထောင်းခံရမည် စိုးသည်က တကြောင်းတို့ကြောင့် သာမန်အရာရှိများအတွက် မကျေနပ်ချက်ကို ဖေါ်ထုတ်ရန် ခက်ခဲလှပါသည်။

## အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး ထုဆစ်ခဲ့ရသည့် ကျောက်စာများ

လေတပ်တွင် စက်မှုလက်မှုဌာနခွဲ၌ အရာရှိ ၄၀၀ ခန့်ရှိပြီး ၃၀၀ ခန့်မှာ တပ်မတော်နည်းပညာ တက္ကသိုလ် DSTA ကျောင်းဆင်း အရာရှိများပင် ဖြစ်ပါသည်။ ကျန် ၁၀၀ ခန့်အနက် အရာရှိ ၃၀ ခန့်မှာ ခွက်ပျောက်နေသော Senior အရာရှိများ ဖြစ်ကြပါသည်။ ရေတပ်တွင်လည်း ထိုသို့သော ပြဿနာများ ရှိပါသည်။ ရေတပ်မှာ သင်္ဘောတက်အုပ်စုနှင့် မြေပြင်အုပ်စု အခွင့်အရေးရမှု ကွဲပြားခြားနားမှု ရှိရာ ထုထည်ကြီးမားသော ယာဉ်ဖြစ်သည့် အားလျော်စွာ သင်္ဘောနှင့် ဆက်စပ်သော ပညာ သည်အုပ်စု မြောက်မြားစွာ ရှိသဖြင့် ပိုမိုရှုပ်ထွေးကာ ခွဲခြားဆက်ဆံခံနေရပါသည်။

သာမန် အရာရှိများသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးက ဖြစ်ပေါ်လာမည့် အပြောင်းအလဲ၌ တပ်မတော်အတွက် ကောင်းမွန်သော ခေါင်းဆောင်မှုနှင့် မျှော်လင့်ချက်များအတွက် အကောင်းမြင်စွာ စောင့်မျှော်နေကြပါသည်။ ကိုယ်တိုင် စစ်ဗိုလ်ချုပ်များ၏ ဖိနှိပ်မှု၊ ထင်ရာစိုင်းမှုများကို ခံစားနေကြရသူများဖြစ်ရာ ယနေ့ ပြည်သူတို့၏ ဘဝကို နားလည်စာနာနိုင်သူများ အဖြစ်လည်း တွေ့ခဲ့ရပါသည်။ မူဝါဒအမျိုးမျိုး ပြောင်းလဲမှု၏ သားကောင်ဖြစ်ခဲ့ရသော ခွက်ပျောက် စစ်ဗိုလ်များကလည်း အသက် ကန့်သတ်ဖြင့် အရပ်ဘက်သို့ အပြောင်းခံရသည်ထက် တပ်မတော်သားပီသစွာ အဆင့်ဆင့်သော တပ်တွင်းရာထူးကိုသာ လက်ခံထမ်းဆောင်ချင်ကြပါသည်။

နိုင်ငံတကာရှိ တပ်မတော်များသည် ဂျက်တိုက်လေယာဉ်တစ်စင်း စက်ချို့ယွင်း၍ လေထဲတွင် ပြဿနာ ဖြစ်နေချိန်၌ ငွေကြေးနှင့်အချိန် ကြီးမားစွာ မြုပ်နှံလေ့ကျင့် ထားရသည့် လူကိုသာ တန်ဖိုးထားကာ ပိုင်းလော့အား အရေးပေါ်ထိုင်ခုံ ခလုပ်ကို နှိပ်ခိုင်းပြီး အဆိုပါလေယာဉ်ပေါ်မှ လေထီးနှင့် ခုန်ထွက်ခိုင်းစေပါသည်။ မြန်မာ့တပ်မတော်မှာမူ လူထက် လေယာဉ်ကို တန်ဖိုးထားသဖြင့် အသက်စွန့်သွားရသည့် ပိုင်းလော့များစွာရှိရာ အရာရှိတိုင်းလိုလို နှမြောတသ ဖြစ်လျက်ရှိနေကြပါသည်။

ပို၍ ဆိုးဝါးသည်မှာ ဗိုလ်ချုပ်ချင်းအတူတူ ကြည်းတပ်က ဗိုလ်ချုပ်များသာ ထိပ်ပိုင်းနေရာများ၌ တန်းစီပိတ်ကာ နေရာယူ ကြထားပြီး သမိုင်းကြောင်းတလျှောက် ကြည်းတပ်ဗိုလ်ချုပ်များက လေတပ်ဗိုလ်ချုပ်များကို သီးခြားလူတန်းစားနှင့် ပညာသည်လူတန်းစား အမြင်မျိုးသာ သဘောထားကြပါသည်။ လေတပ်ဗိုလ်ချုပ်ကို ဖွဲ့စည်းပုံအရသာ ထားရှိပြီး လုပ်ပိုင်ခွင့် ဘာမျှမပေးသည့် သဘော တွေ့နေရပါသည်။

ထိုသို့ဆိုလျှင် တပ်မတော်အတွင်းရှိ ထိုထိုသော ညီနောင်များအတွက် တခုခုတော့ လုပ်ပေးသင့်ပါသည်။ လက်ရှိအချိန်တွင်တော့ ပြည်သူများ သိစေရန် စာမျက်နှာပေါ်တင် ပေးရုံမျှသာ တတ်နိုင်ပါသေးသည်။ ထိုထက်ပို၍ တတ်နိုင်သော ညီနောင်များကလည်း နည်းလမ်းပြသ ကူညီပေးလိုက်ကြပါ။ ညီညွတ်ခြင်းသည် အင်အားဖြစ်ပါသည်။ ❑

# တစ်ခုတည်းသော တပ်မတော်

ဝေယင်
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

လောကကြီးမှာ လူတိုင်းဟာ ပြီးပြည့်စုံတဲ့ အတတ်ပညာကို တတ်ကျွမ်းသူရယ်လို့ မရှိပါဘူး၊ အထူးသဖြင့် ကျွန်တော်တို့ နိုင်ငံလိုမျိုး နည်းပညာ ခေတ်မှာ မျက်ခြေပြတ် ကျန်နေခဲ့တဲ့ နိုင်ငံမှာ ပိုလို့တောင် မဖြစ်နိုင်ပါဘူး။

ဒါပေမယ့်လည်း “အရာရှိဟူသည် အရာရာတွင် တာဝန်ရှိသည်” “အကြပ်ကောင်းမှ တပ်ကောင်းမည်” ဟူသော မှတ်ချက်များ၊ “မီးနာမှ သံကောင်းမည်”၊ “အရှေ့တောင် အာရှတွင် အကောင်းဆုံး တပ်မတော် ဖြစ်ရမည်” ဟူသော လေ့ကျင့်ရေး ကျောင်းများ၏ ဦးတည်ချက်များကို ချမှတ်ကာ အလောင်းမင်းတရား ဦးအောင်ဇေယျသည်ပင် ယိုးဒယားအား ဝါးရင်းတုတ်ဖြင့် အောင်နိုင်ခဲ့သည်ဟူသော အတွေးများဖြင့် အင်အား (၅၀) ခန့်နှင့် တပ်ရင်းသစ်များ ဖွဲ့ခြင်း၊ ဗိုလ်လောင်းများ အဆမတန်ခေါ်ကာ လက်ညှိုးထိုး မလွဲသော Master ဘွဲ့၊ Ph.D ဘွဲ့ရများ ဖန်တီးခြင်း တစ်ခုတည်းသော တပ်မတော်ဟု ကြွားကောင်းအောင် ပြောကာ လေ၊ ရေနှင့် အခြားတပ်ဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို ကန့်သတ်ခြင်းများကို ဆောင်ရွက်နေကြသော နအဖ ထိပ်သီး ခေါင်းဆောင်ကြီးများအပေါ် လေတပ်အတွင်းမှ မကျေနပ်မှုများအား တင်ပြပါဦးမည်။

လေကြောင်းရန်ကာကွယ်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာတွင် လေတပ်ကသာ ဦးစီးဆောင်ရွက်ပြီး နောက်ဆုံးအဆင့် Point Defense ကိုသာ အမြောက်တပ်ဖွဲ့၏ လေကြောင်းရန် ကာကွယ်ရေး လက်နက်များကို အသုံးချရကြောင်း အမှန်ပြောမိသူ ဒုဗိုလ်ချုပ်ကြီး ကျော်သန်းမှာ ဦးစီးချုပ်ဘဝမှ ပစ္စည်းပင် မသိမ်းအားဘဲ စစ်ရုံးကို ကျောခိုင်းခဲ့ရမှုကို တပ်မှူးအဆင့်ရှိ လေတပ်သားများ အမှတ်ရနေဆဲ ပင်ဖြစ်ပါသည်။

စစ်အာဏာရှင်တို့ အကြောင်းပြချက်အရ ဒုဗိုလ်ချုပ်ကြီး ကျော်သန်းကို ဖြုတ်ရခြင်းမှာ ခေတ်မီ ရဟတ်ယာဉ်များ ရုရှားနိုင်ငံမှ ဝယ်ယူခဲ့ပြီးနောက် နဝတအတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနဲ့ အဖွဲ့ စီးနင်းသော ရုရှားရဟတ်ယာဉ် MI-17 ပျက်ကျခဲ့သည့်ကိစ္စ၊ ရဟတ်ယာဉ် အပိုပစ္စည်းများ လိုအပ်နေမှု ကိစ္စ၊ တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သည့် F-7 တိုက်လေယာဉ် (ကြည်း/လေ) ခြေလျင်တင့် ပူးပေါင်းစစ်ဆင်ရေးမှာ ထိရောက်စွာ ပျံသန်းတိုက်ခိုက်နိုင်ခြင်း မရှိမှုနှင့် မကြာခဏ ပျက်ကျနေမှုတို့အား အဓိပ္ပာယ် ကင်းမဲ့စွာ အကြောင်းပြသည်ဟု ယူဆရပါသည်။

အမှန်တကယ်မူ စစ်အာဏာရှင်များက ဒုဗိုလ်ချုပ်ကြီး ကျော်သန်းအား လေယာဉ်နှင့် ရဟတ်ယာဉ် ဝယ်ယူနိုင်ရေးအတွက် ဘဏ္ဍာရေးဘတ်ဂျက် နိုင်ငံခြားငွေအား လုံလောက်စွာ ချမပေးနိုင်သည့် အပြစ်ကို မသိယောင်ဆောင်နေကြပါသည်။ ဒုဗိုလ်ချုပ်ကြီး တင်ဦးအား MI-17 ပိုင်းလော့က သူ၏ရဟတ်ယာဉ် စက်ချို့ယွင်းနေကြောင်း အချိန်မီသတင်းပို့ချက်၊ ရတခ တိုင်းမှူး ဗိုလ်ချုပ် သီဟသူရစစ်မောင်က ကားဖြင့်သာ သွားရန် သတင်းပို့ချက်နှင့် ရုရှားစစ်ပညာရှင်များက MI-17 အားနည်းချက်ကြောင့် မဟုတ်ဘဲ စက်အရန်

ပစ္စည်း အချိန်မီ ပြုပြင်ထိန်းသိမ်းမှု အားနည်းချက်ကြောင့်ဟု ထောက်ပြချက်များကိုတော့ စစ်အာဏာရှင်များ ငြင်းနိုင်မည်မထင်ပါ။

လေတပ်၏ လှုပ်ရှားမှု မှန်သမျှကို ကြည်းစစ်ဆင်ရေးမှ မသိရှိပဲ ဘာမှမလုပ်ရဲအောင် ချုပ်ကိုင်ထားမှုကလည်း ၁၉၈၈ မတိုင်မီက လေတပ်ဦးစီးချုပ်တို့ခေတ်နှင့် လွန်စွာမှ ခြားနားနေပါပြီ။ အဖျက်စွမ်းအားပြင်း ဗုံး/ဒုံးများ တပ်ဆင်ထားသော လေယာဉ်များရှိပြီး ပြည်သူနှင့်လည်း နှလုံးသားချင်း နီးစပ်သော လေတပ်အား စစ်အာဏာရှင်ထိပ်သီးများက အလွန် စိုးရွံ့နေကြပုံရပါသည်။

စိုးရွံ့မည်ဆိုလည်း စိုးရွံ့လောက်ပါသည်။ ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးတွင် ခလရ(၁၆) ပြီးလျှင် တပ်မတော်(လေ)က ဦးစွာ ပြည်သူလူထုနှင့် ပူးပေါင်းဖို့ ထွက်လာသလို အရေးအခင်းပြီးတဲ့ နောက်ပိုင်းမှာလည်း ဗိုလ်မှူးလှဝင်း (လေ) တို့က ဗိုလ်မှူးကြီးစိန်မြ (မဆလခေတ် ပြည်ထဲရေးဝန်ကြီးဟောင်း)၊ တပ်သားသိန်းဖိုး (ကာကွယ်ရေး ပစ္စည်းစက်ရုံ အမှတ် – ၄)၊ ဗိုလ်မှူးကြီးစံသာ (ကကဝယ် ညွှန်ကြားရေးမှူးဟောင်း) တို့နဲ့ ပူးပေါင်းကာ ရန်ကုန်မြို့ရှိ စစ်အာဏာရှင်တို့အား ဗုံးကြဲတိုက်ခိုက်ရန် အထိ ကြံစည်လှုပ်ရှားခဲ့ကြပါသည်။

ဗိုလ်မှူးလှဝင်းသည် တပ်မတော်(လေ) စတင်ဖွဲ့စည်းခဲ့စဉ်ကပင် ဝင်ရောက်ခဲ့ပြီး အရာခံဗိုလ်အဆင့်မှ ထူးချွန်၍ အရာရှိအဆင့်သို့ တိုးမြှင့်ခြင်းခံခဲ့ရသူ ဖြစ်ပါသည်။ ဗိုလ်မှူး လှဝင်းသည် တပ်မတော်(လေ) အတွက် ဝယ်ယူဖြည့်တင်းပေးမည့် လေယာဉ်များကို နိုင်ငံခြားမှ သွားရောက်မောင်းနှင်ယူရန် လက်ရွေးစင် ရွေးချယ်စေလွှတ်ခံရသည့် လေသူရဲ ကောင်းတစ်ဦး ဖြစ်ပါသည်။ ဗိုလ်မှူးလှဝင်းသည် တရုတ်ဖြူများ ကျူးကျော်မှုကို နှိမ်နင်းသည့် စစ်ဆင်ရေးများတွင်လည်း ထူးချွန်စွာ ပါဝင်ခဲ့သည့် နာမည်ကြီး လေသူရဲတစ်ဦး ဖြစ်ပါသည်။ ဗိုလ်မှူးကြီး စံသာသည် စစ်လက်နက်ပစ္စည်း ဝယ်ယူရေး ညွှန်ကြားရေးမှူးရုံး (ကကဝယ်) ၌ တာဝန်ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံခြားအဆက်အသွယ် ရှိခဲ့ရာ ဗုံးများနှင့် လက်နက်များ ဝယ်ယူရန် ကြိုးစားနိုင်သူ ဖြစ်ပါသည်။

သူတို့၏ လျှို့ဝှက်စစ်ဆင်ရေးအရ ရန်ကုန်မြို့ရှိ အချက်အခြာကျသော စစ်ရုံးနှင့် ဌာနဆိုင်ရာ အဆောက်အဦးများကို ဗုံးကြဲတိုက်ခိုက်နိုင်ရန် ကြီးကျယ်သည့် မဟာဗျူဟာ စီမံကိန်း ချမှတ်ထားခြင်းပင် ဖြစ်ပါသည်။ စစ်အာဏာရှင်များက အဆိုပါ သတင်းကြောင့် စိုးရွံ့ထိတ်လန့်သွားပြီး အသည်းအသန် ပိုက်စိတ်တိုက် လိုက်လံရှာဖွေခဲ့ပါသည်။ ထို့နောက် ထောက်လှမ်းရေးမှ လိုက်လံဖမ်းဆီးရမိသွားပြီး ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် စစ်ခုံရုံး အမှတ် (၅) မှ၊ ပုဒ်မ (၅)ည၊ ပုဒ်မ (၁၇)(၁)(၂) တို့ဖြင့် ဗိုလ်မှူး ဂျွန်လှဝင်းအား ထောင်ဒဏ် (၁၂) နှစ်၊ ဗိုလ်မှူးကြီးစံသာအား ထောင်ဒဏ် (၁၅) နှစ်၊ တပ်သားသိန်းဖိုးအား ထောင်ဒဏ် အနှစ် (၂၀)၊ ဗိုလ်မှူးကြီးစိန်မြသာ တစ်ဦးတည်း ထွက်ပြေး လွတ်မြောက်သွားခဲ့ရာ မျက်ကွယ်မှာ ထောင်ဒဏ် အနှစ် (၂၀) အသီးသီး ချမှတ်နှိပ်ကွပ် စီရင်ခြင်းခံခဲ့ရပါသည်။ ❑

# တစ်ဦးတည်းပိုင် တပ်မတော်

**ဝေဟင်**
(ပြည်တွင်းမှ တပ်မတော်(လေ)အရာရှိတစ်ဦး)

လေယာဉ်မောင်းရန် လေယာဉ်ပြင်ဆင်ရန်သည် လေတပ်မှ အရာရှိ/စစ်သည်တို့ တာဝန်ဖြစ်သကဲ့သို့ ဝေဟင်မှ ကျူးကျော်မှုမှန်သမျှကို ကာကွယ်တားဆီးရန်လည်း လေတပ်မှ အရာရှိ/စစ်သည်တို့သာ တာဝန်ရှိပါသည်။ နွားကို အမဲလိုက်ခိုင်း၍ မရသလို ခွေးကိုလည်း လယ်ထွန်ခိုင်းရန် မရနိုင်သည်မှာ သဘာဝပင် ဖြစ်ပါသည်။ လေ့ကျင့်ပေးက ရနိုင်သည်ဟု ဆိုနိုင်သော်လည်း သူ၏ စွမ်းရည်များသည် တလွဲတွေသာ ဖြစ်နေပါမည်။

ယခုတော့ လေတပ်မှ လေသူရဲများ၊ အင်ဂျင်နီယာများသည် ကြည်းတပ်၏ စစ်နည်း ဗျူဟာများဖြစ်သည့် (ခံ/ခွာ/ချီ/တိုက်) စစ်နည်းဗျူဟာတွေ တတ်မြောက်မှ အဆင့်တိုးပေးမည်ဟု ဆိုသဖြင့် တိုက်ခိုက်ရေးကျောင်းများတွင် ဘာမှမဆိုင်သော သင်ကြားမှုများကို သွားလုပ်နေကြရပါသည်။

လေသူရဲတစ်ဦး အနေနှင့် လေယာဉ်မပျံပဲ တစ်လခွဲကျော်သွားပါက လက်မပျက် ပျံသန်းခြင်းခေါ် ပြန်လည်လေ့ကျင့်မှုအား နည်းပြစစ်ဆေးမှုဖြင့် ပြန်လည် ဆောင်ရွက် ရပါသည်။ ထို့ကြောင့် (၄) လကျော် သင်တန်းသွားတက်ခဲ့သော လေသူရဲများအတွက် ပြန်လည်လေ့ကျင့် ဆောင်ရွက်ပေးရမှုများသည် လေတပ်အတွက် ဝန်ထုတ်ဝန်ပိုးကြီးပမာ ဖြစ်နေရပါသည်။ အင်ဂျင်နီယာများ အတွက်လည်း ဖတ်မှတ်လေ့လာဆောင်ရွက်မှု များသည် အစမှ ပြန်လည် ဆောင်ရွက်နေရရာ ဘာအကျိုးမှ မရှိပါ။

ဤအချက်များကို တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ထိပင် သိရှိမည် မထင်ပါ။ တိုက်ခိုက်ရေးကျောင်းသို့ သွားမတက်ပဲ လေတပ်အတွက် အကျိုးရှိမည့် သင်တန်းများ လေတပ်ထဲတွင်ပင် ဖွင့်ဖို့ တောင်းဆိုခဲ့ကြသော်လည်း အိပ်မက်မျှသာ ဖြစ်လာပြီး တကယ်ဖြစ်လာသည်က လေတပ်ထဲ မှာလည်း အခြား သင်တန်းတွေ ထပ်တက်ရကာ ဝန်ပိုလာခြင်းသာ ဖြစ်ပါသည်။ အရာရှိငယ်များအတွက် အုပ်ချုပ်မှုသင်တန်း၊ စက်မှုလက်မှု အရာရှိ စီမံခန့်ခွဲမှုသင်တန်း၊ အရာရှိကြီးများအတွက် စစ်ဦးစီးတက္ကသိုလ်မတက်မီ စစ်ဆင်ရေး ကွပ်ကဲရေးမှူး သင်တန်းများ ထပ်တိုးလာပါသည်။

လေသူရဲများ အနေနှင့် လေတပ်ထဲရောက်သည်နှင့် **Pilot Course** ၆ လ တက်ရောက်ရပြီး လေသူရဲ တောင်ပံရပြီးနောက် သက်ဆိုင်ရာ လေယာဉ်အုပ်များတွင် လွှဲပြောင်းသင်တန်းများ တက်ရောက်ရပါသည်။ လွှဲပြောင်းသင်တန်းဆိုရာတွင် လေယာဉ်အမျိုးအစားလွှဲပြောင်းသင်တန်း၊ နည်းပြလွှဲပြောင်းသင်တန်း၊ စစ်ဆင်ရေး ပစ်ခတ်မှု လွှဲပြောင်းသင်တန်းများကို ပျံသန်းချိန်အလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရပါသည်။

သို့မှသာ လေသူရဲ၏ အရည်အချင်း၊ အရည်အသွေး တိုးတက်မြင့်မားပါမည်။ အထူးသဖြင့် **MIG-29, F-7, A-5** တို့ကဲ့သို့ ဂျက်လေယာဉ် မောင်းနေသူများအတွက် ပျံသန်းမှု လက်မပျက်ရန်မှာ ပိုအရေးကြီးပါသည်။ သင်တန်းများမှ ပြန်လာပြီး မူလ

အခြေအနေ ပြန်ရောက်ရန် ပြန်လေ့ကျင့်ရသော လေသူရဲရော လေတပ်အတွက်ပါ အချိန်ကုန် လူပန်းနေရသဖြင့် စစ်အာဏာရှင်များ၏ အာဏာပြ လွှမ်းမိုးလာမှုအပေါ် မကျေနပ်ကြပါ။

လုပ်ငန်းသဘောအရ သီးခြားဆောင်ရွက်နေခဲ့သော်လည်း ယခုအခါ သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအောက်တွင် လှုပ်ရှား ဆောင်ရွက်နေရ၍ လေတပ်တွင် အဆင်မပြေမှုများ ရှိလာပါသည်။ တိုင်းမှူး၏ လုပ်ပိုင်ခွင့် အုပ်ချုပ်မှုအာဏာ စစ်ရေး/စစ်ထောက်ဆိုင်ရာ အခွင့်အရေးများကို တရားလွန် ချုပ်ကိုင်ထားရာ တိုင်းလက်အောက်ခံ ကြည်းတပ်၊ ရေတပ်၊ လေတပ် အားလုံး မှီခို နေကြရပါသည်။ အမှန်တကယ် အခွင့်အရေးတွင်တော့ တန်းတူမရှိပဲ ကြည်းတပ်ကိုသာ မျက်နှာသာပေးပြီး ရေတပ်၊ လေတပ်တို့ကိုတော့ ခိုင်းစရာရှိမှသာ တစ်ခုတည်းသော တပ်မတော်ဟု အကြောင်းပြခြင်းကို လေတပ်အရာရှိ အများစုက မကျေနပ် ကြသော်လည်း အောင့်အီးနေကြရပါသည်။ ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ပြီး ကိုယ့်တပ်အလုပ်သာ ကိုယ်လုပ်ကြခြင်းက ကောင်းပါလိမ့်မည်။

သမိုင်းကြောင်းကို ကြည့်မည်ဆိုလျှင် ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာမင်းကြီးက စတင်တည်ထောင်ခဲ့ပြီး ဒုတိယ မြန်မာ နိုင်ငံတော်ကို တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က ဆက်လက် တည်ထောင်ခဲ့ပါသည်။ ထို့နောက် တတိယ မြန်မာနိုင်ငံတော်ကို အလောင်းမင်းတရားကြီးက ပြန်လည်စုစည်း ထူထောင်ခဲ့ကြောင်း မှတ်သားသိရှိခဲ့ရပါသည်။ သီပေါမင်းလက်ထက်တွင် အင်္ဂလိပ်နယ်ချဲ့များ၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရပြီး ထို့နောက်တဖန် ဖက်ဆစ်ဂျပန်တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြန်သည်။ လွတ်လပ်သော ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော နိုင်ငံတော်သို့ ရောက်ရှိရန် မြန်မာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့သည့် ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည် မျိုးချစ်ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက စတုတ္ထ မြန်မာနိုင်ငံတော်အတွက် အသက်၊ သွေးချွေး မြောက်မြားစွာ စတေးကာ ရယူပေးခဲ့ပါသည်။

လွတ်လပ်ရေး ရရှိခဲ့ပြီဖြစ်သော်လည်း ယနေ့ မြန်မာနိုင်ငံသည် အမှန်တကယ်တော့ မလွတ်လပ်ခဲ့ဘဲ တိုင်းတပါး နယ်ချဲ့ထက်ပင် ဆိုးဝါးသော မြန်မာပြည်သား စစ်အာဏာရှင်တို့၏ အနိုင်ကျင့်မှုအောက်တွင် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ဖို့ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်ဖို့ နေနေသာသာ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ ဟိုနိုင်ငံကြီး ဖြစ်နေခဲ့ပါပြီ။ မြန်မာ့တပ်မတော်သည် ဗိုလ်နေဝင်းပိုင် တပ်မတော်မှ ဗိုလ်သန်းရွှေပိုင် တပ်မတော် ဖြစ်နေခဲ့ပါပြီ။ လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူရည်တူရှိမှုတို့ ဆိုသည်ကား မြန်မာပြည်သားများနှင့် လားလားမှမဆိုင်သလို ဖြစ်နေခဲ့ပါပြီ။

"ကြည်း/ရေ/လေ ထု အားမာန်ပြ၍ တို့လက်မြဲမြဲ ခိုင်ခိုင်တွဲစို့" ဟု ဆိုခဲ့သော ရဲသုံးဘော်မှာလည်း တန်းပေါင်းစီ ကွင်းထိပ်မှ နေရာဖယ်ပေးခဲ့ရပြီး စစ်အာဏာရှင် မင်းတရားကြီးများမှ ထိပ်ပိုင်းနေရာတွေကို ယူခဲ့ကြပါပြီ။ ညီနောင်များ စဉ်းစားတွေးတော အဖြေရှာနိုင်ကြပါစေ။

တပ်မတော် (ကြည်း)၊ တပ်မတော် (လေ) တို့အပြင် တပ်မတော်(ရေ) လက်အောက်ခံ တပ်များရှိ အရာရှိ စစ်သည်များ ခံစားကြုံတွေ့ရပုံ အဖုံဖုံကို နိုင်ငံတော် အကြီးအကဲနှင့် တပ်မတော် အကြီးအကဲ ဆိုသူများ သိရှိနိုင်ရေးအတွက် ပြည်တွင်းရှိ ရေတပ်နှင့် နီးစပ်ကျွမ်းဝင်သူ အသိုင်းအဝိုင်းထဲမှ ဒုတပ်ရင်းမှူးတစ်ဦးက ရေတပ်အတွင်းက လက်ရှိ အခြေအနေများအား တင်ပြထားပါတယ်။ ❑

# တပ်မတော်အကြီးအကဲများထံသို့ပေးစာ

**ဗိုလ်ဇလ**
(ပြည်တွင်းမှ ရေတပ်နှင့်နီးစပ်ကျွမ်းဝင်သူ ဒုတပ်ရင်းမှူးတစ်ဦး)

ကျွန်တော့်မှာ တူတစ်ယောက် ရှိတယ်။

သူက စစ်တက္ကသိုလ်ကျောင်းဆင်း အရာရှိငယ် ဗိုလ်ပေါက်စပါပဲ၊ သူက ကြည်းတပ်မှာ တာဝန်ထမ်းဆောင်နေတယ်။ သူ့ရဲ့ စစ်တက္ကသိုလ် Guardian က navy ရေတပ်မှ ဖြစ်တယ်။ ညီအစ်ကိုလို နေကြတော့ ကိစ္စ အခက်အခဲရှိရင် ဖုံးဆက်၊ စာပို့၊ သတင်းလှမ်းမေးနဲ့မို့.. အဲဒီ့ သူငယ်လေးပြောပြတဲ့ အကြောင်းတွေကို သိခဲ့ရတယ်။

အဲဒါကတော့ ဘာလဲဆိုရင် –

ဇာတ်လမ်းစတာကတော့ စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝ လက်ရုံးဝန်ထမ်းတပ်ဖွဲ့ ရွေးရာကနေ စတာလို့ ပြောတယ်။

လက်ရုံးဝန်ထမ်းမှာ ရေတပ် လျှောက်ချင်သူတွေ အနေနဲ့ သတ်မှတ်ချက်တွေရှိပါတယ်တဲ့–

(၁) အင်္ဂလိပ်စာကို တော်တော်လေး ကျွမ်းကျွမ်းကျင်ကျင် ရှိရမယ်။ အင်္ဂလိပ်စာ တော်ရမယ်ပေါ့။
(ရေတပ်မှာ ရှိတဲ့ စာတွေက အင်္ဂလိပ်လိုတွေ ဖြစ်တယ်တဲ့)

(၂) သင်္ချာနဲ့သိပ္ပံ အမှတ်ကောင်းရမယ်။ (သို့) ကွန်ပျူတာ သိပ္ပံသမား ဖြစ်ရမယ်။
(ရေတပ်မှာသင်တဲ့ ရေကြောင်းသဘော် မောင်းနှင်မှုပညာတွေက calculation တွေ science တွေ တွက်ချက်ရတယ်တဲ့)

(၃) အရပ်အမောင်း ကိုယ်နေကိုယ်ထား တင့်တယ်ကောင်းမွန်ပြီး သန်သန်မာမာ ဖြစ်ရမယ်။
(ရေတပ်မှာ နေတဲ့သူက ကျန်းမာ သန်စွမ်း စိတ်ဓါတ်ကောင်းဖို့ လိုလို့တဲ့)

(၄) နောက်ပြီး ရေတပ် ဗဟုသုတဆိုင်ရာ စာပေတွေကို ဘယ်ကစမ်းစမ်း ညာက စမ်းစမ်း နှံ့စပ်တဲ့သူ ဖြစ်ရမယ်။
(ကိုယ်စီးတဲ့ မြင်း အထီးအမ ခွဲတတ်အောင်လို့ ကိုယ်သွားမယ့် တပ်ဖွဲ့အကြောင်းကို စိတ်ဝင်တစားနဲ့ သိမှဖြစ်မယ်တဲ့)

(၅) ဗိုလ်လောင်းသင်တန်းတွင် ရမှတ် အဆင့်ကောင်းပြီး စစ်စည်းကမ်း ကောင်းမွန်သူတွေ ဖြစ်ရမယ်။

ကဲ .. အထက်ပါ အရည်ချင်းတွေနဲ့ ပြည့်စုံသူမှ ရေတပ်ထဲ ဝင်လို့ရမယ်ဆိုပြီး သတ်မှတ်ထားခဲ့တယ်။

ဒါကြောင့် ရေတပ်ကို ဝင်ချင်တဲ့ စာတော်သူ ဗိုလ်လောင်း ကျောင်းသားလေးတွေဟာ.. အပတ်တကုတ် ကြိုးစား အားထည့်ကြတယ်တဲ့။ ဒါပေမယ့် တကယ်တမ်း ရေတပ်က ခေါ်သွားတာတော့ ဗိုလ်လောင်းသင်တန်း အဆင့်မှာ နောက်ဆုံးအဆင့် (ဘိတ်ချိုး) က

မောင်တွေ၊ စာမေးပွဲတွေ တဖုံးဖုံးကျပြီး ပြစ်ဒဏ် အကြိမ်ကြိမ် ကျဖူးသူတွေက တန်းစီပြီး ရေတပ်ကို ရောက်ကြတယ်တဲ့။

ပြန်ဆန်းစစ်ကြည့်တော့ Navy family မို့လို့တဲ့၊ ရေတပ်မှာရှိတဲ့ တပ်ကြပ်ကြီးတွေ၊ အရာခံဗိုလ်တွေ၊ စစ်ရုံးက စစ်သည်တွေရဲ့ သားသမီးတွေ အများစာတွေ သင်ကြရတယ်။ အဲဒီကျတော့ အရှုပ်ထုတ်တွေ အကုန်ပေါ်တာပဲတဲ့။ သင်ရတဲ့ စာတွေက အင်္ဂလိပ်လိုတွေဆိုတော့ နဂိုက အင်္ဂလိပ်စာ အခြေခံက မကောင်းတော့ စာမေးပွဲတွေ ကျကုန်ကျတယ်လေ။ အဲဒီတော့ ကျောင်းဆင်းအရာရှိတွေဟာ စိတ်ဓါတ်တွေကျပြီး စာထဲမှာလည်း စိတ်မဝင်စားကြနဲ့ ပြီးတော့ ရေတပ်လေ့ကျင့်ရေးကျောင်းက စည်းကမ်းတွေကိုလည်း မလိုက်




စုကို သိမ်းကျုံးပြီး မျက်နှာလုပ် ခေါ်သွားတာ ဖြစ်တယ်တဲ့။ ကြည်းတပ်မှာ အညာသား ကျောက်ဆည်သားဆို ဘာဖြစ်နေနေ “အိုကေ” ဆိုသလိုပေ့ါ။ တကယ်တမ်း တစိုက်မတ်မတ်နဲ့ ကြိုးစားသူတွေကတော့ မျက်ရည်စက်လက်နဲ့ ကျန်ခဲ့ကြရရှာတယ်။ ကိုယ့်တူလေးရဲ့ **Guardian** တောင် ဘာဆွေမျိုးမှ ရေတပ်မှာ မရှိပဲ အင်မတန် ကံကောင်းပြီး ရေတပ် ရသွားတာ။

အဲ.. .. ဟုတ်ပြီ စစ်တက္ကသိုလ်ဆင်းပြီး ရေတပ်ရောက်တော့ ရေတပ်မှာ တစ်နှစ်နီးပါး ရေတပ်နာ၊ စည်းကမ်းဖေါက်တဲ့ သူက ဖေါက်နဲ့ အနာဂတ် ရေတပ်ကြီးက အားရစရာပါတဲ့။

သူတို့ကို ရေတပ်ထဲဘာလို့ ဝင်လာတာလဲလို့ မေးလိုက်တော့ ဘာပြန်ပြောလဲဆိုရင် ရေတပ်မှာ အဖေရှိတော့ အဆင်ပြေတဲ့တပ်မှာ ကောင်းကောင်းနေလို့ ရလို့တဲ့။ သူတို့ သင်တန်းဆင်းသွားရင် ရေတပ်စာ (ရေတပ်ဆိုင်ရာ အတတ်ပညာ) ကို တတ်တတ် မတတ်တတ် ကိစ္စမရှိဘူးတဲ့။

ကဲ ကောင်းလိုက်တဲ့ ခံယူချက်တွေ ဒီလိုပုံစံနဲ့ အနာဂတ် ရေတပ်မတော်ကြီး ဘယ်လို ရှေ့ဆက် သွားမလဲ။

ပြီးတော့ သိပ်မကြာပါဘူး။ သင်တန်းဆင်း တယ် ဆိုရင်ပဲ.. ရေတပ်မိသားစု (Navy family) က အရာရှိငယ်တွေဟာ သူ့အဖေရဲ့ စစ်ရုံးက ရုံးအုပ်ကြီး အဆက်အသွယ်၊ စစ်ဦးစီးမှူး ပထမတန်း (G-1) အဆက် အသွယ်။ ဟိုအဆက်အသွယ် ဒီအဆက်အသွယ်နဲ့ နေရာကောင်းကောင်းဖြစ်တဲ့ တနင်္သာရီ ရေတပ်စခန်း ဌာနချုပ် လက်အောက်ခံ ကတန်ကျွန်း (မြိတ်ကျွန်းစု) လို နေရာမျိုးတွေကို အသာလေး လေချွန်ပြီး ရောက်သွား ကြတယ်။ ပြောရရင် ကောင်းစားတယ်ပေါ့။

ဘာအဆက်အသွယ်မှလည်း မရှိတဲ့ဗိုလ်တွေ မျက်နှာမွဲတွေကတော့.. ရေတပ်ရဲ့ အဆိုးဆုံး နေရာ ဖြစ်တဲ့ ကျောက်ဖြူ စစ်တွေက တပ်တွေကို ရောက်ကုန် ကြတယ်။

ရေတပ်မှာ အဲဒီနေရာ ဘယ်သူမှ မသွားချင် ကြဘူး။ ဘာလို့လဲဆိုတော့.. အဲဒီ ရခိုင်ဒေသဟာ မဖွံ့ဖြိုး မတိုးတက်တာက တစ်ကြောင်း၊ အစာရေစာ ရှားပါးပြီး ငတ်မွတ်ခေါင်းပါးတာက တစ်ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးနှင့် တယ်လီဖုံးဆက်သွယ်ရေး အဆင် မပြေတာက တစ်ကြောင်း၊ နောက်ပြီး အခု ဘင်္ဂါလီ ဒေ့ရှ်နဲ့ ထိပ်တိုက် ရင်ဆိုင်နေရတော့ မသွား ချင်ကြဘူး။

မှောင်ခိုပစ္စည်း အဝင်များပြီး စီးပွားရေး လုပ်ငန်းလုပ်ကွက်ကောင်းတဲ့ ယိုးဒယားနဲ့နီးတဲ့ မြိတ်ကျွန်းစုမှာတော့ အရာရှိတွေ စုပြုံနေတာပဲ။ တချို့ အရာရှိတွေ ဆိုရင် ဗိုလ်ဘဝကတည်းက ရောက်တယ်။ နေရာက အရမ်းအဆင်ပြေတော့ မပြောင်းချင်ကြတော့ ဘူး။ ဒီတော့ စစ်ရုံးက စစ်ဦးစီးမှူး ပထမတန်း (G-1), စစ်ဦးစီးမှူး ဒုတိယတန်း (G-2), စစ်ဦးစီးမှူး တတိယတန်း (G-3) တွေကို လာဘ်ထိုးပိုက်ဆံပေးပြီး ကတန်ကျွန်း မှာဘဲ ဆက်နေတယ်။

တချို့ ဗိုလ်ကြီး ဖြစ်တဲ့အထိအပြင် စစ်ရေ ယာဉ်မှူး ဖြစ်သည်အထိ ကတန်ကျွန်းမှာ တာဝန် ထမ်းဆောင်တုန်းပဲ။ စားလို့ဝါးလို့ ဝပြီ၊ ၃၊ ၄၊ နှစ်လောက် ကောင်းကောင်း အိတ်ထဲထည့်လို့ "ဝ" ပြီ ဆိုရင်တော့ ရေတပ်အခေါ် "ရိုက်" ပြီး ရန်ကုန်လို နေရာမျိုးမှာ ဝင်ခိုလိုက်တယ်။ ဗိုလ်မှူးလောက်ဖြစ်ရင် တခါ "ရိုက်" ပြီး ကတန်ကို ထပ်ဆင်းဦးမယ်ဆိုတာ တနင်္သာရီ ရေတပ်စခန်းတွင် နေခဲ့သော အရာရှိများရဲ့ Long Plan ဖြစ်နေတယ်။

ကဲ ..... ဘယ်လောက်ကောင်းလိုက်သလဲ... တိုင်းပြည် ကာကွယ်ဖို့နေနေသာသာ ကိုယ် အဆင်ပြေ ဖို့ကဘဲ အဓိကတဲ့။ တပ်မတော်ကြီး အမှန်တကယ် ဖြစ်နေတာကို အကြီးအကဲတွေ သိဖို့ တင်ပြတာပါ။ ❑

# ရေတပ်ရဲ့ဆုံမှတ်

**ဗိုလ်ဇလ**
(ပြည်တွင်းမှ ရေတပ်နှင့်နီးစပ်ကျွမ်းဝင်သူ ဒုတပ်ရင်းမှူးတစ်ဦး)

အဲ... နောက် ရခိုင်မှာ တာဝန်ထမ်းဆောင်ရတဲ့ ဗိုလ်တွေကျတော့ စားရမဲ့ သောက်ရမဲ့ အခြေအနေနဲ့ ရင်ဆိုင်ရတယ်။

တပ်တည်ဆောက်ရေးတွေမှာ ပါရတယ်၊ စိတ်ဓါတ်တွေကျပြီး စုတ်ပြတ်သတ်နေအောင် ခံကြရတယ်။ သူတို့ကျတော့ ဒီ မွဲတဲ့ ဝဲဂယက်ထဲကနေ ရုန်းလို့ကို မထွက်နိုင်တော့ဘူး။ ဗိုလ်ဘဝလည်း ရခိုင်မှာ၊ ဗိုလ်ကြီးဖြစ်သွားပြန်တော့လည်း ရခိုင်မှာပဲ၊ စစ်ရေယာဉ်မှူး ဖြစ်တော့လည်း ရခိုင်ပဲ ပြန်ရောက်ကြတယ်။

ကဲ... သူတို့ကိုယ် သူတို့ သတ်သေချင်စိတ်တွေ ပေါက်ကုန်ကြတယ် ဆိုတာ ဘာဆန်းလို့လဲ။ ပြီးတော့ ရခိုင်ကို ဆိုရင် ကက (ရေ) က pressure အရမ်းပေးတယ်။ အလုပ်ကို နွားနီးပါး လုပ်ရတယ်။ အဲဒီတော့ ရေတပ် အရာရှိတွေဟာ ကုလားနဲ့ ရခိုင်တွေကြားမှာ စိတ်ဓါတ်ကျစွာနဲ့ သူတို့ရဲ့ မရေရာလှတဲ့ အနာဂတ်ကို စမ်းတဝါးဝါးနဲ့ လျှောက်နေကြရတယ်။ ဒေသက ဆိုးဝါးလွန်းတော့ အိမ်ထောင်သည်လည်း ဇနီးသားမယားကို ခေါ်ထားလို့ မရဘူးလေ။ မိသားစုကို သက်သက် ခေါ်ဒုက္ခပေးသလို ဖြစ်နေမယ်လေ။ သားတကွဲ မယားတကွဲပေါ့။

သူတို့ မျှော်လင့်ရင်း အချိန်တွေကို ခက်ခက်ခဲခဲ ဖြတ်သန်းနေရတာက .. အဆိုးဆုံးနေရာကို ရောက်နေကြတယ်၊ ပုံမှန် ထုံးစံအရ ၂ နှစ်တာဝန်ထမ်းဆောင်ပြီးရင်တော့ တပ်ပြောင်းတာဝန် ထမ်းဆောင်ကြရတယ်။ အဲဒီ့ တပ်ပြောင်း တာဝန် ထမ်းဆောင်ရမဲ့ အပြောင်းအရွှေ့ အမိန့်ထွက်မဲ့ရက်ကိုပဲ စောင့်မျှော်နေကြရတယ်။

အဲဒီလို ရခိုင်မှာ နေပြီးသွားလို့ ကတန်ကျွန်း၊ မြိတ်ကျွန်းစတဲ့ နေရာလေးများ ရောက်မလား အောက်မေ့ပါတယ်။ ဒါပေမဲ့ ကတန်မှာ ရှိပြီးသား အရာရှိတွေက သူတို့ နေရာကို လုံးဝ ဖယ်မပေးဘူး။ စစ်ရုံးက စစ်ဦးစီးမှူး ပထမတန်း (G-1)၊ စစ်ဦးစီးမှူး ဒုတိယတန်း (G-2)၊ စစ်ဦးစီးမှူး တတိယတန်း (G-3) တို့ကို "ရိုက်" ပြီး extension ထပ်ဆွဲကြတယ်။

ကတန်ကျွန်းက အရာရှိကြီးတွေကိုလည်း .. "အဘ ကျွန်တော် မပြောင်းချင်သေးဘူး၊ ဒီမှာပဲ ဆက်နေချင်သေးတယ်၊ ကျွန်တော် ရခိုင်ရောက်မှာ ကြောက်တယ်.." ဆိုပြီး တနင်္သာရီ ရေတပ်စခန်း ဒုတိယ ဌာနချုပ်မှူးနှင့်တကွ အရာရှိကြီးများကို ရှိခိုးကန်တော့ပြီး ခပ်တည်တည်နဲ့ ဆက်နေကြတယ်။

အဲဒီ ဒုတိယ ဌာနချုပ်မှူးကလည်း ဒီအရာရှိ မရှိရင်ပဲ ရေတပ်ကြီး ပျက်တော့မဲ့ ပုံစံနဲ့ သူ့လက်အောက်ကနေ မပြောင်းသွားရအောင် ဖန်တီးပေးတယ်။ သူ့ကိုလည်း အရာရှိတွေက "ရိုက်" ထားတယ်လေ။ ဒါကြောင့် သူက ဟန်ကိုယ့်ဖို့နဲ့.. "ဌာနချုပ် စစ်ဦးစီးမှူး တတိယတန်း (G-3) လုပ်နေတဲ့ ကောင်လေးက လုပ်တတ်ကိုင်တတ်တယ် မဆိုးဘူး၊ သူ့ကို ငါ့လက်

အောက်မှာ ဆက်ထားမယ်'' ဆိုပြီး စစ်ရုံး စစ်ဦးစီးမှူး ပထမတန်း (G-1) ထံကို ဖုံးဆက်ပြောပေးတယ်။

စစ်ဦးစီးမှူး ပထမတန်း (G-1) ကလည်း သူ့ကို ''ရိုက်'' ထားပြီးသား အရာရှိဖြစ်နေတော့ – ''ရပါတယ်.. အဘ။ အဘ.. အဆင်ပြေတယ်ဆိုရင် ခေါ်ထားပါ။ တခြားတပ်မှာလည်း လူမလိုသေးပါဘူး။ ခေါ်သာ ခေါ်ထားပါ၊ ကောင်လေးက အားကိုးရတယ်မလား'' စသဖြင့် အတိုင်အဖောက်တွေညီပြီး အရာရှိတွေ လာဘ်ထိုး ''ရိုက်'' ထားတာတွေ စားကာ ဝါးကာနဲ့ အဆင်ပြေနေကြတယ်။

တချို့အရာရှိတွေဆိုရင် ၅ နှစ်ကျော်သွားတာတောင် လုံးဝ အပြောင်းအရွှေ့မပါဘူး၊ ''ရိုက်'' ချက်က ကမ်းကုန်ပါတယ်.. ...တချို့ Plan ဆွဲထားတဲ့ လူလည်ကြီးများ အရာရှိတွေကတော့ ဗိုလ်–ဗိုလ်ကြီး–စစ်ရေယာဉ်မှူးအထိ ကတန်မှာ ၄ နှစ်ကျော် လောက်နေမယ်၊ ပြီးရင် နေပြည်တော်မှာ လူကြီး နားနေရဖို့ ''ရိုက်'' ကာ စစ်ရုံးကို စစ်ဦးစီးမှူး တတိယတန်း (G-3) နဲ့ တက်မယ်။ ပြီးလို့ officiating မှူး/ဗက (ဗိုလ်ကြီးမှ ဗိုလ်မှူးအကူး) ကို ကတန်ကျွန်းမှာ ပြန်ဆင်းမယ်။

အဲပြီးရင် ဗိုလ်မှူး စီနီယာဖြစ်သည်အထိ ကတန်မှာနေပြီး စစ်ရုံးကို စစ်ဦးစီးမှူး ဒုတိယတန်း (G-2) နဲ့ပြန်တက်မယ်။ ပြီးရင် ဒုတိယဗိုလ်မှူးကြီး officiating ကို ကတန်မှာပဲ ပြန်ဆင်းမယ်၊ ပြီးရင် စစ်ဦးစီးမှူး ပထမတန်း (G-1) နဲ့ ပြန်တက်မယ်။ ကတန်မှာ ၁ ခါ ၂ ခါလောက်တာဝန် ကျပြီး စစ်ဦးစီးမှူး ပထမတန်း (G-1) လောက်ဆိုရင် ပိုက်ဆံကုန်တဲ့ စစ်ဦးစီးတက္ကသိုလ် (ဥစတ) မတက်တော့ပဲ၊ တပ်ကထွက်တော့မယ် ဆိုပဲ။ ရေတပ် အရာရှိတချို့ရဲ့ အဲဒီလို မဟာဗျူဟာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့ အကျင့်ပျက် ခြစားလာဒ်ထိုးတာ ခေတ်စားတဲ့ ကနေ့ တပ်မတော်ကြီးထဲက အရာရှိကြီးတွေက အင်တိုက်အားတိုက် ကူညီရင်း ဝါးစေဝစေစားကြတယ်။ တချို့ကျတော့လည်း ဗိုလ်ကြီးလောက်မှာ ကတည်းက အဆင်ပြေပြီး တပ်က ထွက်ဖို့ ကြိုးစားကြတယ်။

အဲဒါ ကတန်မှာနေတဲ့ အရာရှိတွေရဲ့ long plan ပါ။ ကဲ ဘယ်လောက်ကောင်းတဲ့ plan လဲ။ သူတို့ ဘဝမှာ မြန်မာပြည် ကမ်းရိုးတန်းရဲ့ အထက်ပိုင်း ရခိုင် ဆိုတာ ဘာမှန်းမသိဘူး။ ဟိုင်းကြီးကျွန်းဆိုတာ ဘာမှန်း မသိဘူး။ ကိုကိုးကျွန်းနှင့် ပါလီ ပါလဲ့ကျွန်း ဆိုတာ မြေပုံထဲမှာပဲ မြင်ဘူးတယ်။ အဲလိုဖြစ်နေတယ်။ ရခိုင်မှာနေတဲ့ ဗိုလ်စုတ်ပြတ်တွေကျတော့ အသားအရေ မွဲခြောက်ခြောက်နဲ့ စုတ်ပြတ်သတ်ပြီး လူရုပ်တောင်မပေါက်၊ ကျောက်ဖြူမြို့တောင်အောက်က ရေတပ်စခန်း ဌာနချုပ်မှာ ပူပူလောင်လောင်နဲ့ နေ့စဉ် ရုန်းကန်ရင်း အသက်ဆက် နေထိုင်နေရတယ်။

ကြုံကြိုက်တုန်း သတင်းပို့စရာလေး တစ်ခုရှိသေးတယ်။ အဲဒါက... တလောက ဘင်္ဂလားဒေ့ရှ် ရေပိုင်နက်မှာ တင်းမာမှုတွေဖြစ်တော့ ရခိုင်ရေတပ်စခန်းက သင်္ဘောတွေ တော်တော်နဲ့ အချိန်မီ မထွက်နိုင်ခဲ့ဘူး။

အဲဒါကတော့ အရာရှိစစ်သည်တွေကို မအားရအောင် အလုပ်ပေးထားတဲ့ ကြက်ဆူပင် စိုက်ပျိုးနေရတာက တစ်ကြောင်း၊ ဘယ်အရာရှိမှ မလာချင်တဲ့ နေရာဖြစ်လို့ အရာရှိအင်အား နည်းနေတာက တစ်ကြောင်းကြောင့် ချက်ချင်း စစ်ဆင်ရေး မထွက်နိုင်ဘူး ဖြစ်သွားခဲ့ရတယ်။

ကိုယ်လည်း အင်တာနက်မှာ ဘင်္ဂလားဒေ့ရှ် မီဒီယာတွေ ရေးသားတဲ့ စာမျက်နှာတွေမှာ ဖတ်လိုက်ရတယ်။ မြန်မာရေတပ်ကို အထင်မကြီးဘူးတဲ့၊ ဘာလို့လဲ ဆိုတော့ သူတို့နဲ့ အနီးဆုံး နေရာမှာရှိတဲ့ ရခိုင်ရေတပ်စခန်း ဌာနချုပ်မှာ တာဝန်ထမ်းဆောင်နေတဲ့ အရာရှိ အနည်းငယ်သာ ရှိတယ်ဆိုတာကို ဘင်္ဂလားဒေ့ရှ် ရေတပ် ထောက်လှမ်းရေးက (ထောက်လှမ်းရေးသတင်း ခန့်မှန်းခြေ အဆင့် ခ–၂) သတင်းစုံစမ်း ရရှိချက်က ခိုင်မာပေတယ်။

ဘယ်လောက်တောင်လဲဆိုရင် ရခိုင်ရေတပ်စခန်း ဌာနချုပ်မှူး အဆင့်/နာမည်၊ လက်အောက်ခံ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်ရဲ့ အဆင့်နာမည်၊ စစ်သင်္ဘော အရေအတွက်ကအစ ဘင်္ဂလားဒေ့ရှ် ရေတပ်

ဌာနချုပ်က သတင်းအတိအကျ ရရှိထားတယ်လို့ ဖေါ်ပြထားတယ်။

ပြီးတော့ နယ်စပ်ဒေသ ရေပိုင်နက်ဖြစ်တဲ့ နတ်မြစ်ဝနဲ့ ဘူးသီးတောင် မောင်းတော မြစ်ချောင်းတွေထဲက စစ်သင်္ဘောတွေမှာလည်း ကွပ်ကဲမဲ့သူ စစ်ရေယာဉ်မှူး မရှိပါဘူး။ ဘာလို့လဲဆိုတော့ ရေတပ်ရဲ့ အရာရှိ ၃ ပုံ ၂ ပုံ ဟာ ကတန်ကျွန်း (မြိတ်) ကျွန်းမှာ စုပြုံနေကြလို့ပါ။ သာမာန် ငြိမ်းချမ်းချိန်ကတော့ ကိစ္စမရှိပေမဲ့ နစ်ဖက်ရေတပ်တွေ ထိပ်တိုက် ရင်ဆိုင်ထားချိန်မှာတော့ မြန်မာ့ရေတပ်ဟာ တော်တော့်ကို အခြေအနေ ဆိုးပါတယ်။

ဒါကြောင့် နိုင်ငံတော် အကြီးအကဲများအနေနဲ့ လတ်တလော ရင်ဆိုင်နေရတဲ့ ဘင်္ဂလားဒေ့ရှ်–မြန်မာ ရေပိုင်နက်ပြဿနာ ဖြေရှင်းလို့ မပြီးခင် စပ်ကြားကာလတွင် နယ်စပ်ဒေသဖြစ်သော ရခိုင်ဒေသရှိ ရေတပ်စခန်းဌာနချုပ်တွင် အရာရှိအင်အား၊ စစ်ရေယာဉ်မှူးအရာရှိအင်အား များစွာ တိုးချဲ့ရန် လိုအပ်ကြောင်းလည်း တင်ပြလိုပါတယ်။

ဒါက စစ်ရေးနှင့်ပတ်သက်လို့ပါ။

စိတ်ဓါတ်ရေးရာနှင့် ပတ်သက်၍ တင်ပြရမည်ဆိုလျှင် ယခု ရခိုင်တွင် တာဝန် ထမ်းဆောင်နေကြသော အရာရှိကြီး၊ ငယ်၊ လတ် မရွေးသည် အပြောင်းအရွှေ့ကို မျှော်လင့် စောင့်စားနေကြပါတယ်။

ဒါကြောင့် တာဝန်ထမ်းဆောင်သည့် နှစ်ပြည့်ပြီးသူများအား ပြောင်းရွှေ့ ပေးခြင်းအားဖြင့် စိတ်ဓါတ်များ ပြန်လည်မြင့်မားလာပြီး လုပ်ချင် ကိုင်ချင်စိတ်များ ပြန်လည်ရရှိလာမည် ဖြစ်ပါတယ်။ နိုင်ငံတော် အကြီးအကဲများအနေနဲ့ တပ်မတော်အတွင်းမှာပင် သာတူညီမျှ တရားမျှမျှတတ အုပ်ချုပ်နိုင်ပါရန် တင်ပြအပ်ပါတယ်။ ❑

# စနစ်ဆိုးအောက်က တပ်မတော်သားများကိုယ်စား ပေးစာ

**ဖိုလ်ဗလ**
(ပြည်တွင်းမှ ရေတပ်နှင့်နီးစပ်ကျွမ်းဝင်သူ ဒုတပ်ရင်းမှူးတစ်ဦး)

နောက်တစ်ခုက တဆက်စပ်တည်းကို တင်ပြချင်တာ တစ်ခု ရှိပါသေးတယ်။ ဒါကတော့ ကိုယ့်တူရဲ့ ဂျူနီယာ အရာရှိငယ်လေးတွေပါ အကုန်ပါတယ်။

တပ်မတော် (ကြည်း/ရေ/လေ) ဒီမောင်တွေကို နိုင်ငံခြားသို့ ပညာသင်စေလွှတ်ခြင်း ခံရတယ်။ ကံဆိုးတာ ဘာလဲဆိုတော့ နိုင်ငံတော်အစိုးရက ယခင်ကဆိုရင် မည်သည့်နိုင်ငံသွားသွား တစ်လ အမေရိကန်ဒေါ်လာ (၂၀၀) လစာ ထောက်ပံ့တယ်။ တခြား ထောက်ပံ့ကြေးတွေနဲ့ပေါင်းရင် နိုင်ငံခြားမသွားခင် ဒေါ်လာ (၇၀၀) နီးပါးရတယ်။ လစဉ်ကိုလည်း ဒေါ်လာ (၂၀၀) ရတယ်။ ရုရှားဆိုရင် ဒေါ်လာ (၂၅၀) ရတယ်။ အဲဒါ အရင်တုန်းကပါ .. နိုင်ငံခြားသွားသူတွေ အခက်အခဲမရှိ ချောင်ချောင်လည်လည်နဲ့ သွားနိုင်၊ ပညာသင်နိုင်ကြပါတယ်။

အခုတော့ အဲလို မဟုတ်တော့ဘူး။

ရုရှားနိုင်ငံက လွဲလို့ ကျန်တဲ့ တရုတ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ စတဲ့ နိုင်ငံတွေမှာ ပညာတော်သင် သွားသူတွေကို လစဉ်ထောက်ပံ့တဲ့ ဒေါ်လာ (၂၀၀) ကို မပေးတော့ဘူး။ အဲဒီ့မှာ ပြဿနာ စတာပဲ။ တရုတ်နိုင်ငံက လွဲလို့ ကျန်တဲ့ နိုင်ငံတွေမှာ သင်တန်းသွားတက်သူတွေဟာ နိုင်ငံတော် အစိုးရက ပေးလိုက်သော ဒေါ်လာငွေ မလုံလောက်မှု ပြဿနာ စတွေ့ရပါတယ်။

တူလေးရဲ့ ဂျူနီယာတစ်ယောက် ပြောပြတာကတော့ –

သင်တန်းကာလ တစ်လျှောက်လုံး ဒေါ်လာ (၇၀၀) နဲ့ပဲ သုံးရတယ်။ တချို့ သင်တန်းတွေဆိုရင် ၉ လ တက်ရတဲ့ သင်တန်းတွေ ရှိတယ်။ ပိုက်ဆံလုံးဝ (လုံးဝ) မလောက်ဘူးတဲ့။ နိုင်ငံခြားမှာ သင်တန်းသွားတက်ပြီး ပညာသင်သူတွေ ဖြစ်တဲ့အတွက် မိမိမြန်မာနိုင်ငံအတွက် သင်တန်း အထောက်ကူပြုမဲ့ စာအုပ်တွေ စာပေတွေကို မိတ္တူဆွဲရတာမျိုးနဲ့ ဝယ်ယူရတာမျိုးတင် ဒေါ်လာ (၅၀၀) လောက်က ကုန်သွားကြတယ်တဲ့။

မိတ္တူက မဆွဲလို့မဖြစ်ဘူးလေ။ နို့မို့ဆိုရင် နိုင်ငံခြား ပညာသွားသင်တာ အလကားပဲတဲ့။ ပညာရပ်၊ ဘာသာရပ် တစ်ခုမှ မကျန်အောင်တော့ စုံစုံလင်လင် မိတ္တူဆွဲရမယ်။ အဲဒီတော့ သူများနိုင်ငံတွေက သင်တန်းသားတွေဟာ ရုံးပိတ်ရက်တွေဆိုရင် ကိုယ်ပိုင်အချိန်မှာ မုန့်စား ဘာစား အပြင်သွား လုပ်နိုင်ကြပေမဲ့ မြန်မာ သင်တန်းသားတွေ ခမျာမှာတော့ အိပ်ဆောင်အခန်းထဲမှာ ကြိတ်ပြီး အိမ်က ထည့်ပေးလိုက်တဲ့ အကြော်လေးနဲ့ အပေါစား ပေါင်မုန့်ခပ်ကြမ်းကြမ်းကို ရေနဲ့ မျိုချပြီး အခန်းအောင်း နေရတယ်တဲ့။

စာကို အဓိကထား ကြိုးစားတဲ့အခါ အဲဒီလို အထွေထွေ အခက်ခဲလေးတွေက အနှောင့်အယှက်ဖြစ်စေတယ်။ တခြားနိုင်ငံက အရာရှိတွေ လူတန်းစေ့ သုံးစွဲနိုင်တဲ့ အချိန်မှာ မြန်မာအရာရှိ သင်တန်းသား

တွေမှာ လွှန်စွာ မျက်နှာငယ်ကြရကြောင်း၊ အနှိမ်ခံရကြောင်း၊ နဂိုကမှ မြန်မာနိုင်ငံကို အပြစ်ပြောချင်နေတာမို့ ပိုဆိုးကုန်တာပေ့ါ။ နိုင်ငံခြားသင်တန်း သွားတက်တဲ့ မြန်မာအရာရှိများမှာ ခေါင်းမဖော်ရဲအောင် ဖြစ်ခဲ့ကြရပါတယ်တဲ့။

နောက်ဆုံးရ သတင်းကတော့ ဘာလဲဆိုရင် (အကုန်လုံးတော့မဟုတ်ပါ) တချို့သော မြန်မာအရာရှိတွေဟာ ထောက်ပံ့ကြေး ကုန်သွားလို့ သုံးစရာ ငွေမရှိတော့တဲ့အတွက် ပညာတော်သင်သွားတဲ့ နိုင်ငံမှာ ဝင်ငွေ အနည်းငယ်ရသော အချိန်ပိုင်း အလုပ်သမား အလုပ်ကို ဝင်လုပ်ဖို့တောင် ကြိုးစားကြတယ် ဆိုတာပါပဲ။ ဘယ်လောက် သနားဖို့ကောင်းလဲ။ ကိုယ့်နိုင်ငံတော် အစိုးရကမှ မထောက်ပံ့တော့လည်း ကိုယ့်ဖာသာကိုယ် ရပ်တည်နိုင်ဖို့ နည်းလမ်းရှာ ကြိုးစားရတော့တာပေ့ါ။ အဲ့ဒီတော့ မြန်မာဆိုရင် နိုင်ငံခြားတိုင်းပြည်တွေက လုံးဝကို အထင်မကြီး ကြတော့တာပါ။

ဒါက နိုင်ငံတော် အစိုးရက လစဉ်ထောက်ပံ့နေကျ ဒေါ်လာ (၂၀၀) ကို ဖြတ်တောက်လိုက်တဲ့ အကျိုးကျေးဇူး ရလာဒ်ကောင်းတွေပါ။ ဒီလို အပြင်မှာ အလုပ်ထွက်လုပ်မဲ့ လုပ်ရပ်မျိုးက တိုင်းပြည်ဂုဏ် ညှိုးနွမ်းစေတယ် ဆိုပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါဟာ အဲဒီ အရာရှိတွေရဲ့ အပြစ်မဟုတ်ပါဘူး။ သူတို့မှာ စစ်သားဖြစ်နေတော့ နိုင်ငံတော်က ပေးအပ်တဲ့ တာဝန် ကိုလည်း ကျေပြွန်အောင် မမိုတ်မသုန် ထမ်းဆောင်ကြရတယ်။ ရင်ဆိုင်နေရတဲ့ ငွေမလောက်ငတဲ့ အခက်အခဲကိုလည်း မိမိဖာသာ မိမိ ဖြေရှင်းနေရတယ်။

စစ်အသုံးစရိတ်ကိုတော့ တပ်မတော်က နိုင်ငံတော်ဘဏ္ဍာနဲ့ သုံးစွဲကြတယ်။ နိုင်ငံတော်ငွေကို တဖက်လှည့်ယူပြီး ချမ်းသာနေကြတဲ့ ဗိုလ်ချုပ်များသည်လည်း မိမိသားသမီး ကောင်းစားဖို့ကျတော့ ကြည့်ကြတယ်။ နိုင်ငံတော် ပိုက်ဆံဖြင့် ဗိုလ်ချုပ်သားသမီးများ Singapore, Bangkok, Australia စတဲ့ နိုင်ငံတွေကို အပျော် shopping ထွက်ကြတယ်။ ရန်ကုန်မြို့ရှိ နာမည်ကြီး night club, KTV တို့တွင်လည်း လူကြီးသားသမီးများဟာ သူ့အဖေ ဗိုလ်ချုပ်တွေ ရှာပေးသော နိုင်ငံတော် ပိုက်ဆံကို စပါယ်ရှယ် သုံးဖြုန်းကြတယ်။

(BME, Pioneer, DJ Bar, Olympic စသည့် club များ၊ 5 star hotel များတွင် တိုင်းမှူးသား၊ တိုင်းမှူး သမီး၊ ဝန်ကြီးသား၊ ဝန်ကြီးသမီးများ သောင်းကျန်းနေကြသည်ကို ညစဉ်လိုလို တွေ့မြင်နိုင်တယ်။ မယုံရင် club manager, hotel manager များကို ခေါ်ယူစစ်ဆေး မေးမြန်း ကြည့်နိုင်သည်) တိုင်းမှူးသားသမီး၊ ဝန်ကြီးသားသမီးတွေ ကတော့ဖြင့် အပျော်တွေ လွှန်ပြီး သုံးဖြုန်းနေကြတယ်။ ၄င်းတို့မှာ အမှန်တကယ် နိုင်ငံတော် ပိုက်ဆံနှင့် မကင်းရှင်းကြပါ။ သို့သော် နိုင်ငံတကာ ရှေ့မှောက်တွင် တကယ်တမ်း လက်တွေ့ကျကျ နိုင်ငံတော်အတွက် အမှန်အကန် အလုပ်လုပ်နေကြရသော သင်တန်းသား အရာရှိများမှာမူ ဒုက္ခတွေပင်လယ်ဝေ နေကြသည်ကို ကျွန်တော်တို့၏ နိုင်ငံတော်အကြီးအကဲ တပ်မတော်အကြီးအကဲ ၂ ယောက် သိပါလေစ။

နိုင်ငံခြားသင်တန်းသွား အရာရှိတွေကို သက်ဆိုင်ရာ သံရုံးတွေက မထောက်ပံ့ဘူးလား၊ မစောင့်ရှောက်ဘူးလား ဆိုတဲ့ အမေး ရှိပါတယ်။

သံရုံးက မေးတော့မေးရှာပါတယ်။ ဝတ်ကျေတန်းကျေပဲ "အဆင်ပြေလား၊ သင်တန်းမှာ ကြိုးစားနော်၊ ပိုက်ဆံရော လောက်လား.."

မလောက်လည်း သူပေးမှာမှ မဟုတ်တာ။ တကယ်လို့ သံရုံးက ပိုက်ဆံထုတ်ပေးတယ်ပဲ ထားဦး။ အဲ့ဒီပိုက်ဆံ အသုံးစာရင်းက မြန်မာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနရောက်ပြီး သံရုံးရဲ့ စိုက်ငွေဘတ်ဂျက်အဖြစ် ဝင်သွားကာ နောက်ဆုံးတော့ စစ်သံမှူးရဲ့ အိပ်ကပ်ထဲကိုပဲ ရောက်သွား ရတာပါပဲ။ ကဲ ကောင်းလား.... ?

နောက်တစ်ခုက နိုင်ငံခြားရှိ မြန်မာနိုင်ငံရဲ့ စစ်သံမှူးတော်တော်များများသည် ယင်းနိုင်ငံ၏ မြန်မာသံအမတ်နှင့် အဆင်မပြေကြသည်က များပါတယ်။ ဘာဖြစ်လို့လဲဆိုတာတော့ မသိပါ။

ဖြစ်နိုင်သည်က မြန်မာစစ်သံရုံးက ရုံးလုပ်ငန်းဆိုင်ရာ စာအဝင်အထွက်များ နောက်ကျခြင်း၊ အချိန်မှီ မရရှိခြင်း၊ ချက်ချင်း အကြောင်းမပြန်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရပါတယ်။

ဒ့ါအပြင် ရုရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးနှင့် မေဗီးလ် (ရုရှားကကျောင်း) ကျောင်းအုပ်ကြီးတို့ မတည့်ကြပါ။ ရန်သူတွေ ဖြစ်ကြတယ်တဲ့။ သူတို့ ခတ်ကြတာ ကြားက မြေစာပင်အနေနဲ့ သင်တန်းသား အရာရှိများမှာ စာမေးပွဲကျပြီး မြန်မာပြည်ကို မှင်နီနဲ့ ပြန်ရတဲ့အထိပါပဲ။

သံရုံးနှင့် ပတ်သက်၍ သတင်းပို့ တင်ပြရမည်ဆို လျှင် တခြားသော နိုင်ငံများမှ သံရုံးများဟာ မိမိနိုင်ငံသားကို စောင့်ရှောက်တယ်၊ ကူညီတယ်။၊ အခက်အခဲရှိရင် ဖြေရှင်းပေးတယ်။ မြန်မာသံရုံးကတော့ အဲလိုမဟုတ်ပါ။ မြန်မာအရာရှိတစ်ယောက် စစ်သံမှူးကို သွားရောက် ဂါရဝပြုမည် ဆိုရင်ပဲ ရုံးအုပ်ဆိုသည့် အခြားအဆင့် တပ်ကြပ်ကြပ်ကြီးလိုကောင်က သင်တန်းသား အရာရှိကို ကောင်းကောင်း **brain wash** လုပ်လိုက်တယ်။ နောက်ဆုံး သင်တန်းသား အရာရှိများမှာ မြန်မာသံရုံးသို့ အခက်အခဲ တင်ပြပြီး အကူအညီ မတောင်းရဲကြတော့ပါ။

ကျွန်တော် ယခု တင်ပြခဲ့တာတွေကတော့… လက်ရှိ အချိန်မှာ နိုင်ငံ့ဝန်ထမ်း တပ်မတော်သားများ အမှန်တကယ် ကြုံတွေ့နေရသည့် အခက်အခဲ ပြဿနာများကို… အမှန်တရားအား ဖုံးကွယ်ပြီး ကောင်းသည် တော်သည်ဟု လိမ်ညာ ခံနေရသော တပ်မတော် အကြီးအကဲများ သိရှိစေရန် သတင်းပို့ တင်ပြခြင်း ဖြစ်ပါသည်။ မည်သည့် ရည်ရွယ်ချက်မှ မပါဝင်ပါ။

ဖြစ်စဉ် အကြောင်းအရာ အကျဉ်းချုပ်ကို တင်ပြရမည်ဆိုရင်–

(၁) စစ်တက္ကသိုလ်တွင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ ရွေးချယ်သည့်အခါ မည်သည့် အနှောင်အဖွဲ့ သံယောဇဉ်မှ မပါပဲ၊ ဘယ်မျက်နှာမှ မလိုက်ပဲ၊ မှန်မှန်ကန်ကန် အရည်အချင်းရှိသူနှင့် သင့်တော်သူကို ရွေးချယ်စေလိုပါသည်။

(၂) လက်ရှိ ရေတပ်တွင် ဖြစ်ပွားနေသော နေရာကောင်းများရှိ အရာရှိလူလည်များနှင့် မကောင်းသော နေရာများရှိ အရာရှိ ငမွဲများကို မျှတမှုရှိအောင် ဆောင်ရွက်ပေးစေလိုပါသည်။ နှစ်ကာလ အပိုင်းအခြား ကန့်သတ် သတ်မှတ်၍ စနစ်တကျ **posting** ကို ရေးဆွဲ စေလိုပါသည်။

(၃) စစ်ရေး အမြင်အရ ရခိုင်ရေတပ်စခန်းတွင် အရာရှိ အင်အား မြောက်မြားစွာ လိုအပ် လျက်ရှိသောကြောင့် ၄င်းရေတပ်စခန်းတွင် စစ်ရေယာဉ်မှူး အရာရှိ များစွာဖြင့် နယ်စပ်ဒေသ ပိုင်နက်ရေပြင်ကို ကာကွယ်ရာရောက်မည် ဖြစ်ပါသည်။

(၄) နိုင်ငံခြားသင်တန်းသား အရာရှိများ တန်းတူရည်တူ အခွင့်အရေးရရှိပြီး၊ ရုရှားကဲ့သို့ လစဉ်ထောက်ပံ့ကြေးများ ယခင်အချိန်များကလို ပြန်လည်ထုတ်ပေး ထောက်ပံ့မည်ဆိုပါက ပညာသင်သွားအရာရှိများ စိတ်ဓါတ် ပျက်ပြားခြင်းမှ ကင်းဝေးမည် ဖြစ်ပါသည်။

(၅) ယခု အချိန်တွင် မဟာရန်ကုန်မြို့တော်တွင် ဗိုလ်ချုပ်သားသမီးများ အလွန်တရာမှ ဆိုးဝါး နေကြပါသည်။ အထူးသဖြင့် ဗိုလ်ချုပ်သမီးများမှာ အဆိုးဆုံးဖြစ်ကြသည်။ **night club** များ၊ **5 star hotel** များ၊ **KTV** များ၊ **pub** များတွင် ဗိုလ်ချုပ်သမီးများနှင့် အပေါင်းအသင်းများသည် ဘေးပတ်ဝန်းကျင် အမြင်မသင့်တော်လောက်အောင်ကို အသားကုန် သောင်းကျန်းနေကြပါသည်။ ဗိုလ်ချုပ်သားသမီးများ ဖြစ်ကြသောကြောင့် ဆိုင်ပိတ်ခံရမှာ အလုပ်ဖြုတ်ခံရမှာ ကြောက်ရွံ့၍သာ ဆိုင်ရှင်များ မပြောရဲပဲ ငြိမ်နေကြရပါသည်။

နိုင်ငံတော် အကြီးအကဲများ အနေဖြင့် ဗိုလ်ချုပ်သားသမီးများကို ယခုလို ဖြစ်ချင်တိုင်းဖြစ် သောင်းကျန်းနေသည့် ပြည်သူလူထု အကြည်ညိုပျက်စေသော ကိစ္စမျိုးမဖြစ်ရန် ထိန်းသိမ်းပေးကြစေ

လိုကြောင်း စည်းလုံးခြင်းရဲ့အင်အား ဝက်ဘ်ဆိုဒ်မှ တဆင့် တင်ပြလိုက်ရပါသည်။ ❑

*နိုင်ငံတော်နှင့် တပ်မတော်ကောင်းစားရေး မြင်တွေ့လိုသူ*

**ပြည်တွင်းမှ ရေတပ်နှင့် နီးစပ်ကျွမ်းဝင်သူ ဒုတပ်ရင်းမှူးတစ်ဦး**

# ငါးကြင်းဆီဖြင့် ငါးကြင်းကြော်

**ရဲသူနိုင်**

ယနေ့ မြန်မာပြည်မှာ S.P.D.C နအဖတစ်ဖွဲ့လုံးကို မည်သူမှ လက်မခံလိုကြပါ။ အင်မတန် မုန်းတီးတဲ့ အဆင့်ကို ရောက်ရှိနေပါပြီ၊ T.V သတင်းလာချိန်မှာ ပိတ်ထားတာတွေ၊ သတင်းစာတွေ ဖတ်မယ့်သူမရှိ ဖြစ်လာတာတွေ (အကျိုးစီးပွား ဖြစ်ထွန်းနေသူ အသိုင်းအဝိုင်းနှင့် အဆင်ပြေ သာကူးနေကြသူ အချို့ကလွဲရင်ပေါ့)။ S.P.D.C တစ်ဖွဲ့လုံးထဲမှာတောင်မှ အချင်းချင်းလည်း ပုံစံအမျိုးမျိုးနှင့် ညီညွတ်နေတာတော့ မဟုတ်ပါဘူး။

အာဏာတည်မြဲရေး၊ အခွင့်အရေးများ ရရှိရေးတို့အတွက် တစ်ဦးနှင့်တစ်ဦး မတည့်၊ အဆင်မပြေ မာန်စောင်နေကြပေမယ့် အာဏာ လက်မလွှတ်ရေး ဆိုတဲ့နေရာမှာတော့ ညီညွတ်နေရုံမက တိုင်းပြည်ကို ဘယ်လို ဖိစီးနှိပ်စက်မလဲ၊ ရက်ရက် စက်စက် ဘယ်လို ရိုက်နှက်သတ်ဖြတ်မလဲဆိုတဲ့ နေရာတွေမှာ အားလုံးဟာ တသမတ်တည်း သွားတူနေကြတာ တွေ့ရပါတယ်။ ငါးမူးဖိုးလောက်ရှိတဲ့ အာဏာလေးကို ရထားတဲ့ စွမ်းအားရှင် ဆိုတဲ့ ဝရမ်းပြေးကအစ အာဏာကို ပြချင်သုံးချင်တာကို နေရာတကာ တွေ့နေရပါတယ်။

ကျွန်တော်တို့ စစ်ကျွန်သဘောက်ဘဝကနေ လွတ်မြောက်ဖို့ စဉ်းစားလုပ်ကိုင်ကြတဲ့ နေရာမှာ ဒီအတိုင်း ဆက်သွားလို့ ဖြစ်ပါ့မလား။ အောင်မြင်ပါ့မလား၊ ဘယ်လို ဆက်လုပ် ကြမလဲ ဆိုတဲ့ မေးခွန်းတွေ မေးဖို့ လိုအပ်လာပါတယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။

ကျွန်တော့်အနေနှင့်တော့ အကောင်းဆုံးနည်းနှင့် အဖြစ်နိုင်ဆုံးနည်းကို စဉ်းစား ကြမယ်ဆိုရင် ငါးကြင်းဆီနှင့် ငါးကြင်းကြော်တဲ့ နည်းကိုပဲ ဗျူဟာမြောက် ဘုံလမ်းစဉ် ချမှတ်ပြီး လုပ်ကိုင်သင့်တယ်လို့ ရိုးသားစွာ မြင်မိပါတယ်။ လူအများစုလည်း စစ်အာဏာရှင်တွေကို ဆန့်ကျင်ချင်ကြပါတယ်။ တာဝန်လည်း ကျေချင်ကြပါတယ်။ အဆင်သင့်လည်း ရှိနေကြတယ်ဆိုတာ တွေ့ရမှာပါ။ ဒါပေမယ့် ဒီ People Power ဆိုတဲ့ လူထု စီးပွားရေး အင်အား အကြီးဆုံး အမေရိကန်တောင်မှ ဗွန်လမှာ အလုပ်လက်မဲ့ဟာ ခန့်မှန်းထားတာထက် ပိုပြီး ၅သိန်း နီးပါးလောက် အလုပ်ပြုတ်ကြရလို့ President Mr. OBAMA တောင်မှ ကယ်ဆယ်ရေး စီမံကိန်းတွေကို ဂရုစိုက်ကြည့်ရတဲ့ အခြေအနေ ရောက်နေပါတယ်။

ဒါပေမယ့် နာဂစ် ဒုက္ခသည်များဟာ မှိုနတိုကို စားလည်း အသက်ရှင်နိုင်တယ်ဆိုတဲ့ အာဏာရှင်အတ္တဝါဒီတွေ အုပ်ချုပ်ကြီးစိုးတဲ့ တရုတ်ပြည်ကြီးရဲ့ ယူနန်ပြည်နယ် လက်အောက်ခံအဆင့်သာ ရှိတဲ့ ကျွန်တော်တို့ရဲ့ မိခင်မြန်မာပြည်ကြီးကတော့ ၂၀၀၈–၂၀၀၉ ခုနှစ်ရဲ့ စီးပွားရေး တိုးတက်မှုနှုန်းကို (၁၀.၄%) တိုးတက်ခဲ့တယ်ဆိုပြီး မစားရဝခမန်း အားလုံးကို လိမ်ညာ ပြောဆိုခဲ့ပါတယ်။ လူတစ်ဦးရဲ့ ပျမ်းမျှဝင်ငွေကိုလည်း ငါးသိန်းနီးပါး ရှိတယ်လို့ ထပ်ဆင့် လိမ်လိုက်ပါသေးတယ်။ ဝင်ငွေကိုသာပြောပြီး စက်သုံးဆီ ၅ ဆ တိုးလာတာကျတော့ ချန်ထားကာ ဆန်တစ်ပြည် ဘယ်လောက်၊ ဘတ်စ်ကားခ ဘယ်လောက်၊ ပညာရေး၊

ကျန်းမာရေးတွေက ဘယ်လောက် ဆိုတာတွေတော့ ထပ်ပြီး မလိမ်ပြတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေပါပြီ။

ကမ္ဘာ့ပေါ်မှာ ၂၀၀၈–၂၀၀၉ မှာ ဘယ်တိုင်းပြည်မှ ၁၀% ကျော် စီးပွားရေးတိုးတက်တဲ့ တိုင်းပြည် မရှိပါဘူး။ ကမ္ဘာ့ဘဏ်ကလည်း ၂% ရောက်အောင် မနည်း လုပ်ရမယ်လို့ပဲ ပြောနေတာပါ။ စီးပွားရေးကပ်ကြီးကြောင့် အာရှတိုက်မှာ လူသန်းပေါင်း မြောက်များစွာ ပိုမိုပြီး ဆင်းရဲတွင်းထဲကို ကျရောက် ကုန်တယ်လို့ တွက်ပြထားပါတယ်။

ဒါပေမယ့် အတ္တဝါဒီ ဖက်ဆစ်ထက် ပိုဆိုးတဲ့ နအဖ ဗိုလ်ချုပ်တွေ ကြီးစိုးတဲ့ မြန်မာပြည် ကတော့ ထူးထူးခြားခြား အားလုံးထက်ကို ကျော်ပြီး ၁၀.၄ % တိုးတက်ခဲ့ပါတယ် ဆိုပြီး ပြောင်လိမ်ပြောင်စား ကြေညာခဲ့ပါတယ်။ တိုင်းပြည်မှာ လူအများစု ဆင်းရဲ မွဲတေငတ်ပြတ်ပြီး လူအနည်းစု ချမ်းသာ နေကြတာကိုပဲ ၁၀.၄% တိုးတယ်လို့ ပြောတာလား၊ ဒါမှမဟုတ် နအဖ စစ်ဗိုလ်ချုပ် အတ္တဝါဒီတွေရဲ့ စီးပွားရေး တိုးတက်မှုနှုန်း ၁၀.၄% ကို တိုင်းပြည်ရဲ့ တိုးတက်မှုနှုန်းလို့ လိမ်တာလား ဆိုတာတော့ စာဖတ်သူများ ဦးနှောက်နှင့်သာ စဉ်းစားကြစေချင်ပါတော့တယ်။ အဲဒီတော့ ယနေ့အခြေအနေမှာ နအဖဟာ ပိုပြီးကြာလာတာနှင့်အမျှ တော်လှန်မှုတွေနှင့် ရင်ဆိုင်လာရတာနှင့်အမျှ ပြည်သူအများစုကြီးက စစ်ကျွန်သဘောက် ဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးစားနေကြတာကို သိလာသည်နှင့်အမျှ မိမိတို့ နအဖဟာ စိတ်တိုင်းကျ ရေးဆွဲထားသော တသက်တာလုံး ကျွန်သဘောက်ဘဝမှ မလွတ်မြောက်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ “ချုပ်” မှ “ဦး” သို့ ကူးပြောင်းနိုင်ရေးအတွက် ပိုမိုလိမ်ညာ ဝါဒဖြန့်ကြဦးမည်သာ ဖြစ်ပါတယ်။

ပြည်တွင်း Media အားလုံးကလည်း S.P.D.C စိတ်တိုင်းကျ ထိန်းချုပ်ထားတဲ့အတွက် ဝါဒဖြန့် လိမ်ညာတဲ့ နေရာတွေမှာ ပြိုင်ဘက် ကင်းတဲ့ အဆင့်ကို ရောက်ရှိလို့ နေပါပြီ။ ပုံမှန်လက်လုပ်လက်စား အလုပ်သမား တောင်သူလယ်သမား အများစုကြီး ကတော့ နအဖရဲ့ ဝါဒဖြန့် လိမ်ညာနေကြတာတွေကို သိလည်း မသိကြပါဘူး၊ သိလည်း မယုံကြည် ကြပါဘူး၊ မိမိတို့ရဲ့ တစ်နေ့လုပ်မှ တစ်နပ်မှန်အောင် စားရဖို့ အရေးကိုပဲ ပိုပြီး အာရုံစိုက်ကြပါတယ်။ စစ်သည်တွေ ရဲတပ်ဖွဲ့ဝင်တွေ အနေနှင့်လည်း အကြွေး ပတ်ချာလည် ဝိုင်းပြီး စစ်ဆင်ရေး၊ လုံခြုံရေး၊ လုပ်အားပေး စတာတွေနှင့် လုံးလည် ချာလည် လိုက်နေကြ တော့ စီးပွားရေး တိုးတက်မှုနှုန်း ၁၀.၄% ဆိုတာတွေကိုလည်း အာရုံစိုက်နိုင်ကြမှာ မဟုတ်ပါဘူး။ အခြေခံကြွဖွဲ့တွေ စွမ်းအားရှင် ဝရမ်းပြေး လူတန်းစားကတော့ သိမှာတောင် မဟုတ်ပါဘူး။

ဒါပေမယ့် နအဖရဲ့ လိမ်ညာဝါဒဖြန့်မှုတွေ မှိုင်းတိုက်မှုတွေကြားမှာ ယုံကြည်နေကြတဲ့ ကိုးကွယ်နေကြတဲ့ သာကူးအုပ်စု (or) အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား ဦးနှောက်ဆေးခြင်း ခံထားရတဲ့ အလယ်အလတ်နှင့် အထက်တန်း အရာရှိကြီး ဆိုသူတွေကတော့ ယုံကြည်နေကြတာကို တွေ့ကြရမှာပါ။ ဒါကြောင့်မို့လို့လဲ ၎င်းတို့ဆီကနေပဲ မည်ကဲ့သို့ အောင်မြင်တိုးတက်နေကြောင်းများကို မစားရဝခမန်း နေ့စဉ် ပြောဆို ဟောပြော ရေးသားနေကြတာတွေကို တွေ့ကြရမှာ ဖြစ်ပါတယ်။ S.P.D.C ထိပ်ပိုင်း အဖွဲ့နှင့် ၎င်းတို့ရဲ့ အခြေခံဒေါက်တိုင်အသီးသီးဟာ ၎င်းတို့ အပေါ် အယုံအကြည်မရှိဘူး ဆိုတာကို သဘောပေါက်နေကြပါတယ်။ အထူးသဖြင့် Armed Forces တွေထဲမှာ ဆင်းရဲမွဲတေမှု၊ တပ်ပြေးများ များစွာ ထွက်ပြေးမှု၊ ပျက်စီးယိုယွင်းနေမှုတွေကို ကောင်းကောင်းသိနေပါတယ်။ ဒါကြောင့်မို့လို့လည်း Psychological War, Brain Wash ဝါဒဖြန့် အလိမ်အညာ စတာတွေ အားလုံးကို မီးကုန်ယမ်းကုန်သုံးပြီး လုပ်ဆောင် နေကြခြင်းပဲ ဖြစ်ပါတယ်။

အဲဒီတော့ S.P.D.C ဘာတွေလုပ်ခဲ့လဲ လုပ်နေလဲ လုပ်ဦးမလဲ ဆိုတဲ့ အတိတ်နှင့် ပစ္စုပ္ပန် အခြေအနေတွေကို Armed Forces တွေနှင့်တကွ ဒေါက်တိုင် အသီးသီး ပြည်သူအများစု သိမြင်နားလည်လာအောင် S.P.D.C အဆင့်ဆင့်ရဲ့ စွမ်းအားရှင် ဝရမ်းပြေးပါမကျန် လုပ်ဆောင်ချက် ဦးတည်ချက် ရည်ရွယ်ချက် အသုံးချခံနေရမှုတွေကို ပြည်ပ Media

တွေကနေ ဖော်ပြနိုင်မယ်၊ ရှင်းရှင်းလင်းလင်း နားလည် လွယ်အောင် ဆွေးနွေးနိုင်ကြမယ်ဆိုရင် ဒါဟာ အကောင်းဆုံး ငါးကြင်းဆီနှင့် ငါးကြင်းပြန်ကြော်တဲ့ နည်းတစ်ခု ဖြစ်လာလိမ့်မည်လို့ ကျွန်တော် မြင်မိပါ တယ်။ ပြည်သူတွေဟာ ဒီအချိန်မှာ ကြောက်နေတယ် လို့ နအဖကြိုးဆွဲရာ နောက်လိုက် နေတယ်တို့ ဆိုတာ တွေဟာ မဖြစ်နိုင်ပါဘူး။ မှန်မှန်ကန်ကန် ခိုင်မာတဲ့ ဦးဆောင်မှု အားနည်း နေသလို အလိမ်အညာ ဝါဒဖြန့်မှု တွေဟာလည်း ကြီးစိုးပြီး အမှောင်ဖုံးသလိုမျိုး ဖြစ်နေ တာကို တွေ့ကြရမှာပါ။

ဒီအမှောင်ထုကြီးကို ပြည်တွင်းကနေ ဖွင့်ရမှာ အင်မတန် ခက်သလို တန်ဖိုးလည်း များစွာ ပေးဆပ်ရပါ တယ်။ ပြည်ပ Media တွေကနေတော့ လွယ်လွယ် ကူကူနှင့် လျင်လျင်မြန်မြန် ပြုလုပ်နိုင်ပါတယ်။ ဖြစ်နိုင် မယ်ဆိုရင် Media တွေမှ ပူးပေါင်းပြီး ဘုံရည်မှန်းချက်နှင့် လုပ်ကိုင်ကြမယ် ဆိုရင် ပိုမို အကျိုး သက်ရောက်မှု ရှိလိမ့် မည်လို့ ထင်မိပါတယ်။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်ဖို့ အတွက် အားလုံးဟာ အဆင်သင့် ရှိကြပါတယ်။ ကြော်ပုံ ကြော်နည်းနှင့် ကြော်ဖို့အတွက် ဦးဆောင်မယ့် အမှန် တကယ် အဖွဲ့တွေကိုသာ အလိုရှိတာပါ။ ဒီသုံးခုသာ ပြည့်စုံခဲ့မယ်ဆိုရင် S.P.D.C ရဲ့ နောက်ဆုံး ရက်တွေဟာ အနေးနှင့်အမြန် ရောက်လာမှာ ဖြစ်ပါကြောင်း ဒီမိုကရေစီ ဘက်တော်သားများ အားလုံးကို လေးစားစွာ တင်ပြအပ်ပါတယ်။ ❑

# ဝင်္ကြေးဂယက်ထဲက တပ်မတော်သားများ

**သူရနိုင်**
(လက်ရှိ တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦး)

ယနေ့နံနက်တန်းစီတွင် တပ်ရင်းမှူး စကား ပြောမည်ဆို၍ လူစုံအောင် တန်းစီရန် တပ်ရေး ဗိုလ်ကြီးမှ ပြောခိုင်းရာ ကိုယ်တော်ချော ဆက်သားမှာ မနက် ၆ နာရီကျော် ကတည်းက အရာရှိ ရိပ်သာတစ်ခု လုံးရှိ အခန်းတိုင်းကို တဒုန်းဒုန်းထု၍ ဆူညံအောင် လိုက်နှိုးပြောတော့သည်။ အော်သူကအော် ဆဲသူက ဆဲနှင့် ဆက်သားလည်း တစ်ချိုးတည်း လစ်ပြေးတော့ သည်။

မျက်နှာသစ်ဖို့ ထွက်လာတော့ ဘိုးတော် (တပ်ရင်းမှူး) ၏ လက်ဝဲရံ တပ်ထောက် ဗိုလ်ကြီးအား ဆိုင်ကယ်ကို ဝီမြည်အောင် စီးပြီး မောင်းထွက်သွားတာ တွေ့လိုက်ရသည်။ သူ့ခမျာလည်း မချောင်ပါ။ ဘိုးတော် ရဲ့ အမိက ဝင်ငွေကို ရှာဖွေပေးနေသူ ဆိုတော့လည်း ဒီလောက်တော့ ရုန်းရမှာပေါ့လေ။ သူများတွေ နားနေချိန် သူ့ခမျာ မနားရရှာပါ။ အဆင် မပြေလာတဲ့ နေ့မျိုးဆိုရင် ဆူဆဲ ခံရတာလည်း သနားစရာပင်၊ အဆင်ပြေလာ ရင်တော့ လေတချွန်ချွန်နဲ့ ဝင်လာတာ တွေ့ရပါသည်။

တစ်လနေလို့ လေးခါပြည့်အောင် တန်းမစီ တဲ့သူက ဘာတွေများ အမှာတော်ပါးမလဲ မသိပါ။ ကျွန်တော်တို့ အုပ်စုကတော့ဖြင့် ပွစိပွစိနဲ့ တန်းစီကွင်း သို့ ချီတက်ကြပါပြီ။ (၇) နာရီခွဲကတည်းက တန်းစီပြီး စောင့်နေတာ (၈)နာရီကျော်သွားပါပြီ။ လက်ဖြောင့် ရဲဘော်တစ်ယောက် ရောက်လာပြီး ဆေး MA အား ခေါ်ကာ တပ်ရေးဗိုလ်ကြီးကို စကား နည်းနည်း ကပ်ပြောပြီး ပြန်သွားပါသည်။ ခပ်သဲ့သဲ့ ကြားလိုက်တာ ကတော့ အဘွားကြီး နေမကောင်းလို့ မလာနိုင်ဘူးတဲ့၊ ဒီလိုဆိုတော့လည်း လက်ယာရံ ကိုယ်တော်ကြီး တပ်ရေး ဗိုလ်ကြီးကပဲ ထုံးစံအတိုင်း နားမခံသာအောင် ပွားပြန်ပြီ ပေါ့ဗျာ။

တန်းဖြုတ်တော့ သက်သာဆိုင်မှာ မနက်စာ စားနေရင်းက ရဲဘော်တို့ရဲ့ ခံစားချက် အသံသဲ့သဲ့က ရင်ထဲမှာမကောင်း။ “ဘိုးတော် လာလည်း ဘာမှ မထူးပါ ဘူးကွာ၊ အဆင် ပြေလားမေးပြီး ပြေအောင်လည်း လုပ် ပေးတာမဟုတ်ဘူး၊ အေးလေ လတိုင်း ထောက်ပံ့ နေတဲ့ ဆန်ဖိုးဆိုတာ တပ်မ ကလား တိုင်းကလား မသိဘူး၊ သူတို့ထောက်ပံ့ခိုင်းလို့ ပေးနေတာပါကွာ၊ သူ့အိတ်ထဲက တစ်ပြားမှ စိုက်တာမရှိပါဘူး” ဒီလို ရင်ဖွင့်တာ အမှန်ပါပဲ။

“တပ်ရင်းကောင်းဖို့အတွက် ဘာတွေ လုပ်ရတာ ဘယ်လောက်ကုန်တာ ဘယ်လောက်စိုက် ရတာ အဲ့ဒီလိုပြောပြီး ရသမျှ အိတ်ထဲ ကျုံးထည့် ငါတို့ တပ်က ဒီတိုင်းပဲ၊ ဘာမှတိုးတက် မလာဘူး၊ မသိတာ ကျနေတာပဲကွာ၊ တပ်ရင်းစဖွင့်ကတည်းက နေလာ တာကွ၊ အံ့တို နေပါပြီကွာ” နောက်တစ်ဦးရဲ့ ရင်ဖွင့်သံ ကလည်း “ဟုတ်တယ် ဟုတ်တယ် ကျွန်တော်တို့ ရဲဘော်တွေအတွက် ယူနီဖောင်းလေး တစ်စုံတောင် ချုပ် ပေးဖို့ သတိမရဘူး”

ဟော နောက်တစ်ယောက်က မခံချိ မခံသာ ဒီလိုပြောပြန်ပြီ “မင်းတို့ လူပျိုတွေက အသာနေပါကွာ

ငါတို့ အိမ်ထောင်သည်တွေကိုလည်း ကြည့်ပါအုံး မရှိမဲ့ ရှိမဲ့ လစာ ထဲကနေ ဖြတ်ပြီး မိခင်နဲ့ကလေး ဝတ်စုံချုပ် ရတာနဲ့၊ ဟိုး.. ဘာလဲ အရည်မရ အဖတ်မရ အမျိုးသမီး ရေးရာ ဝတ်စုံချုပ်ရတာနဲ့ အကြွေးတွေက ဝိုင်းဝိုင်းလည် နေပြီကွာ''

အားကျမခံ နောက်တစ်ယောက်ကလည်း ''ငါလည်း ဘာထူးလို့လဲကွာ လကုန်တာနဲ့ ရတဲ့ လစာက သက်သာဆိုင်ထဲ တစ်ခါတည်း ရောက်ပြီးသား ပဲ ၊ ကိုယ့်လစာ ကိုယ်တစ်ခါမှ ကိုင်သုံးရတယ် မရှိပါဘူးကွာ''

နေ့တစူဝ ဒီလိုကြားနေရတာ ရင်နင့်စရာပါ၊ တပ်တိုင်းမှာ အဆင်မပြေမှုများစွာနဲ့ ကြုံနေရတဲ့ စစ်သည်မိသားစုတွေဟာ ဒုနဲ့ဒေးပါ။ လစဉ်လတိုင်း အကြွေးသံသရာနဲ့ လုံးချာလည်လိုက်ပြီး ရုန်းကန်နေကြ ရပါတယ်။ ဖိအားကများ ခိုင်းစေမှုက မနည်း၊ အသက်ရှူ မချောင်ကြသူတွေပါ။

ခဏနေ လူကြီး လာစစ်တော့မယ်၊ အိမ်ထောင်သည်လိုင်းတွေ ဘာမှ မစိုက်သေးဘူးလား၊ ဘာမှ မမွေးသေးဘူးလားနဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေး အတွက် အရင်းအနှီးကိုတော့ လုံးဝမထုတ်ပေးဘဲ သူတို့ ပါးစပ်က ပြောနေတာတော့ လွယ်ပါတယ်။ တကယ် အဆင်မပြေ သူများဖို့ရာ လက်တွေ့ကျကျ ဆောင်ရွက် ဖို့ဆိုတာ တော်တော်နဲ့ မလွယ်ကူပါ။ ဒါပေမယ့် မွေးမြူရေးနဲ့ ပတ်သက်ရင်တော့ အောင်မြင်တာ တစ်ခု ရှိပါတယ်။ လိုင်းထဲမှာ ကလေးတွေ အရမ်းများလာ ပါတယ်ဆိုတာ အသေအချာပါပဲ။

တပ်တွေကို လူကြီးတွေ မကြာခဏဆိုသလို လာစစ်ကြပါတယ်။ အပေါ်ယံ သဘောနဲ့ပါ၊ ဒါပေမယ့် တကယ်ပင်ပန်းတာ ရဲဘော်တွေပါ။

နာမည်ကောင်းရတော့ တပ်ရင်းမှူးတွေပါ၊ လူကြီး လာစစ်မယ်ဟေ့လို့ ဆိုတာနဲ့ တပ်ရင်းမှူးက ပျာပျာသလဲ ဖြစ်နေချိန် ရဲဘော်တွေကို ဆဲဆိုနေချိန်၊ လာလိုက်တဲ့ လူကြီး၊ ဝါးစရာ ရှိတာတွေ ဝါးပြီး ပြန်သွား၊ ကျန်တဲ့လူတွေကတော့ ဖတ်ဖတ်ကို မောလို့ပေါ့လေ။

ရဲဘော်တစ်ယောက်က မေးဘူးပါတယ်။ ဒီလူကြီးတွေ သူတို့အိမ်မှာ ထမင်း ကောင်းကောင်း မစားရဘူးလားတဲ့၊ ဘာဖြစ်လို့ မေးတာလည်း ဆိုတော့ ကျွန်တော်တို့ တပ်တွေက သူတို့လာရင် ကောင်းကောင်း ကျွေးတယ်လေ၊ ကျွန်တော်တို့ကတော့ ငတ်တာပေါ့၊ သူတို့မိန်းမတွေ ထမင်းဟင်း ကောင်းကောင်း မချက် တတ်လို့ ခဏခဏ လာစားတယ်လို့ ထင်ကြတာလေ၊ ဒါတောင် တစ်ခါတစ်လေ ကောင်းကောင်း မပြောသွား ဘူး။ နည်းနည်းတော့ ဝေဖန်သွားတယ်နော် တဲ့၊ ဒါ ရဲဘော်တွေရဲ့ လက်တွေ့ကျတဲ့ အမှန် စကားပါ။

လူကြီးဆိုတာတွေက ကောင်းတာလေးတွေ စားချင်တယ်၊ လိုချင်တယ်။ ဒါပေမယ့် သူတို့က မူတတ် သေးတယ်။ နောက်ဆုံးတော့ စားလည်း စားတယ်၊ ပါဆယ်လည်း ယူသွားတတ်ကြတယ်။ မကုန်ချင်ရင် သတိထား၊ များများ မကျွေးနဲ့၊ ကျွေးဖန်များ စားရမှန်း သိ ခဏခဏ လာတတ်တယ် မပေါ့ဆနဲ့ကွယ်လို့ ရဲဘော်တွေနဲ့ ဆရာတွေက သီချင်းတောင် လုပ်ဆိုနေကြ သေးတယ်။

ဒီလိုနဲ့ တပ်ပတ်လမ်း ဖောက်နေတဲ့ ရဲဘော် တွေဆီ ရောက်သွားပြီး စကားစမြည် ပြောမိပြန်ပါတယ်။ နောက်ဆုံးရောက် ရဲဘော်သစ် တစ်ယောက်ကို မနက်က တပ်ရေးဗိုလ်ကြီး ဘာတွေပြောသလဲဟု မေးမိ တော့ ''ဒီတစ်ပတ်လုံး ဖက်ထိပ်ရှိတယ်၊ နားရက်မရှိဘူး ဆိုကတည်းက ဆက်ပြီး နားထောင်ချင်စိတ်ကို မရှိတော့ ပါဘူးဗျာ'' တဲ့။ ကောင်းရော။ ကျွန်တော်တို့ တပ်တွင်းက ရပ်ကွက်ထဲမှာ ဒီလိုလည်း တခါတလေ ရှိတတ်ပါတယ်။

အဘဆိုတဲ့ ကျွန်တော်တို့ တပ်ရင်းမှူး အကြောင်း ဗဟုသုတရဖို့ ပြောပြဦးမယ်။ သူဟာ ပတ်ကား တပ်ရင်းမှူး စဖြစ်ကတည်းက ပုံမှန်တန်းစီ လည်း မလာတော့ပါ။ တနင်္လာ–သောကြာတော့ လာသင့်ပေမဲ့ မလာပါ။ ယာယီရင်းမှူး အနေဖြင့် ရောက်ခါစက ဆိုရင် အစည်းအဝေးသွားတဲ့ နေ့ကလွဲလို့

စနေ/တနင်္ဂနွေနေ့တွေပါ မကျန် တန်းစီပါတယ်။ စရောက်ကတည်းက ဒီတပ်ကို ဘယ်လို ကောင်းအောင် လုပ်ပေးမှာ၊ စစ်သည် ရဲမေတွေ အတွက်က ဘာ/ဘယ်လိုနဲ့ လက်သီးလက်မောင်းတွေတန်း လက်ခမောင်းခတ်သံများ ဆူညီစွာနဲ့ပဲ တစ်နှစ်အတွင်းမှာတော့ တက်ကြွတဲ့ ကြက်ဖကြီး တစ်ကောင်အလား ထင်ရက်စရာပါ။

ပတ်ကားတပ်ရင်းမှူးအဖြစ် အပွင့်လည်းတင်ရော တပ်တစ်ခုလုံး ဖွတ်ဖွတ်ညက်ညက် ကြေလို့။ ဒီပခုံးပေါ်က အပွင့်လေးတစ်ပွင့် အတွက်ပေ့ါလေ၊ တပ်မှာရှိတဲ့ လူအင်အားတွေ ငွေအင်အားတွေဟာ တော်တော်လေး ချွတ်ခြုံကျသွားခဲ့ပါတော့တယ်။ တစ်ချို့ကတော့ ကိုယ့်ဝင်ငွေနဲ့ကိုယ် ပြေလည်အောင် လုပ်သွားကြပေမယ့် တစ်ချို့ကတော့ ကိုယ့်စီးပွားအပြင် တပ်စီးပွားကိုပါ စပ်တူ ခေါ်သွားတတ်ပါတယ်။ အဲ.. ရှုံးရင်တော့ တပ်စီးပွား၊ မြတ်ရင်တော့.. ဟဲ ဟဲ မေးစေ့လေးပွတ်လို့၊ အဘွားကြီး (တပ်ရင်းမှူးကတော်) သဘောတော်ကျပြီပေ့ါဗျာ။ ❑

# မသိချင်ယောင်ဆောင်မနေပါနဲ့

**သူရနိုင်**
(လက်ရှိ တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦး)

ယာယီရင်းမှူး ဘဝမှာ တပ်ထဲမှာ လိုအပ်ချက်ရှိရင် အတော်အတန် ဖြည့်ဆည်းပေး သလောက် ပတ်ကား ရင်းမှူး ဖြစ်တဲ့ အချိန် မှာတော့ ဆောင်ရွက်နိုင်မှု အတိုင်းအတာဟာ သိသိသာသာကြီး လျော့ကျခဲ့ပါတယ်။ ဘာဖြစ်လို့ပါလဲ? နောက်ထပ် တဆင့်မြင့် ရာထူး အတွက် စစ်ဦးစီးတက္ကသိုလ် တက်ဖို့ ငွေကြေး စတင်စုဆောင်းနေပြီ ဖြစ်လို့ပါ။ တပ်ထဲက အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ အပြင် တပ်စောင့်နတ်ပါ မကျန်အောင် တပ်ရင်းမှူးနဲ့ တပ်ရင်းမှူးကတော်ရဲ့ လက်ချက်ကြောင့် စိစိညက်ညက် ကြေနေပြီဖြစ်ပါတယ်။ သေရေးရှင်ရေးက လွဲပြီး ဘာမှ လာမပြောနဲ့ ဒါပဲ၊ တစ်ချက်လွှတ်အမိန့်တော်။

တပ်ရင်းမှူးကြီး (အဘ) နဲ့ သူ့ကတော်တို့ ပြောနေကြပုံကို ကြည့်လိုက်ပါဦး။

အဘ – "အမေကြီးရေ.."

အမ – " ဘာလဲ အဖေကြီးရဲ့"

အဘ– "ကိုယ်တို့ ကလေးစစ်ဦးစီး တက္ကသိုလ်မှာ တစ်လ ၂၅ သိန်းလောက်ပဲ သုံးရင်ကောင်းမယ် ထင်တယ်ကွ"

အမ – " အို အဖေကြီးကလည်း ၅၀ လောက်တော့ သုံးမှ ရမယ်လေ၊ ဟိုဘက်တပ်က အဘိုးကြီးတို့က ၇၅ လောက်တောင် သုံးမယ် ပြောနေတာ အဖေကြီးကလည်း .."

အသံပျော့ဆွဲလေးဖြင့် ပြောသည်။

အဘ – "အေးလေ အမေကြီး သဘောပါဘဲကွာ"

အောင်မငိုး ..... ကုန်ပါပြီဗျာ၊ တစ်လကို ဘယ်လောက်၊ ဘုရား ဘုရား။ ရဲဘော်တွေ ကြားသွားရင် "သိပြီးသားပါဗျာ" "ဟင် သိတယ်" "သိတာပေါ့.. တပ်ရင်းမှူး အဆက်ဆက် နေလာခဲ့တာ၊ နည်းနည်းစီပဲ ကွာသွားတယ်" "ဗျာ.." အဲဒီလောက်ကို သုံးဖို့လို တယ်ပေါ့လေ။ ရဲဘော်သုံးယောက်မှုပြီး သီချင်း ဆိုကာ အနားမှ ဖြတ်လျှောက် သွားသည်။ "နည်းတောင် နည်းသေးတယ် ... နည်းတောင်နည်းသေးတယ်"

ည (၁၀) နာရီခွဲနေပြီ။ လူပျိုဘားတိုက်မှ အပြန် တပ်ရင်းမှူးအိမ်ရှေ့မှ ဖြတ်လျှောက်စဉ် ဆိုင်ကယ်နှစ်စီး ရပ်ထားတာတွေ့ရသည်။ ကျွန်တော်တို့ရဲ့ အဘကြီးဟာ လက်ဝဲရံ/ လက်ယာရံတို့ဖြင့် တိုင်ပင်ဆွေးနွေး နေကြလောက်ပြီ။ တပ်ရေးဗိုလ်ကြီးနဲ့ တပ်ထောက်ဗိုလ်ကြီးကို လက်ဝဲရံ လက်ယာရံထားကာ စာရင်းများကို လိမ်ကြမည်၊ ညာကြမည်။ ဦး/ရေး/ထောက်က အပေါ်ယံသာ။ လူကြီးတွေ ကောင်းစားဖို့၊ အာဏာစက် အစွန့်ရှည်ဖို့ စတေးခံနေရသည်။ သိမှသိစ ရှိပါ့မလား။ သိစေဦးတော့ ရာထူး ဂုဏ်သိမ်ဒြပ်တို့ကို ခဝါချ နိုင်မည်

ဟုမထင်။ ဒင်းတို့တွေ ဒီထက်ကြီးတဲ့ နေရာတွေ ရောက်သွားရင် ပိုဆိုးအုံးမှာ ပါပဲလေ။ မမြင်ချင် ယောင်ဆောင်နေရင် ကောင်းမလား၊ ဖော်ထုတ် လိုက်ရင်မဖြစ်ပါဘူး။ အဲဒီလို ဖြစ်မနေကြပါနဲ့ဟု ပြောချင်ပါသည်။

တပ်တော်တော်များများ အနေဖြင့် တပ်စစ်ကြိုက်သလောက်လာစစ်၊ ဘယ်လောက်ကြီးတဲ့ကောင်စစ်စစ်၊ တပ်ရင်းမှူးရဲ့ အလိမ်အညာတွေ မိပြီး ပြန်သွားကြရတာပဲလေ၊ အသေးစိတ် မစစ်နိုင်အောင် အတွက်ကတော့ ကောင်းပေ့ညွှန်ပေ့ စားကောင်းသောက်ကောင်းတွေ လက်ဆောင်ပဏ္ဏာတွေ ဆက်သလိုက်တော့လည်း မာန်ဖီရာကနေ ပြုံးသွားကြတာပေါ့ဗျာ၊ အပွင့်တွေ အခက်တွေကြီးလေ၊ ပိုလိမ်လေ ညာလေပါပဲဗျာ။ ဒီလိုနဲ့ စေစားမှုစား တည့်နေလေတော့ တဖြည်းဖြည်းနဲ့ ခြစားလာလိုက်တာ ဘာမှကို မကျန်တော့ သလောက်ပါပဲဗျာ။

တပ်ရင်းမှူးကတော်– "အမကြီးတို့အတွက် ဟဲ..ဟဲ."

တပ်မမှူးကတော်– "ဩော် အေး ကောင်းတယ်၊ နင်တို့အတွက်ကော ကျန်သေးရဲ့လား"

တပ်ရင်းမှူးကတော်– "ဟုတ် နည်းနည်းတော့ ကျန်ပါသေးတယ်"

တပ်မမှူးကတော်– "ငါက နင်တို့လင်မယား အတွက် မကျန်မှာစိုးလို့ပါ..၊ ဟဲ့ နောက်လာမယ့် လူကို ဘယ်လိုလုပ်မလဲ"

တပ်ရင်းမှူးကတော်– "ထုံးစံအတိုင်း နည်းနည်းတော့ လိမ်ရမှာပေါ့"

တပ်မမှူးကတော် "အေးလေ အဲဒါကတော့ နင်တို့ချင်း အဆင်ပြေရင် ပြီးတာပါပဲ"

အကျယ်မဖွင့်လိုပါ၊ နားလည်သလို ကြည့်တွေးပါ၊ အတွေးတွေ မလွန်မိပါစေနဲ့၊ အတွေးလွန်ပြီး တပ်ပြန်ရောက်ရင် အမဆီမှာ အဆူခံရလိမ့်မယ်နော်.. သတိထား.

တပ်ရင်းမှူးအကြောင်းတွေ ပြောပြီး 2IC (ဒုတပ်ရင်းမှူး) တွေ အကြောင်းမပြောရင် မတရားရာကျနေမလားပဲ၊ ဒါပေမယ့် 2IC တွေဟာ တပ်ရင်းမှူးတွေလောက်ကို မဆိုးတာပါ၊ တပ်ရင်းမှူးဟာ 2IC နဲ့ စေစားမှုစား မရှိသလောက်ပါ၊ အရေးကြီးတဲ့ ကဏ္ဍ၊ ငွေကြေးနှင့် အဓိကသက်ဆိုင်တဲ့နေရာတွေကို ရင်းမှူးမှ အဓိကထိန်းချုပ်ပြီး 2IC တွေကိုတော့ အရေးမပါ၊ အရာမရောက်တဲ့ လူကြီး လာစစ်ရင် အဆဲခံရမယ့် နေရာတွေကို တာဝန်ပေးလေ့ ရှိတတ်တော့ မတည့်ကြတာများပါတယ်။ လူကြီးဆုရင် ရင်းမှူး ခံရတာ နည်းနည်း၊ ဝေစုခွဲရင်တော့ ရင်းမှူး၊ ဖြည့်တွေး ဖြည့်တွေး။

ဒီလိုနဲ့ စစ်ဦးစီး(ပ) နေရာတွေရောက်၊ ဗျူဟာမှူးတွေထွက်၊ တပ်မမှူးဖြစ်ပြီး တပ်တွေညှစ်၊ ညှစ်လို့ကုန်ရင် ပြည်သူတွေဘက်လှည့်၊ အဖားကောင်းရင် ဆက်တက်၊ မကောင်းရင် အရပ်ဘက်၊ မသက်သာတဲ့နေရာကို ရောက်နိုင်၊ ဆပ်မကုန်နိုင်တဲ့ ဝဋ်ကြွေး များစွာကို ဆထက်တံပိုး ထမ်းရွက်နေကြလေရဲ့။

ငါဆိုတဲ့ အတ္တတစ်ခုက တိုင်းပြည်ကို တဖြည်းဖြည်း ချွတ်ခြုံကျသထက်ကျလာ၊ အပေါ်ယံ ကောင်းပြပြီး အတွင်းကျကျ လိုက်စားနေတာက နအဖ၊ အာဏာကို ဘုရားတစ်ဆူလို ကိုးကွယ်ပြီး အာဏာစက် ရှည်ဖို့ အတွက် ရဲဘော်တွေ အစတေးခံမဖြစ်ကြပါစေနဲ့၊ ဖိနှိပ်ချုပ်ခြယ်ခံနေရပြီး လွတ်လပ်ခြင်း မရှိတဲ့ ဘဝဟာ အဓိပ္ပာယ်ပြည့်စုံမှု ရှိမှာမဟုတ်သလို တိုင်းပြည်နဲ့ လူမျိုးအတွက် အသက် စွန့်တယ်ဆိုတာ အာဏာ တည်မြဲဖို့ အတွက် ဖြစ်နေတယ်ဆိုတာ ရှင်းနေပါပြီ။

ဒီလိုဆိုရင်ဖြင့် မတရားမှုများစွာ ပြည့်နှက်နေတဲ့ နအဖအစိုးရရဲ့ လက်အောက်မှာ ရှိတဲ့ တပ်မတော်ဟာ ပြည်သူတွေအတွက်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ တိုင်းပြည်အတွက် အသက်စွန့်ဖို့ပြုထားတဲ့ အဓိဋ္ဌာန်ဟာ တိုင်းရင်းသား လူမျိုးအချင်းချင်း တိုက်ခိုက်သတ်ဖြတ်ဖို့၊ ရဟန်းရှင်လူ ပြည်သူတွေကို ပစ်ခတ်ဖို့

မဟုတ်ဘူး ဆိုတာ ရဲရဲကြီး ယုံကြည်ခံယူ လိုက်ကြစမ်းစေချင်ပါတယ်။ ရာထူး ဂုဏ်သိမ်နဲ့ အာဏာတို့ကို ခဝါချပြီး ပြည်သူ့ဘက်က အမြဲရပ်တည်သွားမယ်ဆိုရင် အေးချမ်းသာယာလှပတဲ့ ဒီမိုကရေစီ နိုင်ငံသစ် တစ်ခုဆီသို့ အရောက် လျှောက်လှမ်းနိုင်ပါလိမ့်မယ်။

မသိချင်ယောင်ဆောင်ပြီး ဒီအတိုင်းပဲ မှေးနေမယ် ဆိုရင်တော့ ရဲဘော်.......... မင်းဟာ အလွန် မိုက်မဲသူတစ်ယောက်သာ ဖြစ်နေပါလိမ့်မယ်။ အဲဒီအတွက် အချိန်မှီ ပြင်ဆင် ပူးပေါင်းဆောင်ရွက်ကြပါ၊ မင်းရဲ့ မသိချင်ယောင်ဆောင် ထားမှုတွေကို အမှန်အတိုင်း ရဲရဲဝံ့ဝံ့ ဖော်ထုတ်လိုက်ပါ။

ရဲဘော်တို့ဟာ အဏာရှင်တွေ အာဏာစက်ရှည်ဖို့အတွက် သက်ဆိုင်ရာ တာဝန်ကျတဲ့တပ်တွေမှာ စားကျက်သဖွယ် တဖြည်းဖြည်းနဲ့ လုံးပါးပါးနေရတဲ့ ဘဝကနေ ရုန်းထွက်ကြဖို့ သင့်နေပါပြီ။ တပ်တော်တော်များများကနေ တစ်ဆင့်မြင့်ရာထူးနဲ့ ပြောင်းရွှေ့သွားကြတဲ့ တပ်ရင်းမှူးများစွာဟာ နေရာသစ်ကို ရောက်ရှိချိန်မှာတော့ နေရာဟောင်းက စားကျက်တွေကို မေ့လျော့သွားကြပါတယ်။ သူတို့ဟာ ဒီ စားကျက်လေးကို အခြေပြုပြီး နင်းတက်ရာကနေ နောက်ဆုံးမှာတော့လည်း အာဏာရူးတွေအတွက် ပေးဆပ်နေကြ ရတယ်ဆိုတာကို မသိနေရှာလေရော့သလား။ သူ့အနေနဲ့တော့ မသိချင်ယောင်ဆောင်ပြီး နေနိုင် ပါလိမ့်မယ်၊ ရဲဘော်....... မင်းအနေနဲ့ ဆိုရင်တော့ ....။ ❑

# ခါးသီးတဲ့ဘဝဖြတ်သန်းမှုတစိတ်တဒေသ

**သူရနိုင်**
(လက်ရှိ တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦး)

ည တရေးနိုး။ ကျွန်တော့်ရင်ထဲမှာ အတော်ပူနေသည်၊ ရေကလည်းဆာသည်။ ခေါင်းထဲမှာက မူးနောက်နေသည်။ နာရီ ကြည့်လိုက်တော့ မနက် (၃) နာရီပင် ထိုးနေပြီ၊ ရေအိုးရှိရာသို့ ယိမ်းယိုင်စွာဖြင့် လျှောက်သွားပြီး သုံးခွက်တိတိ ဆင့်သောက် လိုက်သည်။ ဘားတိုက်ထဲမှာ ရဲဘော်များ အိပ်မောကျနေသည်။ ကင်းသမားအား ရှာကြည့်မိသည်။ မတွေ့။ တစ်နေကုန် ပင်ပန်း ထားသည်ပဲလေ၊ အိပ်ပါစေတော့ဟု စိတ်ထဲမှာ မှတ်ချက်ချပြီး မိမိအိပ်ရာသို့ ပြန်လာခဲ့သည်။ ခေါင်းအုံး တစ်လုံး၊ ဖျာတစ်ချပ်နှင့် စောင်တစ်ထည် မည်သူမည်ဝါ လာရောက် ခင်းကျင်းပြီး နေရာချပေးသည်ကို ညကပင် မသိလိုက်ခဲ့။ ထိုခါမှပင် “ဩော် ညက ငါလည်း တော်တော် မူးပြီး အိပ်ပျော်သွားပါလား” ဟု သိသွားပါတော့သည်။

မနေ့ညက စစ်သည်တည်းခိုဆောင် (လူပျို ဘားတိုက်) မှာ ရဲဘော်တွေနှင့် စုပြီး အရက်သောက်ကြသည်။ တပ်မတော်အရက် (အာမီရမ်) ထုတ်သည့်နေ့ကလည်း တိုက်ဆိုင်နေသည်ကိုး၊ မိမိရရှိသည့် စကေး (ခွဲတမ်း၊ ဝေစု) သုံးလုံးနှင့်အတူ ရဲဘော်များကပါ ၄င်းတို့ ရရှိသည့် စကေးခွဲတမ်း (ကိုတာ) များကိုပါ ယူဆောင်လာ၍ ဝိုင်းကြီးပမာဖြစ်ကာ အရက်မသောက်တတ်သည့် ရဲဘော်များမှ လွဲ၍ ကျန်သူအားလုံးနီးပါး ဝိုင်းဖွဲ့ကြသည်။

ဝိုင်းဖွဲ့ရာမှာ ဝိုင်းကြီးရှိသလို အချို့ ကိုယ့်အချင်းချင်း အေးဆေးစွာ လွတ်လွတ်လပ်လပ် စကားပြောချင်သဖြင့် ဝိုင်းလေးလည်း ရှိပါသည်။ အိမ်ထောင်သည် စစ်သည်များပါမကျန် လာရောက် သောက်သုံးကြသဖြင့် အရက်ခွက်များဖြစ်သည့် ပလပ်စတစ်ခွက်၊ ဖန်ခွက်၊ ကြွေခွက်များသာမက မလောက်ငှ၍ သောက်ရေခွက်များပါ မချန် သောက်သုံးကြသည်။ ငွေကြေးတတ်နိုင်သူများအနေဖြင့် အမြည်းကို ကြက်ဥမွှေကြော်၊ ကြက်တောင်ပံကြော်၊ စွပ်ပြုတ် စသည်တို့ကို သုံးစွဲနိုင်သော်လည်း ငွေကြေးချို့တဲ့သူများ အနေဖြင့် အမြည်းကို ပဲကြီးလှော်၊ မြေပဲကြော် ထို့ထက်ဆိုးပါက ဆားဖြင့် မြည်းကြပါသည်။ အများစုမှာ ငွေကြေး ကျပ်တည်းသူများ ဖြစ်၍ အမြည်းမစားနိုင်ကြပဲ အရက်ကိုသာ သောက်သုံးကြသည်။

အခုမှ စိတ်ပူမိသည်။ ညက ရန်ဖြစ်ကြသေးလားမသိ။ ဒါပေမယ့် ဘားတိုက်ထဲ ကြည့်လိုက်တော့လည်း ပုလင်းကွဲစတို့ ဘာတို့ မတွေ့တာနဲ့ စိတ်အေးသွားပြန်သည်။ မနက်ကျရင် တန်းစီရအုံးမည် ဖြစ်၍ အတွေးစတို့ဖြတ်ကာ အိပ်ရာပြန်ဝင်ပါတော့သည်။ အဓိက ပြောချင်တာတစ်ခုရှိသည်။ တပ်တွေမှာက ရဲဘော်နဲ့အရာရှိ၊ ရှင်းရှင်းပြောရရင် အခြားအဆင့်နဲ့ အရာရှိ အရက်တွဲမသောက်ရန် အတူတူ မသောက်သုံးကြရန် တားမြစ်ထားကြသည်။ ကျောင်းမဆင်းခင်တုန်းကလည်း နည်းပြတွေက သင်ပေးထားသည်။ ကိုယ့်အပေါ် မလေးမစား ဖြစ်လာမည်ကြောင့် ဖြစ်သည်။

ဒီလို ခွဲခြားထားသည်မှာ အကြောင်းပြချက်နှင့် မဆိုင်ဟု ကျွန်တော်ထင်သည်၊ ယူဆသည်။ တရားမျှတစွာ အုပ်ချုပ်မှုနှင့်အတူ သူတို့၏လူမှုရေး အခက်အခဲများကို စနစ်တကျ ဖြေရှင်း ပေးရင်းကပင် သူတို့ရင်ထဲမှာ ဘာတွေရှိနေသည်ကို သိနိုင်သည်။ တပ်တွေမှာ တာ၀န်ချိန်သာလျှင် အရာရှိနှင့်အခြားအဆင့် အတူရှိနေသည်။ တာ၀န်ချိန် ပြင်ပချိန်မှာတော့ အတူတကွမရှိကြ။ အဆင့်အတန်း ခွဲထားတယ်ဆိုပေမယ့် လက်အောက်ငယ်သားကို ထိန်းတဲ့ နည်းက တစ်ခုတည်း။ “အမိန့်၊ မလွန်ဆန်နိုင် အာဏာပြင်းလွန်းတဲ့အမိန့်” နည်းနည်းပုံမလာရင် စကားပြောနဲ့ ထိန်းမယ်၊ အများကြီး ပုံမလာရင်တော့ ရိုက်မယ်၊ နှက်မယ်၊ အချုပ်ထဲ ထည့်မယ်။ ဆုံးမခွင့်မလွှတ်နိုင်တဲ့ အပြစ်မျိုးအတွက်ဆိုရင် စစ်ခုံရုံးဖွဲ့ပြီး ထောင်ချထုတ်ပစ်ရုံသာ ရှိပါတော့သည်။

နောက်တစ်ခု ရဲဘော်ဆိုတာ တပ်ထဲမှာ ခိုင်းဖတ်၊ ရိုးရိုးခိုင်းဖတ်တောင် မဟုတ်ပါ။ အကြီးစား ခိုင်းဖတ်၊ တာ၀န်နဲ့လည်း ခိုင်းသည်၊ တာ၀န်မရှိလည်း ခိုင်းသည်။ ကိုယ်ကျိုးအတွက်လည်း ခိုင်းသည်။ မြို့နယ်အတွင်း ကြံ့ဖွံ့ကဲ့သို့ အဖွဲ့အစည်းများက မြို့တွင်း သန့်ရှင်းရေးအတွက် လုပ်အားခ သက်သာစေမည့် တပ်မှ စစ်သည်များအား ခေါ်ယူခိုင်းတာမျိုးလည်း ရှိသည်။ ခိုင်းလို့၀ရင် သင်တန်း လွှတ်သည်၊ သင်တန်းလွှတ်တော့ ပြေးသည်။ ဆင်ထားသည့် အကွက်က လှသည်။ ပြေးရင်ကြိုက်သည်။

ပြေးသည့် စစ်သည်များ၏ လစာ၊ ရိက္ခာ၊ စစ်၀တ်ပစ္စည်း (၂) လစာခန့်ကို တပ်ရေးဗိုလ်ကြီးနှင့် တပ်ရင်းမှူးတို့က “စာရင်း” ကစားကာ ၀ါးစားကြသည်။ အဆင်မပြေလေ ပိုကြိုက်သည့် သဘောဖြစ်သည်။ တာ၀န်နဲ့ ခိုင်းတယ်ဆိုပေမယ့် အမိန့်အာဏာနဲ့ခိုင်းတာမျိုးသာ ဖြစ်သည်။ ကိုယ်ကျိုးအတွက် ခိုင်းကြသည်မှာ တပ်ထဲမှာ အချို့ အရာရှိများနှင့် စစ်အာဏာရှင်များက ၄င်းတို့ အိမ်အတွင်းအပြင် သန့်ရှင်းရေး ခိုင်းစေဆောင်ရွက်ခြင်း၊ အ၀တ်လျှော် ထမင်းချက်ခိုင်းခြင်း၊ ကလေးထိန်းခိုင်းခြင်း၊ နှင်းနှိပ်ခိုင်းခြင်း၊ လက်တိုလက်တောင်းဈေး၀ယ်၊ အရက်၀ယ် ခိုင်းစေခြင်း စသည်အားဖြင့် ခိုင်းစေကြသည်။

စစ်အာဏာရှင်များအနေဖြင့် ၄င်းတို့ ပိုင်ဆိုင်ထားသော စိုက်ပျိုးမြေကေများစွာတွင် နှစ်ရှည် သီးပင်စားပင်များ စိုက်ပျိုးထွန်ယက်ရန်အတွက် တပ်ရင်းတစ်ရင်းလျှင် စစ်သည် (၁၀) ဦး၊ (၁၅) ဦး စသည်ဖြင့် အခကြေးငွေမဲ့ ခေါ်ယူခိုင်းစေလျက် ရှိနေကြသည်။ ရဲဘော် တွေ အလွန်ပင်ပန်းကြသည်။ မိမိရိက္ခာဖြင့် သွားရောက် လုပ်ကိုင်ပေးကြရသည်။ ရဲဘော်တွေ စားရေးသောက်ရေးအတွက် စစ်အာဏာရှင်များက တခါတရံ ထောက်ပံ့ပေး တတ်သော်လည်း မရောက်လာ၊ ရောက်လာလျှင်လည်း ပြည့်ပြည့်၀၀မရှိ။ လုပ်အားပေးရင်း ထိခိုက်ဒဏ်ရာရ သူများကို ဆေးခန်းမရှိသဖြင့် ဆေးမြီးတိုများနှင့် ကြိတ်မှိတ် ကုသကြရသည်။ အင်မတန် ဒုက္ခရောက်ကြရသည်။

ဒီကြားထဲ စစ်အာဏာရှင်များက သူတို့ခြံကို လာကြည့်လို့ စိတ်တိုင်းမကျရင် အဆူအဆဲ ခံရပြန်သည်။ တာ၀န်ခံ အနေနှင့် ပါလာသူကလည်း စိတ်မပါ၊ လက်အောက်ကလည်း သူ့အပူနဲ့သူ၊ လက်ရှိ အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကိုယ်ပိုင် တည်ဆောက်နိုင်ခွင့် မရှိကြ၊ အချိန်လည်း မရ၊ ဒီလိုနဲ့ လည်ပတ်ရင်း ၀ဋ်ကြွေးတွေ ဆပ်မကုန်နိုင်အောင် တိုးပွားနေကြပါတော့သည်။ ❑

# နှလုံးသားအသိနဲ့ ကျေးဇူးဆပ်ကြည့်ပါ

**ဗိုလ်ထက်မင်း**

စစ်အာဏာရှင်တွေ အနေနဲ့ ကြပ်ပြေးကို ကြောက်လို့ ပြေးသွားခဲ့ကြပေမယ့် ရန်ကုန်တိုင်း စစ်ဌာနချုပ်နဲ့ ရန်ကုန်မြို့တော်ဟာ မြန်မာပြည်ရဲ့ စစ်မဟာဗျူဟာ အရတော့ အချက်အချာ မြေအဖြစ် တည်ရှိ နေဆဲဖြစ်ပါတယ်။ စစ်အာဏာရှင်တွေရဲ့ စိစစ်ကြပ်မတ်မှုနဲ့ ယုံကြည်စိတ်ချရမှု ရရှိမှသာ အရာရှိ/စစ်သည် တွေဟာ နယ်ကနေ ရန်ကုန်မြို့ကို ပြောင်းရွှေ့ခွင့် ရကြပါတယ်။ နယ်တပ်ကနေ ရန်ကုန်တိုင်း လက်အောက်ခံ တပ်တွေဆီ ပြောင်းချင်ရင် အရာရှိ/ စစ်သည်တွေရဲ့ ကိုယ်ရေးရာဇဝင် ကင်းရှင်းမှု ရှိမရှိနဲ့ နောက်ကြောင်းကို သေချာစုံစမ်းပြီးမှသာ ပြောင်းခွင့် ပြုပါတယ်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်နဲ့ စစ်ရုံးတို့လိုမျိုး အတွင်းစည်းထဲကို ထပ်မံပြောင်းချင်ရင်တော့ ထောက်လှမ်းရေးတပ် (ယခု စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး) တွေရဲ့ စိစစ်မှုကို ခံယူပြီးမှသာ ပြောင်းရွှေ့ခွင့်ပြုလေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ရန်ကုန်တိုင်း တပ်တွေဟာ VIP (အရေးကြီးပုဂ္ဂိုလ်) ရဲ့ လမ်းကြောင်း လုံခြုံရေးယူရခြင်း၊ ရန်ကုန်တိုင်း အတွင်းရှိ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားတွေမှာ လုံခြုံရေးယူရခြင်း၊ နိုင်ငံခြားဧည့်သည်တော်တွေအတွက် ခရီးစဉ် လုံခြုံရေးယူရခြင်း၊ သမ္မတအိမ်တော်၊ လွှတ်တော်ရုံးနဲ့ အသံလွှင့်ရုံ အပါအဝင် အစိုးရရုံး အဆောက်အဦတွေကို လုံခြုံရေးယူပေးရခြင်း၊ လေဆိပ်၊ သင်္ဘောဆိပ်စတဲ့ နိုင်ငံတကာထွက်ပေါက်တွေကို ထိန်းချုပ်ရခြင်း၊ လေးထောင့်ကန်အခြေစိုက် (၁၅၅) မမ ဟောင်ဝစ်ဇာ မဟာဗျူဟာမြောက် တာဝေးပစ်အမြောက်ကြီးများနဲ့ ရေဒါအပါအဝင် လေကြောင်းရန်ကာကွယ်ရေးစခန်း ဌာနချုပ်တို့ရဲ့ အဝေးစည်း၊ အပြင်စည်းတွေမှာ လုံခြုံရေးယူရခြင်း၊ လေတပ်နှင့် ရေတပ်စခန်း ဌာနချုပ်များရှိခြင်း စတဲ့ အရေးကြီးတာဝန်နဲ့ လျှို့ဝှက်ကိစ္စ တွေကို လုပ်ဆောင်ရတာကြောင့်ဖြစ်တယ်။

ရန်ကုန်မြို့နဲ့ မနီးမဝေးမှာရှိတဲ့ ရဲမွန်၊ မှော်ဘီ၊ အင်းတိုင်နဲ့ ပဲခူးအခြေစိုက် တပ်မ (၁၁)၊ တပ်မ (၇၇) နဲ့ စကခ (၄) တို့ဟာလည်း ရန်ကုန်တိုင်း တပ်များနည်းတူ အဖြည့်ခံ လုံခြုံရေးယူရတဲ့ တပ်များဖြစ်ကြပါတယ်။ ဒါပေမယ့် စစ်အာဏာရှင်တွေဟာ သူတို့စိတ်ကြိုက် အဲဒီလို စိစစ် ပြီးတာတောင် လူထုအုံကြွမှု အရေးတော်ပုံကြီးနဲ့ သံဃာတော်တွေရဲ့ ရွှေဝါရောင်တော်လှန်ရေးကြီး ရန်ကုန်မှာ ဖြစ်လာခဲ့တဲ့အခါ ရန်ကုန်တိုင်း လုံခြုံရေးယူ ထားတဲ့ တပ်ဖွဲ့ဝင်တွေကို ယုံကြည်စိတ်ချရမှု မရှိတော့ဘဲ တပ်မ (၆၆) လိုမျိုး ရှေ့တန်းက ခြေမြန်တပ်မတွေကို ဆွဲသွင်းတာ တွေ့ရပါလိမ့်မယ်။

ဒါဟာ ဘာကြောင့်လဲဆိုတာကို သုံးသပ်ရရင် ရန်ကုန်တိုင်းက ရန်းကန်နေရတဲ့ တပ်မတော်သားတွေ အနေနဲ့ စားဝတ်နေရေး၊ အုပ်ချုပ်မှုကိစ္စရပ်တွေမှာ ပြည်သူလူထုနဲ့ နေ့စဉ် ထိတွေ့ဆက်ဆံနေရတာမို့ ပြည်သူလူထုရဲ့ ခံစားချက်ကို သိမြင်တဲ့ တပ်မတော်သားတွေနဲ့ ပြည်သူတွေ ပူးပေါင်းသွားမှာကို အာဏာရှင်တွေက စိုးရိမ်လို့ဖြစ်ပါတယ်။ ဒ့ါအပြင် ရကတ တပ်ဖွဲ့ဝင်စစ်သည်တွေဟာ အောက်ခြေအနိမ့်ဆုံး ရဲဘော်ကအစ

အရာရှိတွေထိ ပညာရေးမှာ မြင့်မားပြီး စာတတ်ပေတတ်များ ဖြစ်ကြတာမို့ စစ်အာဏာရှင်တွေ ပြောသမျှ သိပ်လက်မခံချင်ဘဲ အမှား၊ အမှန်ကို မြင်တတ်တွေးခေါ်တတ်လာကြတာကို စစ်အာဏာရှင်တွေက ရိပ်မိနေလို့ဖြစ်ပါတယ်။

ရဲဘော်တွေအကြောင်း သူငယ်ချင်းတွေ ပြန်ပြောပြလို့ သိရတာရှိပါတယ်။ လွှတ်လပ်ရေးနေ့၊ တော်လှန်ရေးနေ့ စတဲ့ အခမ်းအနားတွေမှာ ဖြစ်စေ၊ နိုင်ငံခြားဧည့်သည်တွေ လာရင်ဖြစ်စေ၊ ရဲဘော်တွေဟာ ဦးဝိစာရလမ်းမ အလယ်ကျွန်းတွေမှာကဲ့သို့ လမ်းကြောင်းတွေရဲ့ လုံခြုံရေးကို တာဝန်ယူ ဆောင်ရွက်ရပါတယ်။ အဲဒီအခါမျိုးမှာ မိုင်းရှာဖွေရေးအတွက် နေပူကျဲတဲကြီးအောက် လူမြင်ကွင်းမှာ အရှက်သိက္ခာကို ဘေးဖယ်ပြီး တိရိစ္ဆာန်များသဖွယ် လေးဖက်ထောက်ရင်ပေါင်တန်းကာ ပင်ပန်း ဆင်းရဲခြင်းကြီးစွာ "ဆူးထိုး" ရှာဖွေကြရပါတယ်။

ဒါဟာ ယခင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒု–တိုင်းမှူး ဗိုလ်မှူးချုပ် ဆန်းဆင့် (ယခု စစ်ရာထူးခန့်ချုပ်) က သူ့ရာထူးပြုတ်မှာစိုးလို့ ပူလောင်သောကဖြစ်ပြီး ရဲဘော်တွေကို ရက်စက်စွာ ခိုင်းစေခဲ့တာဖြစ်ပါတယ်။ ရဲဘော်တွေဟာ မြောက်ကိုရီးယား ကွန်မန်ဒိုတွေ ကို စစ်အာဏာရှင်တွေက အရှင်လိုချင်တယ် ဆိုတုန်းကလည်း အသေခံပြီး ဝင်ဖမ်းပေးခဲ့တာမို့ တာဝန်ကျေခဲ့ပြီးဖြစ်ပါတယ်။ တာဝန် မကျေတဲ့ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား စစ်အာဏာရှင်တွေကသာ အခုတော့ အဲဒီမြောက်ကိုရီးယားကို လည်ပင်း ဖက်နေပြန်ပါတယ်။

ရဲဘော်တွေ၊ အရာရှိ ညီအစ်ကိုတော်တွေ ရန်ကုန်မြို့ လုံခြုံရေးဝင်ရရင် ရွှေတိဂုံဘုရား၊ သွေးဆေးကန်၊ ဘုရားငါးဆူလိုမျိုး ငါးထပ်ကြီး ဘုန်းကြီးကျောင်းတွေမှာ တည်းခိုခဲ့လို့ သာသနာ့အရိပ် ဘုရားသားတော်ရဲ့ အရိပ်မှာ ခိုလှုံခဲ့ရဖူးပါတယ်။ ဘုန်းကြီးကျောင်းရဲ့ ရေတွင်း ရေ ခပ်သောက်ပြီး ထင်းမရှိလို့ ဘုန်းကြီးတွေဆီက ဂျိကျပြီး ဖွတ်ယူခဲ့ရဖူးပါတယ်။ ရွှေဝါရောင်တော်လှန်ရေး စတင်တဲ့အချိန်မှာ အဲဒီ သံဃာတော်တွေရဲ့ မျက်နှာနဲ့ ရင်ဆိုင်တွေ့လိုက်ရတော့ ရဲဘော်တွေရဲ့ နှလုံးသားမှာ ထိခိုက်ခံစားရပြီး တချို့ ရဲဘော်တွေဆိုရင် သေနတ်ပြောင်းဝကို ရုတ်တရက် အောက်စိုက်ချလိုက်ပါတယ်။ ဒါဟာ သံဃာတော်တွေရဲ့ မေတ္တာပို့သံက ရဲဘော်တွေရဲ့ ကျည်ဆန်ထက် ပိုမိုထက်မြက်တယ် ဆိုတာကို ပြသတာပဲ ဖြစ်ပါတယ်။

ညီအစ်ကိုတော် အရာရှိတွေ၊ ရဲဘော်တွေကို ပြောချင်တာက ပြည်သူတွေကို ကျေးဇူးဆပ်ရမယ့်အစားကျေးဇူးကန်းခဲ့တာမို့ ဒီကနေ့ဆိုရင် ရဲဘော်တွေဟာ မြေမြို့မှာစိုးလို့ ဘုန်းကြီးကျောင်းဝင်းထဲ မနင်းရဲတဲ့ဘဝရောက်နေကြရတယ်။ အဲဒါ ဘယ်သူ့ ကြောင့်လို့ ထင်ပါသလဲ၊ ရဲဘော်တွေကို မတရားတဲ့ အမိန့်တွေ ပေးနေတဲ့ စစ်အာဏာရှင်တွေကြောင့် ဖြစ်ပါတယ်။ ရဲဘော်တို့ နေ့စဉ်နဲ့ အမျှ စားသောက်ဖို့ ရှန်းကန်ရှာဖွေကြရာမှာ ကြည့်မြင်တိုင် ငါးဒိုင်ကြီးတွေကိုသွားပြီး ပြည်သူတွေဆီက ငါးအပို အကျန်တွေကို လက်ဖြန့်တောင်းခဲ့ရတဲ့ ဘဝတွေကိုရော မေ့နေကြပြီလား။ လုံခြုံရေးယူပြီဆိုရင် ရဲဘော်တွေ ပင်ပန်းဆင်းရဲစွာ ကင်းစောင့်နေရလို့ ပြည်သူတွေက ဆေးလိပ်၊ ကွမ်း၊ သောက်ရေ၊ ဖျော်ရည် ပေးကမ်းခဲ့တဲ့ ကျေးဇူးကိုလည်း သတိရကြစေချင်ပါတယ်။

ဒီကနေ့မှာဆိုရင် ရဲဘော်တွေဟာ စားဝတ်နေရေး ကျပ်တည်းလွန်းလို့ ပြင်ပထွက်ပြီး ရှန်းကန်နေကြရတယ်။ အချင်းချင်းညှိနှိုင်းကာ ကိုယ် တာဝန်ကျတဲ့ ကင်းကျချိန်မှာ အခြားရဲဘော်တဦးကို အစားထိုးစောင့်ခိုင်းပြီး အဲဒီရဲဘော်က ပြင်ပကန်ထရိုက်အလုပ်ရှင်ထံ အလုပ်ထွက်လုပ်ကြရပုံတွေ၊ ကန်ထရိုက်လုပ်ငန်းခွင်မှာ ရှိတဲ့ အလုပ်သမားပြည်သူတွေက သနားကရုဏာသက်ပြီး ရဲဘော်တွေရဲ့ အလုပ်ကို ပိုမိုလုပ်ကိုင်ပေးခဲ့ကြပုံတွေ၊ အဲဒီလို ပြည်သူတွေရဲ့ စေတနာထားပုံတွေကို ရဲဘော်တို့ မေ့နေကြပြီလားလို့ မေးလိုက် ချင်ပါတယ်။

ယနေ့အချိန်အခါမှာ ပြည်သူတွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ မတရားအမှုဆင် ဖမ်းဆီးခံနေရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်

ဟာ ရဲဘော်တို့ရဲ့ တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်ပါတယ်။ ဖခင်ဗိုလ်ချုပ်ဟာ ဖဆပလ အစိုးရအဖွဲ့ကို ဦးဆောင်နေရသော်လည်း တပ်မတော်ကို မေ့မသွားဘဲ နိုင်ငံခြားသွားရင် နိုင်ငံခြားအစိုးရများရဲ့ ဗိုလ်ချုပ်အတွက် လည်ပတ်မှုအစီအစဉ်ထဲမှာ အခြားတပ်မတော်များရဲ့ တိုးတက်နေမှု လေ့လာရေးအစီအစဉ်ကို အမြဲလိုလို ထည့်သွင်းစေပြီး တကူးတက လေ့လာကာ ဗမာ့တပ်မတော်အတွက် အမြဲတမ်း စဉ်းစားဆောင်ရွက်ပေးခဲ့ပါတယ်။

ဗိုလ်ချုပ်အကြောင်း တစေ့တစောင်း ပြောပြရရင် ညှော်ခံပွဲတခုကအပြန် ကားပေါ်မှာ သူ့ဒရိုင်ဘာရဲဘော် ကျော်စိန် အရက်သောက်တာများပြီး အမူးလွန် အိပ်ပျော်နေလို့ ဗိုလ်ချုပ်ရဲ့ PA ဗိုလ်ထွန်းလှက ငေါက်ငမ်းနေတာကိုတွေ့တော့ ဗိုလ်ချုပ်က ရုတ်တရက် ဟန့်လိုက်ပါတယ်။ "နေပါစေကွာ၊ သူ တခါတလေ အရက်သောက်ပြီး အိပ်ပါစေ၊ မင်းနဲ့ငါ ရှေ့ခန်းမှာ မင်းက ကားမောင်းပြီး ငါကဘေးမှာ ထိုင်လျက်သား သွားရင်ရတာပဲ၊ အဲဒီ ရဲဘော်လေး ငါ့ကလေးတွေကို အနစ်နာခံပြီး ထိန်းခဲ့တာကွ၊ ခွင့်လွှတ်လိုက်ကွာ" လို့ ကရုဏာသံနဲ့ သူ့ရဲဘော်ကို ပြောပုံတွေကို ဖောက်သည်ချချင်ပါတယ်။ ဗိုလ်ချုပ်ရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ကို အဲဒီရဲဘော်လေးက ထိန်းခဲ့တဲ့ သံယောဇဉ်လေးအား ဗိုလ်ချုပ်အောင်ဆန်းက လေးစားအသိအမှတ် ပြုခဲ့တယ်နော်။

အခု မင်းတို့အလှည့် ကျရောက်ပြီ။ တမလွန်က ဗိုလ်ချုပ်ရဲ့ သာဓုခေါ်သံလေး ကြားရအောင် ရဲဘော်တွေ ဘာလုပ်သင့်လဲ၊ အနည်းဆုံး ဝိနည်းလွတ် လုပ်ကိုင်တဲ့ နည်းလမ်းတွေ မီဒီယာမှာ အသေးစိတ် မပြောချင်တော့ဘဲ လုပ်သင့်တာတွေလုပ်ပြီး တပ်မတော်သမိုင်းကြောင်း ကောင်းအောင် ဖန်တီးကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ ❑

# ဖြစ်ရပ်မှန်ကိုယ်တွေ့ 'ဖြတ်(၈)ဖြတ်'

**သူရနိုင်**
(လက်ရှိ တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦး)

"တိုင်းရေးပြည်ရေးက ခက်ခဲသလို၊ ဝမ်းရေးက ပိုခက်ခဲ၊ လွမ်းရေးက အပိုဆုံး ထင်မိတယ်၊ စောင့်သူမောရော့မယ်၊ သားသမီးနဲ့ ဇနီးဆီ မြန်မြန်ပြန်လာမယ်"

စိုင်းထီးဆိုင်ရဲ့ "အညာကို ပြန်ချင်တယ်" သီချင်းစာသားလေး တစ်ကြောင်းပါ။ ခပ်ဝေးဝေး တစ်နေရာမှာ မိသားစုဝမ်းရေးအတွက် အလုပ်ထွက်လုပ်နေသူတစ်ယောက်ရဲ့ ခံစားချက်ပေါ့။ တပ်တွေမှာတော့ ရှေ့တန်းထွက်တဲ့ အချိန်မဟုတ်ပဲ နောက်တန်းမှာနေရတဲ့အခါ ကိုယ့်မိသားစုနဲ့ အတူတကွ နေထိုင်ရတဲ့အချိန်မို့ လွမ်းရေးက မခက်ပေမဲ့ ဝမ်းရေး ခက်လှပါတယ်။ ဝမ်းရေးအတွက် အာရုံစိုက်နေရတော့ တိုင်းရေးပြည်ရေးဘက် မရောက်နိုင်တော့ဘူးပေ့ါ။

တပ်ရင်းရုံးမှာ စစ်သည်အဆင့်အတန်းအားလုံး တပ်ရေးဗိုလ်ကြီး အလာကို စောင့်မျှော်နေကြပါတယ်။ တပ်ခွဲလစာကြပ်တွေလည်း တကုပ်ကုပ်နဲ့ ဘာများ အလုပ်ရှုပ်နေကြသလဲ မသိပါ။ ဩော်.. ဖြတ်တောက်မဲ့ အကြွေးစာရင်းတွေ တွက်ချက် နေကြတာပါလား။ ရဲဘော်တွေက မျက်စောင်း တထိုးထိုးနဲ့ပေ့ါ၊ တချို့ဆရာတွေက ပွစိပွစိ၊ မိမိတို့အမျိုးသား (စစ်သည်) တွေမှာ တာဝန်အရ တပ်ပြင်သို့ ရောက်နေကြသူများရဲ့ ဇနီးမယားများကလည်း ဘောလ်ပင် တစ်ချောင်းနဲ့ စာရွက်အလွတ်တစ်ရွက်ကို ဆုပ်ကိုင်ရင်း လစာကို စောင့်မျှော်နေကြပြန်တယ်။

မိမိလက်ထဲ လစာဘယ်လောက် ရောက်မည်မသိ၊ ရချင်သလောက်ရ ဆိုပြီး အကြွေးလွယ်တဲ့ နေရာမှာ သောက်စားလာတဲ့ ရဲဘော်တချို့က အော်ကျယ်အော်ကျယ်နဲ့ ပြောနေပေမဲ့ အရာရှိ (သို့) ခပ်ဆိုးဆိုး ခပ်ကြမ်းကြမ်းဆရာ တစ်ယောက်ယောက်ကို သူတို့တွေ့သွားရင်တော့ အသံကိုတိတ်ပြီး တောင်ကြည့်မြောက်ကြည့်နဲ့ သူတို့မဟုတ်သလို အမြီးကုပ် နေကြရပြန်တယ်။

ခဏကြာတော့ တပ်ရေးဗိုလ်ကြီး ရောက်ရှိလာပြီး "လစာကြပ်တွေနဲ့ တပ်ခွဲမှူးတွေ ရုံးခန်းထဲကို လာမယ်" လို့ အော်ပြော လိုက်ပါတယ်။ တပ်ခွဲအလိုက် လစာထုတ်ပေးဖို့ စတင်ခေါ်ယူပါပြီ။ ရုံးခန်းထဲမှာတော့ လစာကြပ်တွေ တပ်ခွဲမှူးတွေနဲ့ တပ်ရေး ဗိုလ်ကြီးတို့ ခေါင်းချင်းဆိုင်ကာ တီးတိုးနှစ်ကိုယ်ကြား ပြောနေကြပါတယ်။ ပထမဦးဆုံး တပ်ခွဲမှူးတွေနဲ့ တပ်ရေးဗိုလ်ကြီးတို့ ညှိနှိုင်းကြတာကတော့ ခွင့်မဲ့ပျက်ကွက် စစ်သည်တွေရဲ့ လစာ၊ ရိက္ခာစိုင္ငေတွေကို ဘယ်လို "ဗုံး" မလဲဆိုတာ ဖြစ်ပါတယ်။

ခွင့်မဲ့ပျက်ကွက် စစ်သည်တွေကို အထက်ဌာနသို့ စာရင်းမပြပဲ တပ်ရင်းမှာပင် အနည်းဆုံး (၂) လခန့် ခေါက်ထားလေ့ရှိပါတယ်။ တချို့တပ်ခွဲမှူးတွေက ခွင့်မဲ့ပျက်ကွက် စစ်သည်တွေကို တပ်ပြေးအဖြစ် ကြေညာချင်ကြလို့၊ အချို့ကျတော့ ခွင့်မဲ့ပျက်ကွက် စာရင်းကို အမှန်အတိုင်း ထည့်ချင်ကြပါတယ်။ အဲဒီအခါမှာ တပ်ရေးဗိုလ်ကြီးက တပ်ခွဲမှူးတွေကို စဉ်းစဉ်း

စားစားလဲ လုပ်အုံး၊ အထက်ကို စာရင်းတင်ရင် အဘကြီး (တပ်ရင်းမှူး) ရဲ့ စစ်ဦးစီးတက္ကသိုလ် (ဥစတ) သင်တန်း တက်ဖို့ ထိခိုက်သွားနိုင်တာမို့ မလုပ်ပါနဲ့လို့ ဖားပြီး ပြော ပါတယ်။

ဒီအချိန်မှာ စီနီယာ တပ်ခွဲမှူးတစ်ဦးက ဒေါကန်ပြီး "အဲဒီခွင့်မဲ့ ပျက်ကွက်စစ်သည်တွေ တစ်နေ ရာမှာ ပြဿနာတက်ရင် မင်းက တာဝန်ယူ ဖြေရှင်း နိုင်လို့လား" လို့ ပြောတော့ တပ်ရေးဗိုလ်ကြီးက "မတတ်နိုင်ဘူးလေ၊ အများနည်းတူ မိုးခါး ရေသောက် ရမှာပဲလေ၊ အဲဒီအခါကျမှ ဖြစ်ကာမှ ဖြစ်ကော၊ လောလောဆယ် နီးရာဓါးကြောက်နေရတယ်" လို့ ပြောပြီး ဆက်လက် ညှိနှိုင်းကြပြန်ပါတယ်။

အဲဒီနောက် ဖြတ် (၈) ဖြတ်ဆိုတဲ့ နေရာမှာ တပ်ရင်းရံပုံငွေအတွက် ဖြတ်၊ မိခင်နှင့်ကလေး ရံပုံငွေဖြတ်၊ တပ်မတော်စည်းရုံးရေး ကော်မတီကဖြတ်၊ တပ်တွင်း သက်သာဆိုင်ကဖြတ်၊ မဖြစ်မနေ စုဆောင်းငွေ (ဘဏ်စု ငွေ) ဖြတ်၊ သာရေးနာရေး အလှူငွေဖြတ်၊ တပ်ခွဲဆိုင်ရာ စိုက်ပျိုး မွေးမြူရေးလိုမျိုး၊ အမျိုးသမီး စစ်သင်တန်း ဝတ်စုံကြေးလိုမျိုးဖြတ် စတဲ့ အမျိုးအစားတွေနဲ့ အကြွေး ရလို့ ဆင်တောင်ဝယ်စီးမဲ့ စစ်သည်တွေရဲ့ ကိုယ်ရေး ကိုယ်တာ အကြွေးလိုမျိုး ဖြတ်တာဆိုပြီး ဖြတ် (၈) မျိုး အား အကြမ်းဖျင်း တွေ့ရပါတယ်။ ခဏနေတော့ တပ်ခွဲ အစဉ်လိုက် ဖြတ်တောက်ရမဲ့ စာရင်းဇယားတွေနဲ့ ကိုက်ပြီး လစာ ခွဲဝေပေးပါတော့တယ်။

လစာကြပ်နဲ့ တပ်ခွဲမှူးများ အပြင်ထွက်လာ တာနဲ့ ရဲဘော်တွေ သူ့ထက်ငါဦးပြီး အလုအယက် တိုးဝှေ့တန်းစီကြပါတယ်။ ဆူညံသံတွေကို အော်ဟစ် ဆဲဆိုပြီး လစာထုတ်ပေးပါတယ်။ တပ်ရင်းက ဖြတ်စရာ ရှိတာ ဖြတ်ပြီးရင် တပ်ခွဲက ဖြတ်စရာရှိတာ ထပ်ဖြတ်ပါ တယ်။ တပ်ရင်းအနေနဲ့ တပ်ရင်းရံပုံငွေ၊ တပ်တွင်း သက်သာဆိုင် အကြွေးတို့ကိုသာ အဓိကထား ဖြတ် တောက်ပြီး တပ်ခွဲအနေနဲ့ တပ်တွင်း ဖွင့်လှစ်ထားသော မိသားစုဆိုင်များမှ ကြွေးမြီများ၊ သာရေးနာရေးနှင့် သက်ဆိုင်သော ကိစ္စများအတွက် ဖြတ်တောက်ပါတယ်။

လစာထုတ်ပြီးချိန်မှာတော့ လုပ်ကိုင် စားသောက်တတ်ပြီး နေရာကောင်းရထားသူ စစ်သည် အနည်းငယ်လောက်မှလွဲပြီး ကျန်စစ်သည်များ လက်ထဲ မှာ ၎င်းတို့ လစာငွေ အပြည့်အဝ ယူဆောင်သွားသူ မတွေ့ရပါ။ တချို့ အနုတ်လက္ခဏာ ပြနေသူကိုလည်း မြင်တွေ့ရပါတယ်။ လစာတပြားမှ မရတဲ့အပြင် အကြွေး တင်တာမျိုး ထပ်တောင် ပေးရမှာဖြစ်တာကြောင့် ကိုယ့်ကိုယ်ကို သတ်သေတော့မဲ့ စိတ်ပျက်လက်ပျက် ပုံစံမျိုးတွေကိုလည်း မမြင်ချင်မှအဆုံး တွေ့မြင်နေရ ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ တပ်တွင်းသက်သာ ဆိုင်မှာ ယူထားတဲ့ အကြွေးကို တပ်ရင်းကဖြတ်၊ အိမ်ထောင်သည်လိုင်းတွေမှာ အဆင်ပြေလို့ ဖွင့်ထားတဲ့ အိမ်ဆိုင်တွေက အကြွေးတွေ တပ်ခွဲကဖြတ်၊ ဒီလိုနဲ့ ရဲဘော်တွေဟာ ရတဲ့လစာက နှစ်သောင်းကျော်၊ သောက်စားထားတာရယ်၊ ဖါဟီရ ပစ္စည်းဝယ် သုံးတာ ရယ် ဖြတ် (၈) နဲ့ နှစ်ပါးသွားလိုက်တာ ထောင်စွန်း ဂဏန်းလောက်ပဲ ကျန်ပါတော့တယ်။ အိမ်ထောင်သည် တွေက ပိုဆိုးပါတယ်။ ရိက္ခာရတယ် ဆိုပေမဲ့ လင်အတွက် ပဲ ရတာပါ။ မိန်းမနဲ့ ကလေးအတွက် မပါပါဘူး။ ❑

# မွန်းကြပ်မှုများနဲ့မျှော်လင့်နေတဲ့အပြောင်းအလဲ

**သူရနိုင်**
(လက်ရှိ တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦး)

ယခင်က ဝန်ထမ်းဆန်ဆိုတာ ရှိခဲ့ပါတယ်။ အိမ်ထောင်သည်ဆိုရင် မိန်းမနဲ့ကလေးတွေ အတွက် ဝန်ထမ်း ဆန်ကို အလကား ရကြပါတယ်။ ဝန်ထမ်းဆန်ဆိုတာက ပေါ်တာကို ကြွေးတဲ့ ဆန်ကို ပြောတာမဟုတ်ပါ။ အိမ်ထောင်သည်ရဲမေ ကလေးတွေအတွက် ပေးတဲ့ အခမဲ့ ဆန်ကို ဆိုလိုတာ ဖြစ်ပါတယ်။ ဝန်ထမ်းဆန်ကို ပေးတဲ့အခါမှာ လတိုင်း လူကြီးဆိုရင် (၁၂) ပြည်၊ ကလေးဆိုရင် (၆) ပြည် ရရှိကြလို့ အဆင်ပြေကြပါတယ်။

၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လစာတွေ တိုးလို့ တပ်ရင်းသက်သာတွေကို ဖျက်သိမ်းလိုက်ပြီးတဲ့ နောက်မှာတော့ အခမဲ့ ဝန်ထမ်း ဆန်ဆိုတာ မရှိတော့လို့ အိမ်ထောင်သည်များအဖို့ ပိုမိုကျပ်တည်းသွားပါတော့တယ်။ လူပျိုစစ်သည်များ အဖို့တော့ ကံကောင်းတာပေါ့။ တခါ တပ်တွင်းသက်သာဆိုင်ကို ဖွင့်ခိုင်းပြီး အိမ်ထောင်သည်များအား ဝန်ထမ်းဆန်ကို သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းခိုင်းပြန်ပါတယ်၊ တပ်ရင်း/တပ်ဖွဲ့တွေက ပြင်ပဈေးနှုန်းနှင့် သက်သာအောင် လုပ်ပေးရတဲ့နေရာမှာ ဈေးနှုန်း လျှော့ချတာများရင် အရှုံးပေါ်ကာ ဦးပိုင်ကို လစဉ်သွင်းရမယ့် အမြတ်ငွေအား အထက်က မူဝါဒအရ သတ်မှတ်ထားတဲ့ အရေအတွက် ပြည့်မီအောင် ထည့်ဖို့ ထိခိုက်သွားနိုင်ပါတယ်။

ဒါကြောင့် ပြင်ပပေါက်ဈေးထက် (၅၀) ကျပ်ခန့်သာ ခွာပြီး အရှုံးခံရောင်းရပါတယ်။ အိမ်ထောင်သည်စစ်သည်များအဖို့ ချက်ချင်းလက်ငင်း ရင်းစရာ မလိုဘဲ အကြွေးနဲ့ ဆိုင်းထားတာကွဲလို့ မိမိလစာထဲကပင် ဝယ်ယူရတဲ့အတွက် သက်သာခြင်း မရှိဘဲ ဆင်းရဲဒုက္ခကြီးမားလှပါတယ်။ ယခုဆိုရင် တပ်ရင်း/တပ်ဖွဲ့ တချို့က ရုံပုံငွေရှာပြီး ဆန်ဖိုးထောက်ပံ့ပေးပါသေးတယ်။ ဒါပေမဲ့ မလောက်ပါဘူး၊ လောက်အောင် မထောက်ပံ့နိုင်ပါဘူး။ ဒီတော့ သက်သာဆိုင်ကို ပြေး၊ အကြွေးယူ၊ သက်သာဆိုင်မှာ အကြွေးများလာတော့ လိုင်းထဲမှာပဲယူ၊ လစာထုတ်တော့ပြောင်၊ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်၊ ပြောင်ပြောင် ယောင်ယောင် ထင်နေကြတာပေါ့ဗျာ။ ဒီလိုဖြစ်ပျက်နေတာကို နိုင်ငံတော် အကြီးအကဲတွေ သိပါစေ။ အဆင်ပြေ ဝင်ငွေကောင်းတဲ့ တပ်ဆိုတာ မြန်မာနိုင်ငံမှာ ရှိတော့ရှိပါတယ်။ ဒါပေမယ့် ရှားပါတယ်။

တပ်တွင်းမိသားစု ချောင်လည်အောင် ငွေပိုငွေလျှံရအောင် အရေးတယူ ဆောင်ရွက်ပေးတဲ့ လူကြီးမင်းများလည်း ရှားသထက် ရှားပါးလာခဲ့ပြန်ပါတယ်။ လစာတိုးပေးတယ် ဆိုပေမယ့် ပေးထားတဲ့လစာက အရာရှိများအတွက် အဆင်ပြေသလို ရှိပေမယ့် အခြားအဆင့်စစ်သည်များ အတွက်မှာတော့ သူတို့ရတဲ့ လစာငွေကြေးပမာဏဟာ အရာရှိနဲ့ ကွာခြားသလို ဘာဝင်မှ မရှိဘဲ နေ့စဉ်နဲ့အမျှ ဝမ်းရေးအတွက် အကြွေးသံသရာနဲ့ လည်ပတ်နေကြရသူတွေပါ။ ဒီလို ရေးလိုက်လို့ ပြန်ပြောမဲ့ သူတွေက မင်းကော ဒီလစာ မယူဘူးလား၊ စားမနေဘူးလား လို့မေးရင် ယူတယ်၊ စားတယ်၊ ဒါပေမယ့် သူတို့တွေရဲ့ အခက်အခဲတွေကို အကောင်းဆုံး ဖြစ်အောင် တတ်နိုင်သလောက် ဖြေရှင်းပေးတယ်လို့ တခါတည်း ပြန်ပြောလိုက်ပါမယ်။

ပြီးတော့ အရာရှိနဲ့ အခြားအဆင့် လစာကွာဟတယ်ဆိုတာ အရာရှိက ပိုပြီး တာဝန်ကြီးတယ်၊ ခေါင်းခံရတယ်လို့ လာမပြောနဲ့၊ တာဝန်ယူပြီး ခေါင်းခံပြီး အိတ်ထဲ ထည့်သွားလိုက်တာ တိုက်တွေကားတွေနဲ့ ဝီခံနေရောပဲလေ၊ ဒါကိုလဲ ပြန်ဟောင်လိုက်ကြဦး။ (ဒါက ကိုယ်ကျိုး ကြည့်သူများအတွက် ဖြည့်စွက်) တပ်တွင်း အိမ်ထောင်သည် မိသားစုတွေရဲ့ စားချိန်သောက်ချိန်ကို သေချာ ကြည့်ဖူးကြရဲ့လား၊ ကြိုမပြောပဲ လမ်းကြုံလို့ ဟင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ရှိတဲ့ဟင်းနဲ့ အားပါးတရ သူတို့နဲ့ လက်ဆုံ စားဖူးပါသလား၊ ဘယ်လိုရုန်းကန် စားသောက်နေတယ်ဆိုတာ အတွင်းကျကျ သိပါရဲ့လား၊ တစ်ပတ်မှာ တခါ လောက်သာ အသားဟင်း အနိုင်နိုင်ဝယ်စားရတဲ့ ဘဝတွေပါ။ အဲဒီလက်အောက်ခံ ရဲဘော်တစ်ယောက်ရဲ့ ရင်ဘတ်ထဲကို သူငယ်ချင်းတို့ အတွင်းကျကျ ဝင်ခံစားကြည့်ပေးကြပါ။

လကုန်လို့ လစာထုတ်ရင် ဘယ်သူမဆိုငါတော့ ပိုက်ဆံ ဘယ်လောက်ရတယ်၊ ဘာလေးဝယ်မယ်၊ မိန်းမအတွက်ကဘာ၊ သားသားနဲ့ မီးမီး အတွက်ကဘာ၊ ပိုတာလေးက ဘဏ်စုငွေထည့်၊ စုငွေများလာရင် လက်ဝတ်လက်စားလေးလုပ်မယ်၊ လှူမယ်၊ တန်းမယ် ဆိုတဲ့အတွေးတော့ စစ်သားမှ မဟုတ်ပါဘူး၊ ဘယ်သူမဆို ဒီအတွေးလေးတော့ ရှိနေကြမှာပါ။ အခုတော့ လစာထုတ်တိုင်း ပျော်ရွှင်မှုတွေကဝေး၊ ပူပန်သောကတွေက ထပ်ထပ်ဖိစီး၊ ဒီအကြွေးသံသရာ စက်ဝန်းထဲက ဘယ်တော့များမှ လွတ်ပါ့မလဲဆိုတဲ့ အတွေးတွေနဲ့ အလုပ်ကပင်ပန်း၊ စိတ်ကလည်းပန်း၊ ကြာလာတော့ စိတ်ညစ်ညစ်နဲ့ အရက်သောက်၊ လင်နဲ့မယား စကားကများ၊ ကလေးတွေက အော်ဟစ်ငိုယို၊ ဒါတွေကို မြင်ယောင်ကြားယောင်ကြည့်လိုက်ကြပါ။

နှစ်ဖက် မျှတွေးပေးကြည့်ကြဖို့ တပ်မတော်သာ အမိအဖ လို့ ပေါက်ကရ အော်နေတဲ့ အာဏာရှင်ကြီးတွေကို ပြောလိုက် ချင်ပါတယ်။ အဆင်မပြေတာကို အဆင်ပြေအောင် လုပ်မပေးဘဲ အဆင်မပြေတဲ့သူကို အသုံးမကျဘူး လို့ မပြောကြပါနဲ့၊ တစ်နေကုန် တစ်နေ ခန်း လှုပ်ရှားရုန်းကန်ရင်း ဘဝရဲ့တိုးတက်ရာ တိုးတက် ကြောင်း အတွက် အသိအမြင် ကျယ်ပြန့်လာအောင် ခေတ်နဲ့အညီ ရင်ဘောင်တန်းပြီး နေထိုင်နိုင်အောင် အသိပညာ အတတ်ပညာ တိုးတက် လာအောင် ဘယ်သူ့ ဘယ်သူမှ အရေးတယူ လုပ်ကိုင်ဆောင်ရွက်ပေးခြင်း မရှိကြပါဘူး။

မွန်းကျပ်တဲ့ နွံအတွင်း ဆင်းလေ ပိုကြိုက်လေ ဆိုတဲ့ အာဏာရှင်တွေသာ များပါတယ်။ ဟိုဟာလုပ်၊ ဒီဟာလုပ်လို့ စေခိုင်းနေမဲ့ အစား အဆင်ပြေအောင် တခါတည်း လုပ်ပေးလိုက်တယ် ဆိုတာမျိုးက ရဲဘော်တွေ အတွက် ဘယ်အချိန် ဘယ်ကာလများမှာမှ တွေ့မြင်ရအုံး ပါမလဲဆိုတာ စောင့်မျှော်နေရင်း ကြိုးစားနေရင်း ...။ ❑

# စစ်မှုထမ်းဟောင်းတစ်ဦးနှင့်ဒီမိုကရေစီ

သံကြိုး

ကျွန်တော်ဟာ တပ်မတော်သားဟောင်း တပ်ကြပ်ကြီးတစ်ဦး ဖြစ်ခဲ့ပြီး ၂၀၀၃ ခုနှစ်၊ မေလ (၁) ရက် မေဒေးနေ့မှာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်က NLD ဌာနချုပ်အနီးတွင် စစ်အစိုးရကို ဆန့်ကျင်တဲ့ စာတမ်းပါ ဆိုင်းဘုတ်ကို ကိုင်ပြီး Democracy အော်ဟစ်တောင်းဆိုခဲ့လို့ ထောင်ကျခဲ့တယ်။

ကျွန်တော်ကိုင်ပြီး ဆန္ဒပြခဲ့တဲ့ ဆိုင်းဘုတ်မှာက "တပ်မတော်သည် တိုင်းပြည်အတွက်၊ တိုင်းပြည်သည် တပ်မတော်အတွက် မဟုတ်၊ စည်းကမ်းမရှိတဲ့ စစ်တပ်ရှိနေမဲ့အစား အဲဒီစစ်တပ်မရှိတာဟာ တိုင်းပြည်အတွက် ပိုကောင်းတယ်" လို့ ပိတ်စအနီမှာ ဆေးအဖြူနဲ့ ရေးထားတယ်။ အပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံကပ်တယ်။ အောက်မှာ ဗိုလ်ချုပ်အောင်ဆန်းဆိုပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တာတွေကို အမှတ်ရကာ ပြန်လည်ဖော်ပြခဲ့တာပါ။

လက်ရှိအခြေအနေမှာလဲ တိုင်းပြည်ဟာ တပ်မတော်အတွက် ဖြစ်နေတယ်။ တပ်မတော်ဟာလဲ စစ်ဗိုလ်ချုပ်ကြီးတွေအတွက် ဖြစ်နေတယ်။ ဒီလိုဖြစ်နေတဲ့ အခြေအနေတွေကို စစ်မှုထမ်းဟောင်း တစ်ယောက်အနေနဲ့ ပြည်သူ့ဘက်က ရပ်တည်သင့်တယ်လို့ ယုံကြည်ခဲ့တယ်။ ယုံကြည်ခဲ့တယ်ဆိုတာထက် ရပ်ကို ရပ်တည်ရမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။

ကျွန်တော် ဒီလိုလုပ်လို့ တိုင်းပြည် ဒီမိုကရေစီစနစ် ပြောင်းလဲနိုင်၊ မနိုင်ဆိုတာထက် ညအချိန် ခန်းမကြီးတစ်ခုမှာ ဖရောင်းတိုင် တစ်တိုင်နဲ့ ထွန်းလို့ မလင်းနိုင်ရင် ဖရောင်းတိုင်တွေ အများကြီး ထွန်းရင် လင်းရမှာပေ့ါ။ ကျွန်တော်တို့ မြန်မာစကားပုံတစ်ခု ရှိတယ်။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ဘူး ဆိုတာ နှမ်းတစ်လုံးချင်း တစ်လုံးချင်းက ဆီမဖြစ်ရင် နှမ်းတစ်တင်း တစ်တင်းခွဲကရောစုပေါင်းလိုက်ရင် ဆီဖြစ်တာပါဘဲ။

အဓိက ရည်ရွယ်ချက်ကတော့ (၉၀) ခုရွေးကောက်ပွဲ အနိုင်ရပါတီက ဦးဆောင်ပြီး ရေးဆွဲရမဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စစ်အစိုးရက ဦးဆောင်ပြီး ရေးဆွဲဖို့ အမျိုးသားညီလာခံကို ကျင်းပတယ်ဗျာ။ (၁၉၉၅) ခုလောက် ရောက်တော့ ရပ်ထားတယ်။ နိုင်ငံရေးအကျဉ်းသားတွေလဲ အမြောက်အများ ဖမ်းထားတယ်။ တိုင်းပြည်အခြေအနေက ရှေ့မတိုး နောက်မဆုတ် ဖြစ်နေတယ်။ အတိုက်အခံ အင်အားစုတွေလဲ နေရိပ်ကို နေပူက စောင့်နေတယ်။ နေရိပ်ကို နေပူက ဘာလို့ စောင့်မလဲ။ နေရိပ်ရှိတဲ့နေရာကို လမ်းလျှောက်သွားမှ ရောက်မယ်။ နေရိပ်က ကိုယ့်ဆီဘယ်တော့မှ လာမှာမဟုတ်ဘူး။ ဒီလို လျှောက်ရင်းနဲ့ လမ်းမှာ ဆူးညှောင့်ခလုတ်တွေ ရှိချင် ရှိမယ်။ ကန္တာရတွေ ရှိချင် ရှိမယ်။ ဖြတ်ကျော်ရမှာပေ့ါ။ ကျွန်တော်ကတော့ ဖြတ်ကျော်သင့်တယ်လို့ ထင်တယ်။ စကားပုံကြောင့်လား စဉ်းစားရခက်တယ်ပေ့ါဗျာ။ ကျွန်တော်ကတော့ အဲဒီဆိုင်းဘုတ်ကိုင်ပြီး ဆန္ဒပြခဲ့လို့ ထောင် (၇)နှစ် ကျသွားတယ်။

ဒါပေမဲ့ နိုင်ငံရေးကို ဆက်လုပ်ရမှာပေါ့။ ဒီလို နှိပ်ကွပ်ခံရလို့ အားပျော့သွားလား မမေးပါနဲ့။ ၂၀၀၇ နိုဝင်ဘာမှာ ကျွန်တော့်ကို လွတ်ငြိမ်းချမ်းသာခွင့် ဆိုပြီး ပုဒ်မ ၄၀၁ (၁) မှာ လက်မှတ်ထိုးခိုင်းတယ်။ ဂတိဝန်ခံချက် ပေးရမယ်ပေါ့ဗျာ။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကျိုး စီးပွား အတွက် ထောင်ကျတာမှ မဟုတ်တာ မထိုးနိုင်ဘူးလို့ ပြောလို့ လွှတ်မပေးဘူး။ ၂၀၀၈ စက်တင်ဘာမှာ သဘော ထား ထပ်လာမေးတယ်။ အပြောင်းအလဲ မရှိဘူးလို့ ပြောလိုက်တယ်။ ၂၀၀၉ စက်တင်ဘာမှ ထိုးထိုး မထိုးထိုး ထွက် ဆိုလို့ ထွက်လာတော့ ဒါတောင် လွှတ်ရက်စေ့ဖို့ (၈) လဘဲ လိုတော့တယ်။

ဆက်ပြောရရင် ၂၀၀၈ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ကျွန်တော် လုံးဝ လက်မခံ နိုင်ပါဘူးဗျာ။ အမှန်က ဒီမိုကရေစီဆိုတာ ပန်းတိုင် မဟုတ်ပါဘူး။ လမ်းစဉ်ဝါဒပါ။ ကျင့်သုံးရမဲ့ စနစ်တခုပါ။ အကြောင်းတရားပေါ့၊ အကျိုးတရား မဟုတ်ပါဘူး။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဒီမို ကရေစီ ပန်းတိုင်ကို ရောက်ရမယ်ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ။ ဒီမိုကရေစီနည်းကျကျ ပြည်သူလူထုက ရွေးကောက် တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေက ရေးဆွဲမယ်ဆိုရင် တော့ လက်ခံနိုင်တယ်။ ကျွန်တော်တို့ မြန်မာစကားပုံ တစ်ခု ရှိပါသေးတယ်။ "အုမတောင့်မှ သီလစောင့် နိုင်မယ်" ဆိုသလို ကျွန်တော်တွေးမိတာက ပြည်သူတွေ အုမတောင့်မဲ့ လုပ်ငန်းတွေကို သီလစောင့်တဲ့ သူတွေ ဦးဆောင်ပါမှ စစ်မှန်တဲ့ အောင်မြင်မှုကို ရတော့မှာပေါ့။

ကျွန်တော် အဖမ်းခံရတုံးက ဘာဖြစ်လို့ ဖြစ်သွားမှန်း မသိလိုက်တော့ဘူး။ ထောက်လှမ်းရေးတွေ အများအပြားရှိတဲ့ နေရာဆိုတော့ လူတွေက တအုံတမ ကြီး လာဖမ်းကြတာ၊ မော်တော်ကားကလည်း ဖင်ထိုးပြီး ရပ်တယ်။ ကားပေါ်ကို ဆွဲတင်ဖို့လုပ်တယ်။ တင်မရဘူး ဖြစ်နေတယ်။ ဒီလိုပါ။ ကျွန်တော်က ဆန္ဒပြပွဲ စပြီး မလုပ်ခင်ကတည်းက ကျွန်တော့်မှာ လက်ထိပ်တစ်စုံ (၃) ပေလောက် ရှည်တဲ့ သံကြိုး တစ်ချောင်း တပါတည်း ယူလာခဲ့တယ်၊ သံကြိုးကို ခါးတိုင်မှာ အရင်ပတ်၊ သံကြိုးအဖျား တဖက်မှာ လက်ထိပ်တစ်ကွင်း ခတ်လိုက် တယ်။ ပြီးမှ ဆိုင်းဘုတ်ထောင်ကာ အစိုးရနဲ့ NLD တွေ့ဆုံဆွေးနွေးရေး လုပ်ဖို့နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ တောင်းဆိုတာပါ။

ကျွန်တော့်ကို ကားပေါ်ဆွဲတင်လို့ မရဖြစ်မှ လက်ထိပ်သော့တောင်းတယ်။ ကျွန်တော်က မပါလာ ကြောင်း ပြောလိုက်တယ်။ ဘယ်က ဘယ်လို ရှာလာမှန်း မသိတဲ့ ခဲ့မတစ်ချောင်းနဲ့ ပလက်ဖောင်းပေါ်မှာ သံကြိုး ကို ခုတ်ဖြတ်တယ်။ ခဲ့မပဲ့သွားပြီး သံကြိုးလဲ ပြတ်သွား တယ်။ အဲဒီတော့မှ ကျွန်တော့်ကို ကားပေါ် ဆွဲတင်တယ်။ ကျွန်တော်နဲ့ ပါလာတဲ့ အိတ်နဲ့ဘဲ ကျွန်တော့်ခေါင်းကို စွပ်ပြီး ခေါ်သွားကြတယ်။ နောက်ကားရပ်တယ်။ တွဲခေါ် သွားကြတယ်။ ကျွန်တော့်ကို အခန်းတစ်ခန်းထဲ ထည့် တယ်။ သံကြိုးနဲ့ တွဲနေတဲ့ လက်ထိပ်တဖက် ဖြုတ်ပြီး ညာလက်မှာ နောက်ပြန်ခတ်ထားလိုက်တယ်။

ပြီးတော့ ထိုင်ဖို့ ဆွဲချတယ်။ "မင်းကို ဘယ်သူ ခိုင်းတာလဲ" လို့ မေးတယ်။ ကျွန်တော် မပြောဘူး။ ထပ် မေးတယ်၊ မပြောဘူး၊ ဒီမှာတင် မျက်နှာကို ဖြတ်ရိုက် တာ ခံလိုက်ရတယ်။ ရင်ဘတ်ကို ကန်တယ်။ ကျွန်တော် လဲကျသွားတော့ အပေါ်ကနေ တက်နင်းတယ်။ မျက်နှာ လဲ ထပ်ကန်ခံရတယ်။ လောကကြီးကို ဘယ်လောက် ကြာကြာ မေ့သွားလဲမသိဘူး။ သတိရတော့ ခေါင်းစွပ် လည်း မရှိတော့ဘူး။ လက်ထိပ်လည်း ဖြုတ်ထားတယ်။ တကိုယ်လုံးလည်း အဝတ်အစား မရှိတော့ဘူး။ အခန်း ထောင့်မှာ မိလ္လာသွားနိုင်ဖို့ ဒန်ဇလုံ တစ်လုံး ချထားတာ တွေ့တယ်။

အဲဒီနောက် အခန်းတံခါးဖွင့်သံကြားပြီး အခန်းထဲကို အရပ်ဝတ်နဲ့ လူသုံးယောက် ဝင်လာတယ်။ ကျွန်တော့်ကို တွဲခေါ်ပြီး အခြား အခန်း တစ်ခုကို ပြန်ခေါ် သွားတယ်။ အဲဒီအခန်းထဲက စားပွဲတစ်လုံးနောက်မှာ လူတစ်ယောက်ထိုင်ပြီး ကျွန်တော့်ကို စိုက်ကြည့် နေတာ တွေ့တယ်။ ကိုယ်လုံးတီး အချွတ်ခံထားရတဲ့ လူ တစ်ယောက်ကို လူအများက ဝိုင်းကြည့်တာ ခံရတဲ့ အချိန်မျိုး ကျွန်တော် ဘယ်လိုခံစားရ တယ်ဆိုတာ ခံစားရတဲ့ ကျွန်တော် ရှင်းမပြတတ်ဘူး။ ကုလားထိုင် တစ်လုံးပေါ် ထိုင်ခိုင်းတယ်။ လက်နှစ်ဖက်ကို နောက်ပြန် လက်ထိပ် ခတ်တယ်။ စားပွဲပေါ်မှာ ဖိုင်တချို့တွေ့တယ်။

အင်္ဂလိပ်စာလုံး အတိုကောက်တွေ တစ်ခုချင်း မေးတယ်။ မသိဘူးဘဲ ဖြေနေလို့ နောက်က တစ်ယောက်က နောက်စေ့ကို ဖြတ်ရိုက်တယ်။ ကျွန်တော်လည်း စိတ်မရှည်တော့လို့ "ခင်ဗျား မေးတာတွေ ကျုပ်တစ်ခုမှ မသိဘူး။ ကျုပ်စစ်မှုထမ်းဟောင်း တစ်ယောက်ဖြစ်တယ်" လို့ ပြောလိုက်တော့မှ ကျွန်တော့်ရဲ့ ကိုယ်ရေး ရာဇဝင်ကို စစ်တယ်။ ကျွန်တော်လည်း အမှန်အတိုင်း အကုန်ပြောပြရတယ်။ မပြောလို့ မဖြစ်ဘူး။ ကျွန်တော့် မှတ်တမ်းက ရှာတွေ့မှာ ဖြစ်လို့ပါ။

"ခင်ဗျားက စစ်မှုထမ်းဟောင်း တစ်ယောက်ဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့ တပ်မတော်ကို သစ္စာဖောက်တာလဲ"

"ကျွန်တော် တပ်မတော်အပေါ် သစ္စာဖောက်တာ မဟုတ်ဘူး။ ကျွန်တော် က unit တစ်ခုကိုဘဲ ပြောတာ။"

"ဒီဆိုင်းဘုတ် ဘယ်သူရေးပေးတာလဲ"

"ကိုယ်တိုင်ပဲ ရေးတယ်။"

"ဘာရည်ရွယ်ချက်နဲ့ အဲဒီလိုရေးပြီး မီဒီယာကနေ ပြောခိုင်းတာလဲ။"

"ဒါ လက်ရှိ လိုအပ်ချက်လို့ ယူဆတယ်" ပြောရုံရှိသေး စားပွဲကို လက်ဝါးနဲ့ ရိုက်ပြီး သူ့လူတွေကို အချက်ပြလိုက်တယ်။ မျက်နှာကို ဘေးကနေ တည့်တည့် ရိုက်လိုက်တယ်။

"ဒီမယ် ကောင်းကောင်းမေးမယ်။ ခင်ဗျားကို ဘယ်သူခိုင်းတာလဲ"

"ဘယ်သူမှ မခိုင်းဘူး၊ ကျွန်တော့်သဘောနဲ့ ကျွန်တော်လုပ်တယ်"

"ခင်ဗျား ဘယ်ကနေ လာခဲ့တာလဲ"

"မိုင်းရှူးက လာတယ်"

"တစ်ယောက်တည်းလား"

"တစ်ယောက်တည်းပဲ"

"လက်ထိပ် ဘယ်ကရလဲ"

"SSA ဆီက ဝယ်တာ"

"SSA က ပေးလိုက်တာလား"

"မဟုတ်ဘူး၊ သူတို့အထဲက မူးကြောင်ကြောင်တစ်ယောက် အရက်ဖိုးလိုလို့ ခဏပေါင်တာ၊ နောက် ပြန်မရွေးတော့လို့ သိမ်းထားတာ"

လက်ပတ်နာရီကြည့်ပြီး ထပြန်ဖို့ လုပ်တယ်။ နောက်က လက်ထိပ်ဖြုတ်ပေးတယ်။ အရင်နေခဲ့တဲ့ အခန်းကို ပြန်ခေါ်သွားပြီး အထဲသွင်း တံခါးပိတ်ထားလိုက်တယ်။

ရေငတ်တာက ကိုယ်ခန္ဓာ နာကျင်တာထက် ပိုဆိုးတယ်။ အိပ်ငိုက်မယ်လုပ် တဖွဲ့ဝင်လာလိုက် မေးမြန်းလိုက်၊ ကန်လိုက်။ ဒီလိုနဲ့ ဘယ်နှစ်ဖွဲ့ ဘယ်နှစ်ခါမှန်း မသိတော့ဘူး။ လာတိုင်း ရေသောက်ပြတယ်၊ ဘူးခွံကို အခန်းဒေါင့် ပစ်ခဲ့တယ်။ တဖက်သားကို တိုက်ဖို့ မဟုတ်တာထက် တမင်သက်သက် ညှင်းပမ်းတာ လုပ်ပြတာ သိသာတယ်။ ဘယ်လောက်ကြာတယ်၊ ဘယ်အချိန်လဲ၊ နေ့လား ညလား ကျွန်တော် ဘာဆိုဘာမှ မသိတော့ဘူး ဖြစ်နေပြီ။

အဲဒီနေ့တနေ့ကတော့ ဘယ်နေ့ရောက်ပြီလဲ ဆိုတာ မသိပေမဲ့ အခြေအနေတွေ ပြောင်းလဲသွားပြီ ဆိုတာတော့ သိလိုက်တယ်။ အချိုရည် ပုလင်း၊ ရေပုလင်း၊ ထမင်းဟင်းတွေ လာပို့တယ်။ အချိုရည်ကတော့ သောက်လို့ရတယ်၊ ထမင်းက မျိုချမရဘူး ဖြစ်နေပြီ။ နောက် အဝတ်အစားတွေ ယူလာပြီး ရေချိုးခန်းကို ပို့ပေး၊ ဆပ်ပြာတွေ ဘာတွေနဲ့ ရေချိုးခိုင်းတယ်။ အခန်းသန့်သန့်တစ်ခုမှာ အနားယူဖို့ပါပြောပြီး နေစေတယ်။ တခါးသော့ခတ်သံလည်း မကြားဘူး။ အပြင်မှာတော့

ကင်းသမားရှိပုံရတယ်။ သိပ်မကြာပါဘူး တံခါးဖွင့်ပြီး လိုက်ခဲ့ဖို့ပြောရင်း ခေါ်သွားလိုက်တာ ရုံးခန်းလို့ထင်ရတဲ့ အခန်းတစ်ခန်းရှေ့ သတင်းပို့သံကြားတယ်။ ဝင်ခဲ့ဖို့ အထဲက အမိန့်သံနဲ့ပြောတာ ကြားလိုက်ရတယ်။

ဝင်လိုက်တော့ အခန်းထဲမှာ ရုံးစားပွဲ၊ အဲဒီရုံးစားပွဲနောက်မှာ ဗိုလ်ကြီးတစ်ယောက် ထိုင်ပြီး စောင့်နေတယ်။ အခြေအနေတွေ အေးအေးဆေးဆေးဖြစ်ပြီ သိလိုက်တာပေါ့။ စကားကိုလဲ အေးအေးဆေးဆေး ပြောပြီး မေးမြန်းတယ်။ ခင်ဗျားကို ဘယ်သူ ခိုင်းတာလဲ၊ ပိုက်ဆံ ဘယ်လောက်ရလဲ၊ ဒီလူ ဒီလူတွေကို သိလား ဆိုပြီး ဓါတ်ပုံတွေကို ထုတ်ပြတယ်။ သိတဲ့သူ တချို့ပါ တယ်။ တချို့လည်း ထောင်ထဲရောက်မှ သိတာ။ ကျွန်တော့် အဖြေကတော့ ဘယ်သူမှ မခိုင်းကြောင်း၊ ဓါတ်ပုံထဲက လူတွေလဲ တစ်ယောက်မှ မသိကြောင်း ဖြေ တယ်။ နောက်ဆုံး လက်ရှိ တပ်မတော်အစိုးရအပေါ် ထားတဲ့ သဘောထား ဘယ်လိုရှိလဲဆိုမှ ကျွန်တော် ပြောပြတယ်။

လက်ရှိ တပ်မတော်အပေါ်မှာ ကျွန်တော့် သဘောထားက ဘယ်လိုမှ မဖြစ်ပေမဲ့ တပ်မတော် အစိုးရအပေါ်မှာ လက်ခံနိုင်မှု မရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော့်အသက် (၁၈) နှစ်သား ကတည်းက စစ်တပ် ထဲ ဝင်တယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ထင်ပြီး တိုက်ပွဲအလီလီ တိုက်ခဲ့တယ်။ ကျဆုံးခဲ့သူတွေလည်း အမြောက်အများ ရှိတယ်။ ဒါပေမဲ့ တိုင်းပြည်နဲ့ လူမျိုး အတွက် မဖြစ်ဘဲ ဘယ်သူတွေအတွက် ဖြစ်နေတယ်ဆို တာ မသေလို့ ကျန်တဲ့ ကျွန်တော်တို့သိတယ်လို့ပြောပြ လိုက်တယ်။ အဲဒီလို ပြောလိုက်တော့ ဗိုလ်ကြီး လည်း တစ်ချက်ငိုင်သွားတယ်။

“ဒီဆိုင်းဘုတ်နဲ့ ဒီစာတွေက ဘယ်သူရေးတာ လဲ” လို့ ထပ်မေးတယ်။ ကျွန်တော်က “ကျွန်တော် ကိုယ်တိုင် ရေးတယ်” လို့ ထပ်ပြောတယ်။ ဗိုလ်ကြီးက “ခင်ဗျား ပြန်ပြီး ဆိုင်းဘုတ်နဲ့ စာတွေကို ရေးပြနိုင်ရင် တော့ ခင်ဗျား သက်သာမှာဘဲ” ပြောပြီး ထွက်သွား လိုက်တာ ထောင်ထဲရောက်တဲ့အထိ တခါမှ ထပ်မတွေ့ ရတော့ဘူး။

စာရွက်တွေ ခဲတံတွေ စားစရာတွေ လာပေး ထားပြီး “အေးအေးဆေးဆေး အနားယူ၊ ခင်ဗျား ဆိုင်းဘုတ်နဲ့ ခင်ဗျား စာပြန်ရေးထားပါ” ဆိုပြီး ပြန်ထွက် သွားတယ်။ ကျွန်တော်လည်း ကိုယ်ရေးထားတဲ့အတိုင်း ပြန်ရေးပြနိုင်လို့ ကျွန်တော့်နောက်မှာ ဘယ်အဖွဲ့အစည်း မှ မရှိဘူး ဆိုထားတာတောင် ထောင် ၇ နှစ် ချလိုက် တယ်။

နိုင်ငံရေးကတော့ ဆက်လုပ်ရမှာပေါ့။ ဒါပေမဲ့ ကျွန်တော် နိုင်ငံရေးသမား မဟုတ်ပါဘူး။ စစ်အာဏာရှင် စနစ်ကို မလိုလားလို့ နိုင်ငံရေးလောကထဲ ရောက်လာ ရတာ ဖြစ်တယ်။ နိုင်ငံရေးနည်းနဲ့ဘဲ လုပ်ရလုပ်ရ၊ စစ်ရေးနည်းနဲ့ဘဲ လုပ်ရလုပ်ရ လုပ်မှာဘဲ။ နိုင်ငံရေး ဆိုတာ သွေးမထွက်တဲ့ စစ်ရေးပါ။ စစ်ရေးဆိုတာ သွေးထွက်တဲ့ နိုင်ငံရေးပါ။ ဒီနေ့ နိုင်ငံရေးနည်းနဲ့ မနိုင်ရင် တနေ့နေ့ စစ်ရေးနည်းနဲ့ တိုက်ကြရမှာဘဲ ဖြစ်တယ်။

ဒါပေမဲ့ တစ်ခုရှိတယ်။ လက်တွေ့မရှိတဲ့ သဘောတရားဟာ အကန်း၊ သဘောတရား မရှိတဲ့ လက်တွေ့ဟာ အမြုံတဲ့။ နှစ်ခုစလုံး အောင်မြင်ဖို့ မရှိနိုင် ဘူး။ အင်္ဂလိပ် လက်အောက်မှ တောင်သူလယ်သမား အရေးတော်ပုံဟာ သဘောတရားမရှိတဲ့ လက်တွေ့မို့ မအောင်မြင်တာ။ ဒီနေရာမှာ စစ်ရေးအရ စနစ်တကျ ခိုင်ခိုင်မာမာ စုစည်းနိုင်လို့ ပြည်ပအကူအညီနဲ့ တိုက်ပြီးမှ နယ်ချဲ့စနစ် ချုပ်ငြိမ်းသွားတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ စစ်အာဏာရှင် စနစ် ချုပ်ငြိမ်းဖို့ ဘယ်လိုလုပ်ကြမှာလဲ။

ကျွန်တော်ထင်တယ် ကျွန်တော်တို့ တပ်မတော်သားတွေ အားလုံး စစ်အာဏာရှင်တွေရဲ့ လုပ်ရပ်ကို ပကတိအတိုင်း သိမြင်ပြီး ပြည်သူ လူထုနဲ့ ပူးပေါင်းကြရင်တော့ ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့စစ်သားတွေ သ**စ္စာ**ဆိုရကျိုးနပ်ပြီ။ ❑



# အမိနိုင်ငံအတွက် ဘဝနှင့်ရင်းပြီး
# ထုဆစ်ခဲ့ရသည့် ကျောက်စာများ

## အရာရှိအရာခံအကြပ်စစ်သည် ၁၀ ဦး